http://www.dhammadownload.com

မိုးသစ္စာ စာစဉ်(၄)

# သီလက္ခန္ဓဝဂ္ဂပါဠိတော်

# ပို့ချချက်

## သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ (ပထမနေ့)

မေးခွန်းများ အနက်ပေးနိယံများ ပါဝင်သည်။

**အရှင်ကေသရာဘိဝံသ** (B.A)

(သကျသီဟ+စေတိယင်္ဂဏ+အစိုးရဓမ္မာစရိယ)

ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်

မန္တလေးမြို့

ရေးသားပြုစုသည်။

http://www.dhammadownload.com



ဤစာအုပ်၌-

၁ ပါဠိတော် နိဿယကောက်နုတ်ချက်များ

၂ အဋ္ဌကထာ မေးခွန်းများ

၃ အဋ္ဌကထာ နိဿယအညွှန်းများ

၄ အနက်ပေးမှုဆိုင်ရာနိယံများကိုထည့်သွင်း၍ ပြည့်စုံစွာ ရေးသားပြုစုထားပါသည်။

ဤစာအုပ်၌-

၁ ပါဠိတော် နိဿယကောက်နုတ်ချက်များ

၂ အဋ္ဌကထာ မေးခွန်းများ

၃ အဋ္ဌကထာ နိဿယအညွှန်းများ

၄ အနက်ပေးမှုဆိုင်ရာနိယံများကိုထည့်သွင်း၍ ပြည့်စုံစွာ ရေးသားပြုစုထားပါသည်။

http://www.dhammadownload.com

မိုးသစ္စာ စာစဉ်(၄)

# သီလက္ခန္ဓဝဂ္ဂပါဠိတော် ပို့ချချက်

## သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ (ပထမနေ့)

မေးခွန်းများ အနက်ပေးနိယံများ ပါဝင်သည်။

အရှင်သောဘဏာဘိဝံသ (B.A)

(သကျသီဟ+စေတိယင်္ဂဏ+အစိုးရဓမ္မာစရိယ)

ဓမ္မဘာဏကကျောင်း၊ မစိုးရိမ်တိုက်သစ်

မန္တလေးမြို့

ရေးသားပြုစုသည်။

http://www.dhammadownload.com

၂၀၀၀-

မိုးသစ္စာ　　စာစဉ် (၄)

# သီလက္ခန္ဓဝဂ္ဂပါဠိတော်
# ပို့ချချက်

## သီလက္ခန္ဓဝဂ္ဂဋီကာ (ပထမနေ့)

မေးခွန်းများ၊အနက်ပေးနိယံများပါဝင်သည် ။

॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥

အရှင်ကေသရာဘိဝံသ(ဘီ.အေ)
(သကျသီဟ၊စေတိယင်္ဂဏ၊အစိုးရဓမ္မာစရိယ)
ဓမ္မဘာဏကကျောင်း၊မစိုးရိမ်တိုက်သစ်
မန္တလေးမြို့.
ရေးသားပြုစုသည်

၁

http://www.dhammadownload.com

စာမူခွင့်ပြုချက်အမှတ် ( ၃၅ / ၉၇ )( ၁၂ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ( ၃၅ / ၉၇ )( ၁၂ )

ပထမအကြိမ်

၁၉၉၈-ခု၊ ဇန်နဝါရီလ

အုပ်ရေ- ၁၀၀၀

ကွန်ပျူတာ- Moethitsar
Computer

ပုံနှိပ်သူ = ဦးမြင့်ဝေ ( ၀၂၉၀၇ )
(ရွှေပြည်တန်ပုံနှိပ်တိုက်)
၄၁-လမ်း၊ ၈၃-လမ်း ၊မန္တလေးမြို့ ။
Ph- 02 . 22685. 70388

ထုတ်ဝေသူ= ဦးမြင့်ဝေ ( ၀၁၆၆၈ )
(ရွှေပြည်တန်စာပေ)
၄၁-လမ်း၊ ၈၃-လမ်း ၊မန္တလေးမြို့ ။
Ph- 02 . 22685. 70388

http://www.dhammadownload.com

# ♣နိဒါန်းလွှာ♣

॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥॥

စာသင်သားများအတွက် ကျမ်းရင်းသိုးကျမ်းပါဠိတော်ပို့ချချက်များကို စီစဉ်ရေးသားလာခဲ့ရာ အားလုံးပြီးစီး၍ ထုတ်ဝေနိုင်ခဲ့ပြီဖြစ်ပါသည်၊ ပို့ချချက်ဆိုသည့်အတိုင်း ပါဠိစာသွားခက်ခဲသည့်,နိသျခက်ခဲသည့်ဝါကျများကိုသာနုတ်ထုတ်၍ လွယ်ကူစွာ ကျက်မှတ်နိုင်စေရန် ပို့ချထားပါသည်၊ဤသီလက္ခန်ပါဠိတော်ပို့ချချက်၏ ထူးခြားချက်ကား ခက်ခဲသည့်ပါဠိဝါကျများကိုပါ နိသျနှင့်ပူးတွဲ၍ ထည့်သွင်းပို့ချထားခြင်းပင်ဖြစ်ပါသည်။

အထူးတိုက်တွန်းလိုသည်မှာ ဤပို့ချချက်ပါ ပါဠိတော်,နိသျ,အဋ္ဌကထာများကို ကျနစွာလေ့လာကျက်မှတ်ထား၍ ကျန်နေသည့် ပါဠိတော်,နိသျ,အဋ္ဌကထာများကိုပါ ပြည့်စွက်လေ့ကျက်ထားရန်ဖြစ်ပါသည်။သို့မှသာ ဖြေဆိုရမည့်စာမေးပွဲအခက်အခဲကို လွယ်ကူစွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။အောင်မြင်မှုရသူတို့သည် ကြီးမားသည့်အခက်အခဲများကို ရင်ဆိုင်ကျော်လွှား အနိုင်ယူခဲ့ကြသူများသာ ဖြစ်ကြပါသည်။ အချိန်ကာလသည် မည်သည့်အရာနှင့်မျှအစားထိုး၍မရစကောင်းပါ။တန်ဘိုးရှိလှသော အချိန်များကို မကုန်လွန်စေပဲ အချိန်တိုအတွင်းမှာ ဓမ္မာစရိယဘွဲ့ရ စာချဆရာများဖြစ်စေရန် ရည်ရွယ်၍ ပါဠိတော်ပို့ချချက်များကို စီစဉ်ရေးသားခြင်းဖြစ်ပါသည်။

အချိန်နှင့်အမျှ တိုးတက် ပြောင်းလဲနေသော ခေတ်ကာလကြီးတွင် မိမိတို့သာသနာ့ဝန်ထမ်း ရှင်,ရဟန်းများသည်ခေတ်နောက်ကျကျန်နေ၍မဖြစ်ပါ။ဓမ္မာစရိယဘွဲ့များကို ရရှိပြီးသည့်နောက် ပြောင်းလဲတိုးတက်နေသော ခေတ်ကာလနှင့်လျော်ညီစွာ ခေတ်ပညာများကို တတ်မြောက်ထားရန်လည်း လွန်စွာလိုအပ်လှပါသည်။ သို့မှသာ မိမိတို့၏ ဗုဒ္ဓသာသနာကို အချိန်နှင့်တပြေးညီ ရှင်သန်တိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

ထို့ကြောင့် ပါဠိတော်ပို့ချချက်များသည် အရှင်တို့ မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်သို့ လျှောက်လှမ်းရာတွင် တတပ်တအားအနေဖြင့် ပန့်ပိုးနိုင်သည်ဟု ယူဆပါလျှင် ပြုစုရကျိုးနပ်သည်ဟုသာ မျှော်မှန်းမိပါသည်။

ဤသီလက္ခန်ပါဠိတော်ပို့ချချက်ကို ရေးသားရာ၌ စာအထားအသိုများ စနစ်ကျနစေရန် ကွန်ပျူတာကို မိမိကိုယ်တိုင်ပင် အစအဆုံး ရိုက်နှိပ်ပါသည်။အမှားများကိုတတ်နိုင်သမျှကင်းစင်အောင် ဆောင်ရွက်ပါသည်၊သို့သော် အမှားများ ကင်းစင်ပြီ

http://www.dhammadownload.com

ဟူ၍ကား မယူဆပါ။အရှင်တို့အနေဖြင့် ဤပို့ချချက်စာအုပ်ပါ မကင်းနိုင်သည့် အမှားများကို တွေ့ရှိခဲ့သော် ပြင်ဆင်ကြည့်ရှုပါဟူ၍သာ မှာကြားလိုပါသည်။

## ♣ကျေးဇူးတင်လွှာ♣

။။။။။။။။။။။။။။။။။။။။။။။။။။

မိမိအား ကွန်ပျူတာနှင့်ရင်းနှီးမှုရှိစေရန် ဟိုစပ်စပ် ဒီစပ်စပ် သင်ကြားပြသပေးသော အရှင်ဝိစိတ္တာဘိဝံသ(ပါဠိဆရာတော်)၊ အရှင်ဣန္ဒကာလင်္ကာရာဘိဝံသ (ဓမ္မာဓိပတိဆရာတော်)၊ မောင်ကိုကို(မန်းတက္ကသိုလ်)။ဤပို့ချချက်ဖြစ်မြောက်စေရန် ဝိုင်းဝန်း ကူညီဆောင်ရွက်ပေးခဲ့ကြသော မိတ်ဆွေများ, တပည့်များကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြု အပ်ပါသည်။

အရှင်ကေသရာဘိဝံသ(နာယက)
ဓမ္မဘာဏကကျောင်း
မစိုးရိမ်တိုက်သစ်
မန္တလေးမြို့

http://www.dhammadownload.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်းလွှာ | |
| ၂။ | ဗြဟ္မဇာလသုတ်=ပရိဗ္ဗာဇကကထာ | ၁ |
| ၃။ | စူဠသီလကထာ | ၁၁ |
| ၄။ | မဇ္ဈိမသီလကထာ | ၁၇ |
| ၅။ | မဟာသီလကထာ | ၁၈ |
| ၆။ | သဿတဝါဒကထာ | ၂၀ |
| ၇။ | ဧကစ္စသဿတဝါဒကထာ | ၂၅ |
| ၈။ | အမရာဝိက္ခေပဝါဒကထာ | ၃၄ |
| ၉။ | အဓိစ္စသမုပ္ပန္နဝါဒကထာ | ၃၉ |
| ၁၀။ | သညီဝါဒကထာ | ၄၀ |
| ၁၁။ | ဥစ္ဆေဒဝါဒကထာ | ၄၁ |
| ၁၂။ | ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒကထာ | ၄၃ |
| ၁၃။ | ပရိတဿိတဝိပ္ဖန္ဒိတဝါဒကထာ | ၄၇ |
| ၁၄။ | ဝိဝဋ္ဋကထာဒိ | ၄၈ |
| ၁၅။ | သာမညဖလသုတ်=ရာဇာမစ္စကထာ | ၅၁ |
| ၁၆။ | ကောမာရဘစ္စဇီဝကကထာ | ၅၅ |
| ၁၇။ | သာမညဖလပုစ္ဆာကထာ | ၅၆ |
| ၁၈။ | ပူရဏကဿပဝါဒကထာ | ၅၉ |
| ၁၉။ | မက္ခလိဂေါသာလဝါဒကထာ | ၆၂ |
| ၂၀။ | အဇိတကေသကမ္ဗလဝါဒကထာ | ၆၅ |
| ၂၁။ | ပကုဓကစ္စာယနဝါဒကထာ | ၆၈ |
| ၂၂။ | နိဂဏ္ဌနာဋပုတ္တဝါဒကထာ | ၆၈ |
| ၂၃။ | သဉ္စယဗေလဋ္ဌပုတ္တဝါဒကထာ | ၆၉ |
| ၂၄။ | ပဌမသန္ဒိဋ္ဌိကသာမညဖလကထာ | ၇၀ |
| ၂၅။ | ဒုတိယသန္ဒိဋ္ဌိကသာမညဖလကထာ | ၇၂ |
| ၂၆။ | ပဏီတတရသာမညဖလကထာ | ၇၃ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၂၇။ | ဣန္ဒြိယသံဝရကထာ | ၇၆ |
| ၂၈။ | သတိသမ္ပဇညကထာ | ၇၆ |
| ၂၉။ | သန္တောသကထာ | ၇၇ |
| ၃၀။ | နီဝရဏပ္ပဟာနကထာ | ၇၈ |
| ၃၁။ | ပဌမဈာနကထာ | ၈၂ |
| ၃၂။ | ဒုတိယဈာနကထာ | ၈၃ |
| ၃၃။ | တတိယဈာနကထာ | ၈၄ |
| ၃၄။ | စတုတ္ထဈာနကထာ | ၈၆ |
| ၃၅။ | ဝိပဿနာဉာဏကထာ | ၈၆ |
| ၃၆။ | မနောမယိဒ္ဓိဉာဏကထာ | ၈၈ |
| ၃၇။ | ဣဒ္ဓိဝိဓဉာဏကထာ | ၈၉ |
| ၃၈။ | ဒိဗ္ဗသောတဉာဏကထာ | ၉၀ |
| ၃၉။ | စေတောပရိယဉာဏကထာ | ၉၁ |
| ၄၀။ | ပုဗ္ဗေနိဝါသာနုဿတိဉာဏကထာ | ၉၂ |
| ၄၁။ | ဒိဗ္ဗစက္ခုဉာဏကထာ | ၉၂ |
| ၄၂။ | အာသဝက္ခယဉာဏကထာ | ၉၃ |
| ၄၃။ | အဇာတသတ္တုဥပါသကတ္တပဋိဝေဒနာကထာ | ၉၅ |
| ၄၄။ | အမ္ဗဋ္ဌသုတ်=ပေါက္ခရသာတိဝတ္ထု | ၉၇ |
| ၄၅။ | အမ္ဗဋ္ဌမာဏဝကကထာ | ၉၇ |
| ၄၆။ | ပဌမဣဗ္ဘဝါဒကထာ | ၁၀၁ |
| ၄၇။ | ဒုတိယဣဗ္ဘဝါဒကထာ | ၁၀၃ |
| ၄၈။ | တတိယဣဗ္ဘဝါဒကထာ | ၁၀၄ |
| ၄၉။ | ဒါသိပုတ္တဝါဒကထာ | ၁၀၄ |
| ၅၀။ | အမ္ဗဋ္ဌဝံသကထာ | ၁၀၇ |
| ၅၁။ | ခတ္တိယသေဋ္ဌဘာဝကထာ | ၁၀၉ |
| ၅၂။ | ဝိဇ္ဇာစရဏကထာ | ၁၁၁ |
| ၅၃။ | စတုအပါယမုခကထာ | ၁၁၂ |
| ၅၄။ | ပုဗ္ဗကဣသိဘာဝါနုယောဂကထာ | ၁၁၃ |

http://www.dhammadownload.com


| | | |
|---|---|---|
| ၅၅။ | ဒွေလက္ခဏာဒဿနကထာ | ၁၁၄ |
| ၅၆။ | ပေါက္ခရသာတိဗုဒ္ဓကိုပသက်မနကထာ | ၁၁၅ |
| ၅၇။ | သောဏဒဏ္ဍသုတ်=သောဏဒဏ္ဍဂုဏကထာ | ၁၁၆ |
| ၅၈။ | ဗုဒ္ဓဂုဏကထာ | ၁၁၇ |
| ၅၉။ | သောဏဒဏ္ဍပရိဝိတက္ကကထာ | ၁၂၀ |
| ၆၀။ | ဗြာဟ္မဏပညတ္တိကထာ | ၁၂၁ |
| ၆၁။ | သီလပညာကထာ | ၁၂၁ |
| ၆၂။ | ကူဋဒန္တသုတ်=မဟာဝိဇိတရာဇညကထာ | ၁၂၂ |
| ၆၃။ | စတုပရိက္ခာရကထာ | ၁၂၅ |
| ၆၄။ | အဋ္ဌပရိက္ခာရကထာ | ၁၂၅ |
| ၆၅။ | ဒသ အာကာရကထာ | ၁၂၆ |
| ၆၆။ | သောတာပတ္တိဖလသစ္ဆိကိရိယကထာ | ၁၂၆ |
| ၆၇။ | မဟာလိသုတ်=စတုအရိယဖလကထာ | ၁၂၇ |
| ၆၈။ | မဟာသီဟနာဒသုတ်=အစေလကဿပဝတ္ထု | ၁၂၈ |
| ၆၉။ | အရိယအဋ္ဌင်္ဂိကမဂ္ဂကထာ | ၁၃၀ |
| ၇၀။ | တပေါပက္ကမကထာ | ၁၃၀ |
| ၇၁။ | တပေါပက္ကမနိရတ္ထကကထာ | ၁၃၁ |
| ၇၂။ | သီဟနာဒကထာ | ၁၃၃ |
| ၇၃။ | ပေါဋ္ဌပါဒသုတ်=အဘိသညာနိရောဓကထာ | ၁၃၃ |
| ၇၄။ | သဟေတုကသညုပ္ပါဒနိရောဓကထာ | ၁၃၄ |
| ၇၅။ | ကေဝသိကဓမ္မကထာ | ၁၃၇ |
| ၇၆။ | တယော အတ္တပဋိလာဘကထာ | ၁၃၇ |
| ၇၇။ | သုဘသုတ် | ၁၃၈ |
| ၇၈။ | ကေဝဋ္ဋသုတ်=ကေဝဋ္ဋဂဟပတိပုတ္တဝတ္ထု | ၁၃၈ |
| ၇၉။ | တ္တုဒ္ဓိပါဋိဟာရိယကထာ | ၁၃၉ |
| ၈၀။ | **အဋ္ဌကထာပို့ချချက်မေးခွန်းများ=နိဒါနကထာမေးခွန်းများ** | ၁၄၀ |
| ၈၁။ | သာမညဖလသုတ်အဋ္ဌကထာမေးခွန်းများ | ၁၇၉ |
| ၈၂။ | အမ္ဗဋ္ဌသုတ်အဋ္ဌကထာမေးခွန်းများ | ၂၀၆ |

http://www.dhammadownload.com


၁၃။ သောဏဒဏ္ဍသုတ်အဋ္ဌကထာမေးခွန်းများ ၂၂၀

၁၄။ ကူဋဒန္တသုတ်အဋ္ဌကထာမေးခွန်းများ ၂၂၄

၁၅။ မဟာလိသုတ်အဋ္ဌကထာမေးခွန်းများ ၂၂၇

၁၆။ ဇာလိယသုတ်အဋ္ဌကထာမေးခွန်းများ ၂၂၈

၁၇။ မဟာသီဟနာဒသုတ်အဋ္ဌကထာမေးခွန်းများ ၂၂၉

၁၈။ ပေါဋ္ဌပါဒသုတ်အဋ္ဌကထာမေးခွန်းများ ၂၃၀

၁၉။ သုဘသုတ်အဋ္ဌကထာမေးခွန်းများ ၂၃၂

၂၀။ ကေဝဋ္ဋသုတ်အဋ္ဌကထာမေးခွန်းများ ၂၃၃

၂၁။ လောဟိစ္စသုတ်အဋ္ဌကထာမေးခွန်းများ ၂၃၅

၂၂။ တေဝိဇ္ဇသုတ်အဋ္ဌကထာမေးခွန်းများ ၂၃၆

၂၃။ အနက်ပေးမှုဆိုင်ရာနိယံပို့ချချက်များ ၂၃၈

http://www.dhammadownload.com

# သီလက္ခန္ဓဝဂ္ဂပါဠိတော်ပို့ချချက်

****************

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ၁။ ❀ ဗြဟ္မဇာလသုတ္တ–ပရိဗ္ဗာဇကကထာ ❀

၁။ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ အန္တရာစ ရာဇဂဟံ အန္တရာစ အာဠန္ဒံ အဒ္ဓါနမဂ္ဂပ္ပဋိပန္နော ဟောတိ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ ပဉ္စမတ္တေဟိ ဘိက္ခု–သတေဟိ ။(ပါ၊၁။ပါ–သျ၊၈ ။)

<u>အနက်ပေး</u>

ဘန္တေ ကဿပ–အရှင်မဟာကဿပ၊ <u>မေ–အကျွန်ုပ်သည်(ကတ္တားဟော)၊ ဣဒံ သုတ္တံ– ဤဗြဟ္မဇာလသုတ်ကို၊</u> ဘဂဝတော–၏၊ သမ္မုခါ– မျက်မှောက်တော်၌၊ဧဝံ– ဤသို့ များစွာသော အခြင်းအရာတို့တွင် တစ်ပါးသော အခြင်းအရာအားဖြင့်(ဧဝံ–အာကာရတ္ထ) (ဝါ)ဤသို့၊ (ဝါ)ဤသို့မြတ်စွာဘုရားဟောတော်မူသည့်အတိုင်း(ဧဝံ–နိဒဿနတ္ထ)၊ (ဝါ) ဤသို့ အနက် သဒ္ဒါအားဖြင့်မယုတ်မလွန်မူ၍သာလျှင်(ဧဝံ–အဝဓာရဏတ္ထ)၊<u>သုတံ–ကြားနာ အပ်ပါပြီ၊(ဝါ)နာခံမှတ်သားအပ်ပါပြီ</u>။(သုတံ–သဒ္ဒါသည် ကမ္မတ္တ) ။

**(ဤ၌ သုတံ–သည် ကံ ဟော၊ဣဒံသုတ္တံ–ဟု ပဌမန္တကံပုဒ်ထည့်စပ်)၊**
**မေ–သဒ္ဒါသည် ကတ္တားအနက်၌ ဖြစ်၏) ။**

**(တစ်နည်း:)**ဘန္တေ ကဿပ–ပ၊မေ–၏(သမ္ဗန်ဟော)၊ဣမဿ သုတ္တဿ–ကို၊ဘဂဝတော– ၏၊သမ္မုခါ–၌၊ဧဝံ.....သာလျှင်၊သုတံ–ကြားနာရခြင်းသည်၊(ဝါ)နာခံမှတ်သားရခြင်း သည်၊ (သုတံ–သဒ္ဒါသည် ဘာဝအနက်)အဟောသိ–ဖြစ်ပါပြီ။(ကိ် အဟောသိ) ။

**(ဤ၌ သုတံ–သည် ဘာဝ ဟော၊ဣမဿ သုတ္တဿ–ဟု ဆဋ္ဌီကံပုဒ်ထည့်စပ်၊**
**မေ–သဒ္ဒါသည် သမ္ဗန် အနက်၌ ဖြစ်၏ )။**

ဧကံ–များစွာသော အခါတို့တွင် တစ်ပါးသော၊ သမယံ– တရားဟောတော်မူရာအခါ၌၊ (ဒုတိယာဝိဘတ် သတ္တမီအနက်)၊(ဝါ)တရားဟောတော်မူရာအခါပတ်လုံး(အစ္စန္တသံယောဂ အနက်)၊ ဘဂဝါ–သည်၊ မဟတာ–ငါးရာအတိုင်းအရှည်ရှိသည်၏ အဖြစ်ကြောင့် အရေ

http://www.dhammadownload.com



အတွက်အားဖြင့် များသော၊ (ဝါ) အပိစ္စတာ,သန္တုဋ္ဌတာ,သလ္လေခတာအစရှိသောဂုဏ်တို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ဂုဏ်အားဖြင့် မြတ်သော ၊ဘိက္ခုသံဃေန-ရဟန်းတို့၏ အပေါင်းနှင့်၊ပဉ္စမတ္တေဟိ- ငါးလီအတိုင်းအရှည်ရှိကုန်သော၊ ဘိက္ခုသတေဟိ-ရဟန်းတို့၏ အရာတို့နှင့်၊(ဝါ) အရာသောရဟန်းတို့နှင့်၊**(တစ်နည်း)** ပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ- ငါးရာသော ရဟန်းတို့နှင့်၊ သဒ္ဓိံ – တကွ၊ ရာဇဂဟံ–ရာဇဂြိုဟ်ပြည်၏၊ အန္တရာစ–အကြား၌လည်း ကောင်း၊နာဠန္ဒံ–၏၊အန္တရာစ–အကြား၌လည်းကောင်း၊**(အန္တရာပုဒ်အယှဉ်ဖြစ်၍ ဒုတိယာဝိဘတ် ဆင့်အနက်၌သက်သည်)**၊ အဒ္ဓါနမဂ္ဂပဋိပန္နော–တစ်ယူဇနာအဝန့်ရှည်လျားသော ခရီးသို့ ကြွသွားတော်မူသည်၊ဟောတိ–ဖြစ်၏၊ (ဝါ) ဖြစ်ပြီ ။

**(ပ–နည်း ဟောတိ–သည် တံကာလာပေက္ခဝတ္တမာန်၌ ဖြစ်၏ )**

**(ဒု–နည်း ဟောတိ–သည် အတိတ်ကာလ၌ ဖြစ်၏ )။**

**= သုပ္ပိယောပိ ခေါ ပရိဗ္ဗာဇကော အန္တရာစ ရာဇဂဟံ အန္တရာစ နာဠန္ဒံ အဒ္ဓါနမဂ္ဂပဋိပန္နော ဟောတိ သဒ္ဓိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေန။(ပါ၊၁။ပါ–သျ၊၁၁။)**

<u>**အနက်ပေး**</u>

ပရိဗ္ဗာဇကောပိ–သည်လည်း၊အန္တေဝါသိနာ–အနီး၌နေလေ့ရှိသော၊ဗြဟ္မဒတ္တေန–အမည်ရှိသော၊မာဏဝေန–နှင့်၊သဒ္ဓိံ –ကွ၊ရာဇဂဟံ–၏.....ဟောတိ–၏၊(ဝါ)ဖြစ်ပြီ ။

**(ဤကား ပိ–သဒ္ဒါ၏ သမ္ပိဏ္ဍိတဗ္ဗတ္ထကို မဖော်ဘဲ ယောဇနာသည်)**

**(တစ်နည်း)**ကေဝလံ–သုပ္ပိယနှင့်မရောမယှက်သက်သက်၊ ဘဂဝါ–သည်သာ၊....အဒ္ဓါန–မဂ္ဂပဋိပန္နော–သည်၊န ဟောတိ– ဖြစ်သည်မဟုတ်သေး၊ (ဝါ) ဖြစ်ပြီးသည်မဟုတ်သေး၊ အထခေါ–အဟုတ်အမှန်ကား၊သုပ္ပိယော–အမည်ရှိသော၊ပရိဗ္ဗာဇကောပိ–သည်လည်း၊ .... အဒ္ဓါနမဂ္ဂပဋိပန္နော–သည်၊ဟောတိ–ဖြစ်သည်သာ၊(ဝါ)ဖြစ်ပြီးသည်သာ။

**(ဤကား ပိ–သဒ္ဒါ၏ သမ္ပိဏ္ဍိတဗ္ဗတ္ထကို ဖော်၍ ယောဇနာသည်)**

<u>**နိယံ**</u> **(ရှေ့က ပိသာ၊ နောက် ခေါ၊ မှန်စွာ ကျမ်း၌ရှိရမြဲ )။**

**(တိုက်ရိုက်မရှိ၊ ကြေလေဘိ၊ မှတ်သိ စိတ်ဝယ်စွဲ )။**

http://www.dhammadownload.com



**= တတြ သုဒံ သုပ္ပိယော ပရိဗ္ဗာဇကော အနေကပရိယာယေန ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊သံဃဿ အဝဏ္ဏံ ဘာသတိ။(ပါ၊၁။ပါ–သျ၊၁၁။)**

**<u>အနက်ပေး</u>**

**တတြ တသ္မိံ အန္တရာမဂ္ဂေ**–ထိုအခွန့်ရှည်လျားသောခရီး၌ ။

(ဝါ) **ဒွီသု**–ကုန်သော၊**တတြ တေသု ဇနေသု**–ထိုဆရာတပည့်ဖြစ်သောသူတို့တွင်။

**<u>(ဤကား အဋ္ဌကထာဖွင့်အလို)</u>**

(ဝါ)**ယံ သမယံ**–အကြင်အခါ၌၊(ဝါ)ပတ်လုံး၊ဘဂဝါ သည်၊...အန္တရာမဂ္ဂပဋိပန္နော–သည်၊ဟောတိ–၏၊(ဝါ)ပြီ၊**တတြ တသ္မိံ သမယေ**–မြတ်စွာဘုရား၏ ရာဇဂြိုဟ်ပြည် နာဠန္ဒမြို့၏ အကြား၌ တစ်ယူဇနာအခွန့်ရှည်လျားသော ခရီးသို့ ကြွသွားတော်မူရာ ထိုအခါ၌၊ **<u>(ဤကား သီ ဋီ သစ်–ဟောင်းအဖွင့် အလို)</u>** *{တတြ–ပုဒ် ၃–နည်းစွဲပုံ}* ။**သုပ္ပိယော**–သော **ပရိဗ္ဗာဇကော**–သည်၊ **အနေကပရိယာယေန**–ဖြင့်၊ **ဗုဒ္ဓဿ**–၏၊ (ဝါ) ကို၊**အဝဏ္ဏံ**–ကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ်ကို၊(ဝါ)ကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကို၊.....**ဘာသတိ**–၏ ၊ (ဝါ) ပြောဆိုပြီ ။

**= ဣတိဟ တေ ဥဘော အာစရိယန္တေဝါသီ အညမညဿ ဥဇုဝိပစ္စနီကဝါဒါ ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ ဘိက္ခုသံဃဉ္စ ။(ပါ၊၁။ပါ–သျ၊၁၃။)**

**<u>အနက်ပေး</u>**

**ဣတိ**–သို့၊(ဝါ)ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊**ဣဟ** ဣမသ္မိံ လောကေ–၌၊**ဥဘော**–ကုန်သော၊ **တေ အာစရိယန္တေဝါသီ**– တို့သည်၊ **အညမညဿ**–အချင်းချင်း၏၊ (ဝါ) တစ်ယောက်သည် တစ်ယောက်၏၊**ဥဇုဝိပစ္စနီကဝါဒါ**–ဖြောင့်ဖြောင့် အထူးထူး အပြားပြားသော ဆန့်ကျင်ဘက်ဖြစ်သော စကားရှိကြကုန်သည်၊ (ဝါ) ဖြောင့်ဖြောင့်....စကားကိုပြောဆိုကြကုန်သည်၊ ဟုတ္ဝာ– ဖြစ်ကြကုန်၍၊ **ဘဂဝန္တဉ္စ**– ကိုလည်းကောင်း၊ **ဘိက္ခုသံဃဉ္စ**– ကိုလည်းကောင်း၊**အနု**–မျက်ခြေမပြတ် အစဉ်မှတ်ကြကုန်၍၊**ပိဋ္ဌိတော ပိဋ္ဌိတော**–နောက်မှ နောက်မှ၊ (ဝါ)နောက်က နောက်က၊**အနုဗန္ဓာ**–အစဉ်လိုက်သွားကြကုန်သည်၊(ဝါ)တကောက်ကောက်လိုက်သွားကြကုန်သည်၊**ဟောန္တိ**–ကုန်၏ ။

http://www.dhammadownload.com



## သီလက္ခန္ဓဝဂ္ဂပါဠိတော် ပို့ချချက်

**(ဤကား အနုဗန္ဓာ–၌ အနု– သဒ္ဒါတစ်လုံးကို အကြေကြံ၍၊ဒုတိယ အနု– သဒ္ဒါတစ်လုံး ကံ အနက်ကို ထွန်းပြသော ယောဇနာနည်းတည်း )။**

**(တစ်နည်း)** ဘဂဝန္တံ အနုစ– ၏လည်းကောင်း၊......နောက်က၊အနုဗန္ဓာ–မျက်ခြေမပြတ် အစဥ်မှတ်၍ လိုက်သွားကြကုန်သည်၊ဟောန္တိ–ကုန်၏ ။

**(ဤကား အနုဗန္ဓာ–၌ အနု ဟူသော ကမ္မပ္ပဝစနီယနှင့် ယှဥ်ခြင်းကြောင့် ဆဋ္ဌီအနက်ဝယ် ဒုတိယာဝိဘတ်သက်၍ ယောဇနာနည်းတည်း)**

**= အထ ခေါ ဘဂဝါ အမ္ဗလဋ္ဌိကာယံ ရာဇာဂါရကေ ဧကရတ္တိံဝါသံ ဥပဂစ္ဆိ သဒ္ဓိံ ဘိက္ခုသံဃေန။ (ပါ၊၁။ပါ–သျ၊၁၃။)**

**<u>အနက်ပေး</u>**

အထ တသ္မိံ ကာလေ–မြတ်စွာဘုရား၏ ရာဇဂြိုဟ်ပြည်.....ထိုအခါ၌၊ ဘဂဝါ–သည်၊ဘိက္ခုသံဃေန–နှင့်၊.....အမ္ဗလဋ္ဌိကာယံ–အမ္ဗလဋ္ဌိကအမည်ရှိသော ဥယျာဥ်၌ ၊ (ဝါ) ခက်လက်ရှည်တို ရွှန်းရွှန်းစိုလျက် နုပျိုစည်ကားသော သရက်ပင်ရှိရာ၏အဖြစ်ကြောင့် အမ္ဗလဋ္ဌိကအမည်ရှိသော ဥယျာဥ်၌၊ ရာဇာဂါရကေ– မင်း၏စံနန်းတော်၌၊ (ဝါ) မင်းကွန်း၌၊ (ဝါ) ဝေဿဝဏ်နတ်မင်း၏ နတ်စင် နတ်နန်း နတ်ကွန်း၌၊ ဧကရတ္တိံ –တစ်ညဥ့်ပတ်လုံး၊ ဝါသံ–နေခြင်းကို၊ဥပဂစ္ဆိ–ကပ်ရောက်တော်မူပြီ ။

**၃။ အထ ခေါ သမ္ဗဟုလာနံ ဘိက္ခူနံ ရတ္တိယာ ပစ္စူသသမယံ ပစ္စုဋ္ဌိတာနံ မဏ္ဍလမာဠေ သန္နိသိန္နာနံ သန္နိပတိတာနံ အယံ သံခိယဓမ္မော ဥဒပါဒိ။ (ပါ၊၂။ပါ–သျ၊၁၆။)**

**<u>အနက်ပေး</u>**

အထ တသ္မိံ ကာလေ–ထိုအခါ၌၊ သမ္ဗဟုလာနံ–သုတ္တန်နည်းလာ ဒေသနာဖြင့် များစွာကုန်သော၊ဘိက္ခူနံ–တို့အား၊ (ဝါ)တို့သည်၊ရတ္တိယာ–ညဥ့်၏၊ (ဝါ) တွင်၊ ပစ္စူသသမယံ–အမိုက်ကိုဖျောက် အလင်းရောက်သည့် မိုးသောက်ခါနီး လင်းအားကြီးအချိန်၌၊ပစ္စုပဋ္ဌိတာနံ –စောစောထကြကုန်သည်ဖြစ်၍၊ မဏ္ဍလမာဠေ–တန်ဆောင်းဝန်း၌၊ သန္နိသိန္နာနံ–ကောင်းစွာနေထိုင်ကြသည်ရှိသော်၊ သန္နိပတိတာနံ– ကောင်းစွာ ကျရောက်ကြကုန်သည်ရှိသော်၊

http://www.dhammadownload.com



(ဝါ) စည်းစေးကြကုန်သည်ရှိသော်၊အယံ သံခိယဓမ္မော– ဤကောင်းစွာ ပြောဆိုအပ်သော စကားသဘောသည်၊ (ဝါ) ဤတကွပြောဆိုအပ်သော စကားသဘောသည်၊ ဥဒပါဒိ– ထင်ရှား ဖြစ်ပေါ်လာပြီ။ (ကိ ဥဒပါဒိ) ။

**= အစ္ဆရိယံ အာဝုသော၊ အဗ္ဘုတံ အာဝုသော၊ ယာဝဉ္စိဒံ တေန ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန သတ္တာနံ နာနာဓိမုတ္တိကတာ သုပ္ပဋိဝိဒိတာ။**
**(ပါ၊၂။ ပါ–သျှ၊၁၇။ )**

**အနက်ပေး**

အာဝုသော–ငါ့ရှင်တို့၊ (ယသ္မာ–အကြင်ကြောင့်၊ ယောဘဂဝါ–သည်၊သမတိံ သပါရမိယော–တို့ကို၊ ပူရေတွာ–၍၊ သဗ္ဗကိလေသေ–တို့ကို၊ ဘဉ္ဇိတွာ– ချိုးဖဲ့ဖျက်ဆီးတော်မူပြီး၍၊ အနုတ္တရံ–သော၊ သမ္မာသမ္ဗောဓိံ –အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်ကို၊အဘိသမ္ဗုဒ္ဓေါ–ထိုးထွင်း၍ သိတော်မူပြီ။**(အနိယမဝါကျ ထည့်သည်)**

**ဇာနတာ**–ထိုထိုသတ္တဝါတို့၏ အာသယာနုသယကို အာသယာနုသယဉာဏ်ဖြင့် သိတော်မူတတ်သော၊ **ပဿတာ–** ဥဒေယျငါးအင် ကုန်အစင်ကို လက်ပြင်တင်ထား သီးသျှိသျှားသို့ ပိုင်းခြားကေန် သဗ္ဗညုတဉာဏ်ဖြင့် မြင်တော်တတ်သော။

**(တစ်နည်း)ဇာနတာ–** ပုဗ္ဗေနိဝါသာနုဿတိဉာဏ်, အာသဝက္ခယဉာဏ်တို့ဖြင့် သိတော်မူတတ်သော၊ **ပဿတာ–** ဒိဗ္ဗစက္ခုဉာဏ်ဖြင့် မြင်တော်မူတတ်သော။

**အရဟတာ**–ကိလေသာတည်းဟူသောရန်သူတို့ကို သတ်တော်မူတတ်သော၊သမ္မာ–သမ္ဗုဒ္ဓေါ–မဘောက်မပြန် ကိုယ်တော်တိုင်သာ ဥဒေယျငါးခံ တရားမှန်ကို ကေန်သိတော်မူပြီးသော၊တေန ဘဂဝတာ–သည်၊သတ္တာနံ–တို့၏၊ဣဒံ နာနာဓိမုတ္တကတာ–ဤအထူးထူးသော အလိုနှလုံးသွင်းရှိကြကုန်သည်တို့၏အဖြစ်ကို၊ယာဝစ–အကြင်မျှလောက်အတိုင်းအရှည် ရှိသည်သာလျှင်၊(ဝါ)–ရှိသည်ဖြစ်၍သာလျှင်၊သုပ္ပဋိဝိဒိတာ–ကောင်းစွာထိုးထွင်း၍ သိတော်မူအပ်ပြီ၊(တံသုပ္ပဋိဝိဇ္ဈနံ–ထိုကောင်းစွာထိုးထွင်း၍သိတော်မူတတ်သောသဗ္ဗညုတဉာဏ်တော်သည်၊(ဝါ)ကို၊တွေကမေဝ–ဤမျှလောက် အတိုင်းအရှည်ရှိသည်သာ၊ ဣတိ–သို့၊ အံမေဟိ–တို့သည်၊ ပဋိဝိမှိတုံစ– ချိုးဝှဲခြင်းငှါလည်းကောင်း၊အက္ခာတုံစ– ဆုံးခန်းတိုင်မြောက် အပြီး

http://www.dhammadownload.com



အောင် ချီးမြောက် ပြောဆိုခြင်းငှါလည်းကောင်း၊ န သက္ကာ- မတတ်ကောင်းခဲ့၊ တသ္မာ- ကြောင့်)၊တံ သုပ္ပဋိဝိဒ္ဓနံ-သည်၊ အစ္ဆရိယံ- သြော်, သူကာဏ်းတောင်တက် ရုံခါထွက်သို့ ဆက်ဆက်မပြတ် မဖြစ်တတ်လေစွတကား ။

**(ဤကား လောကီသဒ္ဒါကျမ်းအလို အနဘိဏှာဝုတ္တိကအနက်၌ ဖြစ်၏)**

(ဝါ) သြော်, လက်ဖျစ်ရိုက်တီး မြေတုန်ဟည်းအောင် အံ့ချီးခြင်းငှါထိုက်ပါပေစွတကား။

**(ဤကား အစ္ဆရာယောဂ္ဂ-ဟုဆိုလိုလျက် ယောဂ္ဂ-ကိုချေ၍ က-လာ၊ယ-လာ၍ပြီးသည်၊(ဝါ)ယောဂ္ဂတဒ္ဓိတ် ဏိယ-ပစ္စည်းသက်၍ ပြီးသည်)**

(ဝါ)သြော်, ပြင်းပြင်းထန်ထန် ပင်ပန်းခံ၍ ကျင့်ကြံထိုက်ပါပေစွတကား ။

**( ဤကား အာပုဗ္ဗစရဃစ-ဟူသော ကစ္စည်းသုတ်အလို အာ+စရ+ကွိ။ စရ-ကို စ္ဆရိယ-ပြု၍ ပြီးသည်)**

အာဝုသော-တို့၊အဗ္ဘုတံ-သြော်, ရှေးကမဖြစ် ယခုမှ အသစ်ဖြစ်ပါပေစွတကား။

**မှတ်ချက်= အဗ္ဘုတံ အာဝုသော-ကိုလည်း အစ္ဆရိယံ အာဝုသော-ကဲ့သို့ လိုက်သင့်သည့် ပုဒ်များကို လိုက်စေ၍ အနက်ပေးပါ ။**

**၄။ အထ ခေါ ဘဂဝါ တေသံ ဘိက္ခူနံ ဣမံ သံခိယဓမ္မံ ဝိဒိတွာ ယေန မဏ္ဍလမာဠော တေနုပသင်္ကမိ၊ဥပသင်္ကမိတွာ ပညတ္တေ အာသနေ နိသီဒိ။(ပါ၊၂။ပါ-သျ၊၂၁။)**

**<u>အနက်ပေး</u>**

အထ တသ္မိံ ကာလေ-စောစောထကြကုန်သည်ဖြစ်၍ တန်ဆောင်းဝန်း၌ စည်းဝေးကြကုန်သော ရဟန်းတို့၏ ပြောဆိုသော စကားသဘော၏ ထင်ရှားဖြစ်ပေါ်လာရာ ထိုအခါ၌၊ ဘဂဝါ-သည်၊ တေသံဘိက္ခူနံ-တို့၏၊ ဣမံသံခိယဓမ္မံ-ကို၊ ဝိဒိတွာ- သဗ္ဗညုတဉာဏ်ဖြင့် သိတော်မူပြီး၍၊<u>ယေန ဌာနေန-</u> အကြင်အရပ်၌၊မဏ္ဍလမာဠော-သည်၊အတ္ထိ-၏၊တေန ဌာနေန-ထို တန်ဆောင်းဝန်းရှိရာအရပ်သို့၊ဥပသင်္ကမိ- ကြွသွားတော်မူ၏။

**(တစ်နည်း)**<u>ယေန ဒိသာဘာဂေန</u>-အကြင်အရပ်မျက်နှာအဘို့ဖြင့်၊မဏ္ဍလမာဠော-သို့၊ ဥပသင်္ကမိတဗ္ဗော-ကြွသွားတော်မူအပ်၏၊ တေန ဒိသာဘာဂေန-ဖြင့်၊ မဏ္ဍလမာဠံ-သို့၊ ဥပသင်္ကမိ-၏၊ဥပသင်္ကမိတွာ-၍၊ပညတ္တေ-ခင်းထားအပ်သော၊အာသနေ-၌၊ နိသီဒိ-၏။

http://www.dhammadownload.com



= နိသဇ္ဇ ခေါ ဘဂဝါ ဘိက္ခူ အာမန္တေသိ " ကာယနုတ္ထ ဘိက္ခဝေ ဧတရဟိ ကထာယ သန္နိသိန္နာ သန္နိပတိတာ၊ ကာ စ ပန ဝေါ အန္တရာကထာ ဝိပ္ပကတာ "တိ ။ (ပါ၊၁။ပါ-သျှ၊၂၂။)

<u>အနက်ပေး</u>

နိသဇ္ဇခေါ- နေတော်မူပြီး၍သာလျှင်၊ဘဂဝါ-သည်၊ဘိက္ခူ-တို့ကို၊အာမန္တေသိ-သိစေတော်မူပြီ ။ (ကိ ံ အာမန္တေသိ) ။ ဘိက္ခဝေ-တို့၊ တုမှေ-သင်ချစ်သားတို့သည်၊ ဧတရဟိ-ဤယခုငါဘုရားကြွလာတော်မူဆဲအခါ၌၊ကာယ ကထာယ-အဘယ်စကားဖြင့်၊ သန္နိသိန္နာ-ကောင်းစွာနေကြကုန်သည်၊(ဝါ)ကောင်းစွာထိုင်ကြကုန်သည်၊ သန္နိပတိတာ-ကောင်းစွာကျရောက်ကြကုန်သည်၊ (ဝါ) စည်းဝေးကြကုန်သည်၊ အတ္တနု-ဖြစ်ကြကုန်သနည်း၊ ဝေါ-သင်တို့၏၊ (ဝါ) သင်တို့သည်၊ မမ-ငါဘုရား၏၊ အာဂမနပစ္စယာ- ကြွလာတော်မူခြင်းဟူသော အကြောင်းကြောင့်၊ <u>အန္တရာ</u>- ကမ္မဋ္ဌာန မနသိကာရ, ဥဒ္ဒေသ, ပရိပုစ္ဆာတို့၏ အကြား၌၊ ဝိပ္ပကတာ-အပြားအားဖြင့်ပြုခြင်းမှ ကင်းသော၊(ဝါ)ပြောဆို၍မပြီးသေးသော၊<u>အန္တရာ</u>-ကမ္မဋ္ဌာန မနသိကာရ,ဥဒ္ဒေသ,ပရိပုစ္ဆာမှတစ်ပါးသော၊ ကထာ-သည်၊ ကာစပန-အဘယ်နည်း၊ (ဝါ) အဘယ်စကားတဲ့နည်း၊ (အဟံ-ငါဘုရားသည်၊ တုမှာကံ-တို့၏၊ ကထာဘင်္ဂတ္ထံ-စကားကိုဖျက်ဆီးရခြင်းငှါ၊န အာဂတော -ကြွလာတော်မူသည်မဟုတ်၊ ပန-အဟုတ်ကား၊ အဟံ-ငါဘုရားသည်၊ သဗ္ဗညုတာယ- တစ်ခုမကြွင်းခပင်းဥဿုံ အလုံးစုံသော ဉေယျငါးခံ တရားမှန်ကို ကေန်ထိုးထွင်း၍ သိတော်မူတတ်သည်၏ အဖြစ်ကြောင့်၊ တုမှာကံ-တို့၏၊ ကထံ-ကို၊ နိဋ္ဌာပေတွာ-ပြီးဆုံးစေ၍၊ မတ္ထက-ပတ္တံ-အထွဋ်အထိပ် အပြီးအဆုံးသို့ ရောက်သည်ကို၊ ကတွာ-ပြု၍၊ ဒဿာမိ-ပေးတော်မူရတော့အံ့၊ဣတိမနသိကတွာ-၍၊အာဂတော-ပြီ)။(ဣတိအာမန္တေသိ)။

<u>မှတ်ချက်</u>။အန္တရာ-သဒ္ဒါကို အညတ္ထ,ဝေမဇ္ဈတ္ထအားဖြင့်ယူ၍ တန္တနည်း, သီလေသနည်းအားဖြင့် နှစ်ထပ်ယောဇနာသည် ။

၅။ မမံ ဝါ ဘိက္ခဝေ ပရေ အဝဏ္ဏံ ဘာသေယျုံ၊ဓမ္မဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊သံဃဿ ဝါ အဝဏ္ဏံ ဘာသေယျုံ၊ တတြ တုမှေဟိ န အာဃာတော န အပ္ပစ္စယော န စေတသော

http://www.dhammadownload.com



**အနဘိရဒ္ဓိ ကရဏီယာ ။(ပါ၊၃။ပါ-သျှ၊၂၆။ )**

<u>အနက်ပေး</u>

ဘိက္ခဝေ-တို့၊ ပရေ-ဆန့်ကျင်ဘက်လိုလား ရန်ငြိုးထားသည့် တစ်ပါးသော သတ္တဝါတို့သည်၊ မမံဝါ- ငါဘုရား၏သော်လည်း၊ (ဝါ) ကိုသော်လည်း၊ အဝဏ္ဏံ- ကို၊ ဘာသေယျုံ-ပြောဆိုကြကုန်ရာ၏၊.....ကုန်ရာ၏၊**တတြတေသု အဝဏ္ဏဘာသကေသု-** ထိုကျေးဇူးမဲ့ ကဲ့ရဲ့အပ်သော အပြစ်ကို ပြောဆိုကြကုန်သော သတ္တဝါတို့၌၊**(တစ်နည်း) ယေ သတ္တာ-အကြင်သတ္တဝါတို့သည်၊ အဝဏ္ဏံ-ကို၊ ဘာသန္တိ-ကုန်၏၊ တတြ တေသု သတ္တေသု-တို့၌၊(တစ်နည်း)တတြ တသ္မိံ အဝဏ္ဏေ**-ထိုကျေးဇူးမဲ့ ကဲ့ရဲ့အပ်သောအပြစ် ကြောင့်၊(ဝါ)ထိုကျေးဇူးမဲ့ ကဲ့ရဲ့ခြင်းကြောင့်၊ (ဝါ) ကို၊ဘာသိတေ-ပြောဆိုအပ်သည်ရှိသော်၊ တုမှေဟိ-တို့သည်၊ အာဃာတော- စိတ်ကို ပြင်းစွာ နှိပ်စက်တတ်သော အမျက်ထွက်ခြင်း ကောပကို၊(ဝါ)စိတ်ကို ပြင်းစွာ နှိပ်စက်ကြောင်းဖြစ်သော အမျက်ထွက်ခြင်း ကောပကို၊ (ဝါ) စိတ်ကို ပြင်းစွာနှိပ်စက်ခြင်းဟူသော အမျက်ထွက်ခြင်းကောပကို၊ န ကရဏီယော-မပြုအပ်၊အပ္ပစ္စယော-ပီတိ၏မသက်ရောက်ကြောင်းဖြစ်သော ဒေါမနဿ ကို၊န ကရဏီယော-အပ်၊ စေတသော-စိတ်ကို၊ အနဘိရဒ္ဓိ-အလွန်မနှစ်သက်စေတတ်သော ကောပကို၊ န ကရဏီယော-မပြုအပ်။

**(ဤဝါရကား အဝဏ္ဏဘူမိ-၌ မနောပဒေါသကို တားမြစ်ကြောင်းဖြစ်သော မနောပဒေါသနိဝါရဏဝါရတည်း) ။**

**= တတြ စေ တုမှေ အဿထ ကုပိတာ ဝါ အနတ္တမနာ ဝါ ၊တုမှံယေဝဿ တေန အန္တရာယော။(ပါ၊၃။ပါ-သျှ၊၂၇။ )**

<u>အနက်ပေး</u>

ယေ သတ္တာ-တို့သည်၊ အဝဏ္ဏံ-ကို၊ဘာသန္တိ-ကုန်၏၊ တတြ တေသု သတ္တေသု-ထိုသတ္တဝါတို့၌၊(ဝါ)တတြ တသ္မိံ အဝဏ္ဏေ-ကြောင့်၊(ဝါ)ကို၊ဘာသိတေ-သော်၊တုမှေ-တို့သည်၊ ကုပိတာဝါ- အမျက်ထွက်ကြကုန်သည်သော်လည်းကောင်း၊ အနတ္တမနာဝါ-မိမိ **စိတ်မရှိကြကုန်သည်သော်လည်းကောင်း၊** (ဝါ) ပီတိသောမနဿတို့သည် မယူအပ်သော

http://www.dhammadownload.com



စိတ်မရှိကြကုန်သည်သော်လည်းကောင်း၊(ဝါ)ပီတိသောမနဿတို့သည် ယှုအပ်သောစိတ် မရှိကြကုန်သည်သော်လည်းကောင်း၊စေ အဿထ –အကယ်၍ ဖြစ်ကြကုန်ငြားအံ့၊ဗေ၀ံ သန္တေသု–ဤသို့ဖြစ်ကြကုန်သည်ရှိသော်၊ တေန ကောပေန၀ါ–ထိုအမျက်ထွက်ခြင်းဖြင့် သော်လည်းကောင်း၊(ဝါ)ကြောင့်သော်လည်းကောင်း၊ တာယ အနတ္တမနတာယ၀ါ –ထိုမိမိ စိတ်မရှိကြကုန်သည်၏အဖြစ်ဖြင့်သော်လည်းကောင်း၊ (ဝါ) ကြောင့်သော်လည်းကောင်း၊ တုမှံ့ယေ၀–သင်တို့အားသာလျှင်၊ အန္တရာယော–နတ်ရွာနိဗ္ဗာန်မဂ်ဖိုလ်ဈာန်၏အန္တရာယ် သည်၊(ဝါ)သန္တာန်အလယ် ငြိကပ်တွယ်လျက် မဖွယ်မရာ ဖြစ်ပေါ်လာသည့် များစွာသော အကျိုးမဲ့သည်၊အဿ–ဖြစ်ခဲ့လေရာ၏ ။

= တတြ စေ တုမှေ အဿထ ကုပိတာ ၀ါ အနတ္တမနာ ၀ါ၊အပိ နု တုမှေ ပရေသံ သုဘာသိတံ ဒုဗ္ဘာသိတံ အာဇာနေယျာထာတိ ။(ပါ၊၃။ပါ–သျှ၊၂၈ ။ )

<u>**အနက်ပေး**</u>

ယေ သတ္တာ–တို့သည်၊အ၀ဏ္ဏံ–ကို၊ဘာသန္တိ–ကုန်၏.....ကို၊ဘာသိတေ–သော်၊ တုမှေ–တို့သည်၊ ကုပိတာ၀ါ–ကုန်သည်သော်လည်းကောင်း၊ အနတ္တမနာ၀ါ–ကုန်သည် သော်လည်းကောင်း၊စေ အဿထ–ကုန်ငြားအံ့၊ဗေ၀ံ သန္တေသု–ကုန်သည်ရှိသော်၊တုမှေ– တို့သည်၊ ပရေသံ–တို့၏၊ (ဝါ) တို့သည်၊ သုဘာသိတံ–ကောင်းစွာပြောဆိုအပ်သောစကား ကိုလည်းကောင်း၊ ဒုဗ္ဘာသိတံ၀ါ– မကောင်းသဖြင့် ပြောဆိုအပ်သော စကားကိုလည်း ကောင်း၊အာဇာနေယျာထ အပိနု–သိနိုင်ကြကုန်ရာအံ့လော။(ဣတိ အ၀ေါစ) ။

= တတြ တုမှေဟိ အဘူတံ အဘူတတော နိဗ္ဗေဌေတဗ္ဗံ "ဣတိပေတံ အဘူတံ၊ဣတိပေတံ အတစ္ဆံ၊နတ္ထိ စေတံ အမှေသု၊န စ ပနေတံ အမှေသု သံဝိဇ္ဇတီ"တိ။ (ပါ၊၃။ပါ–သျှ၊၂၉)

<u>**အနက်ပေး**</u>

တတြ တသ္မိံ အ၀ဏ္ဏေ–ကြောင့်၊(ဝါ)ကို၊ဘာသိတေ–သော်၊တုမှေဟိ–တို့သည်၊ **အဘူတံ–ထင်ရှားမရှိသောစကားကို၊(ဝါ)မဟုတ်မမှန်သည်ကို၊အဘူတတော–ထင်ရှားမရှိ**

http://www.dhammadownload.com



သော အားဖြင့်၊(ဝါ)ထင်ရှားမရှိဟူ၍၊(ဝါ)မဟုတ်မမှန်သောအားဖြင့်၊ (ဝါ) မဟုတ်မမှန်ဟူ၍၊နိဗ္ဗေဌေတဗ္ဗံ–ဖြေရှင်းပယ်ရှား တားမြစ်အပ်၏။ (ကိံ ဝတ္တာ နိဗ္ဗေဌေတဗ္ဗံ)။ တုမှေဟိ–တို့သည်၊ ယံ ဝစနံ–အကြင်စကားကို၊ ဝုတ္တံ– ပြောဆိုအပ်ပြီ၊ ဧတံ ဝစနံ–ဤစကားသည်၊ ဣတိပိ–ဤအကြောင်းကြောင့်လည်း၊ အဘူတံ–ထင်ရှားမရှိခဲ့၊ (ဝါ) မဟုတ်မမှန်ခဲ့၊ ဧတံ ဝစနံ–သည်၊ ဣတိပိ–ကြောင့်လည်း၊ အတစ္ဆံ– ချွတ်ယွင်းဖောက်ပြန် မမှန်ကန်ခဲ့၊ ဧတံ ဝစနံ–သည်၊အမှေသု–ငါတို့၌၊နတ္ထိစ–မရှိသည်သာ၊ဧတံ ဝစနံ–သည်၊အမှေသု–တို့၌၊ နစ ပန သံဝိဇ္ဇတိ–မရှိသည်သာ ။(ဣတိ ဝတ္တာ နိဗ္ဗေဌေတဗ္ဗံ) ။

**၆။ တတြ တုမှေဟိ န အာနန္ဒော န သောမနဿံ န စေတသော ဥပ္ပိလာဝိတတ္တံ ကရဏီယံ၊ (ပါ၊၃။ပါ–သျှ၊၂၉။ )**

**<u>အနက်ပေး</u>**

ယေ ဒေဝမနုဿာ–အကြင်နတ်လူတို့သည်၊ ဝဏ္ဏံ–ချီးမွမ်းအပ်သောဂုဏ်ကျေးဇူးကို၊ ဘာသန္တိ–ပြောဆိုကြကုန်၏၊ တတြ တေသု ဒေဝမနုဿေသု– ထိုချီးမွမ်းအပ်သောဂုဏ်ကျေးဇူးကို ပြောဆိုကြကုန်သော နတ်လူတို့၌၊ **(တစ်နည်း)** တတြ တသ္မိံ ဝဏ္ဏေ ကြောင့်၊ (ဝါ)ကို၊ ဘာသိတေ–သော်၊ တုမှေဟိ–တို့သည်၊ အာနန္ဒော–ပြင်းစွာနှစ်သက်ကြောင်းဖြစ်သောပီတိကို၊ (ဝါ) ပြင်းစွာနှစ်သက်တတ်သောပီတိကို၊ (ဝါ) ပြင်းစွာနှစ်သက်ခြင်းဟူသောပီတိကို၊ န ကရဏီယော–မပြုအပ်၊ သောမနဿံ–ကောင်းသောစိတ်ရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော စေတသိကသုခဝေဒနာကို၊(ဝါ)ကောင်းသောစိတ်၏ ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော စေတသိကသုခဝေဒနာကို၊ န ကရဏီယံ–မပြုအပ်၊ စေတသော–စိတ်၏၊ ဥပ္ပိလာဝိတတ္တံ–ဖြစ်သော ဖူးတောင်းအလား ပေါလောသွားလျက်ထင်းရှားပေါ်လွင်သော ပီတိသမ္ပယုတ္တစိတ်ရှိသော ပုဂ္ဂိုလ်တို့၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ဥပ္ပိလာဝနပီတိကို၊န ကရဏီယံ–မပြုအပ်။

**=တတြ စေ တုမှေ အဿထ အာနန္ဒိနော သုမနာ ဥပ္ပိလာဝိတာ၊ တုမှံယေဝဿ တေန**

http://www.dhammadownload.com



**အန္တရာယော ။ (ပါ၊၃ ။ပါ–သျှ၊၃၀ ။)**

**<u>အနက်ပေး</u>**

တတြ တေသု ဒေဝမနုဿေသု–တို့၌၊ **(တစ်နည်း)** တတြ တသ္မိံ ဝဏ္ဏေ–ကြောင့်၊ (ဝါ)ကို၊ ဘာသိတေ–သော်၊ တုမှေ–တို့သည်၊ အာနန္ဒိနော–ပီတိဖြင့် ပြင်းစွာနှစ်သက်ကြကုန်သည်၊သုမနာ–သောမနဿဖြင့် ကောင်းသောစိတ်ရှိကြကုန်သည်၊ (ဝါ) သောမနဿဖြင့် တင့်တယ်သော စိတ်ရှိကြကုန်သည်၊ ဥပ္ပိလာဝိတာ–ဥပ္ပိလာဝနပီတိဖြင့်ဖြစ်သော ဖူးတောင်းအလား ပေါလောသွားလျက် ထင်ရှားပေါ်လွင်သော ပီတိသမ္ပယုတ္တစိတ်ရှိကြကုန်သည်၊ စေ အဿထ –အကယ်၍ဖြစ်ကြကုန်ငြားအံ့၊ဧဝံ သန္တေသု–ကုန်သည်ရှိသော်၊ တေန အာနန္ဒေန– ထိုပြင်းစွာနှစ်သက်ကြောင်းဖြစ်သော ပီတိဖြင့်လည်းကောင်း၊ (ဝါ) ကြောင့်လည်းကောင်း၊ တေန သောမနဿေန–ဖြင့်လည်းကောင်း၊ (ဝါ)ကြောင့်လည်းကောင်း၊တေန ဥပ္ပိလာဝိတတ္တေန–ဖြင့်လည်းကောင်း၊ (ဝါ) ကြောင့်လည်းကောင်း၊တုမှံ–ယေဝ–တို့အားသာလျှင်၊အန္တရာယော–သည်၊အဿ–ဖြစ်ရာ၏ ။

## ❀ စူဠသီလ ❀

*****************

**၇။ အပ္ပမတ္တကံ ခေါ ပနေတံ ဘိက္ခဝေ ဩရမတ္တကံ သီလမတ္တကံ၊ယေန ပုထုဇ္ဇနော တထာဂတဿ ဝဏ္ဏံ ဝဒမာနော ဝဒေယျ ။(ပါ၊၃။ပါ–သျှ၊၃၃။ )**

**<u>အနက်ပေး</u>**

ဘိက္ခဝေ–တို့၊ယေန သီလေန–အကြင်သီလဖြင့်၊ပုထုဇ္ဇနော–ပုထုဇန်သည်၊ (ဝါ) များစွာသောကိလေသာတို့ကို ဖြစ်စေတတ်သော သတ္တဝါသည်၊တထာဂတဿ–ငါဘုရား၏၊ (ဝါ) ဝိပဿီအစရှိသော ရှေးဘုရားတို့အတူ ကြွလာတော်မူတတ်သော ငါဘုရား၏၊ (ဝါ) ကို၊ ဝဏ္ဏံ– ချီးမွမ်းအပ်သော ဂုဏ်ကျေးဇူးကို၊ ဝဒမာနော–ပြောဆိုနိုင်သည်ရှိသော်၊ **(တစ်နည်း)**ဝဒမာနော–သော၊ပုထုဇ္ဇနော–သည်၊ဝဒေယျ–ပြောဆိုနိုင်ရာ၏၊ဧတံ သီလံ–ဤသီလသည်၊ အပ္ပမတ္တကံ–နည်းသော အတိုင်းအရှည်ရှိသော၊ ဩရမတ္တကံ–ယုတ်သော

http://www.dhammadownload.com



အတိုင်းအရှည်းရှိသော၊ (ဝါ) ဤမှာဘက်အဘို့၌ဖြစ်သော အတိုင်းအရှည်ရှိသော၊ သီလ– မတ္တကံ– သီလသာတည်း၊(ဝါ)ယုတ်ညံ့သိမ်ဖျင်းသော သီလသာတည်း။

**၈။ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော သမဏော ဂေါတမော နိဟိတ– ဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရတိ ။ (ပါ၊၄။ပါ–သျ၊၃၄။ )**

**<u>အနက်ပေး</u>**

ဂေါတမော–ဂေါတမအနွယ်ရှိသော၊ သမဏော–ရဟန်းသည်၊ ပါဏာတိပါတံ– ပါဏာတိပါတကို၊ (ဝါ) ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကိုလျင်စွာ ချခြင်းကို၊(ဝါ)ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာချကြောင်း ဖြစ်သောစေတနာကို၊ ပဟာယ– သဟဇာတပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါယာမ,သမ္မာသတိ, သမ္မာသမာဓိဟူသော မဂ်အစိတ်ဖြင့် ပယ်တော်မူ၍၊ (ဝါ) ကြောင့်၊ ပါဏာတိပါတာ–မှ၊ ပဋိဝိရတော– သဟဇာတပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ, သမ္မာကမ္မန္တ,သမ္မာအာဇီဝဟူသောမဂ်အစိတ်ဖြင့် အသီးသီးကင်းလျက် ရှောင်ကြဉ်တော်မူ သည်၊နိဟိတဒဏ္ဍော–ချထားအပ်ပြီးသောတုတ်,လှံ ဒဏ်ရှိတော်မူသည်၊ (ဝါ) ချထားအပ် ပြီးသောလက်နက်ဒဏ်,ဥစ္စာဒဏ်ရှိတော်မူသည်၊နိဟိတသတ္ထော–ချထားအပ်ပြီးသောဓား လက်နက်ရှိတော်မူသည်၊လဇ္ဇီ–မကောင်းမှုမှရှက်ခြင်းအလေ့ရှိတော်မူသည်၊(ဝါ)မကောင်း မှုမှ ရှက်ခြင်း ကြောက်ခြင်းအလေ့ရှိတော်မူသည်၊ ဒယာပန္နော–ကာကွယ်စောင့်ရှောက် တတ်သော မေတ္တာသို့ ရောက်တော်မူသည်၊ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ–အလုံးစုံသော ဝင်သက် ထွက်သက်ရှိသော သတ္တဝါတို့ကို အစီးအပွားဖြင့် အစဉ်သနားစောင့်ရှောက် ချီးမြှောက် ထောက်ပံ့ခြင်း အလေ့ရှိတော်မူသည်၊ ဟုတ္ဝာ–၍၊ဝိဟရတိ–နေတော်မူနိုင်၏၊ (ဝါ)ထိုင်လျောင်းရပ်သွား လေးပါးဣရိယာ မျှကာရှင်ပျော် နေတော်မူ၏။

**= အဒိန္နာဒါနံ ပဟာယ အဒိန္နာဒါနာ ပဋိဝိရတော သမဏော ဂေါတမော ဒိန္နာဒါယီ ဒိန္န–**

http://www.dhammadownload.com



**ပါဠိုကခီ အထေနေန သုစိဘူတေန အတ္တနာ ဝိဟရတိ ။(ပါ၊၄။ပါ–သျ၊၃၇။ )**

**အနက်ပေး**

ဂေါတမော–သော၊သမဏော–သည်၊အဒိန္နာဒါနံ–ကို၊ (ဝါ) အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တစ်ပါးသော သူတို့၏ ဥစ္စာကို ခိုးယူခြင်းကို၊ (ဝါ) ...ခိုးယူကြောင်းဖြစ်သောစေတနာကို၊ပဟာယ–၍၊ အဒိန္နာဒါနာ–မှ၊ ပဋိဝိရတော–သည်၊ ဒိန္နဒါယီ–ကိုယ်နှုတ်တို့ဖြင့် ပေးအပ်သော ပစ္စည်းဝတ္ထုကိုသာ ကိုယ်ဖြင့် ယူခြင်းအလေ့ရှိတော်မူသည်၊ ဒိန္နပါဋိကခီ– ကိုယ်နှုတ်တို့ဖြင့် ပေးအပ်သော ပစ္စည်းဝတ္ထုကိုသာ စိတ်ဖြင့် အလိုရှိတော်မူသည်၊ အထေနေန– မခိုးမဝှက်တတ်သော၊ အထေနေန– မခိုးမဝှက်တတ်သည်၏အဖြစ်ကြောင့်၊သုစိဘူတေန–စင်ကြယ်သည်ဖြစ်၍ဖြစ်သော၊အတ္တနာ–အတ္တဘော ဖြင့်၊ ဝိဟရတိ–၏။

**= အဗြဟ္မစရိယံ ပဟာယ ဗြဟ္မစာရီ သမဏော ဂေါတမော အာရာစာရီ ဝိရတော မေထုနာ ဂါမဓမ္မာ ။(ပါ၊၄။ပါ–သျ၊၃၈။ )**

**အနက်ပေး**

ဂေါတမော–သော၊သမဏော–သည်၊အဗြဟ္မစရိယံ– မမြတ်သော မေထုန်အကျင့်ကို၊ (ဝါ) မမြတ်သော မေထုန်အကျင့်ကို ကျင့်ခြင်းကို၊ (ဝါ) မမြတ်သောမေထုန်အကျင့်ကို ကျင့်ကြောင်းဖြစ်သော စေတနာကို၊ပဟာယ–၍၊ဗြဟ္မစာရီ–မြတ်သောအကျင့်ကိုသာ ကျင့်ခြင်းအလေ့ရှိတော်မူ၏၊ (ဝါ) မြတ်သော အကျင့်ကိုသာကျင့်တော်မူတတ်၏၊**အနာစာရီ–** မမြတ်သော မေထုန်အကျင့်ကို ကျင့်တော်မမူတတ်၊ မေထုနာ – ဆန္ဒရာဂ တူမျှကြသည့် မိန်းမယောကျ်ားနှစ်ဦးသားတို့၏ဥစ္စာဖြစ်သော၊ဂါမဓမ္မာ–ရွာသူတို့၏ဥစ္စာဖြစ်သောအကျင့် သဘောမှ၊ (ဝါ) ရွာသူတို့၏ ဥစ္စာဖြစ်သော အကျင့်သဘောကို ကျင့်ကြောင်းဖြစ်သော စေတနာမှ၊ **ပဋိဝိရတော**–၏ ။

**မှတ်ချက်။ နိဿယ ဆရာက အနာစာရီ , ပဋိဝိရတော–ပုဒ်ကိုယူ၍အနက်ပေးထားသည်။**

http://www.dhammadownload.com



**၉။ မုသာဝါဒံ ပဟာယ မုသာဝါဒါ ပဋိဝိရတော သမဏော ဂေါတမော သစ္စဝါဒီ သစ္စသန္ဓော ထေတော ပစ္စယိကော အဝိသံဝါဒကော လောကဿ ။(ပါ၊၄၊ပါ–သျှ၊၃၉။ )**

<u>အနက်ပေး</u>

ဂေါတမော–သော၊ သမဏော–သည်၊ မုသာဝါဒံ–ကို၊ (ဝါ) ချွတ်ယွင်းဘောက်ပြန် မဟုတ်မမှန်သော ကာယပယောဂ, ဝစီပယောဂဖြင့်သိစေခြင်းကို၊ (ဝါ)....သိစေကြောင်း ဖြစ်သောစေတနာကို၊ပဟာယ–၍၊ မုသာဝါဒါ–မှ၊ပဋိဝိရတော–၏၊သစ္စဝါဒီ–မှန်ကန်သော စကားကိုသာပြောဆိုတော်မူတတ်၏၊သစ္စသန္ဓော–မှန်ကန်သောရှေ့စကားနှင့်မှန်ကန်သော နောက်စကားကို စေ့စပ်တော်မူတတ်၏၊ ထေတော–မြဲမြံတည်တံ့ အရှည်ခံသောစကားရှိ တော်မူ၏၊ပစ္စယိကော–သဒ္ဓါ၏ဖြစ်ရာပေတည်း၊(ဝါ)သဒ္ဓါဖြင့် ဖြစ်စေအပ်သော စကားရှိ တော်မူ၏၊(ဝါ)ယုံကြည်အပ်သော စကားရှိတော်မူ၏၊လောကဿ–သတ္တလောကကို၊အဝိ–သံဝါဒကော–ချွတ်ယွင်းစေတော် မမူတတ်။

= **ပိသုဏံ** –မိမိကို ချစ်အပ်သည်၏ အဖြစ်ကို ပြုတတ်,တစ်ပါးသောသူကို ချစ်အပ်သည်၏ အဖြစ်မှ ကင်းဆိတ်သည်ကို ပြုတတ်သော၊(ဝါ)....ပြုကြောင်းဖြစ်သော။

= **ဣတော သုတွာ န အမုတြ အက္ခာတာ ဣမေသံ ဘေဒါယ၊အမုတြ ဝါ သုတွာ န ဣမေသံ အက္ခာတာ အမူသံ ဘေဒါယ၊ဣတိ ဘိန္နာနံ ဝါ သန္ဓာတာ၊သဟိတာနံ ဝါ အနုပ္ပဒါတာ၊ သမဂ္ဂါရာမော သမဂ္ဂရတော သမဂ္ဂနန္ဒီ၊ သမဂ္ဂကရဏိံ ဝါစံ ဘာသိတာ ။(ပါ၊၄။ပါ–သျှ၊၄၁)**

<u>အနက်ပေး</u>

ဣတော–ဤပုဂ္ဂိုလ်တို့မှ၊(ဝါ)ဤပုဂ္ဂိုလ်တို့၏အထံမှ၊သုတွာ–ကြားရ၍၊(ဝါ)သော်၊ (ဝါ)ကြောင့်၊ ဣမေသံ– ဤကြားရာဖြစ်သော ပုဂ္ဂိုလ်တို့၏၊ ဘေဒါယ–ကွဲပြားခြင်းငှါ၊ အမုတြ–ထိုပုဂ္ဂိုလ်တို့၌သော်လည်း၊ (ဝါ) ထိုပုဂ္ဂိုလ်တို့၏ အထံ၌သော်လည်း၊ သုတွာ–၍၊ အမူသံ–ထိုကြားရာဖြစ်သောပုဂ္ဂိုလ်တို့၏၊ဘေဒါယ–ကွဲပြားခြင်းငှါ၊ဣမေသံ–ဤပုဂ္ဂိုလ်တို့

http://www.dhammadownload.com



အား၊န အက္ခာတာ–မမူတတ် ။ ဣတိ–သို့၊ (ဝါ) ဤဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ဘိန္နာနံ–ကွဲပြားကုန်ပြီးသော ပုဂ္ဂိုလ်တို့ကိုသော်လည်း၊ သန္ဓာတာ– စေ့စပ်တော်မူတတ်သည်၊ သဟိတာနံ–ညီညွတ်သည်၏ အစွမ်းအားဖြင့် တကွဖြစ်သော ပုဂ္ဂိုလ်တို့အားသော်လည်း၊ အနုပ္ပဒါတာ–အားအဆင့်၏ အစွမ်းအားဖြင့် စေ့စပ်ခြင်းကို ပေးတတ်သည်၊(ဝါ)အစဉ်လိုက်သည်၏ အစွမ်းအားဖြင့် စေ့စပ်ခြင်းကို ပေးတော်မူတတ်သည်၊ သမဂ္ဂါရာမော– ညီညွတ်သော ပုဂ္ဂိုလ်ဟူသော မွေ့လျော်ရာရှိသည်၊သမဂ္ဂရတော–ညီညွတ်သောပုဂ္ဂိုလ်တို့၌မွေ့လျော်တော်မူတတ်သည်၊သမဂ္ဂနန္ဒီ–ညီညွတ်သောပုဂ္ဂိုလ်တို့ကိုတွေ့မြင်ကြားသိရသည်ရှိသော် နှစ်သက်တတ်သည်၊ဟုတွာ–၍၊သမဂ္ဂကရဏိံ –ညီညွတ်သည်ကို ပြုတတ်သော၊(ဝါ)....ပြုကြောင်းဖြစ်သော၊ဝါစံ–ကို၊ဘာသိတာ–ပြောဆိုတော်မူတတ်၏ ။

= ဖရုသံ– တစ်ပါးသောသူကို ပူလောင်စေတတ်သော၊(ဝါ)မိမိသူတစ်ပါး နှစ်ဦးသားကို လှီးသွားကဲ့သို့ကြမ်းတန်းသည်ကိုပြုတတ်သော(ဝါ)...ကဲ့သို့ ကြမ်းတန်းအောင်ပြုတတ်သော ။

**= ယာ သာ ဝါစာ နေလာ ကဏ္ဏသုခါ ပေမနီယာ ဟဒယင်္ဂမာ ပေါရီ ဗဟုဇနကန္တာ ဗဟုဇနေ–မနာပါ၊ တထာရူပိံ ဝါစံ ဘာသိတာ ။ (ပါ၊၄။ပါ–သျှ၊၄၂ ။)**

<u>**အနက်ပေး**</u>

နေလာ–အပြစ်မရှိသော၊ကဏ္ဏသုခါ–ကြားနာရသောပုဂ္ဂိုလ်၏ နားတို့ကို ချမ်းသာစေတတ်သော၊ပေမနီယာ–ချစ်ခြင်းကိုဖြစ်စေတတ်သော၊ဟဒယင်္ဂမာ–မထိမခိုက်စိုက်စိုက်မတ်မတ် စိတ်နှလုံးသို့ သက်ဝင်တတ်သော၊ပေါရီ–ဂုဏ်၏ပြည့်သည်၏အဖြစ်၌ဖြစ်သော၊(ဝါ)မြို့ကြီးသူကဲ့သို့ နူးညံ့သိမ်မွေ့သော၊ (ဝါ) မြို့ကြီးသူ၏ ဥစ္စာဖြစ်သော၊ ဗဟုဇနကန္တာ–များစွာသော လူအပေါင်းသည်နှစ်သက်အပ်သော၊ ဗဟုဇနမနာပါ–များစွာသောလူအပေါင်း၏စိတ်ကို တိုးပွားစေတတ်သော၊ (ဝါ) များစွာသော လူအပေါင်းသည် စိတ်ဖြင့် ရောက်အပ်သော၊ယာသာဝါစာ–သည်၊အတ္ထိ–၏၊တထာရူပိံ –သော၊ဝါစံ–ကို၊ဘာသိတာ–တတ်၏၊

http://www.dhammadownload.com



**= ကာလဝါဒီ ဘူတဝါဒီ အတ္ထဝါဒီ ဓမ္မဝါဒီ ဝိနယဝါဒီ ၊နိဓာနဝတိံ ဝါစံ ဘာသိတာ ကာလေန သာပဒေသံ ပရိယန္တဝတိံ အတ္ထသံဟိတံ ။ (ပါ၊၄။ပါ–သျှ၊၄၄။ )**

**အနက်ပေး**

ကာလဝါဒီ– သင့်လျော်လျောက်ပတ် ကောင်းမြတ်သောအခါ၌ ပြောဆိုတော်မူတတ်၏၊အတ္ထဝါဒီ–ဒိဋ္ဌဓမ္မိက,သမ္ပရာယိကအကျိုးကိုသာ ဆိုတော်မူတတ်၏၊(ဝါ)...အကျိုးနှင့်စပ်သောစကားကိုသာ ပြောဆိုတော်မူတတ်၏၊ ဓမ္မဝါဒီ– ကိုးပါးသော လောကုတ္တရာတရားကိုသာ ဆိုတော်မူတတ်၏ ၊ (ဝါ) ကိုးပါးသောလောကုတ္တရာတရားနှင့်စပ်သောစကားကိုသာဆိုတော်မူတတ်၏၊ ဝိနယဝါဒီ– သံဝရဝိနည်း, ပဟာနဝိနည်းကိုသာဆိုတော်မူတတ်၏ ၊(ဝါ)....ဝိနည်းနှင့်စပ်သော စကားကိုသာ ဆိုတော်မူတတ်၏၊ ကာလေန–သင့်လျော်လျောက်ပတ် ကောင်းမြတ်သော အခါ၌၊နိဓာနဝတိံ –သိုမှီးသိမ်းထားရာ မနောဒွါရဟူသော ပူတာတံတင်းရှိသော၊ သာပဒေသံ–ညွှန်ပြအပ်သော ဥပမာနှင့်တကွဖြစ်သော၊ (ဝါ) ညွှန်ပြအပ်သော အကြောင်းနှင့်တကွဖြစ်သော၊ ပရိယန္တဝတိံ –အပိုင်းအခြားရှိသော၊ အတ္ထသံ–ဟိတံ–အနက်နှင့်စပ်သော၊ (ဝါ) ဒိဋ္ဌဓမ္မိက, သမ္ပရာယိကအကျိုးနှင့်စပ်သော၊ ဝါစံ–ကို၊ ဘာသိတာ–ပြောဆိုတော်မူတတ်၏။

= ဥက္ကောဋန ဝဉ္စန နိကတိသာစိယောဂါ –ပြုသင့်သောအမှုထက် အပိုအလွန် အထက်၌ တံစိုး စား ၍ လိမ်လည်လှည့်ပတ် နှိပ်စက်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲသောယှဉ်ခြင်း, အကြောင်းဥပါယ်တို့ဖြင့် လိမ်လည် လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲသောယှဉ်ခြင်း, အတုပြုသဖြင့် လိမ်လည် လှည့်ပတ်ခြင်းနှင့် ကောက်ကျစ်စဉ်းလဲသောယှဉ်ခြင်းမှ ။

**(စူဠသီလပိုချချက် ပြီး)**

http://www.dhammadownload.com



## မဇ္ဈိမသီလကထာ

*************************

၁၁။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပံ ဗီဇဂါမဘူတဂါမသမာရမ္ဘံ အနုယုတ္တာ ဝိဟရန္တိ ။(ပါ၊၆။ပါ-သျှ၊၅၀။)

အနက်ပေး

ဝါပန-ထိုမှတစ်ပါး၊ ဧကေ- တစ်ပါးကုန်သော (အညတ္ထ) ၊ (ဝါ) အချို့ကုန်သော (ဧကစ္စတ္ထ)၊ဘောန္တော-အရှင်ဖြစ်ကုန်သော၊ယေ သမဏဗြာဟ္မဏာ-အကြင်ရဟန်းပုဏ္ဏားတို့သည်၊သဒ္ဓါဒေယျာနိ-ကံ,ကံ၏အကျိုး, ပစ္စုပ္ပန်လောက, တမလွန်လောကကိုယုံကြည်၍ ပေးလှူအပ်ကုန်သော၊ ဘောဇနာနိ-ဘောဇဉ်တို့ကို(ဥပလက္ခဏတ္ထ)၊ (ဝါ) သုံးဆောင်ခံစားအပ်သော လေးပါးသောပစ္စည်းတို့ကို(**ဘုဉ္ဇိတဗ္ဗာနိ ဘောဇနာနိ-ပြု၍ ပစ္စည်းလေးပါးလုံးကို ကောက်**)၊ ဘုဉ္ဇန္တိ-သုံးဆောင်ခံစားကြကုန်၏၊ (အနိယမထည့်) ။ဧကေ-တစ်ပါးကုန်သော၊ (ဝါ)အချို့ကုန်သော၊ ဘောန္တော-ကုန်သော၊ တေ သမဏဗြာဟ္မဏာ-တို့သည်၊ သဒ္ဓါဒေယျာနိ-ကုန်သော၊ဘောဇနာနိ-တို့ကို၊ဘုဉ္ဇိတွာ-၍၊ဧဝရူပံ-ဤသို့သဘောရှိသော၊ဗီဇဂါမဘူတဂါမသမာရမ္ဘံ-ဗီဇဂါမ်,ဘူတဂါမ်ကိုဖျက်ဆီးခြင်းကို၊(ဝါ)မျိုးစေ့ဆို၏အပေါင်း,ကြီးပွားဆဲ ကြီးပွားပြီးဖြစ်သော မြက်သစ်ပင်တို့၏ အပေါင်းကို ဖျက်ဆီးခြင်းကို၊အနုယုတ္တာ-အဘန်အဘန် အားထုတ်ကြကုန်သည်၊ ဟုတွာ-ကုန်၍၊ ဝိဟရန္တိယထာ-နေကြကုန်-သကဲ့သို့။

၁၂။ ကုဟကာ စ ဟောန္တိ၊လပကာ စ နေမိတ္တိကာ စ နိပ္ပေသိကာ စ၊ လာဘေန လာဘံ နိဇိဂီသိတာရော စ ဣတိ ဧဝရူပါ ကုဟနလပနာ ပဋိဝိရတော သမဏော ဂေါတမော။ (ပါ၊၈။ပါ-သျှ၊၆၅။)

အနက်ပေး

ကုဟကာစ-ပစ္စည်းပေါယယ် ရစိမ့်ငှာယ်၍ အံ့ဘွယ်သရဲ ချီးဝှံ့ခြင်းကို ဖြစ်စေတတ်

http://www.dhammadownload.com



ကုန်သည်လည်းကောင်း၊လပကာစ–လာဘသက္ကာရအကျိုးငှါ ဒါယကာ,မိမိကိုမြှောက်ပင့်၍ ပြောဆိုတတ်ကုန်သည်လည်းကောင်း၊ နေမိတ္တိကာစ– လာဘသက္ကာရ၏အကြောင်းကို ပြု ခြင်း အလေ့ရှိကုန်သည်လည်းကောင်း၊ နိပ္ပေသိကာစ– လာဘသက္ကာရအကျိုးငှါ ကြိတ်ချေ ခြင်းအလေ့ရှိကုန်သည်လည်းကောင်း၊ လာဘေနလာဘံနိဇိဂီသိတာရောစ– မိမိလာဘ်ဖြင့် တစ်ပါးသောသူတို့၏ လာဘ်ကို ရှာမှီးတတ်ကုန်သည်လည်းကောင်း၊ဟောန္တိယထာ–ကုန်သ ကဲ့သို့ ။

## မဟာသီလကထာ

***************************

၂၁။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ သဒ္ဓါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ တေ ဧဝရူပါယ တိရစ္ဆာနဝိဇ္ဇာယ မိစ္ဆာဇီဝေန ဇီဝိတံ ကပ္ပေန္တိ။(ပါ၊၈။ပါ–သျှ၊၆၆။)

**အနက်ပေး**

ဝါပန–ပါ:......ဧဝရူပါယ–သော၊တိရစ္ဆာနဝိဇ္ဇာယ–မဂ်ဖိုလ်နိဗ္ဗာန် ကန့်လန့်ခံ၍ ဖီဆန်နှောင့်ရှက် ကန့်ကွက်တားမြစ်တတ်သော အတတ်ဟုဆိုအပ်သော၊ မိစ္ဆာဇီဝေန–ချွတ် ယွင်းဘောက်ပြန် မဟုတ်မမှန်သော အသက်မွေးခြင်းဖြင့်၊ ဇီဝိတံ–အသက်မွေးခြင်းကို၊ ကပ္ပေန္တိယထာ–ပြုကြကုန်သကဲ့သို့ ။

## ပုဗ္ဗန္တကပ္ပိကကထာ

၂၈။ အတ္ထိ ဘိက္ခဝေ အညေဝ ဓမ္မာ ဂမ္ဘီရာ ဒုဒ္ဒသာ ဒုရနုဗောဓာ သန္တာ ပဏီတာ အတက္ကာဝစရာ နိပုဏာ ပဏ္ဍိတဝေဒနီယာ၊ယေ တထာဂတော သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ၊ ယေဟိ တထာဂတဿ ယထာဘုစ္စံ ဝဏ္ဏံ သမ္မာ ဝဒမာနာ ဝဒေယျုံ ။(ပါ၊၁၁၊ပါ–သျှ၊၇၇။)

**အနက်ပေး**

ဘိက္ခဝေ–တို့၊ယေဓမ္မာ–အကြင်သဗ္ဗညုတဉာဏ်တည်းဟူသောဂုဏ်တော်ကျေးဇူး တော် တရားတို့ကို၊ တထာဂတော– သည်၊ သယံ– ကိုယ်တော်တိုင်၊ အဘိညာ–ထူး သော

http://www.dhammadownload.com



အရဟတ္တမဂ်ဉာဏ်ကြောင့်သိတော်မူ၍၊ (ဝါ)ထူးသောပစ္စဝေက္ခဏာဉာဏ်ဖြင့်သိတော်မူ၍၊ အဘိညာ–ထူးသောအရဟတ္တမဂ်ဉာဏ်ကြောင့်၊ (ဝါ) ထူးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ သစ္ဆိကတွာ–မျက်မှောက်ပြုတော်မူ၍၊ ပဝေဒေတိ–အပြားအားဖြင့်သိစေတော်မူ၏၊ (ဝါ) ဟောတော်မူ၏။

ယေဟိ ဓမ္မေဟိ –အကြင်သဗ္ဗညုတဉာဏ်တည်းဟူသော ဂုဏ်တော် ကျေးဇူးတော်တရားတို့ဖြင့်၊တထာဂတဿ–၏၊(ဝါ)ကို၊ ယထာဘုစ္စံ–အကြင်အကြင်ထင်ရှားရှိသော၊(ဝါ) မဘောက်မပြန် ဟုတ်မှန်သော၊ ဝဏ္ဏံ– ကို၊ ယထာဘုစ္စံ– အကြင်အကြင်ထင်ရှားရှိသည့် အတိုင်း၊ (ဝါ) ဟုတ်မှန်သည့်အားလျော်စွာ၊ ဝဒမာနာ–ပြောဆိုနိုင်ကုန်သော၊ ပုဂ္ဂလာ–တို့သည်၊သမ္မာ–ကောင်းစွာ၊(ဝါ)မဘောက်မပြန်၊ဝဒေယျု–ပြောဆိုနိုင်ကြကုန်ရာ၏ ။

(တထာဂတဿ–၏၊ဂုဏာ–တို့သည်၊ယေ ဂုဏာ –အကြင်စူဠသီလ, **မဇ္ဈိမသီလ,** မဟာသီလဟူသော ဂုဏ်တော် ကျေးဇူးတော်တို့သည်၊ တုမှာကံ–သင်ချစ်သား**တို့အား**၊ ပါကဋာ–ထင်ရှားကုန်ပြီ၊တွေ့ာကာယေဝ–ဤသင်ချစ်သားတို့အား ထင်ရှားခဲ့သောစူဠသီလ မဇ္ဈိမသီလ, မဟာသီလဟူသော ဤမျှလောက် အတိုင်းအရှည်ရှိကုန်သည်သာလျှင်၊ န ဟောန္တိ–ဖြစ်သည်မဟုတ်ကုန်၊ ပန–အဟုတ်အမှန်ကား၊ တုမှာကံ–တို့အား၊ အပါကဋာ–မထင်ရှားကုန်သော၊) အညေဝ–**စူဠသီလ, မဇ္ဈိမသီလ, မဟာသီလတို့မှ** တစ်မျိုး တစ်ခြား တစ်ပါးသာလျှင်ဖြစ်ကုန်သော၊ ဂမ္ဘီရာဝေ– သိမ်မွေ့နက်နဲ ခက်ခဲသည်သာလျှင် ဖြစ်ကုန်သော၊ဂမ္ဘီရာ–ကြောင့်၊ ဒုဒ္ဒသာဝေ– ဆင်းရဲသဖြင့် မြင်အပ်သည်သာလျှင် ဖြစ်ကုန်သော၊ ဒုဒ္ဒသာ–ကြောင့်၊ဒုရနုဗောဓာဝေ–ဆင်းရဲသဖြင့် ထိုးထွင်း၍သိအပ်သည်သာလျှင်ဖြစ်ကုန်သော၊ သန္တာဝေ–ငြိမ်းအေးသည်သာလျှင်ဖြစ်ကုန်သော၊ ပဏီတာဝေ–မြတ်သည်သာလျှင် ဖြစ်ကုန်သော၊အတက္ကာဝစရာဝေ–ကြံဆသဖြင့် မသိအပ်သည်သာလျှင် ဖြစ်ကုန်သော၊ နိပုဏာဝေ– သိမ်မွေ့သည်သာလျှင်ဖြစ်ကုန်သော၊ ပဏ္ဍိတဝေဒနီယာဝေ – ပညာရှိသော ပုဂ္ဂိုလ်တို့သည်သာလျှင် သိအပ်သည်သာလျှင်ဖြစ်ကုန်သော၊ တေ ဓမ္မာ–တို့သည်၊ အတ္ထိ–ကုန်၏ ။

**= သန္တိ ဘိက္ခဝေ ဓမ္မာ သမဏဗြာဟ္မဏာ ပုဗ္ဗန္တကပ္ပိကာ ပုဗ္ဗန္တာနုဒိဋ္ဌိနော ပုဗ္ဗန္တံ အာရဗ္ဘ**

http://www.dhammadownload.com



**အနေကဝိဟိတာနိ အဓိမုတ္တိပဒါနိ အဘိဝဒန္တိ အဌာရသဟိ ဝတ္ထူဟိ ။(ပါ၊၁၂။ပါ-သျှ၊၇၉)**

**အနက်ပေး**

ဘိက္ခဝေ-တို့၊ ဧကေ-အချို့ကုန်သော၊ ပုဗ္ဗန္တကပ္ပိကာ-ရှေးအတိတ်အဘို့အစုကို တဏှာ ဒိဋ္ဌိတို့ဖြင့် ကြံဆတတ်ကုန်သော၊ (ဝါ)....တို့ဖြင့်ကြံဆခြင်းရှိကုန်သော၊ ပုဗ္ဗန္တာနု-ဒိဋ္ဌိနော-ရှေ့အတိတ်အဘို့အစုသို့အစဉ်လိုက်သောမိစ္ဆာအယူရှိကြကုန်သော၊ယေသမဏ-ဗြာဟ္မဏာ-တို့သည်၊ အဌာရသဟိ-ကုန်သော၊ ဝတ္ထူဟိ-အကြောင်းတို့ဖြင့်၊ ပုဗ္ဗန္တံ-ရှေးအတိတ်အဘို့အစုကို၊အာရဗ္ဘ-အာရုံပြု၍၊အနေကဝိဟိတာနိ-များသောအပြားရှိကုန်သော(ဝါ)များသောအစီအရင်ရှိကုန်သော၊ အဓိမုတ္တိပဒါနိ- ခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်ကုန်သော အနက်မပါ သဒ္ဒါမျှကိုသာစွဲ၍ ဖြစ်သော ပညတ်တရားတို့ကို၊(ဝါ)ဥပါဒါန်၏အာရုံဖြစ်သော ပရမတ္ထတရားတို့၏ အထက်၌ဆိုအပ်သောပညတ်ကို ပြတတ်သောအကြောင်းတို့ကို၊ အဘိဝဒန္တိ-မှားမှားယွင်းယွင်း နှလုံးသွင်း၍ ပြောဆိုတတ်ကြကုန်၏၊ ဧကေ-ကုန်သော၊ ပုဗ္ဗန္တကပ္ပိကာ-ကုန်သော၊ပုဗ္ဗန္တာနုဒိဋ္ဌိနော-ကုန်သော၊ တေ သမဏဗြာဟ္မဏာ-တို့သည်၊ သန္တိ -ကုန်၏ ။

## ❀ သဿတဝါဒဘာဏဝါရ ❀

*******************************

**၃၀။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ ။(ပါ၊၁၂။ပါ-သျှ၊၈၁။ )**

**အနက်ပေး**

ဘိက္ခဝေ-တို့၊ ဧကေ-ကုန်သော၊ သဿတဝါဒါ-သဿတအယူရှိကြကုန်သော၊ (ဝါ)မြဲသောပြောဆိုကြောင်းဖြစ်သောအယူရှိကြကုန်သော၊(ဝါ)မြဲ၏ဟူ၍ ပြောဆိုကြောင်း ဖြစ်သော အယူရှိကြကုန်သော၊ ယေ သမဏဗြာဟ္မဏာ -တို့သည်၊ စတူဟိ-ကုန်သော၊ ဝတ္ထူဟိ-တို့ဖြင့်၊ အတ္တာနဉ္စ-အတ္တကိုလည်းကောင်း၊ လောကဉ္စ-လောကကိုလည်းကောင်း၊ သဿတံ-မြဲ၏ဟူ၍၊ ပညပေန္တိ-ပညတ်ကြကုန်၏၊ ဧကေ-ကုန်သော၊ သဿတဝါဒါ-ကုန်သော၊တေ သမဏဗြာဟ္မဏာ-တို့သည်၊သန္တိ-ကုန်၏ ။

http://www.dhammadownload.com



**၃၁။ ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ အာတပ္ပမန္ဝာယ ပဓာနမန္ဝာယ အနုယောဂမန္ဝာယ အပ္ပမာဒမန္ဝာယ သမ္မာမနသိကာရမန္ဝာယ တထာရူပံ စေတောသမာဓိံ ဖုသတိ၊ ယထာသမာဟိတေ စိတ္တေ အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ ။(ပါ၊၁၂။ ပါ-သျ၊၈၁။ )**

<u>အနက်ပေး</u>

ဘိက္ခဝေ-တို့၊ဣဓ ဣမသ္မိံ လောကေ- ၌၊ ဧကစ္စော-သော၊....လည်းကောင်း၊ အာတပ်(အာတပ္ပ)-ကိလေသာကို ပြင်းစွာပူပန်စေတတ်သော သမ္မပ္ပဓာန်လုံ့လကို၊အန္ဝာယ -စွဲ၍၊ပဓာန်-အားထုတ်ကြောင်းဖြစ်သော လုံ့လကို၊ အန္ဝာယ-၍၊ အနုယောဂ်-အဘန်ဘန် အားထုတ်ကြောင်းဖြစ်သော လုံ့လကို၊ အန္ဝာယ-၍၊ အပ္ပမာဒ်- မမေ့မလျော့ကြောင်းဖြစ် သောသတိကို၊(ဝါ)မေ့လျော့ခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သတိကို၊ အန္ဝာယ-၍၊သမ္မာ- မနသိကာရ်-မဘောက်မပြန် ဟုတ်မှန်စွာ နှလုံးသွင်းကြောင်းဖြစ်သောဉာဏ်ကို၊ အန္ဝာယ- ၍၊ယထာ ယေန စေတောသမာဓိနာ- အကြင်စေတောသမာဓိဖြင့်၊ (ဝါ) အကြင် စိတ်ကို ကောင်းစွာ အာရုံ၌ထားတတ်သော စတုတ္ထစျာန်သမာဓိဖြင့်၊ စိတ္တေ-စတုတ္ထစျာန်စိတ်ကို၊ သမာဟိတေ-ဘေးရန်ကင်းကွာ မြဲခိုင်မာအောင် ကောင်းစွာအာရုံ၌ ထားအပ်ပြီးသည်ရှိ သော်၊အနေကဝိဟိတံ-သော၊ပုဗ္ဗေနိဝါသံ-ကို၊(ဝါ)ရှေးဘဝ၌ နေအပ်ဘူးသော ခန္ဓာအစဉ် ကို၊ (ဝါ)ဂေါစရာသေဝန၏အစွမ်းအားဖြင့် ရှေးဘဝ၌ နေအပ်ဘူးသော တရားအပေါင်းကို၊ အနုဿရတိ-အစဉ်လျှောက်၍ အောက်မေ့နိုင်၏၊(ဝါ)အဘန်ဘန်အောက်မေ့နိုင်၏ ။

**= ဣမိနာမဟံ တေံ ဇာနာမိ" ယထာ သဿတော အတ္တာ စလောကော စ ဝဉ္ဈော ကူဋဋ္ဌော ဧသိကဋ္ဌာယိဋ္ဌိတော၊တေ စ သတ္တာ သန္ဓာဝန္တိ သံသရန္တိ စဝန္တိ ဥပပဇ္ဇန္တိ၊အတ္ထိတွေဝ သဿတိသမ" န္တိ။(ပါ၊၁၃။ပါ-သျ၊၈၇။)**

<u>အနက်ပေး</u>

ဣမိနာ့ဝိသေသာဓိဂမေန- ဤ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသော တရား ထူးကိုရခြင်းဖြင့်၊ (ဝါ) ဤရအပ်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်တည်းဟူသောတရားထူး ဖြင့်၊ အဟံ-ငါသည်၊ ယထာ ယေန ကာရဏေန-အကြင်အကြောင်းဖြင့်၊ အတ္တာစ-သည်

http://www.dhammadownload.com



လည်းကောင်း၊ လောကောစ-သည်လည်းကောင်း၊ သဿတော-၏၊ ဝဉ္ဈော- မြဲ၏၊ (ဝါ)အမြဲနှင့်တူ၏၊(ဝါ)အဖိုနှင့်တူ၏၊ကူဋဋ္ဌော-အမြဲတည်သောတောင်ထွဋ်ကဲ့သို့တည်၏၊ ဧသိကဋ္ဌာယိဋ္ဌိတော-အမြဲတည်သော တံခါးတိုင်ကဲ့သို့ တည်၏၊တေစ သတ္တာ-ထိုသတ္တဝါတို့သည်လည်း၊သန္ဓာဝန္တိ-ဤဘဝမှ ထိုဘဝသို့ ပြေးသွားကြရကုန်၏၊ သံသရန္တိ-ခေါက်တုံ့ခေါက်ပြန် ပြေးသွားကျင်လည်ကြရကုန်၏၊စဝန္တိ-ရွေ့လျောကြရကုန်၏၊ဥပပဇ္ဇန္တိ-ဖြစ်ကြရကုန်၏၊ (ဝါ) ပဋိသန္ဓေနေကြရကုန်၏။ သဿတိသမံ-အမြဲတည်သော မြေ, မြင့်မိုရ်တောင်,နေ,လ,နက္ခတ်နှင့်အတူ၊ အတ္တာစ-သည်လည်းကောင်း၊ လောကောစ-သည်လည်းကောင်း၊ အတ္ထိတွေဝ-ရှိသည်သာ။ တေက္ကာရဏံ-ဤအကြောင်းကို၊ ဇာနာမိ-သိရပေ၏။ (ဣတိ အာဟ)။

**= ဣဒံ ဘိက္ခဝေ ပဌမံ ဌာနံ၊ယံ အာဂမ္မ ယံ အာရဗ္ဘ ဧကေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ။(ပါ၊၁၃။ပါ-သျ၊၈၇။)**

<u>အနက်ပေး</u>

ဘိက္ခဝေ-တို့၊ ဧကေ-ကုန်သော၊ သဿတဝါဒါ-ကုန်သော၊ သမဏဗြာဟ္မဏာ-တို့သည်၊ယံ ဌာနံ-အကြင်အကြောင်းကို၊အာဂမ္မ-ရောက်ကြကုန်၍၊ယံ ဌာနံ-ကို၊အာရဗ္ဘ-ကုန်၍၊ အတ္တာနဉ္စ-ကိုလည်းကောင်း၊ လောကဉ္စ-ကိုလည်းကောင်း၊ သဿတံ-ဟူ၍၊ ပညပေန္တိ-ကုန်၏၊ ပဌမံ-ရှေးဦးစွာသော၊ တံဌာနံ-ထိုအကြောင်းသည်၊ ဣဒံ-ဤဘဝ တစ်သိန်းကို အောက်မေ့နိုင်သော ပုဗ္ဗေနိဝါသာနုဿတိဉာဏ်ပေတည်း ။

၃၄။ **တက္ကီ-** ကြံဆတတ်သည်၊(ဝါ)ကြံဆခြင်းရှိသည် ။
**=ဝီမံသီ-** စုံစမ်းတတ်သည်၊(ဝါ)စုံစမ်းခြင်းရှိသည် ။
**=တက္ကပရိယာဟတံ-** ဝိတက်ဖြင့် ဆောင်၍ ဆောင်၍ ။
**=ဝီမံသာနုစရိတံ-** ဝီမံသဖြင့် စုံစမ်း၍ စုံစမ်း၍ ။
**=သယံပဋိဘာနံ-** မိမိအား ထင်လာသည့်အတိုင်း၊(ဝါ)မိမိအား ထင်လာသောဒိဋ္ဌိ-

http://www.dhammadownload.com



–ဂတသမ္မယုတ် စိတ္တုပ္ပါဒ်ကြောင့်ဖြစ်ပေါ်လာသည့်အတိုင်း ။

**၃၅။ သဗ္ဗေ တေ ဣမေဟေဝ စတူဟိ ဝတ္ထူဟိ၊ ဧတေသံ ဝါ အညတရေန၊ နတ္ထိ ဣတော ဗဟိဒ္ဓါ ။(ပါ၊၁၅။ပါ–သျ၊၉၃။)**

**အနက်ပေး**

သဗ္ဗေ–အလုံးစုံကုန်သော၊တေ သမဏဗြာဟ္မဏာ–တို့သည်၊ စတူဟိ–ကုန်သော၊ ဣမေဟေဝ ဝတ္ထူဟိ–ဤဝတ္ထုတို့ဖြင့်သာလျှင်သော်လည်းကောင်း၊ (ဝါ) ဤအကြောင်းတို့ဖြင့်သာလျှင်သော်လည်းကောင်း၊စတုန္နံ–ကုန်သော၊ ဧတေသံ ဝတ္ထူနံ–တို့တွင်၊ အညတရေ –အမှတ်မထားတစ်ပါးပါးသော၊ဝတ္ထုနာဝါ–သုံးပါး,နှစ်ပါး,တစ်ပါးသောဝတ္ထုဖြင့်သော်လည်းကောင်း၊(ဝါ)....သော အကြောင်းဖြင့်သော်လည်းကောင်း၊ အတ္တာနဉ္စ– ကိုလည်းကောင်း၊ လောကဉ္စ–ကိုလည်းကောင်း၊ သဿတံ–ဟူ၍၊ ပညပေန္တိ–ကုန်၏၊ စတူဟိ–ကုန်သော၊ ဣတော ဝတ္ထူဟိ– တို့မှ၊ ဗဟိဒ္ဓါ–အပဖြစ်သော၊ ကာရဏံ–အကြောင်းသည်၊ သဿတ–ပညတ္တိယာ–သဿတကိုပညတ်ခြင်းငှါ၊နတ္ထိ–မရှိတော့ပြီ ။

**၃၆။ တယိဒံ ဘိက္ခဝေ တထာဂတော ပဇာနာတိ“ ဣမေ ဒိဋ္ဌိဋ္ဌာနာ ဧဝံဂဟိတာ ဧဝံပရာမဋ္ဌာ ဧဝံဂတိကာ ဘဝန္တိ ဧဝံအဘိသမ္ပရာယာ”တိ ။(ပါ၊၁၆။ပါ–သျ၊၉၃။)**

**အနက်ပေး**

ဘိက္ခဝေ–တို့၊ တထာဂတော–သည်၊ တယိဒံ တံဣဒံဒိဋ္ဌိဂတံ– ထိုအကြောင်းနှင့်တကွ,ဂတိနှင့်တကွဖြစ်သော လေးပါးသော မိစ္ဆာအယူကို၊ ပဇာနာတိ–အပြားအားဖြင့်သိတော်မူ၏၊ (ကိံ ပဇာနာတိ)။ ဣမေ ဒိဋ္ဌိဋ္ဌာနာ– ဤများစွာသောအကျိုးမဲ့တို့၏ တည်ရာအကြောင်းဖြစ်သော မိစ္ဆာအယူတို့သည်၊ (ဝါ) တို့ကို၊ ဧဝံ–ဤသို့ **သဿတော အတ္တာစ လောကောစ** –ဟူ၍၊ဂဟိတာ–ယူအပ်ကုန်သည်၊ဧဝံ–ဤသို့ **ဣဒမေဝ သစ္စံ မောဃမညံ**–ဟူ၍၊ ပရာမဋ္ဌာ–အဘန်ဘန် အထပ်ထပ် သုံးသပ်အပ်ကုန်သည်၊ သမာနာ–ကုန်သည်ရှိသော်၊ဧဝံ ဂတိကာ–ဤသို့ ရောက်အပ်လတ္တံ့သောနိရဲ ,ပြိတ္တာ,တိရစ္ဆာဟု သုံးဖြာသောဂတိ

http://www.dhammadownload.com



ရှိကုန်သည်၊(ဝါ)ဤသို့သော မေးစီစစ်ခြင်းဖြင့်ပျက်စီးခြင်းဟူသော အဆုံးရှိကုန်သည်၊ဧဝံ-အဘိသမ္ပရာယိကာ-ဤသို့ရှေးရှုရောက်အပ်လတ္တံ့သော တမလွန်လောကရှိကုန်သည်၊(ဝါ) ရှေးရှုရောက်ရာဖြစ်သော တမလွန်လောကရှိကုန်သည်၊ ဘဝန္တိ-ဖြစ်ကုန်၏။ (ဣတိ ပဇာနာတိ)။

**=တဉ္စ တထာဂတော ပဇာနာတိ၊တတော စ ဥတ္တရိတရံ ပဇာနာတိ၊တဉ္စ ပဇာနနံ န ပရာမသတိ၊အပရာမသတော စဿ ပစ္စတ္တညေဝ နိဗ္ဗုတိ ဝိဒိတာ ။(ပါ၊၁၆။ပါ-သျ၊၉၄။)**

<u>**အနက်ပေး**</u>

ကေဝလံ-သီလ,သမာဓိ,သဗ္ဗညုတဉာဏ်နှင့် မရောမယှက်သက်သက်၊ ဒိဋ္ဌိဂတ-မေဝ-အကြောင်းနှင့်တကွ, ဂတိနှင့်တကွဖြစ်သော မိစ္ဆာအယူကိုသာ၊နပဇာနာတိ-အပြားအားဖြင့် သိတော်မူသည်မဟုတ်၊ အထခေါ-အဟုတ်အမှန်ကား၊တဉ္စ သဗ္ဗံ-ထိုအလုံးစုံသော အကြောင်းနှင့်တကွဂတိနှင့်တကွဖြစ်သောလေးပါးသောမိစ္ဆာအယူကိုလည်း၊တထာဂတော သည်၊ပဇာနာတိ-၏၊တတော သဗ္ဗတော-ထိုအလုံးစုံသော အကြောင်းနှင့်တကွ, ဂတိနှင့် တကွဖြစ်သောလေးပါးသော မိစ္ဆာအယူထက်၊ဥတ္တရိတရံ စ-အထူးသဖြင့် လွန်မြတ်သော သီလ, သမာဓိ, သဗ္ဗညုတဉာဏ်ကိုလည်း၊ ပဇာနာတိ-၏၊ တံ သဗ္ဗံ- ထိုအလုံးစုံသော အကြောင်းနှင့်တကွ, ဂတိနှင့်တကွဖြစ်သော လေးပါးသော မိစ္ဆာအယူ, သီလ, သမာဓိ, သဗ္ဗညုတဉာဏ်ကို၊ ပဇာနံ စ -သိပင်သိပါသော်လည်း၊ န ပရာမသတိ- တဏှာပရာမာသ, ဒိဋ္ဌိပရာမာသ,မာနပရာမာသ၏အစွမ်းအားဖြင့် အဘန်ဘန်သုံးသပ်တော်မမူ၊ ဧဝံ-ဤသို့၊ အပရာမသတော-တဏှာပရာမာသ..... သုံးသပ်တော်မမူသော၊အဿ တထာဂတဿစ-အားလည်း၊(ဝါ)သည်လည်း၊ဧဝံ-ဤသို့၊အပရာမသတော-တဏှာပရာမာသ....မသုံးသပ်ခြင်းကြောင့်၊ ပစ္စတ္တညေဝ- အသီးအခြား ကိုယ်တော်တိုင်သာလျှင်၊ နိဗ္ဗုတိ- ပရာမာသ ကိလေသာတို့၏ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်သည်၊(ဝါ)ကို၊ဝိဒိတာ-ထင်ရှားပြီ၊(ဝါ)သိတော်မူပြီ ။

**=ဝေဒနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ဝိဒိတွာ**

http://www.dhammadownload.com



အနုပါဒါ ဝိမုတ္တော ဘိက္ခဝေ တထာဂတော ။ (ပါ၊၁၆။ပါ–သျ၊၉၄။)

<u>အနက်ပေး</u>

ဘိက္ခဝေ–တို့၊ တထာဂတော–သည်၊ ဝေဒနာနံ–တို့၏၊ သမုဒယဥ္စ–ဖြစ်ခြင်းကိုလည်းကောင်း၊ (ဝါ) ဖြစ်ကြောင်းဖြစ်သောတရားကိုလည်းကောင်း၊ အတ္ထင်္ဂမဥ္စ–ချုပ်ခြင်းကိုလည်းကောင်း၊(ဝါ)ချုပ်ရာဖြစ်သောတရားကိုလည်းကောင်း၊အဿာဒဥ္စ–သာယာအပ်သော သုခဝေဒနာ, သောမနဿဝေဒနာကိုလည်းကောင်း၊ အာဒီနဝဥ္စ–ဆင်းရဲသည်ဖြစ်၍ဖြစ်သောအပြစ်ကိုလည်းကောင်း၊ နိဿရဏဥ္စ–ထွက်မြောက်တတ်သော နိဗ္ဗာန်, ထွက်မြောက်ကြောင်းဖြစ်သောအရိယာမဂ်ကိုလည်းကောင်း၊ ယထာဘူတံ– အကြင်အကြင် မဘောက်မပြန် ဟုတ်မှန်သည့်အားလျော်စွာ၊ဝိဒိတွာ–သိတော်မူ၍၊အနုပါဒါ–တဏှာ,မာန,ဒိဋ္ဌိတို့ဖြင့် တစ်စုံတစ်ခုသော အာရုံကို မယူမူ၍၊ဝိမုတ္တော–ကိလေသာတို့မှ လွတ်တော်မူပြီ ။

## ဧကစ္စသဿတဝါဒကထာ

***************************************

**၃၈။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဧကစ္စသဿတိကာ ဧကစ္စအသဿတိကာ ဧကစ္စံ သဿတံ ဧကစ္စံ အသဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ။ (ပါ၊၁၆။ပါ–သျ၊၉၅ ။)**

<u>အနက်ပေး</u>

ဘိက္ခဝေ–တို့၊ဧကေ–ကုန်သော၊ဧကစ္စသဿတိကာ–အချို့သောသတ္တဝါ, သင်္ခါရသည် မြဲ၏ဟုပြောဆိုကြောင်းဖြစ်သော အယူရှိကြကုန်သည်လည်းဖြစ်ကုန်သော၊ ဧကစ္စ–အသဿတိကာ–အချို့သောသတ္တဝါ, သင်္ခါရသည် မမြဲဟုပြောဆိုကြောင်းဖြစ်သော အယူရှိကြကုန်သည်လည်းဖြစ်ကုန်သော၊ယေ သမဏဗြာဟ္မဏာ–တို့သည်၊ စတူဟိ–ကုန်သော၊ ဝတ္ထူဟိ–တို့ဖြင့်၊ဧကစ္စံ–သော၊အတ္တာနဉ္စ–ကိုလည်းကောင်း၊ လောကဉ္စ–ကိုလည်းကောင်း၊ သဿတံ–မြဲ၏ဟူ၍လည်းကောင်း၊ဧကစ္စံ–သော၊အတ္တာနဉ္စ–ကိုလည်းကောင်း၊လောကဉ္စ–ကိုလည်းကောင်း၊ အသဿတံ–မမြဲဟူ၍လည်းကောင်း၊ ပညပေန္တိ–ကုန်၏၊ **ဧကေ–အချို့**

http://www.dhammadownload.com



ကုန်သော၊ကေစ္စသဿတိကာ–.....သန္တိ။

**၃၉။ ဟောတိ ခေါ သော ဘိက္ခဝေ သမယော၊ယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန အယံ လောကော သံဝဋ္ဋတိ၊သံဝဋ္ဋမာနေ လောကေ ယေဘုယျေန သတ္တာ အာဘဿရသံဝတ္တနိကာ ဟောန္တိ ။(ပါ၊၁၆။ပါ–သျှ၊၉၅။)**

<u>**အနက်ပေး**</u>

ဘိက္ခဝေ–တို့၊ယံ ယသ္မိံ သမယေ–အကြင်အခါ၌၊ကဒါစိ–တစ်ရံတစ်ခါ၊ကရဟစိ–တစ်ရံတစ်ဆစ်၊ဒီဃဿ–ရှည်စွာသော၊အဒ္ဓုနော–အခွန့်၏၊(ဝါ)ကာလ၏၊အစ္စယေန–လွန်ရာအခါ၌၊(ဝါ)လွန်ခြင်းကြောင့်၊ အယံလောကော–ဤသြကာသလောကသည်၊ သံဝဋ္ဋတိ–ကုန်သောအားဖြင့်ဖြစ်၏၊ (ဝါ) ပျက်၏၊ သော သမယော–ထိုအခါသည်၊ ဟောတိ ခေါ–ရှိသည်သာ။ ယံ ယသ္မိံ သမယေ–၌၊လောကေ–သြကာသလောကသည်၊သံဝဋ္ဋမာနေ–ကုန်သောအားဖြင့် ဖြစ်သည်ရှိသော်၊(ဝါ)ပျက်သည်ရှိသော်၊ယေဘုယျေန–များသောအားဖြင့်၊ ယေဘုယျေန–များကုန်သော၊ သတ္တာ–တို့သည်၊ အာဘဿရသံဝတ္တနိကာ–အာဘဿရ ဗြဟ္မာ့ဘုံ၌ဖြစ်ကြကုန်သည်၊ဟောန္တိ–ကုန်၏၊သော သမယော–ထိုအခါသည်၊ဟောတိခေါ –ရှိသည်သာ။

**= တေ တတ္ထ ဟောန္တိ မနောမယာ ပီတိဘက္ခာ သယံပဘာ အန္တလိက္ခစရာ သုဘဋ္ဌာယိနော၊ စိရံ ဒီဃမဒ္ဓါနံ တိဋ္ဌန္တိ ။ (ပါ၊၁၆။ပါ–သျှ၊၉၆။)**

<u>**အနက်ပေး**</u>

ယံ ယသ္မိံ သမယေ–၌၊ တေ သတ္တာ–တို့သည်၊ တတ္ထ တသ္မိံ အာဘဿရေ–ထို အာဘဿရဗြဟ္မာ့ဘုံ၌၊ မနောမယာ–စျာန်စိတ်ကြောင့်ဖြစ်ကုန်သည်၊ (ဝါ) စျာန်စိတ်ဖြင့် ဖြစ်ကုန်သည်၊ (ဝါ) စျာန်စိတ်ဖြင့်ပြီးကုန်သည်၊ ပီတိဘက္ခာ– ပီတိဟူသော စားအပ်သော အာဟာရရှိကြကုန်သည်၊ သယံပဘာ– မိမိတို့၏ ကိုယ်ရောင် ကိုယ်ဝါရှိကြကုန်သည်၊ အန္တလိက္ခစရာ–ရေးခြစ်မထင် ကြားအပြင်ဖြင့် ရှုမြင်အပ်သော ကောင်းကင်၌ ကျင်လည်

http://www.dhammadownload.com



ကျက်စားသွားလာကုန်သည်၊သုဘဋ္ဌာယိနော–တင့်တယ်သော ဥယျာဉ်,ဗိမာန်, ပဒေသာပင် ၌တည်လေ့ရှိကြကုန်သည်၊ဟောန္တိ–ကုန်၏၊ စိရံ–ကြာမြင့်စွာသော၊ ဒီဃံ–ရှည်စွာသော၊ အဒ္ဓါနံ–ရှစ်ကပ္ပါဟုဆိုအပ်သော အခွန့်ပတ်လုံး၊တိဋ္ဌန္တိ–တည်နိုင်ကြကုန်၏၊သော သမယော –ထိုအခါသည်၊ဟောတိ ခေါ်–သာ ။

၄၀။ ဟောတိ ခေါ သော ဘိက္ခဝေ သမယော၊ယံ ကဒါစိ ကရဟစိ ဒီဃဿ အဒ္ဓုနော အစ္စယေန အယံ လောကော ဝိဝဋ္ဋတိ၊ ဝိဝဋ္ဋမာနေ လောကော သုညံ ဗြဟ္မဝိမာနံ ပါတုဘဝတိ ။(ပါ၊၁၆။ပါ–သျှ၊၉၆ ။)

**အနက်ပေး**

ဘိက္ခဝေ–တို့၊ ယံ ယသ္မိံ သမယေ–၌၊ ကဒါစိ–တစ်ရံ တစ်ခါ၊ ကရဟစိ–တစ်ရံ တစ်ဆစ်၊ ဒီဃဿ–သော ၊ အဒ္ဓုနော–၏၊ အစ္စယေန–၌၊ (ဝါ) ကြောင့်၊အယံ လောကော–သည်၊ ဝိဝဋ္ဋတိ–တိုးပွါးသောအားဖြင့် ဖြစ်၏၊(ဝါ)တည်၏၊သော သမယော–သည်၊ဟောတိ ခေါ်–သာ။

ယံ ယသ္မိံ သမယေ–၌၊ လောကော–သည်၊ ဝိဝဋ္ဋမာနေ–တိုးပွါးသောအားဖြင့် ဖြစ်သည်ရှိသော်၊(ဝါ)တည်သည်ရှိသော်၊သုညံ–သတ္တဝါမှ ကင်းဆိတ်သော၊ ဗြဟ္မဝိမာနံ–ဗြဟ္မာ့ ဗိမာန်သည်၊ (ဝါ) ဗြဟ္မာ့ဗိမာန်ဟုဆိုအပ်သော ပဌမဈာန်ဗြဟ္မာ့ဘုံသည်၊ ပါတုဘဝတိ–ထင် ရှားဖြစ်ပေါ်လာ၏၊သော သမယော–သည်၊ဟောတိ ခေါ်–သာ ။

= အထ ခေါ အညတရော သတ္တော အာယုက္ခယာ ဝါ ပုညက္ခယာ ဝါ အာဘဿရကာယာ စဝိတွာ သုညံ ဗြဟ္မဝိမာနံ ဥပပဇ္ဇတိ ၊သော တတ္ထ ဟောတိ မနောမယော ပီတိဘက္ခော သယံပဘော အန္တလိက္ခစရော သုဘဋ္ဌာယီ၊ စိရံ ဒီဃမဒ္ဓါနံ တိဋ္ဌတိ ။(ပါ၊၁၇။ပါ–သျှ၊ ၉၆။)

**အနက်ပေး**

အထ တသ္မိံ ကာလေ– ပဌမဈာန်ဘုံ၏ ထင်ရှားဖြစ်ပေါ်လာရာ ထိုအခါ၌၊အညတရော–အမှတ်မထား တစ်ပါးပါးသော၊ သတ္တော–သည်၊ အာယုက္ခယာ ဝါ– အသက်၏

http://www.dhammadownload.com



ကုန်ခြင်းကြောင့်သော်လည်းကောင်း၊ ပုညက္ခယာ ဝါ– ကောင်းမှု၏ကုန်ခြင်းကြောင့်သော်လည်းကောင်း၊ အာဘဿရကာယာ–အာဘဿရဗြဟ္မာအပေါင်းမှ၊ (ဝါ) အာဘဿရဗြဟ္မာ့ဘုံမှ၊စဝိတွာ–ရွေ့လျောခဲ့၍၊(ဝါ)စုတေခဲ့၍၊သုညံ–သော၊ဗြဟ္မာဝိမာနံ–၌၊ဥပပဇ္ဇတိ–၏ ။

သော သတ္တော–သည်၊တတ္ထ တသ္မိံ ဗြဟ္မဝိမာနေ–၌၊ မနောမယော–သည်၊ ပီတိဘက္ခော–သည်၊ သယံပဘော–သည်၊ အန္တလိက္ခစရော–သည်၊သုဘဋ္ဌာယီ–သည်၊ဟောတိ–၏၊ စိရံ–သော၊ ဒီဃံ–သော၊ အဒ္ဓါနံ–အသင်္ချေယျကပ်,အသင်္ချေယကပ်၏ ထက်ဝက်ဟုဆိုအပ်သော အခွန့်ပတ်လုံး၊တိဋ္ဌတိ–၏ ။

၄၁။တဿ တတ္ထ ဧကကဿ ဒီဃရတ္တံ အနဘိရတိ ပရိတဿနာ ဥပ္ပဇ္ဇတိ“ အဟော ဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယျုံ ”န္တိ ။ (ပါ၊၁၇။ပါ–သျှ၊၉၆။ )

<u>အနက်ပေး</u>

တဿ သတ္တဿ–အား၊ (ဝါ) သည်၊ တတ္ထ တသ္မိံ ဗြဟ္မဝိမာနေ–၌၊ ဧကကဿ–တစ်ယောက်ထည်းတည်း၊ ဒီဃရတ္တံ–ရှည်မြင့်စွာသော နေ့ ညဉ့် ပတ်လုံး၊ နိဝုသိတတ္တာ–နေအပ်သည်၏အဖြစ်ကြောင့်၊ အနဘိရတိ–အဘော်လာခြင်းကို မျှော်လင့် တောင့်တခြင်းဟူသော မမွေ့လျော်ခြင်းသည်၊ ပရိတဿနာ–တောင့်တတတ် တုန်လှုပ်တတ်သော တဏှာဒိဋ္ဌိသည်၊ ဥပ္ပဇ္ဇတိ–၏၊(ကိံ )၊အညေ–ငါမှတစ်ပါးကုန်သော၊သတ္တာပိ–တို့သည်လည်း၊ဣတ္ထတ္တံ–ဤသို့အပြားရှိသော ဗြဟ္မာ၏အဖြစ်သို့၊ (ဝါ) ဤသို့အပြားရှိသော ဗြဟ္မာ၏ဖြစ်ကြောင်းဖြစ်ရာ ဖြစ်သော ဗြဟ္မာဇာတ်သို့၊ အာဂစ္ဆေယျုံ–ရောက်လာကြပါကုန်မူကား၊ အဟော ဝတ–ဩော် ကောင်းလေစွတကား၊ (ဣတိ ) ။

၄၂။ အဟမသ္မိ ဗြဟ္မာ မဟာဗြဟ္မာ အဘိဘူ အနဘိဘူတော အညဒတ္ထု ဒသော ဝသဝတ္တီ ဣဿရော ကတ္တာ နိမ္မာတာ သေဋ္ဌော သဇိတာ ဝသီ ပိတာ ဘူတဘဗျာနံ။ (ပါ၊၁၇။ ပါ–သျှ၊၉၇။)

<u>အနက်ပေး</u>

အဟံ–သည်၊ ဗြဟ္မာ–မြတ်သော၊ အဘိဘူ–တစ်ပါးသော သတ္တဝါတို့ကို လွှမ်းမိုးနိုင်

http://www.dhammadownload.com



သော၊ အနဘိဘူတော–တစ်ပါးသော သတ္တဝါတို့က မလွှမ်းမိုးအပ်နိုင်သော၊ အညဒတ္ထု–စင်စစ်ကေန် အမှန်အားဖြင့်၊ ဒသော–အလုံးစုံကိုမြင်နိုင်သော၊ ဝသဝတ္တီ–တစ်ပါးသော သတ္တဝါတို့ကို မိမိအလိုသို့လိုက်စေနိုင်သော၊ဣဿရော–အစိုးရသော၊ကတ္တာ–ပြုစီရင်တတ်သော၊နိမ္မာတာ–ဘန်ဆင်းတတ်သော၊ သေဋ္ဌော–အလုံးစုံသော သတ္တဝါတို့ထက် မြတ်သော၊ သဇ္ဇိတာ–စီရင်တတ်သော၊ (ဝါ) ဝေဘန်တတ်သော၊ ဝသီ–အဝါးဝစွာ လေ့လာအပ်ပြီးသော အစွမ်းသတ္တိရှိသော၊ ဘူတဘဗျာနံ–ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ္တံ့သော သတ္တဝါတို့၏၊ ပိတာ–အဘဖြစ်သော၊ မဟာဗြဟ္မာ–မဟာဗြဟ္မာသည်၊ (ဝါ) ဗြဟ္မာကြီးသည်၊ အသ္မိ–ဖြစ်၏ ။

**=မယာ ဣမေ သတ္တာ နိမ္မိတာ၊တံ ကိဿ ဟေတု၊မမံ ဟိ ပုဗ္ဗေ ဧတဒဟောသိ'အဟော ဝတ အညေပိ သတ္တာ ဣတ္ထတ္တံ အာဂစ္ဆေယျုံ'န္တိ ဣတိ မမ စ မနောပဏိဓိ၊ဣမေ စ သတ္တာ ဣတ္ထတ္တံ အာဂတာ။(ပါ၊၁၇။ပါ–သျ၊၉၈။)**

<u>**အနက်ပေး**</u>

မယာ–သည်၊ ဣမေ သတ္တာ–တို့ကို၊ နိမ္မိတာ–ဘန်ဆင်းအပ်ကုန်ပြီ၊ ကိဿဟေတု–ကြောင့်၊မယာ–သည်၊ဣမေသတ္တာ–တို့ကို၊နိမ္မိတာ–အပ်ကုန်သနည်း၊ ဟိ ယသ္မာ–ကြောင့်၊ ပုဗ္ဗေ–ရှေး၌၊(ဝါ)ရှေးက၊မမံ–ငါ့အား၊ဧတံ ပရိဝိတက္ကနံ–သည်၊အဟောသိ–ပြီ၊(ကိံ)အညေ–ကုန်သော၊သတ္တာပိ–တို့သည်လည်း၊ ဣတ္ထတ္တံ–သို့၊ အာဂစ္ဆေယျုံ–ကုန်မူကား၊အဟောဝတ–သြော် ကောင်းလေစွ၊ (ဣတိ)။ ဣတိ–သို့၊ မမစ–ငါ့အားလည်း၊မနောပဏိဓိ– စိတ်၏ တောင့်တခြင်းသည်၊ အဟောသိ–ပြီ၊ ဣမေစ သတ္တာ–တို့သည်လည်း၊ ဣတ္ထတ္တံ–သို့၊ အာဂတာ– ရောက်လာကြပေကုန်ပြီ ၊ ဣတိ တသ္မာ–ကြောင့်၊ မယာ–သည်၊ ဣမေသတ္တာ–တို့ကို၊ နိမ္မိတာ–ကုန်ပြီ၊

**၄၃။ တတြ ဘိက္ခဝေ ယော´သော သတ္တော ပဌမံ ဥပပန္နော၊သော ဒီဃာယုကတရော စ ဟောတိ၊ဝဏ္ဏဝန္တတရော စ မဟေသက္ခတရော စ ။ (ပါ၊၁၇။ပါ–သျ၊၉၉။)**

<u>**အနက်ပေး**</u>

ဘိက္ခဝေ–တို့၊တတြ တေသုသတ္တေသု–တို့တွင်၊ယော သော သတ္တော–သည်၊ပဌမံ–

http://www.dhammadownload.com



စွာ၊ ဥပပန္နော–ပြီ၊ သော သတ္တော–သည်၊ ဒီဃာယုတရော့စ– အထူးသဖြင့် ရှည်သော အသက်ရှိသည်လည်းကောင်း၊ဝဏ္ဏဝန္တတရော့စ–အထူးသဖြင့် လွန်ကဲသော အဆင်းရှိသည် လည်းကောင်း၊မဟေသက္ခတရော့စ–အထူးသဖြင့် မြတ်သောအစိုးရသော ပုဂ္ဂိုလ်ဟူ၍ ဆို အပ်သည်လည်းကာင်း၊ (ဝါ) အထူးသဖြင့် ကြီးသောတန်ခိုးရှိသည်လည်းကောင်း၊(ဝါ)အထူး သဖြင့် အခြံအရံရှိသည်လည်းကောင်း၊ဟောတိ–၏ ။

## ၄၅။ သန္တိ ဘိက္ခဝေ ခိဍ္ဍာပဒေါသိကာ နာမ ဒေဝါ၊တေ အတိဝေလံ ဟဿခိဍ္ဍာရတိဓမ္မ– သမာပန္နာ ဝိဟရန္တိ။ (ပါ၊၁၈။ပါ–သျ၊၁၀၁။)

**အနက်ပေး**

ဘိက္ခဝေ–တို့၊ ခိဍ္ဍာပဒေါသိကာနာမ–အမည်ရှိကုန်သော၊ (ဝါ) မြူးထူး ပျော်ပါး ကစားခြင်းဖြင့် ပျက်စီးတတ်ကုန်သည်၏အဖြစ်ကြောင့် ခိဍ္ဍာပဒေါသိကအမည်ရှိကုန်သော၊ (ဝါ)မြူးထူးပျော်ပါးကစားခြင်းဖြင့်ပျက်စီးခြင်းရှိကုန်သည်၏အဖြစ်ကြောင့် ခိဍ္ဍာပဒေါသိက အမည်ရှိကုန်သော၊ယေဒေဝါ–အကြင် ကာမာဝစရနတ်တို့သည်၊ သန္တိ–ကုန်၏၊ တေဒေဝါ– တို့သည်၊အတိဝေလံ–လွန်သောကာလပတ်လုံး၊ (ဝါ) အာဟာရစားချိန်အခါကိုလွန်ကြကုန် ၍၊ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာ– ရယ်ရွှင်ခြင်း၌မွေ့လျော်ခြင်းသဘော, မြူးထူးပျော်ပါး ကစားခြင်း၌ မွေ့လျော်ခြင်းသဘောသို့ ရောက်ကြကုန်သည်၊ ဟုတ္ဘာ–ကုန်၍၊ ဝိဟရန္တိ– နေကြကုန်၏ ။

## = တေသံ အတိဝေလံ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာနံ ဝိဟရတံ သတိ သမ္မုဿတိ၊သတိယာ သမ္မောသာ တေ ဒေဝါ တမှာ ကာယာ စဝန္တိ ။(ပါ၊၁၈။ပါ–သျ၊၁၀၂။)

**အနက်ပေး**

အတိဝေလံ–ပတ်လုံး၊ (ဝါ) ကုန်၍၊ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာနံ–ရယ်ရွှင်ခြင်း၌ မွေ့လျော်ခြင်းသဘော, မြူးထူးပျော်ပါးကစားခြင်း၌မွေ့လျော်ခြင်းသဘောသို့ ရောက်ကြ ကုန်သည်ဖြစ်၍၊ ဝိဟရတံ–ကုန်သော၊တေသံ ဒေဝါနံ–တို့အား၊(ဝါ)တို့၏၊သတိ–သတိသည်

http://www.dhammadownload.com



သမ္ပဇာနတိ–ပျောက်ပျက်၏၊သတိယာ–သတိ၏၊သမ္မောသာ–ကြောင့်၊တေဒေဝါ–ထိုခိဍ္ဍာ–ပဒေါသိကအမည်ရှိသော ကာမာဝစရနတ်တို့သည်၊ တမှာကာယာ– ထိုကာမာဝစရနတ်အပေါင်းမှ၊(ဝါ)ထိုကာမာဝစရနတ်ပြည်ခြောက်ထပ်မှ၊စဝန္တိ–ရွေလျောကြရကုန်၊(ဝါ)စုတေကြရကုန်၏ ။

**= ယေ ပန မယံ အဟုမှာ ခိဍ္ဍာပဒေါသိကာ၊တေ မယံ အတိဝေလံ ဟဿခိဍ္ဍာရတိဓမ္မသမာ–ပန္နာ ဝိဟရိမှာ၊တေသံ နော အတိဝေလံ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာနံ ဝိဟရတံ သတိ သမ္မုဿတိ၊သတိယာ သမ္မောသာ ဧဝံ မယံ တမှာ ကာယာ စုတာ အနိစ္စာ အဒ္ဓုဝါ အပ္ပါယုကာ စဝနဓမ္မာ ဣတ္ထတ္တံ အာဂတာ ။ (ပါ၊၁၉။ပါ–သျ၊၁၀၃။ )**

**အနက်ပေး**

ယေ ပန မယံ–တို့သည်ကား၊ခိဍ္ဍာပဒေါသိကာ–မြူးထူးပျော်ပါး ကစားခြင်းဖြင့်ပျက်စီးတတ်ကုန်သည်၊(ဝါ) –ခြင်းရှိကုန်သည်၊ အဟုမှာ– ဖြစ်ကြရပေကုန်ပြီ၊ တေ မယံ–တို့ သည်၊ အတိဝေလံ– ပတ်လုံး၊ (ဝါ) ကုန်၍၊ ဟဿခိဍ္ဍာရတိဓမ္မသမာပန္နာ–ကုန်သည်၊ ဟုတွာ–ကုန်၍၊ ဝိဟရိမှာ–ကုန်ပြီ၊အတိဝေလံ–ပတ်လုံး၊(ဝါ)ကုန်၍၊ဟဿခိဍ္ဍာရတိဓမ္မသ–မာပန္နာနံ–ကုန်သည်ဖြစ်၍၊ဝိဟရတံ–ကုန်သော၊တေသံ နော–ထိုငါတို့အား၊(ဝါ)တို့၏၊သတိ–သည်၊ သမ္မုဿတိ–၏၊ သတိယာ–၏၊ သမ္မောသာ–ကြောင့်၊ ဧဝံ–သို့၊ တမှာ ကာယာ–မှ၊ စုတာ–ကုန်သည်၊အနိစ္စာ–ကုန်သည်၊အဒ္ဓုဝါ–ကုန်သည်၊အပ္ပါယုကာ–ကုန်သည်၊စဝနဓမ္မာ–ကုန်သည်၊ ဟုတွာ–ကုန်၍၊ ဣတ္ထတ္တံ–ဤသို့အပြားရှိသောလူ၏အဖြစ်သို့၊ (ဝါ) လူဇာတ်သို့၊ အာဂတာ–ကုန်ပြီ ။

**၄၇။သန္တိ ဘိက္ခဝေ မနောပဒေါသိကာနာမဒေဝါ၊ တေ အတိဝေလံ အညမညံ ဥပနိဇ္ဈာယန္တိ၊ တေ အတိဝေလံ အညမညံ ဥပနိဇ္ဈာယန္တာ အညမညမှိ စိတ္တာနိ ပဒူသေန္တိ၊ တေ အည–မညံ ပဒုဋ္ဌစိတ္တာ ကိလန္တကာယာ ကိလန္တစိတ္တာ တေ ဒေဝါ တမှာ ကာယာ စဝန္တိ။ (ပါ၊၁၉။ပါ–သျ၊၁၀၄။ )**

**အနက်ပေး**

http://www.dhammadownload.com



**အနက်ပေး**

ဘိက္ခဝေ–တို့၊ မနောပဒေါသိကာနာမ–အမည်ရှိကုန်သော၊ (ဝါ) စိတ်ဖြင့်ပျက်စီးတတ်ကုန်သည်၏အဖြစ်ကြောင့် မနောပဒေါသိကအမည်ရှိကုန်သော၊ (ဝါ) စိတ်ဖြင့်ပျက်စီးခြင်းရှိကုန်သည်၏အဖြစ်ကြောင့် မနောပဒေါသိက အမည်ရှိကုန်သော၊ ယေ ဒေဝါ–အကြင်စတုမဟာရာဇ်နတ်တို့သည်၊ သန္တိ–ကုန်၏၊ တေ ဒေဝါ–ထို မနောပဒေါသိကအမည်ရှိသော စတုမဟာရာဇ်နတ်တို့သည်၊ အတိဝေလံ–ပတ်လုံး၊ (ဝါ) အခါကိုလွန်ကြကုန်၍၊ အညမညံ–အချင်းချင်း၊ (ဝါ) တစ်ယောက်သည်တစ်ယောက်ကို၊ ဥပနိဇ္ဈာယန္တိ– ဒေါသအလိုက် စိတ်အမိုက်ကြောင့် ငိုက်ဆိုက်တိမ်းယိမ်း တမှိန်းမှိန်းနှင့် တစိမ်းစိမ်းရှုကြည့်ကြကုန်၏။

တေ ဒေဝါ–ထိုမနောပဒေါသိကအမည်ရှိသော စတုမဟာရာဇ်နတ်တို့သည်၊အတိဝေလံ–ပတ်လုံး၊ (ဝါ)ကုန်၍၊ အညမညံ–အချင်းချင်း၊(ဝါ)တစ်ယောက်သည်တစ်ယောက်ကို၊ ဥပနိဇ္ဈာယန္တာ–ကြည့်ရှုကြကုန်လျက်၊အညမညမှိ–အချင်းချင်း၌၊ စိတ္တာနိ–တို့ကို၊ပဒူသေန္တိ–ဖျက်ဆီးကြကုန်၏၊(ဝါ) ပြစ်မှားကြကုန်၏၊ တေ ဒေဝါ–တို့သည်၊ အညမညံ–အချင်းချင်း၊ (ဝါ)တစ်ယောက်သည်တစ်ယောက်အား၊ ပဒုဋ္ဌစိတ္တာ–ဒေါသသည်ဖျက်ဆီးအပ်သော စိတ်ရှိကြကုန်သည်၊ ကိလန္တကာယာ– ပင်ပန်းသောကိုယ်ရှိကြကုန်သည်၊ ကိလန္တစိတ္တာ–ပင်ပန်းသောစိတ်ရှိကြကုန်သည်၊ ဟောန္တိ–ကုန်၏၊တေ ဒေဝါ–တို့သည်၊တမှာ ကာယာ–ထို မနောပဒေါသိကအမည်ရှိသော စတုမဟာရာဇ်နတ်အပေါင်းမှ၊ (ဝါ) ထိုစတုမဟာရာဇ်နတ်ဘုံမှ၊ စဝန္တိ–ကုန်၏ ။

၄၉။ ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ တက္ကီ ဟောတိ ဝီမံသီ၊သော တက္ကပရိယာဟတံ ဝီမံသာနုစရိတံ သယံပဋိဘာနံ ဧဝမာဟ“ယံ ခေါ ဣဒံ ဝုစ္စတိ စက္ခုံ ဣတိပိ သောတံ ဣတိပိ ဃာနံ ဣတိပိ ဇိဝှါ ဣတိပိ ကာယော ဣတိပိ။ (ပါ၊၂၀၊ပါ–သျှ။၁၀၆။ )

**အနက်ပေး**

ဘိက္ခဝေ–တို့၊ဣဓ ဣမသ္မိံ လောကေ–၌၊ ဧကစ္စော– သော၊ သမဏောဝါ–သည် သော်လည်းကောင်း၊ ဗြာဟ္မဏောဝါ– **သည်သော်လည်းကောင်း**၊ တက္ကီ– ကြံဆတတ်သည်၊

http://www.dhammadownload.com



(ဝါ)ကြံဆခြင်းရှိသည်၊ ဝီမံသီ–စုံစမ်းတတ်သည်၊ (ဝါ)စုံစမ်းခြင်းရှိသည်၊ဟောတိ–၏၊သော သမဏော ဝါ–သည်သော်လည်းကောင်း၊ သော ဗြာဟ္မဏော ဝါ–သည်သော်လည်းကောင်း၊ တက္ကပရိယာဟတံ–ဝိတက်ဖြင့်ထက်ဝန်းကျင်မှ ခေါက်၍ ခေါက်၍၊ ဝီမံသာနုစရိတံ–ဝီမံသ ဖြင့် စုံစမ်း၍ စုံစမ်း၍၊ သယံပဋိဘာနံ–မိမိအားထင်လာသည့်အတိုင်း၊ (ဝါ)မိမိအားထင်လာ သော ဒိဋ္ဌိဂတသမ္ပယုတ်စိတ္တုပ္ပါဒ်ကြောင့် ဖြစ်ပေါ်လာသည့်အတိုင်း၊ ဧဝံ–ဤသို့၊အာဟ–၏၊ (ကိံ )၊ယံ ခ္လိဒံ စက္ခုန္တိပိ–စက္ခုဟူ၍လည်းကောင်း၊(ဝါ) မျက်စိဟူ၍ လည်းကောင်း၊ သောတံက္ခတိပိ (ပ)ကိုယ်ဟူ၍လည်းကောင်း၊ဝုစ္စတိ–ဆိုအပ်၏ ။

**= အယံ အတ္တာ အနိစ္စော အဒ္ဓုဝေါ အသဿတော ဝိပရိဏာမဓမ္မော၊ယဉ္စ ခေါ ခ္လိဒံ ဝုစ္စတိ စိတ္တန္တိ ဝါ မနောတိ ဝါ ဝိညာဏန္တိ ဝါ၊အယံ အတ္တာ နိစ္စော ဓုဝေါ သဿတော အဝိပရိ– ဏာမဓမ္မော သဿတိသမံ တထေဝ ဌဿတိ ။(ပါ၊၂၀။ပါ–သျ၊၁၀၆။ )**

<u>အနက်ပေး</u>

အယံ အတ္တာ–ဤ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယဟူ၍ဆိုအပ်သော တရားဖြင့် ဖြစ်၍ ဖြစ်သော အတ္တသည်၊ အနိစ္စော–ပဋိသန္ဓေနေရခြင်းကြောင့် မမြဲ၊အဓုဝေါ–သေရ ခြင်းကြောင့် မမြဲမြံ မတည်တံ့ အရှည်မခံ့ခဲ၊ အသဿတော–အခါခပ်သိမ်း ထင်ရှားမရှိ ခြင်းကြောင့် မမြဲ၊ ဝိပရိဏာမဓမ္မော–နှစ်ပါးသော ဇရာ,မရဏတို့သည် ဘောက်ပြန်စေ အပ်သည်၏အဖြစ်ဟူသော သဘောရှိခဲ့၏၊ ယံ စ ခ္လိဒံ ဓမ္မဇာတံ–ကိုကား၊ စိတ္တန္တိဝါ–စိတ္တ ဟူ၍လည်းကောင်း၊ မနောတိဝါ– ဟူ၍လည်းကောင်း၊ ဝိညာဏန္တိဝါ– ဟူ၍လည်းကောင်း၊ ဝုစ္စတိ–၏၊ အယံ အတ္တာ– ဤစိတ္တ, မန, ဝိညာဏဟူ၍ဆိုအပ်သော တရားဖြင့် ဖြစ်၍ ဖြစ်သော အတ္တသည်၊ နိစ္စော–သန္ဓေမစွဲ မဘောက်လွဲဘဲ အမြဲတည်ခဲ့၏၊ ဓုဝေါ–သေခြင်း ဘေးရန် မရှိမှန်၍ မြဲမြံတည်တံ့ အရှည်ခံ့ခဲ့၏၊သဿတော–အခါမလွဲ မပြောင်းလွဲဘဲ အမြဲ တည်ခဲ့၏၊အဝိပရိဏာမဓမ္မော–အိုဘေးမရောက် အကြောင်းထောက်၍ မဘောက်ပြန်ခြင်း သဘောရှိခဲ့၏၊ သဿတိသမံ–အတူ၊ (ဝါ)အမြဲ၊(ဝါ)ပတ်လုံး၊တထေဝ–သာလျှင်၊ ဌဿတိ– တည်လိမ့်လတ္တံ့ ။

http://www.dhammadownload.com



၅၄။ သော ဧဝမာဟ "အန္တဝါ အယံ လောကော ပရိဝဋုမော၊တံ ကိဿ ဟေတု၊ အယံ ဟိ အာတပ္ပမန္ဝာယ ပဓာနမန္ဝာယ အနုယောဂမန္ဝာယ အပ္ပမာဒမန္ဝာယ သမ္မာမနသိကာရ–မန္ဝာယ တထာရူပံ စေတောသမာဓိံ ဖုသာမိ၊ယထာသမာဟိတေ စိတ္တေ အန္တသညီ လောကသ္မိံ ဝိဟရာမိ၊ဣမိနာမဟံ ဧတံ ဇာနာမိ ယထာ အန္တဝါ အယံ လောကော ပရိဝဋုမော"တိ ။ (ပါ၊၂၃။ပါ–သျှ၊၁၀၉။)

<u>**အနက်ပေး**</u>

သော သမဏော ဝါ–သည်သော်လည်းကောင်း၊သော ဗြာဟ္မဏော ဝါ–သည်သော်လည်းကောင်း၊ဧဝံ–သို့၊အာဟ–၏၊(ကိံ)၊အယံ လောကော–ဤပဋိဘာဂနိမိတ် အတ္တဟူ ဆိုအပ်သော လောကသည်၊ အန္တဝါ–အဆုံးအပိုင်းအခြားရှိ၏၊ ပရိဝဋုမော–ထက်ဝန်းကျင်မှလုံးခဲ၏၊ ကိဿဟေတု–ကြောင့်၊ အယံလောကော–သည်၊အန္တဝါ–နည်း၊ပရိဝဋုမော–နည်း၊ ဟိ ယသ္မာ–ကြောင့်၊ အဟံ–သည်၊ အာတပ္ပံ–ကို၊ အန္ဝာယ–၍၊ပဓာနံ–ကို၊အန္ဝာယ–၍၊အနုယောဂံ–ကို၊ အန္ဝာယ–၍၊ ယထာ ယေန စေတောသမာဓိနာ–ဖြင့်၊စိတ္တေ–ကို၊သမာဟိတေ–သော်၊ လောကသ္မိံ –၌၊ အန္တသညီ–သည်၊ ဟုတွာ–၍၊ ဝိဟရာမိ–၏၊ တထာရူပံ– သော၊ စေတောသမာဓိံ –ကို၊(ဝါ)သို့၊ ဖုသာမိ–၏၊တသ္မာ–ကြောင့်၊အယံလောကော။ပ။၏၊ဣမိနာ ဝိသေသာဓိဂမေန– ဤအဆုံးအပိုင်းအခြားရှိ၏ဟု မှတ်ထင်တတ်သော သညာအထူးကို ရခြင်းဖြင့်၊ အဟံ–သည်၊ ယထာ ယေန ကာရဏေန–ဖြင့်၊ (ဝါ) ကြောင့်၊ အယံ လောကော–သည်၊ အန္တဝါ ။ပ။ ၏၊ ဧတံ ကာရဏံ–ကို၊ ဇာနာမိ–၏၊ (ဣတိ အာဟ) ။

## အမရာဝိက္ခေပဝါဒ

၆၁။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အမရာဝိက္ခေပိကာ တတ္ထ တတ္ထ ပဉှံ ပုဋ္ဌာ သမာနာ ဝါစာဝိက္ခေပံ အာပဇ္ဇန္တိ အမရာဝိက္ခေပံ စတူဟိ ဝတ္ထူဟိ ။(ပါ၊၂၃။ပါ–သျှ၊၁၁၄။ )

<u>**အနက်ပေး**</u>

ဘိက္ခဝေ–တို့၊ဧကေ–ကုန်သော၊ အမရာဝိက္ခေပိကာ–အဆုံးအပိုင်းအခြားမရှိသော

http://www.dhammadownload.com



အယူစကားဖြင့် တစ်ပါးသောသူတို့၏ အယူဝါဒကို အထူးထူး အပြားပြား ပစ်ချခြင်းရှိကုန်သော၊ ယေ သမဏဗြာဟ္မဏာ–တို့သည်၊တတ္ထတတ္ထ တသ္မိံ တသ္မိံ ဌာနေ–ထိုထိုအရာ၌၊ပဉှ–ကို၊ ပုဋ္ဌာ–မေးအပ်ကုန်သည်၊ သမာနာ–ဖြစ်ကုန်သည်ရှိသော်၊စတူဟိ–ကုန်သော၊ဝတ္ထုဟိ–တို့ဖြင့်၊ (ဝါ) အကြောင်းတို့ဖြင့်၊ ဝါစာဝိက္ခေပံ–စကားဖြင့်တစ်ပါးသောသူတို့၏အယူဝါဒကို အထူးထူး အပြားပြားပစ်ချခြင်းသို့၊ အမရာဝိက္ခေပံ–အပိုင်းအခြားမရှိသောအယူစကားဖြင့် တစ်ပါးသောသူတို့၏ အယူဝါဒကို အထူးထူး အပြားပြားပစ်ချခြင်းသို့၊အာပဇ္ဇန္တိ–ရောက်ကြကုန်၏။

**၆၂။ ဣဓ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ "ဣဒံ ကုသလ"န္တိ ယထာဘူတံ နပ္ပဇာနာတိ၊ "ဣဒံ အကုသလ"န္တိ ယထာဘူတံ နပ္ပဇာနာတိ ။(ပါ၊၂၃။ပါ–သျ၊၁၁၅။)**

<u>**အနက်ပေး**</u>

ဘိက္ခဝေ–တို့၊ ဣဓ ဣမသ္မိံ လောကေ–၌၊ ဧကစ္စော–သော၊ သမဏော ဝါ–သည်သော်လည်းကောင်း၊ ဗြာဟ္မဏော ဝါ–သည်သော်လည်းကောင်း၊ ဣဒံ–ဤဆယ်ပါးသော ကုသိုလ် ကမ္မပထတရားသည်၊ ကုသလံ–ကုသိုလ်မည်၏၊ ဣတိ–သို့၊ ယထာဘူတံ–အကြင် အကြင်ဟုတ်မှန်သည့်အတိုင်း၊(ဝါ)ဟုတ်မှန်သည့်အားလျော်စွာ၊(ဝါ)ထင်ရှားရှိသောကုသိုလ် တရားတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်အားလျော်စွာ၊နပ္ပဇာနာတိ–အပြားအားဖြင့် မသိတတ်၊ ဣဒံ–ဤဆယ်ပါးသော အကုသိုလ်ကမ္မပထတရားသည်၊ အကုသလံ–အကုသိုလ် မည်၏၊ ဣတိ–သို့၊ ယထာဘူတံ–အတိုင်း၊(ဝါ) အားလျော်စွာ၊ နပ္ပဇာနာတိ–အပြားအားဖြင့် မသိတတ်။

**= ယံ မမဿ မုသာ၊သော မမဿ ဝိဃာတော။ ယော မမဿ ဝိဃာတော၊ သော မမဿ အန္တရာယော ။ (ပါ၊၂၄။ပါ–သျ၊၁၁၅။ )**

<u>**အနက်ပေး**</u>

မမ–ငါ့အား၊ (ဝါ) ၏၊ ယံဗျာကရဏံ–အကြင်ဖြေဆိုခြင်းသည်၊ မုသာ–ချွတ်ယွင်း ဖောက်ပြန် မမှန်သည်၊ အဿ–ဖြစ်ရာ၏၊ မမ–အား၊ (ဝါ) ၏၊ သော–ထိုဖြေဆိုခြင်းသည်၊

http://www.dhammadownload.com



(ဝါ)ဖြေဆိုခြင်းဟူသော အကြောင်းရှိသော၊ ဝိဃာတော-ပြင်းစွာနှိပ်စက်တတ်သော စိတ်၏ ဆင်းရဲခြင်းသည်၊ အဿ-ဖြစ်ရာ၏၊ မမ-အား၊(ဝါ)၏၊ယောဝိဃာတော-သည်၊အဿ-၏၊ မမ-အား၊(ဝါ)၏၊ သော ဝိဃာတော-သည်၊ အန္တရာယော-သဂ္ဂန္တရာယ်,မဂ္ဂန္တရာယ်သည်၊ (ဝါ)နတ်ပြည်,မဂ်၏အန္တရာယ်သည်၊အဿ-၏ ။

**= တတ္ထ တတ္ထ ပဉှံ ပုဋ္ဌော သမာနော ဝါစာဝိက္ခေပံ အာပဇ္ဇတိ အမရာဝိက္ခေပံ “ ဧဝန္တိပိ မေ နော၊တထာတိပိ မေ နော၊အညထာတိပိ မေ နော၊ နောတိပိ မေ နော၊ နော နောတိပိ မေ နော”တိ ။(ပါ၊၂၄။ပါ-သျှ၊၁၁၆။ )**

<u>**အနက်ပေး**</u>

တတ္ထ တတ္ထ တသ္မိံ တသ္မိံ ဌာနေ-၌၊ ပဉှံ-ကို၊ ပုဋ္ဌော-သည်၊ သမာနော-ရှိသော်၊ အမရာဝိက္ခေပံ-ဟူသော၊ ဝိစာဝိက္ခေပံ-သို့၊အာပဇ္ဇတိ-၏၊ (ကိံ ) ၊ ဧဝန္တိပိ-ဧဝံဟူ၍လည်း၊ (ဝါ)သင်တို့ပြောတိုင်း ဟုတ်၏ဟူ၍လည်း၊မမ-၏၊မတိ-အယူသည်၊နော ဟောတိ-မဖြစ်။ တထာတိပိ-တထာဟူ၍လည်း၊ (ဝါ) သဿတော အတ္တာစ လောကောစဟူ၍လည်း၊ (ဝါ) အတ္တ,လောကသည်မြဲ၏ဟူ၍လည်း၊မေ-၏၊မတိ-သည်၊နော ဟောတိ-မဖြစ်။အညထာတိပိ-အညထာဟူ၍လည်း၊ (ဝါ) သဿတမှ တစ်ပါးသော အခြင်းအရာအားဖြင့် သဿတော ဧကစ္စော အတ္တာစ လောကောစ၊အသဿတော ဧကစ္စော အတ္တာစ လောကောစဟူ၍လည်း၊ (ဝါ)သဿတမှ တစ်ပါးသောအခြင်းအရာအားဖြင့် အချို့သော အတ္တ,လောကသည် မြဲ၏၊ အချို့သောအတ္တ,လောကသည်မမြဲ ဟူ၍လည်း၊ မေ-၏၊မတိ-သည်၊နော ဟောတိ-မဖြစ်။ နောတိပိ-နောဟူ၍လည်း၊ (ဝါ) န ဟောတိ တထာဂတော ပရံ မရဏာ ဟူ၍လည်း၊ (ဝါ) သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်သည်မဟုတ် ဟူ၍လည်း၊ မေ-၏၊ မတိ-သည်၊ နော ဟောတိ-မဖြစ်။ နော နောတိပိ-နော နောဟူ၍လည်း၊ (ဝါ) နေဝ ဟောတိ န န ဟောတိ တထာဂတော ပရံ မရဏာဟူ၍လည်း၊(ဝါ)သတ္တဝါသည် သေသည်မှ နောက်ကာလ၌ ဖြစ်သည်လည်းမဟုတ်, မဖြစ်သည် မဟုတ်သည် မဟုတ်ဟူ၍လည်း၊မေ-၏၊မတိ-သည်၊ နော ဟောတိ-မဖြစ် ။

http://www.dhammadownload.com



၆၃။ ယတ္ထ မေ အသ္မ ဆန္ဒော ဝါ ရာဂေါ ဝါ ဒေါသော ဝါ ပဋိဃော ဝါ၊ တံ မမဿ ဥပါဒါနံ။ ယံ မမဿ ဥပါဒါနံ၊ သော မမဿ ဝိဃာတော၊ ယော မမဿ ဝိဃာတော ၊ သော မမဿ အန္တရာယော။ (ပါ၊၂၄။ပါ–သျှ၊၁၁၇ ။ )

**အနက်ပေး**

ယတ္ထ ယသ္မိံ ဗျာကရဏေ–အကြင်ဖြေဆိုခြင်း၌၊ (ဝါ) အကြင်ဖြေဆိုခြင်းကြောင့်၊ မေ–ငါ့အား၊ ဆန္ဒော ဝါ–အားသေးသော ရာဂသည်သော်လည်းကောင်း၊ ရာဂေါ ဝါ–အားကြီးသော ရာဂသည်သော်လည်းကောင်း၊ ဒေါသော ဝါ– အားသေးသော ဒေါသသည်သော်လည်းကောင်း၊ ပဋိဃော ဝါ– အားကြီးသော ဒေါသသည်သော်လည်းကောင်း၊ အသ္မ–၏၊ တသ္မိံ ဗျာကရဏေ–၌၊ တံ ရာဂဒေါသဒွယံ–ထိုရာဂ ဒေါသတို့၏ နှစ်ပါးတို့၏ အပေါင်းသည်၊ မမ–ငါ့အား၊ ဥပါဒါနံ–သည်၊ (ဝါ) ပြင်းစွာစွဲလမ်းတတ်သော တရားသည်၊(ဝါ)ပြင်းစွာစွဲလမ်းခြင်းဟူသောတရားသည်၊ အသ္မ–၏၊ မမ–အား၊ ယံ ဥပါဒါနံ–သည်၊အသ္မ–၏၊သော–ထိုသည်၊ မမ–အား၊ ဝိဃာတော– စိတ်ကိုညှင်းဆဲတတ်သည်၊ အသ္မ–၏၊ ယော ဝိဃာတော–သည်၊ မမ–အား၊အသ္မ–၏၊သော ဝိဃာတော–သည်၊မမ–အား၊အန္တရာယော–သည်၊အသ္မ–၏။

၆၄။ သန္တိ ဟိ ခေါ သမဏဗြာဟ္မဏာ ပဏ္ဍိတာ နိပုဏာ ကတပရပ္ပဝါဒါ ဝါလဝေဓိရူပါ၊ တေ ဘိန္ဒန္တာ မညေ စရန္တိ ပညာဂတေန ဒိဋ္ဌိဂတာနိ၊ တေ မံ တတ္ထ သမနုယုဉ္ဇေယျုံ သမနုဂါဟေယျုံ သမနုဘာသေယျုံ ။(ပါ၊၂၅။ပါ–သျှ၊၁၁၈။)

**အနက်ပေး**

ဟိ–မဖြေဆိုပုံ အကြောင်းစုံကို အကုန်အစင် ထင်အောင်ပြအံ့၊ဧဝံ ဗျာကရောန္တေ–သော်၊ ပဏ္ဍိတာ–ပညာဖြင့်ဖြစ်တတ်ကုန်သော၊ (ဝါ) ဖြစ်တတ်သောပညာရှိကုန်သော၊(ဝါ) ပညာသို့ရောက်တတ်ကုန်သော၊ နိပုဏာ–သိမ်မွေ့ကြကုန်သော၊ ကတပရပ္ပဝါဒါ–သိအပ်ပြီးသော တစ်ပါးသောသူတို့၏ ဝါဒ,တစ်ပါးသောသူတို့နှင့်တကွ ပြုအပ်ပြီးသောဝါဒ၌ လေ့ကျင့်ခြင်းရှိကြကုန်သော၊ဝါဠဝေဓိရူပါ–သားမြီးဖျားကိုထိုးဖောက်နိုင်သောလေးသမားနှင့်တူသော သဘောရှိကုန်သော၊ သမဏဗြာဟ္မဏာ–တို့သည်၊ သန္တိဟိ–ရှိကြကုန်သည်သာ၊ ပဏ္ဍိတာ–ကုန်သော ။ပ။ ဝါဠဝေဓိရူပါ–ကုန်သော၊ တေ သမဏဗြာဟ္မဏာ–တို့သည်၊ ပညာဂတေန–

http://www.dhammadownload.com



ပညာဖြင့်၊(ဝါ)ပညာအပြားအားဖြင့်၊ ဒိဋ္ဌိဂတာနိ-မိစ္ဆာအယူတို့ကို၊ဘိန္ဒန္တာမညေ-ဖျက်ဆီးကုန်သကဲ့သို့၊ စရန္တိ-သွားလာကြကုန်၏၊ တေ သမဏဗြာဟ္မဏာ-တို့သည်၊ မံ- ကို၊ တတ္ထ တေသု ကုသလာကုသလေသု-တို့၌၊ သမနုယုဉ္ဇေယျုံ-အယူကို အဘန်ဘန်မေးစိစစ်ကုန်ရာ၏၊ သမနုဂါဟေယျုံ-အယူ၏အကြောင်းကိုအဘန်ဘန်မေးစိစစ်ကုန်ရာ၏၊သမနုဘာသေယျုံ-အဆုံးအမပေး၍ အဘန်ဘန်မေးစိစစ်ကုန်ရာ၏။

**= ယေ မံ တတ္ထ သမနုယုဉ္ဇေယျုံ သမနုဂါဟေယျုံ သမနုဘာသေယျုံ၊ တေသာဟံ န သမ္ပာယေယျံ။ ယေသာဟံ န သမ္ပာယေယျံ၊ သော မမဿ ဝိဃာတော၊ ယော မမဿ ဝိဃာတော၊ သော မမဿ အန္တရာယော ။(ပါ၊၂၅။ပါ-သျှ၊၁၁၉။ )**

**<u>အနက်ပေး</u>**

ယေ သမဏဗြာဟ္မဏာ-တို့သည်၊ မံ-ကို၊ တတ္ထ တေသု ကုသလာကုသလေသု-တို့၌၊ သမနုယုဉ္ဇေယျုံ-ကုန်ရာ၏၊ သမနုဂါဟေယျုံ-ကုန်ရာ၏၊ သမနုဘာသေယျုံ-ကုန်ရာ၏၊ တေသံ သမဏဗြာဟ္မဏာနံ-တို့အား၊ အဟံ- သည်၊ န သမ္ပာယေယျံ- မပြေ့စုံစေနိုင်ရာ၊ (ဝါ) ပြည့်စုံစွာ မဖြေဆိုနိုင်ရာ။ ယေသံ သမဏဗြာဟ္မဏာနံ-တို့အား၊အဟံ-သည်၊ နသမ္ပာယေယျံ-ရာ၊ တေသံ သမဏဗြာဟ္မဏာနံ-တို့အား ၊ယံ အသမ္ပာယနံ-သည်၊ အဿ-ရာ၏၊ သော-ထိုမပြည့်စုံစေနိုင်ခြင်းသည်၊ (ဝါ) ထိုပြည့်စုံစွာမဖြေဆိုနိုင်ခြင်းသည်၊ မမ-အား၊ ဝိဃာတော-ကိုယ်ကို ညှင်းဆဲနှိပ်စက်တတ်သော ဆင်းရဲခြင်းသည်၊ အဿ-၏၊ ယော ဝိဃာတော-သည်၊မမ-အား၊အဿ-၏၊သောဝိဃာတော-သည်၊မမ-အား၊ အန္တရာယော-သည်၊အဿ-၏ ။

**၆၅။ ယထာ ဝါ ပနေကေ ဘောန္တော သမဏဗြာဟ္မဏာ** — 

**၆၅။ ယထာ ဘိက္ခဝေ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ မန္ဒော ဟောတိ မောမူဟော၊ သော မန္ဒတ္တာ မောမူဟတ္တာ တတ္ထ တတ္ထ ပဉှံ ပုဋ္ဌော သမာနော ဝါစာဝိက္ခေပံ အာပဇ္ဇတိ အမရာဝိက္ခေပံ ။(ပါ၊၂၅။ပါ-သျှ၊၁၁၉ ။)**

**<u>အနက်ပေး</u>**

ဘိက္ခဝေ-တို့၊ယထာ ယထာသမ္ဘိ လောကေ၌၊ဧကစ္စော-သော၊သမဏော ဝါ-သည်သော်

http://www.dhammadownload.com



လည်းကောင်း၊ဗြာဟ္မဏော ဝါ–သည်သော်လည်းကောင်း၊ မန္ဒော–နုံနဲ့သောပညာရှိသည်၊ မောမူဟော–အလွန်တွေဝေသည်၊ဟောတိ–၏၊ တဿ သမဏဿ ဝါ–ထိုရဟန်း၏သော် လည်းကောင်း၊ တဿ ဗြာဟ္မဏဿ ဝါ– ထိုပုဏ္ဏား၏သော်လည်းကောင်း၊ မန္ဒတ္တာ–နုံနဲ့သော ပညာရှိသည်၏အဖြစ်ကြောင့်၊ မောမူဟတ္တာ–အလွန်တွေဝေသည်၏အဖြစ်ကြောင့်၊ သော သမဏော ဝါ–သော်လည်းကောင်း၊ သော ဗြာဟ္မဏော ဝါ–သော်လည်းကောင်း၊ တတ္ထ တတ္ထ တသ္မိံ တသ္မိံ ဌာနေ–၌၊ပဉှံ–ကို၊ပုဋ္ဌော–သည်၊ သမာနော–သော်၊ဝါစာဝိက္ခေပံ–သို့၊ အမရာဝိက္ခေပံ–အပိုင်းအခြားမရှိသော အယူစကားဖြင့် တစ်ပါးသောသူတို့၏ အယူဝါဒကို အထူးထူး အပြားပြားပစ်ချခြင်းသို့၊ အာပဇ္ဇတိ–၏ ။

## ◆ အဓိစ္စသမုပ္ပန္နဝါဒ ကထာ ◆

၆၇။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ အဓိစ္စသမုပ္ပန္နိကာ အဓိစ္စသမုပ္ပန္နံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ ဒွီဟိ ဝတ္ထူဟိ ။(ပါ၊၂၆။ပါ–သျှ။၁၂၅။ )

အနက်ပေး

ဘိက္ခဝေ–တို့၊ ဧကေ–ကုန်သော၊ အဓိစ္စသမုပ္ပန္နိကာ–အကြောင်းကိုလွန်၍ အတ္တ လောကသည် ဖြစ်၏ဟူသော အယူရှိကြကုန်သော၊ (ဝါ)အကြောင်းကိုမစွဲမူ၍ အတ္တလောက သည် ဖြစ်၏ဟူသော အယူရှိကြကုန်သော၊ယေ သမဏဗြာဟ္မဏာ–တို့သည်၊ ဒွီဟိ–ကုန် သော၊ ဝတ္ထူဟိ–တို့ဖြင့်၊ အတ္တာနဉ္စ–အတ္တကိုလည်းကောင်း၊ လောကဉ္စ–ကိုလည်းကောင်း၊ အဓိစ္စသမုပ္ပန္နံ–အကြောင်းကင်းလျက်ဖြစ်၏ဟူ၍၊ပညပေန္တိ–ပညတ်ကြကုန်၏၊ (ဝါ)အပြား အားဖြင့်သိစေကြကုန်၏ ။

၆၈။ သော ဧဝမာဟ "အဓိစ္စသမုပ္ပန္နော အတ္တာ စ လောကော စ၊တံ ကိဿ ဟေတု၊အဟံ ဟိ ပုဗ္ဗေ နာဟောသိံ ၊သောမှိ ဧတရဟိ အဟုတွာ သန္တတာယ ပရိဏတော"တိ။(ပါ၊၂၇။ ပါ–သျှ၊၁၂၆။)

http://www.dhammadownload.com



**အနက်ပေး**

သော သတ္တော–သည်၊ ဝေ–သို့၊ အာဟ–၏၊ (ကိံ)၊ အတ္တာစ–သည်လည်းကောင်း၊ လောကောစ–သည်လည်းကောင်း၊ အဓိစ္စသမုပ္ပန္နော–အကြောင်းကို လွန်၍ဖြစ်၏၊ (ဝါ) အကြောင်းကင်းလျက်ဖြစ်၏၊ကိဿဟေတု–ကြောင့်။ပ။အဓိစ္စသမုပ္ပန္နော–သနည်း၊ဟိ ယသ္မာ–ကြောင့်၊ အဟံ–သည်၊ ပုဗ္ဗေ–ရှေးဘဝ၌၊ (ဝါ) ရှေးဘဝက၊ န အဟောသိ – မဖြစ်ဘူးခဲ့၊(ဝါ) ဖြစ်ခဲ့ဘူးသည်မဟုတ်ခဲ့၊သောအဟံ–ထိုငါသည်၊ဧတရဟိ–ဤအခါ၌၊(ဝါ)ယခုအခါ၌၊ပုဗ္ဗေ–၌၊(ဝါ)က၊အဟုတွာ–မဖြစ်မူ၍၊(ဝါ)မဖြစ်ဘဲ၊သန္တတာယ– ငြိမ်းအေးသည်၏အဖြစ်ဟူသော အကျိုးငှါ၊ ပရိဏတော–ညွတ်သည်၊ အမှိ–ဖြစ်ခဲ့၏၊ ဣတိ တသ္မာ–ကြောင့်၊ အတ္တာစ–သည် လည်းကောင်း။ပ။အဓိစ္စသမုပ္ပန္နော–၏။(ဣတိ အာဟ)။

## ♣ သညီဝါဒကထာ ♣

၇၅။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥဒ္ဓမာဃာတနိကာ သညီဝါဒါ ဥဒ္ဓမာဃာတနံ သညီံ အတ္တာနံ ပညပေန္တိ သောဠသဟိ ဝတ္ထူဟိ ။(ပါ၊၂၈။ပါ–သျှ၊၁၂၉။)

**အနက်ပေး**

ဘိက္ခဝေ–တို့၊ဧကေ–ကုန်သော၊ဥဒ္ဓမာဃာတနိကာ–သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အတ္တကို ပြောဆိုတတ်ကြကုန်သော၊ (ဝါ) သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌ အတ္တရှိ၏ ဟုပြောဆိုတတ်ကြကုန်သော၊သညီဝါဒါ–သညာရှိ၏ဟုပြောဆို တတ်ကြကုန်သော၊(ဝါ)သညာရှိ၏ဟု ပြောဆိုကြောင်းဖြစ်သော အယူရှိကြကုန်သော၊ဃေ သမဏဗြာဟ္မဏာ–တို့သည်၊ သောဠသဟိ–ကုန်သော၊ ဝတ္ထူဟိ–တို့ဖြင့်၊ အတ္တာနံ–ကို၊ဥဒ္ဓမာဃာတနံ– သေသည်မှ အထက်ဖြစ်သော နောက်ကာလ၌၊ သညိံ–သညာရှိ၏ ဟူ၍၊ ပညပေန္တိ–ကုန်၏။

၇၆။ ရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊သညီတိ နံ ပညပေန္တိ၊အရူပီ အတ္တာ ဟောတိ အရောဂေါ ပရံ မရဏာ၊သညီတိ နံ ပညပေန္တိ။(ပါ၊၂၉။ပါ–သျှ၊၁၂၉။)

http://www.dhammadownload.com



<u>အနက်ပေး</u>

ရူပီ–ကသိုဏ်းရုပ်ရှိသော၊ (ဝါ) ဘောက်ပြန်ခြင်း သဘောရှိသော၊ အတ္တာ–အတ္တသည်၊ မရဏာ–သေရာအခါမှ၊ ပရံ–နောက်၌၊ အရောဂေါ–ရောဂါမရှိသည်၊(ဝါ)ပျက်စီးခြင်းမရှိသည်၊ (ဝါ)မြဲသည်၊ သညီ–သညာရှိသည်၊ဟောတိ–၏၊ဣတိ–သို့၊ နံ အတ္တာနံ–ကို၊ပညပေန္တိ–ကုန်၏၊ အရူပီ–ကသိုဏ်းရုပ်မရှိသော၊(ဝါ)ဘောက်ပြန်ခြင်းသဘောမရှိသော၊အတ္တာ–သည်၊ မရဏာ–မှ၊ ပရံ–၌၊ အရောဂေါ–သည်၊ သညီ–သည်၊ ဟောတိ–၏၊ ဣတိ–သို့၊ နံ အတ္တာနံ–ကို၊ပညပေန္တိ–ကုန်၏။

## ♠ ဥစ္ဆေဒဝါဒကထာ ♠

၈၄။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဥစ္ဆေဒဝါဒါ သတော သတ္တဿ ဥစ္ဆေဒံ ဝိနာသံ ဝိဘဝံ ပညပေန္တိ သတ္တဟိ ဝတ္ထူဟိ ။(ပါ၊၃၀။ပါ–သျှ၊၁၃၃။)

<u>အနက်ပေး</u>

ဘိက္ခဝေ–တို့၊ ဧကေ–ကုန်သော၊ဥစ္ဆေဒဝါဒါ–အတ္တသည်သေသည်မှ နောက်ကာလ၌ ပြတ်၏ဟု ပြောဆိုစတတ်ကြကုန်သော၊(ဝါ)အတ္တသည် သေသည်မှနောက်ကာလ၌ပြတ်၏ဟု ပြောဆိုကြောင်းအယူရှိကြကုန်သော၊ ယေ သမဏဗြာဟ္မဏာ–တို့သည်၊ သတ္တဟိ–ကုန်သော၊ဝတ္ထူဟိ–တို့ဖြင့်၊ သတော–ထင်ရှားရှိသော၊သတ္တဿ–၏၊ဥစ္ဆေဒံ–နောက်၌ပြတ်ခြင်း ကို၊ဝိနာသံ–ပျက်စီးခြင်းကို၊ ဝိဘဝံ–ဘဝမှ ကင်းခြင်းကို၊ (ဝါ) သဘောမှ ကင်းခြင်းကို၊ ပညပေန္တိ–ကုန်၏ ။

၈၅။ ယတော ခေါ ဘော အယံ အတ္တာ ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇတိ ဝိနဿတိ၊န ဟောတိ ပရံ မရဏာ၊ဧတ္တာဝတာ ခေါ ဘော အယံ အတ္တာ သမ္မာ သမုစ္ဆိန္နော ဟောတိ ။(ပါ၊၃၁။ပါ–သျှ၊၁၃၃။)

<u>အနက်ပေး</u>

ဘော–အချင်းတို့၊ ယတော–အကြင်အကြောင်းကြောင့်၊ ရူပီ–ရုပ်ရှိသော၊ စာတု–

http://www.dhammadownload.com



မဟာဘုတိဧကော–လေးပါးသော မဟာဘုတ်ဖြင့်ပြီးသော၊ (ဝါ) လေးပါးသောမဟာဘုတ် ကြောင့် ဖြစ်သော၊(ဝါ)လေးပါးသော မဟာဘုတ်ကို မှီ၍ဖြစ်သော၊မာတာပေတ္တိကသမ္ဘဝေါ– အမိ အဘတို့၏သုတ်သွေးကြောင့် ကောင်းစွာဖြစ်သော၊ အယံ အတ္တာ– ဤလူ့ပြည်၌ဖြစ် သော အတ္တသည်၊ ကာယဿ–ဥပါဒိန္နကခန္ဓာကိုယ်၏၊ ဘေဒါ–ပျက်ရာဖြစ်သော၊ မရဏာ– သေရာအခါမှ၊ ပရံ–နောက်၌၊ဥစ္ဆိဇ္ဇတိ–ပြတ်ရလေတော့၏၊ ဝိနဿတိ–ပျက်စီးရလေတော့ ၏၊ န ဟောတိ–ဖြစ်တော့သည်မဟုတ်၊ဘော–အချင်းတို့၊တ္တောဝတာ–ဤမျှလောက်အတိုင်း အရှည်ရှိသောလူ့ပြည်၌ဖြစ်သောအတ္တ၏ပြတ်ခြင်းဟူသောအကြောင်းကြောင့်၊အယံအတ္တာ –ဤအတ္တသည်၊သမ္မာ–ကောင်းစွာ၊ သမုစ္ဆိန္နော–အကြွင်းမဲ့ပြတ်သည်၊ဟောတိ–၏။

**၈၆။ အတ္ထိ ခေါ ဘော ဧသော အတ္တာ၊ယံ တွံ ဝဒေသိ၊နေသော နတ္ထီတိ ဝဒါမိ၊နော စ ခေါ ဘော အယံ အတ္တာ ဧတ္တာဝတာ သမ္မာ သမုစ္ဆိန္နော ဟောတိ။(ပါ၊၃၂။ပါ–သျှ၊၁၃၄။)**

<u>**အနက်ပေး**</u>

ဘော–အို အမောင် ၊ယံ အတ္တာနံ–အကြင်လူ့ပြည်၌ဖြစ်သော အတ္တကို၊ တွံ–သည်၊ ဝဒေသိ–ပြောဆိုခဲ့၏၊ ဧသော အတ္တာ–ဤလူ့ပြည်၌ဖြစ်သော အတ္တသည်၊နတ္ထိ–မရှိ၊ ဣတိ– သို့၊ အဟံ–သည်၊န ဝဒါမိ–မပြောဆိုရပါ၊ (ဝါ)ပြောဆိုရသည်မဟုတ်ပါ၊ဘော–အို အမောင်၊ ခေါ–အဟုတ်အမှန်ကား၊အယံ အတ္တာ–ဤလူ့ပြည်၌ဖြစ်သောအတ္တသည်၊တ္တောဝတာ–ဤမျှ လောက် အတိုင်းအရှည်ရှိသော လူ့ပြည်၌ဖြစ်သော အတ္တ၏ ပြတ်ခြင်းဟူသော အကြောင်း ကြောင့်၊ သမ္မာ–စွာ၊ သမုစ္ဆိန္နော–သည်၊ နော စ ဟောတိ–ဖြစ်သည်လည်းမဟုတ်။

**= အတ္ထိ ခေါ ဘော အညော အတ္တာ ဒိဗ္ဗော ရူပီ ကာမာဝစရော ကဗဠီကာရဘက္ခော၊ တံ တွံ န ဇာနာသိ န ပဿသိ၊တမဟံ ဇာနာမိ ပဿာမိ ။ (ပါ၊၃၂။ပါ–သျှ၊၁၃၄။)**

<u>**အနက်ပေး**</u>

ဘော–အို အမောင်၊အညော–လူ့ပြည်၌ဖြစ်သောအတ္တမှ တစ်မျိုးတစ်ခြားတစ်ပါး သော၊ ဒိဗ္ဗော–နတ်ပြည်၌ဖြစ်သော၊ရူပီ–သော၊ ကာမာဝစရော–ခြောက်ထပ်သော ကာမာ–

http://www.dhammadownload.com



ဝစရနုတ်ပြည်၌ဖြစ်သော၊ကဗဋီကာရာဟာရဘက္ခာ–ကဗဋီကာရာဟာရကိုစားတတ်သော၊အတ္တာ–သည်၊ အတ္ထိ ခေါ–ရှိပေသေးသည်သာ၊ တံအတ္တာနံ–ထိုနတ်ပြည်ခြောက်ထပ်၌ဖြစ်သော အတ္တကို၊တွံ–သည်၊န ဇာနာသိ–မသိရှာခဲ့၊ နပဿသိ–မမြင်ရှာခဲ့၊တံအတ္တာနံ–ခြောက်ထပ်သော နတ်ပြည်၌ဖြစ်သော အတ္တကို၊ အဟံ–သည်၊ ဇာနာမိ–သိရပေ၏၊ပဿာမိ–မြင်ရပေ၏။

**၈၇။ အတ္ထိ ခေါ ဘော အညော အတ္တာ ဒိဗ္ဗော ရူပီ မနောမယော သဗ္ဗင်္ဂပစ္စင်္ဂီ အဟီနိန္ဒြိယော၊ တံ တွံ န ဇာနာသိ န ပဿသိ၊ တမဟံ ဇာနာမိ ပဿာမိ ။(ပါ၊၃၁။ပါ–သျ၊၁၃၅။)**

**<u>အနက်ပေး</u>**

ဘော–အို အမောင်၊ အညော–နတ်ပြည်ခြောက်ထပ်၌ ဖြစ်သော အတ္တမှ တစ်မျိုးတစ်ခြား တစ်ပါးသော၊ ဒိဗ္ဗော–ဗြဟ္မာ့ပြည်၌ဖြစ်သော၊ ရူပီ–သော၊မနောမယော–စျာန်စိတ်ဖြင့် ပြီးသော၊ (ဝါ) စျာန်စိတ်ကြောင့်ဖြစ်သော၊ သဗ္ဗင်္ဂပစ္စင်္ဂီ–အလုံးစုံသော အင်္ဂါကြီးငယ်ရှိသော၊ (ဝါ) အလုံးစုံသော အင်္ဂါကြီးငယ်နှင့်ယှဉ်သော၊ အဟီနိန္ဒြိယော–မယုတ်လျော့သော ဣန္ဒြေရှိသော၊အတ္တာ–သည်၊ အတ္ထိ ခေါ–ရှိပေသေးသည်သာ၊ တံ အတ္တာနံ–ထိုဗြဟ္မာ့ပြည်၌ ဖြစ်သော အတ္တကို၊ တွံ –သည်၊ န ဇာနာသိ–ခဲ့၊ န ပဿသိ–ခဲ့၊ တံ အတ္တာနံ–ထိုဗြဟ္မာ့ပြည်၌ ဖြစ်သော အတ္တကို၊အဟံ–သည်၊ဇာနာမိ–ပေ၏၊ပဿာမိ–ပေ၏ ။

## ♣ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒ ကထာ ♣

**၉၃။ သန္တိ ဘိက္ခဝေ ဧကေ သမဏဗြာဟ္မဏာ ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ သတော သတ္တဿ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပညပေန္တိ ပဉ္စဟိ ဝတ္ထူဟိ ။(ပါ၊၃၃။ပါ–သျ၊၁၃၉။ )**

**<u>အနက်ပေး</u>**

ဘိက္ခဝေ–တို့၊ဧကေ–ကုန်သော၊ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ–မျက်မှောက်ထင်ထင်ရှုမြင်အပ်သော သဘောဟုဆိုအပ်သော ပစ္စက္ခအတ္တဘော၌ ဒုက္ခ၏ငြိမ်းအေးခြင်းကို ပြောဆိုတတ်ကြကုန်သော၊ ယေ သမဏဗြာဟ္မဏာ–တို့သည်၊ပဉ္စဟိ–ကုန်သော၊ဝတ္ထူဟိ–တို့ဖြင့်၊သတော–

http://www.dhammadownload.com



ထင်ရှားရှိသော၊ သတ္တသဿ-၏၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ-မြတ်သော မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောဟုဆိုအပ်သောပစ္စက္ခအတ္တဘော၌ ဒုက္ခ၏ငြိမ်းအေးခြင်းကို၊ ပညပေန္တိ-ကုန်၏၊ ဧကေ-ကုန်သော ၊ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒါ-ကုန်သော၊ တေ သမဏဗြာဟ္မဏာ-တို့သည်၊ သန္တိ-ကုန်၏ ။

၉၄။ ယတော ခေါ ဘော အယံ အတ္တာ ပဉ္စဟိ ကာမဂုဏေဟိ သမပ္ပိတော သမင်္ဂီဘူတော ပရိစာရေတိ၊ဧတ္တာဝတာ ခေါ ဘော အယံ အတ္တာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတိ။ (ပါ၊၃၃။ပါ-သျ၊၁၄၀။ )

အနက်ပေး

ဘော-တို့၊ယတော-ကြောင့်၊အယံအတ္တာ-ဤအတ္တသည်၊ပဉ္စဟိ-ကုန်သော၊ကာမ-ဂုဏေဟိ-ကာမဂုဏ်တို့နှင့်၊ သမပ္ပိတော-ပြည့်စုံသည်၊ (ဝါ)ငြိကပ်သည်၊ သမင်္ဂီဘူတော-ပြည့်စုံသည်ဖြစ်၍ ဖြစ်သည်၊ ဟုတ္ဝာ-၍၊ ပရိစာရေတိ-ဣန္ဒြေတို့ကို ထိုမှ ဤမှ လှည့်လည်ကျက်စားစေ၏၊(ဝါ)မြူးထူးပျော်ပါးကစား၏။

ဘော-တို့၊ ဧတ္တာဝတာ ခေါ-ဤမျှလောက် အတိုင်းအရှည်ရှိသော ငါးပါးသော ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မြူးထူး ပျော်ပါးကစားခြင်းဟူသော ဤအကြောင်းကြောင့်သာလျှင်၊အယံ အတ္တာ-သည်၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ-မြတ်သော မျက်မှောက်ထင်ထင် ရှုမြင်အပ်သော သဘောဟုဆိုအပ်သော ပစ္စက္ခအတ္တဘော၌ ဒုက္ခ၏ ငြိမ်းအေးခြင်းသို့၊ ပတ္တော-သည်၊ဟောတိ-၏။

၉၅။ အတ္ထိ ခေါ ဘော ဧသော အတ္တာ၊ယံ တွံ ဝဒေသိ၊နေသော နတ္ထီတိ ဝဒါမိ၊နော စ ခေါ ဘော အယံ အတ္တာ ဧတ္တာဝတာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတိ၊တံ ကိဿဟေတု၊ ကာမာ ဟိ ဘော အနိစ္စာ ဒုက္ခာ ဝိပရိဏာမဓမ္မာ၊တေသံ ဝိပရိဏာမညထာဘာဝါ ဥပ္ပဇ္ဇန္တိ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ။(ပါ၊၃၃။ပါ-သျ၊၁၄၀။)

အနက်ပေး

ဘော-အို အမောင်၊ ယံ အတ္တာနံ-အကြင်ငါးပါးသော ကာမဂုဏ်တို့နှင့်ပြည့်စုံသည်

http://www.dhammadownload.com



ဖြစ်၍ မွေ့လျော်ပျော်ပါး ကစားသော ကာမာဝစရအတ္တကို၊တွံ–သည်၊ဝဒေသိ–ပြောဆိုခဲ့၏၊ ဧသော အတ္တာ–ဤငါးပါးသော ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မွေ့လျော်ပျော်ပါး ကစားရသော ကာမာဝစရအတ္တသည်၊အတ္ထိ ခေါ–ပေသည်သာ၊ဧသော အတ္တာ–သည်၊နတ္ထိ–မရှိ၊ ဣတိ–သို့၊ အဟံ–သည်၊န ဝဒါမိ–မဟုတ်ပါ။

ဘော–အို အမောင်၊ ခေါ –ကား၊ အယံ အတ္တာ–ဤငါးပါးသော ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မွေ့လျော်ပျော်ပါး ကစားရသော အတ္တသည်၊ ဧတ္တာဝတာ– ဤမျှလောက် အတိုင်းအရှည်ရှိသော ငါးပါးသော ကာမဂုဏ်တို့နှင့် ပြည့်စုံသည်ဖြစ်၍ မွေ့လျော်ပျော်ပါး ကစားရခြင်းဟူသော အကြောင်းကြောင့်၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်–သို့၊ ပတ္တော–သည်၊ နော စ ဟောတိ–ဖြစ်သည်လည်းမဟုတ်၊ ကိဿဟေတု–အကြောင်း ။ပ။ နော စ ဟောတိ–သနည်း၊ ဘော–အို အမောင်၊ဟိယသ္မာ–ကြောင့်၊ကာမာ–ဝတ္ထုကာမ,ကိလေသကာမတို့သည်၊အနိစ္စာ – ဖြစ်ပြီး၍ ထင်ရှားမရှိခြင်းကြောင့် မမြဲကုန်၊ ဒုက္ခာ–ဖြစ်ခြင်း,ပျက်ခြင်း ဘေးအပေါင်းတို့ သည် အမြဲမပြတ် နှိပ်စက်နေခြင်းကြောင့် ဆင်းရဲကုန်၏၊ဝိပရိဏာမဓမ္မာ–နှစ်ပါးသောဇရာ မရဏတို့သည်ဘောက်ပြန်စေအပ်သည်၏အဖြစ်ဟူသောသဘောရှိကုန်၏၊တေသံကာမာနံ –ထိုဝတ္ထုကာမ,ကိလေသကာမတို့၏၊ ဝိပရိဏာမညထာဘာဝါ–ဘောက်ပြန်ခြင်းဟု ဆိုအပ် သော တစ်ပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းကြောင့်၊သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ–စိုးရိမ်ပူဆွေးခြင်း,ငိုကြွေးမြည်တမ်းခြင်း,ကိုယ်၏ဆင်းရဲခြင်း,စိတ်၏ ဆင်းရဲ ခြင်း ,ပြင်းစွာပင်ပန်းခြင်းတို့သည်၊ ဥပ္ပဇ္ဇန္တိ–ကုန်၏၊ တသ္မာ–ကြောင့်၊ အယံ အတ္တာ–သည် ။ပ။နော စ ဟောတိ–ဖြစ်သည်လည်းမဟုတ်ခဲ့ ။

## ၉၆။ တံ ကိဿ ဟေတု၊ယဒေဝ တတ္ထ ဝိတက္ကိတံ ဝိစာရိတံ၊ဧတေနေတံ ဩဠာရိကံ အက္ခာယတိ။ (ပါ၊၃၄။ပါ–သျှ၊၁၄၁။)

<u>**အနက်ပေး**</u>

ကိဿဟေတု–ကြောင့်၊ အယံအတ္တာ–သည်၊ ဧတ္တာဝတာ–ကြောင့်၊ ပရမဒိဋ္ဌဓမ္မနိဗ္ဗာန်–သို့၊ ပတ္တော–သည်၊ နော စ ဟောတိ– မဟုတ်သနည်း၊ ယသ္မာ– ကြောင့် တတ္ထ တသ္မိံ

http://www.dhammadownload.com



ပဌမဈ္ဈာနေ–ထိုပဌမစျာန်၌၊ ယဒေဝ ယံဝေ ဝိတက္ကိတံ–အကြင်ဝိတက်သည်သာလျှင်လည်းကောင်း၊ ယဒေဝ ယံဝေ ဝိစာရိတံ–အကြင်ဝိစာရသည်သာလျှင်လည်းကောင်း၊ အတ္ထိ–၏၊ ဧတေန ဝိတက္ကိတေန–ဖြင့်လည်းကောင်း၊ (ဝါ)ကြောင့်လည်းကောင်း၊ ဧတေန ဝိစာရေန–ဖြင့်လည်းကောင်း၊(ဝါ)ကြောင့်လည်းကောင်း၊ ဧတံပဌမဈ္ဈာနံ–ကို၊ဩဠာရိကံ–ရုန့်ရင်းကြမ်းတန်း၏ဟူ၍၊ အက္ခာယတိ–ဆိုအပ်၏၊ တသ္မာ–ကြောင့်၊ အယံ အတ္တာ–သည် ။ပ။ နော စ ဟောတိ–မဟုတ်။

**၉၇။ နော စ ခေါ ဘော အယံ အတ္တာ ဧတ္တာဝတာ ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ ပတ္တော ဟောတိ၊ တံ ကိဿ ဟေတု၊ ယဒေဝ တတ္ထ ပီတိဂတံ စေတသော ဥပ္ပိလာဝိတတ္တံ၊ဧတေနေတံ ဩဠာရိကံ အက္ခာယတိ ။(ပါ၊၃၄။ပါ–သျ၊၁၄၂။)**

<u>အနက်ပေး</u>

ဘော–အို အမောင်၊ခေါ–ကား၊အယံအတ္တာ –ဤဒုတိယစျာန်သို့ ရောက်၍နေသော ရူပါဝစရအတ္တသည်၊ ဧတ္တာဝတာ–ဤမျှလောက် အတိုင်းအရှည်ရှိသော ဒုတိယစျာန်သို့ ရောက်၍နေခြင်းဟူသော အကြောင်းကြောင့်၊ပရမဒိဋ္ဌဓမ္မနိဗ္ဗာနံ–သို့၊ပတ္တော–သည်၊နော စ ဟောတိ–မဟုတ်၊ကိဿဟေတု–အယံ အတ္တာ–သည်။ပ။ နော စ ဟောတိ–မဟုတ်သနည်း၊ ယသ္မာ–ကြောင့်၊တတ္ထ တသ္မိံ ဈာနေ–ထိုဒုတိယစျာန်၌၊ယဒေဝပီတိဂတံ–အကြင်ပီတိသည်သာလျှင်၊စေတသော–စိတ်၏၊ယဒေဝဥပ္ပိလာဝိတတ္တံ–အကြင်ဖြစ်သောပေါ်လောပေါ်သော ပီတိရှိသော စိတ်၏ဖြစ်ကြောင်း, ဖြစ်ရာဖြစ်သော ပီတိသည်သာလျှင်၊ အတ္ထိ–၏၊ ဧတေန ပီတိဂတေန–ဤပီတိဖြင့်၊ (ဝါ) ကြောင့်၊ ဧတေန ဥပ္ပိလာဝိတတ္တေန– ဤဖြစ်သော ပေါ်လော ပေါ်သော ပီတိရှိသော စိတ်၏ဖြစ်ကြောင်း ဖြစ်ရာဖြစ်သောပီတိဖြင့်၊(ဝါ)ကြောင့်၊ ဧတံ ဈာနံ–ဤဒုတိယစျာန်ကို၊ ဩဠာရိကံ–ဟူ၍၊ အက္ခာယတိ–အပ်၏၊ တသ္မာ–ကြောင့်၊ အယံ အတ္တာ–သည်။ပ။နော စ ဟောတိ–မဟုတ် ။

**၉၈။ တံ ကိဿ ဟေတု၊ယဒေဝ တတ္ထ သုခမိတိ စေတသော အာဘောဂေါ၊ဧတေနေတံ ဩဠာရိကံ အက္ခာယတိ။(ပါ၊၃၄။ပါ–သျ၊၁၄၄။)**

http://www.dhammadownload.com



<u>**အနက်ပေး**</u>

ကိံဿ ဟေတု–ကြောင့်၊အယံ အတ္တာ–သည်၊တ္တောဝတာ–ကြောင့်၊ ပရမဒိဋ္ဌဓမ္မ–နိဗ္ဗာနံ–သို့၊ ပတ္တော–သည်၊ နော စ ဟောတိ–သနည်း၊ယသ္မာ–ကြောင့်၊တတ္ထ တသ္မိံ ဈာနေ–ထို တတိယဈာန်၌၊ သုခံ ဣတိ– သုခဟူ၍၊ စေတသော– စိတ်၏၊ ယဒေဝ ယောဝေ အာဘောဂေါ–အကြင်နှလုံးသွင်းခြင်းသည်သာလျှင်၊ အတ္ထိ–၏၊ တေနအာဘောဂေန–ဤ သုခဟူ၍နှလုံးသွင်းခြင်းဖြင့်၊(ဝါ)ကြောင့်၊ဧတံ ဈာနံ–ဤတတိယဈာန်ကို၊ဩဠာရိကံ–ဟူ၍၊ အက္ခာယတိ–အပ်၏၊တသ္မာ–ကြောင့်၊အယံ အတ္တာ–သည်။ပ။နော စ ဟောတိ–မဟုတ်။

## ပရိတဿိတဝိပ္ဖန္ဒိတဝါရကထာ

**၁၀၅။ တဒပိ တေသံ ဘဝတံ သမဏဗြာဟ္မဏာနံ အဇာနတံ အပဿတံ ဝေဒယိတံ တဏှာဂတာနံ ပရိတဿိတဝိပ္ဖန္ဒိတမေဝ။(ပါ၊၃၆။ပါ–သျ၊၁၄၇။)**

<u>**အနက်ပေး**</u>

ဘဝတံ–အရှင်ဖြစ်ကြကုန်သော၊**အဇာနတံ**–ဟုတ်မှန်သောသဘောကိုမသိကြကုန်သော၊ **အပဿတံ**– ဟုတ်မှန်သော သဘောကို မမြင်တတ်ကြကုန်သော၊ တေသံသမဏ–ဗြာဟ္မဏာနံ–တို့၏၊ တဒပိ တံ အပိ ဝေဒယိတံ–ထို ဝေဒနာသည်လည်း၊ (ဝါ) ထိုခံစားခြင်းသည်လည်း၊တဏှာဂတာနံ–တဏှာဖြင့် ကပ်ရောက်တတ်ကြကုန်သော၊(ဝါ)တဏှာဖြင့် ဖြစ်တတ်ကြကုန်သော၊သမဏဗြာဟ္မဏာနံ–တို့၏၊ဝေဒယိတံ–ဝေဒနာပေတည်း၊(ဝါ)ခံစားခြင်းပေတည်း၊ တဒပိ တံအပိ ဝေဒယိတံ–ထိုဝေဒနာသည်လည်း၊ (ဝါ) ထိုခံစားခြင်းသည်လည်း၊ ပရိတဿိတဝိပ္ဖန္ဒိတမေဝ–ဒိဋ္ဌိ,တဏှာဟုဆိုအပ်သောတောင့်တ တုန်လှုပ်ခြင်းဖြင့် တုန်လှုပ်သည်သာ ။ **(တစ်နည်း)** ဘဝတံ–ကုန်သော၊တေသံ သမဏဗြာဟ္မဏာနံ–တို့၏၊တဒပိ တံ အပိ ဝေဒယိတံ–ထိုသုံးပါးသော ဝေဒနာသည်လည်း၊**အဇာနတံ**–ဒုက္ခ,သလ္လ,အနိစ္စအားဖြင့် မသိတတ်ကြကုန်သော၊ (ဝါ)သမုဒယ, အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏအားဖြင့် မသိတတ်ကြကုန်သော၊ **အပဿတံ–ဒုက္ခ, သလ္လ, အနိစ္စအား**ဖြင့် မမြင်တတ်ကြကုန်သော၊

http://www.dhammadownload.com



(ဝါ) သမုဒယ,အတ္ထင်္ဂမ, အဿာဒ, အာဒီနဝ, နိဿရဏအားဖြင့် မမြင်တတ်ကြကုန်သော၊ သမဏဗြာဟ္မဏာနံ–တို့အားသာ၊ ဟောတိ–၏၊ တတော ဧဝ–ထိုသို့သုံးပါးသော ဝေဒနာ၏ မသိမမြင်တတ်ကြကုန်သော ရဟန်းပုဏ္ဏားတို့အားသာ ဖြစ်သည်၏အဖြစ်ကြောင့်သာလျှင်၊ တဏှာဂတာနံ–ကုန်သော၊ သမဏဗြာဟ္မဏာနံ–တို့အား၊ (ဝါ) တို့၏၊ ပရိတဿိတဝိပ္ဖန္ဒိတ– မေဝ–တဏှာတည်းဟူသော တောင့်တ တုန်လှုပ်ခြင်းဖြင့် ဒိဋ္ဌိတည်းဟူသော တုန်လှုပ်ခြင်း သည်သာလျှင်၊ဟောတိ–၏။

## နေတံ ဌာနံ ဝိဇ္ဇတိ ဝါရ ကထာ

၁၃၁။ တတြ ဘိက္ခဝေ ယေ တေ သမဏဗြာဟ္မဏာ သဿတဝါဒါ သဿတံ အတ္တာနဉ္စ လောကဉ္စ ပညပေန္တိ စတူဟိ ဝတ္ထူဟိ၊တေ ဝတ အညတြ ဖဿာ ပဋိသံ– ဝေဒိဿန္တီတိ နေတံ ဌာနံ ဝိဇ္ဇတိ ။(ပါ၊၃၉။ပါ–သျှ၊၁၅၅။)

အနက်ပေး

ဘိက္ခဝေ–တို့၊တတြ တေသု သမဏဗြာဟ္မဏေသု–တို့တွင်၊ သဿတဝါဒါ–ကုန် သော၊ယေတေသမဏဗြာဟ္မဏာ–တို့သည်၊ယေန ဝေဒယိတေန–ဖြင့်၊သောမနဿဇာတာ– ကုန်သည်၊ ဟုတ္ဝာ–ကုန်၍၊ စတူဟိ–ကုန်သော၊ ဝတ္ထူဟိ–တို့ဖြင့်၊ အတ္တာနဉ္စ။ပ။ ကိုလည်း ကောင်း ၊သဿတံ–ဟူ၍၊ ပညပေန္တိ–ကုန်၏၊ တေ သမဏဗြာဟ္မဏာ–တို့သည်၊ ဝတ– စင်စစ် ဧကန် အမှန်အားဖြင့်၊ ဖဿာ–ကို၊ အညတြ–ထားကြကုန်၍၊ တံ ဝေဒယိတံ–ကို၊ ပဋိသံဝေဒိဿန္တိ–ခံစားကြရကုန်လိမ့်လတ္တံ့၊ဣတိ ဧတံ ဌာနံ–သည်၊န ဝိဇ္ဇတိ–မရှိ ။

♠ – ဝိဘင်္ဂကထာဒီ – ♠

၁၄၅။ယတော ခေါဘိက္ခဝေ ဘိက္ခု ဆန္နံ ဖဿာယတနာနံ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ အဿာဒဉ္စ အာဒီနဝဉ္စ နိဿရဏဉ္စ ယထာဘူတံ ပဇာနာတိ၊အယံ ဣမေဟိ သဗ္ဗေဟေဝ ဉတ္တရိ– တရံ ပဇာနာတိ။(ပါ၊၄၂။ပါ–သျှ၊၁၆၀။)

အနက်ပေး

http://www.dhammadownload.com



**အနက်ပေး**

ဘိက္ခဝေ–တို့၊ ယတော–အကြင်အခါ၌၊ ဘိက္ခု–သည်၊ ဆန္နံ–ကုန်သော၊ဖဿာယ–တနာနံ–တို့၏၊သမုဒယဉ္စ–ဖြစ်ခြင်း ဖြစ်ကြောင်းကိုလည်းကောင်း၊အတ္ထင်္ဂမဉ္စ–ချုပ်ခြင်း,ချုပ်ရာ ဖြစ်သောတရားကိုလည်းကောင်း၊ အဿာဒဉ္စ–သာယာအပ်သောသုခ, သောမနဿကိုလည်းကောင်း၊အာဒီနဝဉ္စ–ဆင်းရဲသည်ဖြစ်၍ဖြစ်သော အနိစ္စ, ဒုက္ခ,ဝိပရိဏာမသဘော ကိုလည်းကောင်း၊ နိဿရဏဉ္စ–ထွက်မြောက်ရာဖြစ်သောနိဗ္ဗာန်ကိုလည်းကောင်း၊ ယထာဘူတံ–အကြင်အကြင်မဘောက်မပြန်ဟုတ်မှန်သည့်အတိုင်း၊ (ဝါ) မဘောက်မပြန် ဟုတ်မှန်သည့်အားလျော်စွာ၊ ပဇာနာတိ–အပြားအားဖြင့် သိ၏၊ တဒါ–ထိုအခါ၌၊ အယံ ဘိက္ခု–သည်၊ သဗ္ဗေဟေဝ–အလုံးစုံသာလျှင်ဖြစ်ကုန်သော၊ဣမေဟိ ဝတ္ထူဟိ–တို့ထက်၊ဥတ္တရိတရံ–အထူးသဖြင့် လွန်မြတ်သော သီလ,သမာဓိ,မဂ်ဉာဏ်,ဖိုလ်ဉာဏ်,ပစ္စဝေက္ခဏာဉာဏ်ကို၊ ပဇာ–နာတိ–၏ ။

**၁၄၆။ သဗ္ဗေ တေ ဣမေဟေဝ ဒွါသဋ္ဌိယာ ဝတ္ထူဟိ အန္တောဇာလီကတာ ဧတ္ထ သိတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ ၊ဧတ္ထ ပရိယာပန္နာ အန္တောဇာလီကတာဝ ဥမ္မုဇ္ဇမာနာ ဥမ္မုဇ္ဇန္တိ။ (ပါ၊၄၂။ပါ–သျှ၊၁၆၀။)**

**အနက်ပေး**

သဗ္ဗေ–ကုန်သော၊တေ သမဏာ ဝါ–တို့သည်သော်လည်းကောင်း၊တေ ဗြာဟ္မဏာ ဝါ–တို့သည်သော်လည်းကောင်း၊ ဒွါသဋ္ဌိယာ–သော၊ ဣမေဟေဝ ဝတ္ထူဟိ–တို့ဖြင့်သာလျှင်၊ အဘိဝဒန္တိ–ကုန်၏၊တေ သမဏာဝါ–တို့သည်သော်လည်းကောင်း၊ တေ ဗြာဟ္မဏာဝါ–တို့သည်သော်လည်းကောင်း၊ အန္တောဇာလီကတာ–ဒေသနာတော်တည်းဟူသော ဇာ၏အတွင်း၌ ထားအပ်ကုန်သည်၊(ဝါ)ဒေသနာတော်တည်းဟူသောပိုက်ကွန်၏အတွင်း၌ ထားအပ်ကုန်သည်၊ဧတ္ထ တေသ္မိံ ဇာလေ–ဤဒေသနာတော်တည်းဟူသော ဇာ၌၊ (ဝါ) ဤဒေသနာတော်တည်းဟူသော ပိုက်ကွန်၌၊သိတာဝ–မှီကုန်သည်သာလျှင်၊ဟုတွာ–ကုန်၍၊ဥမ္မုဇ္ဇမာနာ–ပေါ်ကုန်သည်ရှိသော်၊ ဥမ္မုဇ္ဇန္တိ–ပေါ်ကြကုန်၏၊ ဧတ္ထ တေသ္မိံ ဇာလေ–၌၊ (ဝါ) ၌၊ ပရိယာပန္နာ–

http://www.dhammadownload.com



အကျုံးဝင်ကုန်သည်၊ အန္တောဇာလီကတာဝ–ကုန်သည်သာလျှင်၊ ဟုတ္ဘာ–ကုန်၍၊ ဥမ္မုဇ္ဇ–မာနာ–ကုန်သည်ရှိသော၊ဥမ္မုဇ္ဇန္တိ–ကုန်၏။

**၁၄၇။ ဥစ္ဆိန္နဘဝနေတ္တိကော ဘိက္ခဝေ တထာဂတဿ ကာယော တိဋ္ဌတိ၊ ယာဝဿ ကာယော ဌဿတိ၊ တာဝ နံ ဒက္ခန္တိ ဒေဝမနုဿာ၊ ကာယဿ ဘေဒါ ဥဒ္ဓံ ဇီဝိတပရိယာဒါနာ န နံ ဒက္ခန္တိ ဒေဝမနုဿာ ။(ပါ၊၄၂။ပါ–သျှ၊၁၆၁။)**

<u>**အနက်ပေး**</u>

ဘိက္ခဝေ–တို့၊တထာဂတဿ–၏၊ကာယော–ကိုယ်တော်သည်၊ ဥစ္ဆိန္နဘဝနေတ္တိကော–မဂ်အရဟတ် သံလျက်မြတ်ဖြင့် ခုတ်ဖြတ်အပ်ပြီးသော ဘဝသို့ဆောင်တတ်သော တဏှာဟူသော ကြိုးရှိတော်မူသည်၊ ဟုတွာ–၍၊ တိဋ္ဌတိ–၏၊ ယာဝ–အကြင်မျှလောက်သော ကာလပတ်လုံး၊အဿ တထာဂတဿ–ထိုငါဘုရား၏၊ကာယော–သည်၊ဌဿတိ–တည်တော်မူလိမ့်လတ္တံ့၊တာဝ–ထိုတည်တော်မူသေးသမျှ ကာလပတ်လုံး၊နံ ကာယံ–ထိုငါဘုရား၏ကိုယ်တော်ကို၊ဒေဝမနုဿာ–တို့သည်၊ ဒက္ခန္တိ–ဖူးမြင်ကြရကုန်လိမ့်လတ္တံ့။ ကာယဿ–ဥပါဒိန္နကခန္ဓာကိုယ်၏၊ ဘေဒါ–ပျက်ရာကာလမှ၊ ဥဒ္ဓံ–အထက်ဖြစ်သောနောက်ကာလ၌၊ ဇီဝိတပရိယာ–ဒါနာ–အသက်၏ကုန်ခြင်းကြောင့်၊ နံ ကာယံ–ကို၊ ဒေဝမနုဿာ–တို့သည်၊ န ဒက္ခန္တိ–မဖူးမြင် ကြရကုန်လမ့်လတ္တံ့၊ (ဝါ) ဖူးမြင်ကြရလိမ့်မည် မဟုတ်ကုန်။

**၁၄၈။ ဧဝံ ဝုတ္တေ အာယသ္မာ အာနန္ဒော ဘဂဝန္တံ ဧတဒဝေါစ “ အစ္ဆရိယံ ဘန္တေ၊အဗ္ဘုတံ ဘန္တေ၊ကောနာမော အယံ ဘန္တေ ဓမ္မပရိယာယော ”တိ ။(ပါ၊၄၃။ပါ–သျှ၊၁၆၃။)**

<u>**အနက်ပေး**</u>

ဧဝံ–သို့၊ဝုတ္တေ–မြတ်စွာဘုရားကမိန့်တော်မူအပ်သည်ရှိသော်၊အာယသ္မာအာနန္ဒော–သည်၊ ဘဂဝန္တံ–ကို ။ပ။ လျှောက်ပြီ။(ကိံ)၊ ဘန္တေ–မြတ်စွာဘုရား၊ အစ္ဆရိယံ–သူကာဏ်းတောင်တက် ရုံခါထွက်သို့ ဆက်ဆက်မပြတ်မဖြစ်တတ်ပါပေစွတကား၊(ဝါ)လက်ဖျစ်ရိုက်တီးမြေတုန်ဟည်းအောင်အံ့ချီးခြင်းငှါ ထိုက်ပါပေစွတကား၊ဘန္တေ–မြတ်စွာဘုရား၊အဗ္ဘုတံ–ရှေးက မဖြစ် ယခုမှ အသစ်ဖြစ်ပါပေစွတကား၊ ဘန္တေ–မြတ်စွာဘုရား၊ အယံ ဓမ္မပရိယာယော–

http://www.dhammadownload.com



ဤတရားဒေသနာတော်သည်၊ကော နာမော–အဘယ်အမည်ရှိပါသနည်း၊(ဣတိ အဝေါစ)။

**= တသ္မာတိဟ တွံ အာနန္ဒ ဣမံ ဓမ္မပရိယာယံ အတ္ထဇာလန္တိပိ နံ ဓာရေဟိ ။(ပါ၊၄၃။ပါ–သျှ၊၁၆၃။)**

**<u>အနက်ပေး</u>**

အာနန္ဒ–အာနန္ဒာ၊ ယသ္မာ– အကြင်ကြောင့်၊ ဣမသ္မိံ ဓမ္မပရိယာယေ– ဤတရားဒေသနာတော်၌၊ဣဓတ္ထောပိ–ဤပစ္စုပ္ပန်လောကအကျိုးကိုလည်းကောင်း၊ ပရတ္ထောပိ–တမလွန် လောကအကျိုးကိုလည်းကောင်း၊ ဝိဘတ္တော–ဝေဘန်အပ်ပြီ၊ တသ္မာ–ကြောင့်၊ ဣဟ ဣမသ္မိံ လောကေ–၌၊ တွံ–သည်၊ ဣမံ ဓမ္မပရိယာယံ–ကို၊အတ္ထဇာလန္တိပိ–ဟူ၍၊(ဝါ)အကျိုးဟူသော ဇာရှိသောသုတ်ဟူ၍လည်း၊ (ဝါ)အကျိုးဟူသော ပိုက်ကွန်ရှိသောသုတ်ဟူ၍လည်း၊ ဓာရေဟိ–မှတ်လေလော့။

။ ဗြဟ္မဇာလသုတ် ပို့ချချက် ပြီး ။

==============================================

## သာမညဖလသုတ်ပါဠိတော် ပို့ချချက်

## ရာဇာမစ္စကထာ

*******

**၁၅၀။ တေံ သမယံ ဘဂဝါ ရာဇဂဟေ ဝိဟရတိ ဇီဝကဿ ကောမာရဘစ္စဿ အမ္ဗဝနေ မဟတာ ဘိက္ခုသံဃေန သဒ္ဓိံ အဍ္ဎတေဠသေဟိ ဘိက္ခုသတေဟိ။ (ပါ၊၄၄။ ပါ–သျှ၊၁၇၃။)**

**<u>အနက်ပေး</u>**

တေံ–သော၊သမယံ–၌၊ (ဝါ) ပတ်လုံး၊ ဘဂဝါ–သည်၊ မဟတာ–အရေအတွက်အားဖြင့် များသော၊ (ဝါ) ဂုဏ်အားဖြင့် မြတ်သော၊ ဘိက္ခုသံဃေန–ရဟန်းတို့၏ အပေါင်းနှင့်၊ အဍ္ဎတေဠသေဟိ– အခွဲနှင့် တကွ တစ်ဆယ်သုံးလီကုန်သော၊ ဘိက္ခုသတေဟိ–ရဟန်းတို့၏

http://www.dhammadownload.com



အရာတို့နှင့်၊ (ဝါ) အရာသော ရဟန်းတို့နှင့်၊(**တစ်နည်း**)အဗုတေဠသေဟိ ဘိက္ခုသတေဟိ- အခွဲနှင့်တကွ တစ်ထောင်သုံးရာသော ရဟန်းတို့နှင့်၊ (ဝါ) တစ်ထောင့်နှစ်ရာ့ငါးဆယ်သော ရဟန်းတို့နှင့်၊ သဒ္ဓိ -တကွ၊ ရာဇဂဟေ-ရာဇဂြိုဟ်မြို့၏အနီး၌၊ (ဝါ)မန္ဓာတ်ဂေါဝိန် သုခမိန် တို့ နှိုင်းချိန်သတ်မှတ် သိမ်းပိုက်အပ်သည်၏အဖြစ်ကြောင့် ရာဇဂဟအမည်ရှိသော ပြည်၏ အနီး၌၊ကောမာရဘစ္စဿ-အဘယမင်းသားသည်မွေးမြူအပ်သော၊ဇီဝကဿ-သမားတော် ဇီဝက၏၊ အမ္ဗဝနေ-သရက်ဥယျာဉ်တော၌၊ (ဝါ) အမ္ဗဝန်ကျောင်းတိုက်၌၊ ဝိဟရတိ- နေတော်မူ၏။

**=တေန ခေါ ပန သမယေန ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော တဒဟုပေါသထေ ပန္နရသေ ကောမုဒိယာ စာတုမာသိနိယာ ပုဏ္ဏာယ ရတ္တိယာ ရာဇာမစ္စ- ပရိဝုတော ဥပရိပါသာဒဝရဂတော နိသိန္နော ဟောတိ ။(ပါ၊၄၄။ပါ-သျ၊၁၇၄။)**

**အနက်ပေး**

တေန ခေါ ပန သမယေန-မြတ်စွာဘုရား၏များစွာသော ရဟန်းတို့နှင့် ရာဇဂြိုဟ် ပြည်၏အနီး ဇီဝက၏ သရက်ဥယျာဉ်ဝယ် နေတော်မူရာ ထိုအခါ၌၊ မာဂဓော-မာဂဓတိုင်း ကို အစိုးရသော၊(ဝါ)မာဂဓတိုင်းသူတို့ကို အစိုးရသော၊ အဇာတသတ္တု-အဇာတသတ်အမည် ရှိသော၊(ဝါ)မဘွားမီကပင် ခမည်းတော် ဗိမ္ဗိသာရမင်းကြီး၏ ရန်သူဖြစ်သော၊ (ဝါ) မဘွားမီ ကပင် ခမည်းတော်ဗိမ္ဗိသာရမင်းကြီး၏ရန်သူဖြစ်လတ္တံ့ဟု နိမိတ်ဘတ်အပ်သော၊ဝေဒေဟိ- ပုတ္တော-ဝေဒေဟီမိဖုရား၏သားဖြစ်သော၊(ဝါ)ပညာဖြင့်ဖြစ်တတ်သော မိဖုရား၏သားဖြစ် သော၊ရာဇာ-မင်းသည်၊ဥပေါသထေ-ဥပုသ်နေ့ဖြစ်သော၊ပန္နရသေ-တစ်ဆယ့်ငါးရက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ တဒဟု-ထိုနေ့၌၊ကောမုဒိယာ-ကုမုဒြာကြာ၏ ရှိရာဖြစ်သော၊(ဝါ) ကုမုဒြာကြာ၏ ပွင့်ရာဖြစ်သော၊ စာတုမာသိနိယာ-လေးလတို့၏ ပြည့်ကြောင်းဖြစ်သော၊ **ပုဏ္ဏမာယ**-လ,ဥတု,နှစ် ပတ်ပတ်ရစ်၍ စင်စစ်ပြည့်သော၊**ပုဏ္ဏမာယ**-ပြည့်သောလရှိသော၊ ရတ္တိယာ-ညဉ့်၌၊ ရာဇာမစ္စပရိဝုတော-မင်း၏အမတ်တို့သည်ခြံရံအပ်သည်၊ ဥပရိပါသာဒ- ဝရဂတော-မြတ်သော ပြာသာဒ်ထက်သို့ ရောက်သည်၊ ဟုတွာ-၍၊ နိသိန္နော-သည်၊ ဟောတိ-၏။

http://www.dhammadownload.com



= ရမဏီယာ ဝတ ဘော ဒေါသိနာ ရတ္တိ၊အဘိရူပါ ဝတ ဘော ဒေါသိနာ ရတ္တိ၊ဒဿနီယာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ပါသာဒိကာ ဝတ ဘော ဒေါသိနာ ရတ္တိ၊လက္ခညာ ဝတ ဘော ဒေါသိနာ ရတ္တိ၊ကံ နု ခွဇ္ဇ သမဏံ ဝါ ဗြာဟ္မဏံ ဝါ ပယိရုပါသေယျာမ၊ယံ နော ပယိရုပါသတော စိတ္တံ ပသီဒေယျ ။(ပါ၊၄၄။ပါ–သျ၊၁၇၅။)

<u>အနက်ပေး</u>

ဘော–အိုအချင်းတို့၊ဒေါသိနာ–ဆီးနှင်း,မြူ,တိမ်၊ သူရိန်,မီးခိုး၊ ညစ်မျိုးငါး၀၊ ပြစ်ဒေါသမှ၊ကင်းပစင်ကြယ်သော၊ ရတ္တိ–ညဉ့်သည်၊ ဒေါသိနာ–ဆီးနှင်း,မြူ,တိမ်၊သူရန်,မီးခိုး၊ ညစ်မျိုးငါး၀၊ပြစ်ဒေါသမှ၊ကင်းပစင်ကြယ်သည်၊ ဟုတွာ–ဖြစ်ခြင်းကြောင့်၊ရမဏီယာ ဝတ–ဧကန်ြော် များစွာသော လူအပေါင်းတို့၏ စိတ်ကို မွေလျော်စေတတ်ပေစွတကား။ ဘော–တို့၊ ဒေါသိနာ–သော၊ ရတ္တိ–သည်၊ဒေါသိနာ–၏၊ဟုတွာ–ကြောင့်၊အဘိရူပါ ဝတ–ဧကန်ြော် လွန်ကဲသော အဆင်းရှိပါပေစွတကား။ ဘော–တို့ ။ပ။ ဟုတွာ–ကြောင့်၊ ဒဿနီယာ ဝတ–ဧကန်ြော် ကြည့်ရှုခြင်းငှါထိုက်ပါပေစွတကား။ ဘော–တို့ ။ပ။ ဟုတွာ–ကြောင့်၊ ပါသာဒိကာ ဝတ–ဧကန်ြော် ကြည်ညိုခြင်းကို ဖြစ်စေတတ်ပါပေစွတကား။ ဘော–တို့ ။ပ။ ဟုတွာ–ကြောင့်၊ လက္ခညာ ဝတ–ဧကန်ြော် မှတ်အပ် မှတ်သင့် မှတ်ထိုက်ပေစွတကား။ ယံ သမဏံ ဝါ–အကြင်ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသော ရဟန်းသို့သော်လည်းကောင်း၊ ယံ ဗြာဟ္မဏံ ဝါ–အကြင် တားမြစ်ကန့်ကွက် အားထုတ်ချက်ဖြင့် ပယ်ဖျက်အပ်ပြီးသော မကောင်းမှုရှိသော ရဟန်းသို့သော်လည်းကောင်း၊ ပယိရုပါသတော–ဆည်းကပ်ကြကုန်သော **(ဝစနဝိပလ္လာသ)**၊ နော–ငါတို့၏၊စိတ္တံ–သည်၊ပသီဒေယျ–ကြည်လင်ရာ၏၊ကံ–အဘယ်မည်ရှိသော၊တံသမဏံ ဝါ–သို့သော်လည်းကောင်း၊တံ ဗြာဟ္မဏံဝါ–သို့သော်လည်းကောင်း၊အဇ္ဇ–ဤနေ့၌၊(ဝါ)ယနေ့၌၊မယံ–တို့သည်၊ပယိရုပါသေယျာမနုခေါ–ဆည်းကပ်ကြကုန်ရာပါအံ့နည်း ။

၁၅၁။အယံဒေဝ ပူရဏော ကဿပေါ သင်္ဃီစေဝ ဂဏီစဂဏာစရိယောစဉာတော ယသဿီ တိတ္ထကရော သာဓုသမ္မတော ဗဟုဇနဿ ရတ္တညူ စိရပဗ္ဗဇိတော အဒ္ဓဂတော ဝယောအနုပ္ပတ္တော၊တံ ဒေဝေါ ပူရဏံ ကဿပံ ပယိရုပါသတု၊ အပ္ပေဝနာမ ဒေဝဿ ပူရဏံ ကဿပံ ပယိရုပါသတော စိတ္တံ ပသီဒေယျ။(ပါ၊၄၄။ပါ–သျ၊၁၇၅။)

http://www.dhammadownload.com



အနက်ပေး

ဒေဝ–အရှင်မင်းကြီး၊ သဃာဋိစေဝ–တပည့်အပေါင်းရှိသည်လည်းဖြစ်သော၊ ဂဏီစ–တပည့်အပေါင်းဟု ဆိုအပ်သော ဂိုဏ်းရှိသည်လည်းဖြစ်သော၊ ဂဏာစရိယောစ–ဂိုဏ်း၏ ဆရာလည်းဖြစ်သော၊ ပူရဏော–ပူရဏအမည်ရှိသော၊ (ဝါ) တစ်ယောက်ဖြင့်ယုတ်သော ကျွန်တရာကို ပြည့်စေတတ်သည်၏ အဖြစ်ကြောင့် ပူရဏအမည်ရှိသော၊အယံ ကဿပေါ–သည်၊ ဉာတော–ထင်ရှားလည်း ထင်ရှားခဲ့ပါ၏၊ ယသဿီ–အရိုန်အစော် အကျော်အစော လည်းရှိခဲ့ပါ၏၊ တိတ္ထကရော–အယူကိုလည်းပြုတတ်ပါ၏၊ ဗဟုဇနဿ–များစွာသော လူ အပေါင်းသည်၊ သာဓုသမ္မတော–သူတော်ကောင်းဟူ၍လည်း သမုတ်အပ်ပါ၏၊ ရတ္တညူ–ညဥ့်အပိုင်းအခြားကိုလည်းသိပါ၏၊ စိရပဗ္ဗဇိတော–ရဟန်းပြုပြီးသော ပူရဏကဿပအား ကြာမြင့်သော ကာလလည်းရှိပါ၏၊(ဝါ)ရဟန်းပြုပြီးရာကာလမှစ၍ ကြာလည်းကြာမြင့်ပါ၏ ၊အဒ္ဓဂတော–မင်းဆက်သုံးလီ လွန်အောင်တည်၍ ရှည်သောအခွန့်သို့လည်း ရောက်ခဲ့ပါပြီ၊ ဝယောအနုပ္ပတ္တော–ခြောက်ဆယ့်ခုနစ်နှစ် လွန်ပြီးဖြစ်၍ ပစ္ဆိမအရွယ်သို့လည်းရောက်ခဲ့ပါပြီ ၊ဒေဝေါ–အရှင်မင်းမြတ်သည်၊ ပူရဏံ–သော၊ တံ ကဿပံ–သို့၊ ပယိရုပါသတု–ဆည်းကပ် တော်မူပါလော့၊ ပူရဏံ–သော၊ ကဿပံ–သို့၊ ပယိရုပါသတော–ဆည်းကပ်သော၊ ဒေဝဿ–၏၊ စိတ္တံ–သည်၊ အပ္ပေဝနာမ ပသီဒေယျ–အကယ်၍ ကြည်လင်ငြားအံ့လည်း မသိရာပါ။

၁၅၂။မက္ခလိ–မက္ခလိအမည်ရှိသော၊(ဝါ) မချော်ချွတ်လင့်ဟုဆိုအပ်သည်၏အဖြစ်ကြောင့် မက္ခလိအမည်ရှိသော၊ အယံ ဂေါသာလော– ဤဂေါသာလသည်။ (တစ်နည်း) ဂေါသာလော–သော၊ (ဝါ) နွားခြံ၌ မွေးဘွားသည်၏အဖြစ်ကြောင့် ဂေါသာလအမည် ရှိ သော၊ အယံ မက္ခလိ–သည် ။ (ကြွင်း တူ၏) ။

၁၅၃။ အဇိတော–အဇိတအမည်ရှိသော၊အယံကေသကမ္ဗလော–သည်၊(တစ်နည်း)ကေသ–ကမ္ဗလော–သော၊(ဝါ)လူ၏ဆံပင်ဖြင့် ရက်အပ်သော ကမ္ဗလာကို ဆောင်တတ်သည် ၏ အဖြစ်ကြောင့် ကေသကမ္ဗလအမည်ရှိသော၊အယံ အဇိတော–သည်။(ကြွင်းတူ)။

http://www.dhammadownload.com



၁၅၄။ ပကုဓော–ပကုဓအမည်ရှိသော၊အယံ ကစ္စာယနော–ဤကစ္စာယနသည်၊(တစ်နည်း) ကစ္စာယနော–ကစ္စာယနအနွယ်ရှိသော၊အယံ ပကုဓော–သည်။( ကြွင်းတူ)

၁၅၅။ သဉ္စယော–သဉ္စယအမည်ရှိသော၊အယံ ဗေလဋ္ဌပုတ္တော–ဤဗေလဋ္ဌပုတ္တသည်၊ (ဝါ) ဤဗေလဋ္ဌ၏သားသည် ။ ( ကြွင်းတူ )

၁၅၆။ နာဋပုတ္တော–နာဋ၏သားဖြစ်သော၊(ဝါ)ကချေသည်၏သားဖြစ်သော၊အယံနိဂဏ္ဌော –သည်၊(ဝါ)ကိလေသာတည်းဟူသော အထုံးအဖွဲ့မရှိဟု ပြောဆိုတတ်သည်၏အဖြစ်ကြောင့် နိဂဏ္ဌအမည်ရှိသော ဤဆရာကြီးသည် ။ ( ကြွင်း တူ)

## ♠ ကောမာရဘစ္စဇီဝကကထာ ♠

၁၅၇။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဇီဝကံ ကောမာရဘစ္စံ ဧတဒဝေါစ“ တွံ ပန သမ္မ ဇီဝက ကိံ တုဏှီ”တိ ။(ပါ၊၄၆။ပါ–သျ၊၁၇၉။)

<u>အနက်ပေး</u>

အထတသ္မိံ ကာလေ–ဇီဝက၏ စကားမပြော တုဏှိဘောနေရာ ထိုအခါ၌၊မာဂဓော–သော၊ အဇာတသတ္တု–သော၊ ဝေဒေဟိပုတ္တော–သော၊ ရာဇာ–သည်၊ကောမာရဘစ္စံ–သော၊ ဇီဝကံ–ကို၊ ဧတံ ဝစနံ–ကို၊အဝေါစ–ပြီ။ (ကိံ )၊ သမ္မ ဇီဝက–အရွယ်တူဇီဝက၊ တွံ–သည်၊ကိံ ပန–အဘယ်အကြောင်းကြောင့်၊ တုဏှီ–နဂါးဆိမျို ဂဠုန်အိုသို့ မဆိုစကား စိတ်ထားသိုသိပ် ဆိတ်ဆိတ်နေရဘိသနည်း ။(က္လတိ အံဝေါစ) ။

၁၅၉။ အထ ခေါ ရညော မာဂဓဿ အဇာတသတ္တုဿ ဝေဒေဟိပုတ္တဿ အဝိဒူရေ အမ္ဗဝနဿ အဟုဒေဝ ဘယံ၊အဟု ဆမ္ဘိတတ္တံ၊အဟု လောမဟံသော။(ပါ၊၄၆။ပါ–သျ၊၁၈၆။ )

<u>အနက်ပေး</u>

အထ တသ္မိံ ကာလေ– သရက်ဥယျာဉ်သို့ သွားရာထိုအခါ၌ ။ပ။ ရညော–အား၊

http://www.dhammadownload.com



အမ္ဗဝနသဿ–၏၊ အဝိဒူရေ–အနီး၌၊ ဘယံ–ကြောက်တတ်သော စိတ္တုတြာသဘောသည်၊ အဟုဒေဝ–ဖြစ်သည်သာ၊ ဆမ္ဘိတတ္တံ–ကိုယ်၏တုန်လှုပ်သည်၏အဖြစ်သည်၊ အဟုဒေဝ–ဖြစ်သည်သာ၊ လောမဟံသော–အမွေးတို့၏ ရွှင်ခြင်းသည်၊ (ဝါ) ကြက်သီးမွေးညှင်းထခြင်းသည်၊အဟုဒေဝ–ဖြစ်သည်သာ ။

**= ကစ္စိ မံ သမ္မ ဇီဝက န ဝဉ္စေသိ၊ကစ္စိ မံ သမ္မ ဇီဝက န ပလမ္ဘေသိ၊ကစ္စိ မံ သမ္မ ဇီဝက န ပစ္စတ္ထိကာနံ ဒေသိ။ ကထံ ဟိ နာမ တာဝ မဟတော ဘိက္ခုသံဃဿ အဍ္ဍတေဠသာနံ ဘိက္ခုသတာနံနေဝ ခိပိတသဒ္ဒေါ ဘဝိဿတိ၊န ဥက္ကာသိတသဒ္ဒေါ၊နနိဂ္ဃောသော။(ပါ၊၄၇။ ပါ–သျှ၊၁၈၇။)**

<u>အနက်ပေး</u>

သမ္မဇီဝက–က၊ ကစ္စိ–အသို့နည်း၊ တွံ–သည်၊ မံ–ငါ့ကို၊ န ဝဉ္စေသိ– မလှည့်ပတ်ဘဲ ရှိပါ၏လော၊သမ္မ ဇီဝက–က ။ပ။မံ–ကို၊ န ပလမ္ဘေသိ–မဖြားယောင်းဘဲ ရှိပါ၏လော၊ သမ္မ ဇီဝက–က ။ပ။ မံ–ကို၊ ပစ္စတ္ထိကာနံ–ဆန့်ကျင်ဘက်ကို အလိုရှိကြကုန်သော ရန်သူတို့အား၊ န ဒေသိ–မပေးဘဲ ရှိပါ၏လော။ ကထံ ဟိ–အဘယ်အကြောင်းကြောင့်၊ တာဝ မဟတော– ထိုမျှ လောက် များပြားသော၊ ဘိက္ခုသံဃဿ–အား၊ (ဝါ) ၏၊ အဍ္ဍတေဠသာနံ–ကုန်သော၊ ဘိက္ခုသတာနံ–တို့အား၊ (ဝါ)တို့၏၊ ခိပိတသဒ္ဒေါ–ချေဆတ်သံသည်၊ နေဝ ဘဝိဿတိနာမ– မဖြစ်ရသတဲ့နည်း၊ ဥက္ကာသိတသဒ္ဒေါ–ချောင်းညှင့်သံသည်၊ န ဘဝိဿတိ နာမ–မဖြစ်ရသတဲ့နည်း၊ နိဂ္ဃောသော–ကြွေးကြော်သံသည်၊ န ဘဝိဿတိနာမ–မဖြစ်ရသတဲ့နည်း၊ ဘဝတိ ဧဝ–ဖြစ်ရမည်သာ ။

## ♠ သာမညဖလသုတ္တ ကထာ ♠

၁၆၁။ အထ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ယေန ဘဂဝါ တေနုပသင်္ကမိ၊ဥပသင်္ကမိတွာ ဧကမန္တံ အဋ္ဌာသိ။(ပါ၊၄၇။ပါ–သျှ၊၁၈၉။)

<u>အနက်ပေး</u>

http://www.dhammadownload.com



<u>အနက်ပေး</u>

အထတသ္မိံ ကာလေ–သမားတော်ဇီဝကက သံတော်ဦးတင်ရာထိုအခါ၌၊မာဂဓော–သော။ပ။ရာဇာ–သည်၊ ယေနဌာနေန–၌၊ ဘဂဝါ–သည်၊ အတ္ထိ–ရှိတော်မူ၏၊တေန ဌာနေန ထိုမြတ်စွာဘုရားရှိတော်မူရာအရပ်သို့၊ ဥပသင်္ကမိ–သွား၏၊ (ဝါ)အနီးသို့သွား၏၊ (ဝါ)ချဉ်းကပ်၏။ **(တစ်နည်း)** ယေန မဂ္ဂေန–အကြင်ခရီးဖြင့်၊ ဘဂဝါ–သို့၊ဥပသင်္ကမိတဗ္ဗော–ချဉ်းကပ်အပ်,ချဉ်းကပ်သင့်,ချဉ်းကပ်ထိုက်၏၊တေန မဂ္ဂေန–ဖြင့်၊ဘဂဝန္တံ–သို့၊ ဥပသင်္ကမိ–၏။ **(တစ်နည်း)** ဒိဇဂဏေဟိ–ငှက်အပေါင်းတို့သည်၊ နိစ္စဖလိတမဟာရုက္ခော–အမြဲဖြစ်သော အသီးရှိသော သစ်ပင်ကြီးသို့၊သာဒုဖလူပဘောဂါဓိပ္ပါယေန–ချိုမြိန်ကောင်းမြတ်သောအသီးကို စားလိုခြင်းဟူသော အကြောင်းကြောင့်၊ ဥပသင်္ကမိတဗ္ဗောဝိယ–ချဉ်းကပ်အပ်သကဲ့သို့၊ တထာ–တူ၊ယေန ကာရဏေန–အကြင်အထူးထူးအပြားပြားသော လောကီ, လောကုတ္တရာ ဂုဏ်ကျေးဇူးကိုရလိုခြင်းဟူသောအကြောင်းကြောင့်၊ဒေဝမနုဿေဟိ–တို့သည်၊ဘဂဝါ–သို့၊ ဥပသင်္ကမိတဗ္ဗော–ချဉ်းကပ်အပ်၏၊တေန ကာရဏေန–ထိုအထူးထူးအပြားသော လောကီ, လောကုတ္တရာဂုဏ်ကျေးဇူးကို ရလိုခြင်းဟူသော အကြောင်းကြောင့်၊ဘဂဝန္တံ–သို့၊ဥပသင်္ကမိ–၏၊ ဥပသင်္ကမိတွာ–၍၊ ဧကမန္တံ–တစ်ခုသော အစွန်အဖျား အနားကျအောင်၊ (ဝါ) တစ်ခုသော အစွန်အဖျားအနားရပ်၌၊(ဝါ)ဝေး,နီး,လေညာ၊မြင့်လွန်းရာနှင့်၊ရှေ့မှာစူးစူး၊နောက်ရပ် **ထူးဟု၊ ခြောက်ဦးညစ်ကြေး ၊နေပြစ်ဘေးမှ၊ ကင်းဝေးလျောက်ပတ်၊ ခဆည်းကပ်သို့၊ သင့်မြတ်သော တစ်ခုသော အစွန်အဖျားအနားကျအောင်၊(ဝါ)အနားရပ်၌**။အဋ္ဌာသိ–၏ ။

**= ဣမိနာ မေ ဥပသမေန ဥဒယဘဒ္ဒေါ ကုမာရော သမန္နာဂတော ဟောတု၊ယေနေတရဟိ ဥပသမေန ဘိက္ခုသံဃော သမန္နာဂတော ။(ပါ၊၄၇။ပါ–သျ၊၁၈၀။)**

<u>အနက်ပေး</u>

တေရဟိ–ယခုအခါ၌၊ ဘိက္ခုသံဃော–ရဟန်းအပေါင်းသည်၊ ယေန ဥပသမေန–အကြင်ကိုယ်,နှုတ်,စိတ်၌ဖြစ်သော သီလတည်းဟူသော ငြိမ်သက်ခြင်းနှင့်၊(ဝါ)ကြောင့်၊(ဝါ)မှ၊ သမန္နာဂတော–ကောင်းစွာလျော်စွာယှဉ်ခဲ့၏၊(ဝါ)ပြည့်စုံခဲ့၏၊ မေ–၏၊ပုတ္တော–သားဖြစ်

http://www.dhammadownload.com



သော၊ဥဒယဘဒ္ဒေါ–ဥဒယဘဒ္ဒအမည်ရှိသော၊ကုမာရော–မင်းသားသည်၊ဣမိနာဥပသမေန –ဤ ကိုယ်,နှုတ်,စိတ်၌ဖြစ်သော သီလတည်းဟူသောငြိမ်သက်ခြင်းနှင့်၊(ဝါ)ကြောင့်၊(ဝါ)မှ၊ သမန္နာဂတော–ကောင်းစွာလျော်စွာယှဉ်သည်၊(ဝါ)ပြည့်စုံသည်၊ဟောတု–ဖြစ်စေချင်ပါ၏။

**၁၆၃။တေ ဒိဋ္ဌေဝ ဓမ္မေသန္ဒိဋ္ဌိကံ သိပ္ပဖလံ ဥပဇီဝန္တိ၊တေ တေနအတ္တာနံ သုခေန္တိ ပီဏေန္တိ၊ မာတာပိတရော သုခေန္တိ ပီဏေန္တိ၊ ပုတ္တဒါရံ သုခေန္တိ ပီဏေန္တိ၊ မိတ္တာမစ္စေ သုခေန္တိ ပီဏေန္တိ ၊သမဏဗြာဟ္မဏေသု ဥဒ္ဓဂ္ဂိကံ ဒက္ခိဏံ ပတိဋ္ဌပေန္တိ သောဝဂ္ဂိကံ သုခဝိပါကံ သဂ္ဂသံဝတ္တနိကံ ။(ပါ၊၄၈၊ပါ–သျ၊၁၉၃။)**

<u>**အနက်ပေး**</u>

တေ သိပ္ပိကာ–ထိုအတတ်သည်တို့သည်၊ ဒိဋ္ဌေဝ ဓမ္မေ–မျက်မှောက်ထင်ထင်ရှုမြင်အပ်သော သဘောဟုဆိုအပ်သော ပစ္စက္ခအတ္တဘော၌သာလျှင်၊သန္ဒိဋ္ဌိကံ–ကိုယ်တိုင် ကိုယ်ကြပ် ရှုမြင်အပ်သော၊သိပ္ပဖလံ–အတတ်၏အကျိုးကို၊ဥပဇီဝန္တိယထာ–မှီ၍အသက်မွေးကြကုန်သကဲ့သို့၊တေ သိပ္ပိကာ–တို့သည်၊တေန သိပ္ပဖလေန–ထိုအတတ်၏အကျိုးဖြင့်၊အတ္တာနံ –မိမိကိုယ်ကို၊သုခေန္တိယထာ–ချမ်းသာစေကုန်သကဲ့သို့၊ပီဏေန္တိယထာ–ပြည့်ဖြိုးစေကုန်သကဲ့သို့၊မာတာပိတရော–အမိအဘတို့ကို ။ပ။ ပုတ္တဒါရံ–သားမယားကို။ပ။မိတ္တာမစ္စေ–အဆွေခင်ပွန်း,တကွဖြစ်ဘော်ဖြစ်ဘက်ဖြစ်သော ပုဂ္ဂိုလ်တို့ကို။ပ။သကဲ့သို့၊သမဏေသု–ရဟန်းတို့၌လည်းကောင်း၊ ဗြာဟ္မဏေသု–ပုဏ္ဏားတို့၌လည်းကောင်း၊ ဥဒ္ဓဂ္ဂံ–အထက်နတ်ပြည်၌ ဖြစ်သော မီးနှင့်တူသော အကျိုးရှိသော၊ (ဝါ) အထက်နတ်ပြည်၌ဖြစ်သော မြတ်သောအကျိုးရှိသော၊ သောဝဂ္ဂိကံ–နတ်ပြည်ဟူသောအကျိုးကိုဖြစ်စေခြင်းငှါထိုက်သော၊ သုခဝိပါကံ–ချမ်းသာသောအကျိုးရှိသော၊ သဂ္ဂသံဝတ္တနိကံ– လွန်စွာမြတ်သော ရူပ,သဒ္ဒ,ဂန္ဓ,ရသ,ဖောဋ္ဌဗ္ဗ, အာယု, ဝဏ္ဏ, သုခ, ယသ, အာဓိပတေယျဟုဆိုအပ်သော ဆယ်ပါးသော အကျိုးကိုဖြစ်စေတတ်သော၊ ဒက္ခိဏံ–ပေးလှူအပ်သော ဒါနဝတ္ထုကို၊ (ဝါ) သတ္တဝါတို့၏ကြီးပွားကြောင်းဖြစ်သော စေတနာကို၊ ပတိဋ္ဌာပေန္တိယထာ–တည်စေကြကုန်သကဲ့သို့ ။

http://www.dhammadownload.com



## ♠ မူလဇာတကအဋ္ဌကထာ ♠

**၁၆၆။ ခုရပရိယန္တေန စေပိ စက္ကေန ယော ဣမိဿာ ပထဝိယာ ပါဏေ ဧကံ မံသခလံ ဧကံ မံသပုဉ္ဇံ ကရေယျ၊နတ္ထိ တတောနိဒါနံ ပါပံ၊နတ္ထိ ပါပဿ အာဂမော။(ပါ၊၄၉။ပါ-သျှ၊၁၉၉။)**

<u>အနက်ပေး</u>

ယော ပုဂ္ဂလော–အကြင်ပုဂ္ဂိုလ်သည်၊ခုရပရိယန္တေန–သင်တုန်းသွားဟူသောအဆုံးရှိသော(ဝါ)သင်တုန်းသွားနှင့်တူသောအကွပ်ရှိသော၊ (ဝါ) အကွပ်ဖြစ်သောသင်တုန်းသွားရှိသော၊စက္ကေန–လက်နက်စကြာဖြင့်၊ဣမိဿာပထဝိယာ–ဤမြေ၌၊၌တေ–တည်နေကြကုန်သော်၊ပါဏေ–သတ္တဝါတို့ကို၊ဧကံ–တစ်ခုသော၊မံသခလံ–အသားစုကို၊ဧကံ–သော၊မံသပုဉ္ဇံ–အသားပုံကို၊ စေပိ ကရေယျ–အကယ်၍မူလည်း ပြုခဲ့ငြားအံ့၊ ဝေ ကရောန္တေပိ–ဤသို့ပင်ပြုပါသော်လည်း၊ တဿ ပုဂ္ဂလဿ–ထိုပုဂ္ဂိုလ်အား၊ တတောနိဒါနံ–ထို မြေ၌တည်နေသောသတ္တဝါတို့ကိုတစ်ခုသောအသားပုံကို ပြုခြင်းဟူသော အကြောင်း ကြောင့်၊ တတောနိဒါနံ–ထိုမြေ၌တည်နေသော သတ္တဝါတို့ကို တစ်ခုသောအသားပုံကို ပြုခြင်းဟူသောအကြောင်းရှိသော၊ပါပံ–မကောင်းမှုသည်၊ နတ္ထိ–မရှိ၊ ပါပဿ–မကောင်းမှု၏၊ အာဂမော–ရေးရှုလာခြင်းသည်၊ (ဝါ)ဖြစ်ခြင်းသည်၊နတ္ထိ–မရှိ။

**= ဒက္ခိဏဉ္စေပိ ဂင်္ဂါယ တီရံ ဂစ္ဆေယျ ဟနန္တော ဃာတေန္တော ဆိန္ဒန္တော ဆေဒါပေန္တော ပစန္တော ပါစာပေန္တော၊နတ္ထိ တတောနိဒါနံ ပါပံ၊နတ္ထိ ပါပဿ အာဂမော။(ပါ၊၄၉။ပါ-သျှ၊၁၉၉။ )**

<u>အနက်ပေး</u>

ကောစိ–တစ်စုံတစ်ယောက်သော၊ ပုဂ္ဂလော–သည်၊ ဟနန္တော–ကိုယ်တိုင်သတ်လျက်၊ ဃာတေန္တော–တစ်ပါးသောသူကိုသတ်စေလျက်၊ဆိန္ဒန္တော–ကိုယ်တိုင်အင်္ဂါကြီး,ငယ်ကိုဖြတ်လျက်၊ ဆေဒါပေန္တော– တစ်ပါးသော သူကို အင်္ဂါကြီး,ငယ်ကို ဖြတ်စေလျက်၊ ပစန္တော–ကိုယ်တိုင် တုတ်လက်နက်ဖြင့် ပုတ်ခတ်ရိုက်နှက် နှိပ်စက်လျက်၊ (ဝါ) ကိုယ်တိုင်ခြိမ်းခြောက်

http://www.dhammadownload.com



လျက်၊ပါစာပေန္တော–တစ်ပါးသောသူကို တုတ်လက်နက်ဖြင့် ပုတ်ခတ်ရိုက်နှက် နှိပ်စက်စေလျက်၊(ဝါ)တစ်ပါးသောသူကိုခြိမ်းချောက်စေလျက်၊ဂဂ်ီယ–ဂင်္ဂါမြစ်၏၊ဒက္ခိဏံ–တောင်ဖြစ်သော၊ တီရံ–ကမ်းသို့၊ စေပိ ဂစ္ဆေယျ–အကယ်၍မူလည်း သွားငြားအံ့၊ ဓဝံ ဂစ္ဆန္တေပိ– ဤသို့ ပင်သွားပါသော်လည်း၊ တဿပုဂ္ဂလဿ–အား၊ တတောနိဒါနံ–ထိုရိုက်နှက်ပတ်ခတ်ခြင်း ဟူသောအကြောင်းကြောင့်၊ တတောနိဒါနံ–အကြောင်းရှိသော၊ ပါပံ–သည်၊ နတ္ထိ–မရှိ၊ပါပဿ–၏၊အာဂမော–သည်၊နတ္ထိ–မရှိ။

**= ဥတ္တရဉ္စေပိ ဂင်္ဂါယ တီရံ ဂစ္ဆေယျ ဒဒန္တော ဒါပေန္တော ယဇန္တော ယဇာပေန္တော၊နတ္ထိ တတောနိဒါနံ ပုညံ၊နတ္ထိ ပုညဿ အာဂမော။ဒါနေန ဒမေန သံယမေန သစ္စဝဇ္ဇေန နတ္ထိ ပုညံ၊နတ္ထိ ပုညဿ အာဂမော။(ပါ၊၄၉။ပါ–သျှ၊၂၀၀။)**

<u>အနက်ပေး</u>

ကောစိ–တစ်စုံတစ်ယောက်သော၊ ပုဂ္ဂလော–သည်၊ ဒဒန္တော–ကိုယ်တိုင်ပေးလှူလျက်၊ ဒါပေန္တော–တစ်ပါးသောသူကို ပေးလှူစေလျက်၊ ယဇန္တော–ကိုယ်တိုင် ယဇ်ပူဇော်လျက်၊ ယဇာပေန္တော–တစ်ပါးသောသူကိုယဇ်ပူဇော်စေလျက်၊ဂင်္ဂါယ–၏၊ဥတ္တရံ–မြောက်ဖြစ်သော၊တီရံ–ကမ်းသို့၊ စေပိဂစ္ဆေယျ–ငြားအံ့၊ ဓဝံ ဂစ္ဆန္တေပိ–သော်လည်း၊ တဿပုဂ္ဂလဿ–အား၊ တတောနိဒါနံ–ထိုပေးလှူခြင်းဟူသော အကြောင်းကြောင့်၊ တတောနိဒါနံ– အကြောင်းရှိသော၊ ပုညံ–သည်၊နတ္ထိ–မရှိ၊ပုညဿ–၏အာဂမော–သည်၊နတ္ထိ–မရှိ။

ဒါနေန–ပေးလှူခြင်းဖြင့်လည်းကောင်း၊ ဒမေန–ဣန္ဒြေကို ဆုံးမခြင်းဖြင့်လည်းကောင်း၊(ဝါ)ဣန္ဒြေကို ဆုံးမကြောင်းဖြစ်သော ဣန္ဒြိယသံဝရသီလဖြင့်လည်းကောင်း၊(ဝါ)ကိလေသာကို ဆုံးမကြောင်းဖြစ်သောဥပုသ်သီလစောင့်သုံးခြင်းဖြင့်လည်းကောင်း၊သံယမေန–သီလကို စောင့်ရှောက်ခြင်းဖြင့်လည်းကောင်း၊ သစ္စဝဇ္ဇေန–မှန်ကန်သော စကားကိုပြောဆိုခြင်းဖြင့် လည်းကောင်း၊ပုညံ–သည်၊နတ္ထိ–မရှိ၊ ပုညဿ–၏၊ အာဂမော–သည်၊နတ္ထိ–မရှိ ။

**= သေယျထာပိ ဘန္တေအမ္ဗံ ဝါ ပုဋ္ဌော လဗုဇံ ဗျာကရေယျ၊လဗုဇံ ဝါ ပုဋ္ဌောအမ္ဗံ ဗျာကရေယျ၊ ဧဝမေဝ ခေါ မေ ဘန္တေ ပူရဏော ကဿပေါ သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော**

http://www.dhammadownload.com



**အကိရိယံ ဗျာကာသိ ။ (ပါ၊၄၉။ပါ-သျှ၊၂၀၀။)**

**အနက်ပေး**

ဘန္တေ-အရှင်ဘုရား၊ သေယျထာပိ-မျက်မှောက်မြင်ရ သဘာဝဖြင့် ချိန်ဆသိရာ ဥပမာမည်သည်၊ ကောစိ-တစ်စုံတစ်ယောက်သော၊ ပုဂ္ဂလော-သည်၊အမ္ဗံ-သရက်ပင်ကို၊ ပုဋ္ဌော-မေးအပ်သည်၊သမာနော-ရှိသော်၊လဗုဇံ-တောင်ပိန္နဲပင်ကို၊ဗျာကရေယျသေယျထာပိ-ဖြေဆိုရာသကဲ့သို့သော်လည်းကောင်း၊လဗုဇံ-ကို၊ ပုဋ္ဌော-သည်၊သမာနော-သော်၊အမ္ဗံ-ကို၊ဗျာကရေယျသေယျထာပိ-သော်လည်းကောင်း၊ ဘန္တေ-အရှင်ဘုရား၊ ဧဝမေဝခေါ-ပုံစံနှိုင်းယှဉ်အတူသာလျှင်၊ မေ-အား၊ (ဝါ) သည်၊ ပူရဏကဿပေါ-သည်၊(ဝါ)ကို၊သန္ဒိဋ္ဌိကံ-သော၊ သာမညဖလံ-ကို၊ ပုဋ္ဌော-သည်၊ သမာနော-သော်၊အကိရိယံ-ကို၊ဗျာကာသိ-ဖြေဆိုပါပြီ ။

**= တဿ မယှံ ဘန္တေ ဧတဒဟောသိ“ကထံ ဟိ နာမ မာဒိသော သမဏံ ဝါ ဗြာဟ္မဏံ ဝါ ဝိဇိတေ ဝသန္တံ အပသာဒေတဗ္ဗံ မညေယျာ”တိ။(ပါ၊၄၉။ပါ-သျှ၊၂၀၀။)**

**အနက်ပေး**

ဘန္တေ-အရှင်ဘုရား၊တဿမယှံ-ထိုအကျွန်ုပ်အား၊တော် ပရိဝိတက္ကနံ-သည်၊အဟောသိ-ဖြစ်ပါပြီ၊ (ကိံ )၊ကထံဟိ-အဘယ်အကြောင်းကြောင့်သာလျှင်၊မာဒိသော-ငါကဲ့သို့သောမင်းသည်၊ ဝိဇိတေ-အထူးအားဖြင့် အောင်အပ်ပြီးသော နိုင်ငံတော်၌၊ ဝသန္တံ-နေသော၊သမဏံ ဝါ-ကိုလည်းကောင်း၊ ဗြာဟ္မဏံဝါ-ကိုလည်းကောင်း၊ အပသာဒေတဗ္ဗံ-ထိပါးချုတ်ချယ်အပ်၏ဟူ၍၊ မညေယျနာမ-အောက်မေ့မှတ်ထင်ရာအံ့နည်း၊ (ဣတိ အဟောသိ) ။

**= သော ခေါ အဟံ ဘန္တေ ပူရဏဿ ကဿပဿ ဘာသိတံ နေဝ အဘိနန္ဒိံ နပ္ပဋိက္ကောသိံ၊ အနဘိနန္ဒိတွာ အပ္ပဋိက္ကောသိတွာ အနတ္တမနော အနတ္တမနဝါစံ အနိစ္ဆာရေတွာ တမေဝ ဝါစံ အနုဂ္ဂဏှန္တော အနိက္ကုဇ္ဇန္တော ဥဋ္ဌာယာသနာ ပက္ကမိံ ။(ပါ၊၅၀။ပါ-သျှ၊၂၀၁။)**

**အနက်ပေး**

ဘန္တေ-ရား၊ ဣတိ-သို့၊ ပရိဝိတက္ကယိတွာ-၍၊ သော အဟံ-သည်၊ ပူရဏဿ ကဿပဿ-၏၊ (ဝါ) သည်၊ ဘာသိတံ-ပြောဆိုအပ်သော စကားကို၊ နေဝ အဘိနန္ဒိံ -ဝမ်း

http://www.dhammadownload.com



မြောက် နှစ်သက် ရွှင်အားတက်လျှက် လက်မခံ မသိမ်းပိုက်ပါ၊ နပ္ပဋိက္ကောသိ –တားလည်း မတားပါ၊အနဘိနန္ဒိတွာ–ဝမ်းမြောက်နှစ်သက်ရွှင်အားတက်လျက်လက်မခံ မသိမ်းပိုက်မူ၍၊ အပ္ပဋိက္ကောသိတွာ–တားလည်း မတားမြစ်မူ၍၊ အနတ္တမနော–မိမိစိတ်မရှိသည်၊ (ဝါ) ပီတိသောမနဿတို့သည် ယှဉ်အပ်သော စိတ်မရှိသည်၊ ဟုတွာ–၍၊ အနတ္တမနဝါစံ–မိမိစိတ်မရှိသည်၏အဖြစ်ကြောင့်ပြောဆိုအပ်သော စကားကို၊ အနိစ္ဆာရေတွာ–မဆိုမူ၍၊ တမေဝ ဝါစံ–ထိုပူရဏကဿပ၏စကားကိုသာလျှင်၊အနုဂ္ဂဏှန္တော–အမြတ်အားဖြင့် မယူဘဲ၊(ဝါ)အမြတ်ဟူ၍မယူဘဲ၊အနိက္ကုဇ္ဇန္တော–အမြတ်အားဖြင့်မထားဘဲ၊(ဝါ)အမြတ်ဟူ၍ မထားဘဲ၊အာသနာ–မှ၊ဥဋ္ဌာယ–၍၊ပက္ကမိံ –ဖဲခဲ့ပါပြီ ။

## ♠ မက္ခလိဂေါသာလဝါဒ ကထာ ♠

**၁၆၈။ နတ္ထိ မဟာရာဇ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ သံကိလေသာယ၊အဟေတူ အပစ္စယာ သတ္တာ သံကိလိဿန္တိ။နတ္ထိ ဟေတု နတ္ထိ ပစ္စယော သတ္တာနံ ဝိသုဒ္ဓိယာ၊အဟေတူ အပစ္စယာ သတ္တာ ဝိသုဇ္ဈန္တိ။(ပါ၊၅၀။ပါ–သျ၊၂၀၁။)**

<u>အနက်ပေး</u>

မဟာရာဇ–မင်းမြတ်၊သတ္တာနံ–သတ္တဝါတို့အား၊(ဝါ)တို့၏၊သံကိလေသာယ–ပူပန်စေခြင်း နှိပ်စက်ခြင်းငှါ၊(ဝါ)ညစ်နွမ်းခြင်းငှါ၊ဟေတု–အကြောင်းသည်၊နတ္ထိ–မရှိ၊ ပစ္စယော–အကြောင်းအထောက်အပံ့သည်၊နတ္ထိ–မရှိ၊သတ္တာ–တို့သည်၊အဟေတူ–အကြောင်းမရှိကုန်ဘဲ၊ အပစ္စယာ–အကြောင်း အထောက်အပံ့ မရှိကုန်ဘဲ၊ သံကိလဿန္တိ–ညစ်နွမ်းကြရကုန်၏၊ **(တစ်နည်း)**သတ္တာ–တို့ကို၊ အဟေတူ–ကုန်ဘဲ၊ အပစ္စယာ–ကုန်ဘဲ၊ သံကိလိဿန္တိ–ပူပန်စေအပ် နှိပ်စက်အပ်ကုန်၏ ။သတ္တာနံ–တို့အား၊(ဝါ)တို့၏၊ဝိသုဒ္ဓိယာ–သံသရာမှ စင်ကြယ်ခြင်းငှါ၊ဟေတု–သည်၊နတ္ထိ–မရှိ၊ပစ္စယော–သည်၊နတ္ထိ–မရှိ၊သတ္တာ–တို့သည်၊အဟေတူ–ကုန်ဘဲ၊ အပစ္စယာ–ကုန်ဘဲ၊ ဝိသုဇ္ဈန္တိ–စင်ကြယ်ကြရကုန်၏ ။

**= နတ္ထိ အတ္တကာရေ၊နတ္ထိ ပရကာရေ၊နတ္ထိ ပုရိသကာရေ၊နတ္ထိ ဗလံ၊နတ္ထိ ဝီရိယံ၊နတ္ထိ ပုရိသ–ထာမော၊နတ္ထိ ပုရိသပရက္ကမော။ (ပါ၊၅၀။ပါ–သျ၊၂၀၂။)**

http://www.dhammadownload.com



အနက်ပေး

အတ္တကာရေ–မိမိသည်ပြုအပ်သော ကောင်းမှု, မကောင်းမှုသည်၊ နတ္ထိ–မရှိ၊ ပရ–ကာရေ–တစ်ပါးသောသူသည် ပြုအပ်သော ကောင်းမှု, မကောင်းမှုသည်၊နတ္ထိ–မရှိ၊ ပုရိသ–ကာရေ–ယောကျာ်းသည် ပြုအပ်သော ကောင်းမှု, မကောင်းမှုသည်၊ နတ္ထိ–မရှိ၊ ဗလံ–အားသည်၊ နတ္ထိ–မရှိ၊ ဝီရိယံ–ဝီရိယသည်၊ (ဝါ) ရဲစွမ်းသတ္တိသည်၊ နတ္ထိ–မရှိ၊ ပုရိသထာမော–ယောကျာ်းတို့၏အားအစွမ်းသည်၊နတ္ထိ–မရှိ၊ ပုရိသပရက္ကမော–ယောကျာ်းတို့၏ အဆင့်ဆင့်သော အရာသို့ရောက်တတ်သော လုံ့လသည်၊နတ္ထိ–မရှိ ။

**= သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ သဗ္ဗေ ဘူတာ သဗ္ဗေ ဇီဝါ အဝသာ အဗလာ အဝီရိယာ နိယတိသံဂတိဘာဝပရိဏတာ ဆသွေဝါဘိဇာတီသု သုခဒုက္ခံ ပဋိသံဝေဒေန္တိ။ (ပါ၊၅၀။ပါ–သျှ၊ ၂၀၂။)**

အနက်ပေး

သဗ္ဗေ–အလုံးစုံကုန်သော၊ သတ္တာ–ကုလားအုပ်, နွား, မြည်းအစရှိသော သတ္တဝါတို့သည်လည်းကောင်း၊ သဗ္ဗေ–ကုန်သော၊ ပါဏာ–ထွက်သက်, ဝင်သက်ရှိသော တစ်ခုသောဣန္ဒြေရှိသောသတ္တဝါ, နှစ်ခုသောဣန္ဒြေရှိသော သတ္တဝါတို့သည်လည်းကောင်း၊သဗ္ဗေ–ကုန်သော၊ ဘူတာ–ဥခွံတွင်း,သူငယ်အိမ်တွင်း၌ဖြစ်သော သတ္တဝါတို့သည်လည်းကောင်း၊သဗ္ဗေ–ကုန်သော၊ ဇီဝါ–အသက်ရှိသော သလေး, မုယော,နတ်ကောက်အစရှိသောသစ်ပင်,သတ္တဝါတို့သည်လည်းကောင်း၊ အဝသာ–အားအစွမ်းမရှိကုန်သည်၊ အဗလာ–အားမရှိကုန်သည်၊ အဝီရိယာ–လုံ့လမရှိကုန်သည်၊ (ဝါ) ရဲစွမ်းသတ္တိမရှိကုန်သည်၊ဟုတ္တွာ–ကုန်၍၊နိယတိသံဂတိဘာဝပရိဏတာ– မြဲသည်၏အဖြစ် ခြောက်ပါးသော အဘိဇာတိတို့၏ ထိုထိုဘာဝတို့၌ ပေါင်းဆုံခြင်း မူလပင်ကိုယ်သဘောအားဖြင့် အထူးထူးအပြားပြား၏အဖြစ်သို့ ရောက်ကြကုန်လျက်၊ဆသွေဝ–ခြောက်ပါးသာလျှင်ဖြစ်ကုန်သော၊အဘိဇာတီသု–အဘိဇာတိတို့၌၊(ဝါ) ထင်ထင်ရှားရှားဖြစ်ခြင်းရှိရာဖြစ်သော သတ္တဝါတို့၌၊ ဌတွာ–တည်ကြကုန်၍၊ သုခဒုက္ခံ–ချမ်းသာဆင်းရဲကို၊ ပဋိသံဝေဒေန္တိ–ခံစားရှာကြရကုန်၏ ။

http://www.dhammadownload.com



**= တတ္ထ နတ္ထိ 'ဣမိနာဟံ သီလေန ဝါ ဝတေန ဝါ တပေန ဝါ ဗြဟ္မစရိယေန ဝါ အပရိပက္ကံ ဝါ ကမ္မံ ပရိပါစေဿာမိ၊ ပရိပက္ကံ ဝါ ကမ္မံ ဖုဿ ဖုဿ ဗျန္တိံ ကရိဿာမိ' တိ ဟေဝံ နတ္ထိ။ (ပါ၊၅၁။ပါ–သျှ၊၂၀၃။)**

အနက်ပေး

တတ္ထတေသု စုလ္လာသီတိယာသတသဟဿေသု–ထိုရှစ်သန်းလေးသိန်းသော မဟာကပ်တို့၌၊အဟံ–သည်၊ဣမိနာ သီလေနဝါ–ဤသီလဖြင့်သော်လည်းကောင်း၊ဣမိနာဝတေန ဝါ–ဤအကျင့်ဖြင့်သော်လည်းကောင်း၊ ဣမိနာ တပေနဝါ– ဤကိလေသာကို ပူပန်စေတတ်သော အမှုဖြင့်သော်လည်းကောင်း၊ဣမိနာဗြဟ္မစရိယေနဝါ–ဤမြတ်သောအကျင့်ဖြင့်သော်လည်းကောင်း၊ အပရိပက္ကံ–မရင့်ကျက်သေးသော၊ကမ္မံဝါ–ကံကိုသော်လည်း၊ပရိပါစိဿာမိ–ရင့်ကျက်စေရတော့အံ့၊ ပရိပက္ကံ–ရင့်ကျက်ပြီးသော၊ ကမ္မံဝါ–သော်လည်း၊ ဖုဿ ဖုဿ–တွေ့ထိ၍ တွေ့ထိ၍၊ ဗျန္တိံ –ကင်းသော အပိုင်းအခြားရှိသည်ကို၊ ကရိဿာမိ–ပြုရတော့အံ့၊ ဣတိ–ဤသို့ပြုနိုင်ခြင်းသည်၊ နတ္ထိ–မရှိ၊ ဧဝံ–ဤသို့ဖြစ်နိုင်ခြင်းသည်၊ နတ္ထိ–မရှိသည်သာ။

**= ဒေါဏမိတေ သုခဒုက္ခေ၊ပရိယန္တကတေ သံသာရေ နတ္ထိ ဟာယနဝဍ္ဎနေ၊နတ္ထိ ဥက္ကံသာ–ဝကံသေ။သေယျထာပိ နာမ သုတ္တဂုဠေ ခိတ္တေ နိဗ္ဗေဌိယမာနမေဝ ပလေတိ၊ဧဝမေဝ ဗာလေစ ပဏ္ဍိတေစ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရိဿာမိ။(ပါ၊၅၁။ပါ–သျှ၊၂၀၄။)**

အနက်ပေး

သုခဒုက္ခေ–ချမ်းသာဆင်းရဲသည်၊ဒေါဏမိတေ–စိတ်တောင်းဖြင့် ချင်အပ်သကဲ့သို့ ဖြစ်ပါ၏၊ သံသာရေ–သံသရာသည်၊ ပရိယန္တကတေ–ပြုအပ်ပြီးသော အပိုင်းအခြားရှိ၏၊ ဟာယနဝဍ္ဎနေ–ယုတ်ခြင်း, ပွားခြင်းသည်၊ နတ္ထိ–မရှိ၊ ဥက္ကံသာဝကံသေ–ပိုခြင်း, ယုတ်ခြင်းသည်၊ နတ္ထိ–မရှိ။ သေယျထာပိ–မည်သည်၊ သုတ္တဂုဠေ–ချည်ကြိုးလုံးကို၊ ခိတ္တေ–ပစ်လွှင့်အပ်သည်ရှိသော်၊ တံ သုတ္တဂုဠံ–သည်၊ နိဗ္ဗေဌိယမာနမေဝ– ပြေလျှက်သာလျှင်၊ ပလေတိ သေယျထာပိ– သွားသကဲ့သို့၊ ဧဝမေဝ– သာလျှင်၊ ဗာလေစ– တို့သည်လည်းကောင်း၊ ပဏ္ဍိတေစ–တို့သည်လည်းကောင်း၊ သန္ဓာဝိတွာ–ကုန်၍၊ သံသရိတွာ–ကုန်၍၊ ဒုက္ခဿ–၏၊

http://www.dhammadownload.com



အန္တ-ကို၊ကရိသန္တိ-ပြုကြရကုန်လိမ့်လတ္တံ့။

**❀ အဇိတကေသကမ္ဗလဝါဒ ကထာ ❀**

= နတ္ထိ မဟာရာဇ ဒိန္နံ၊နတ္ထိ ယိဋ္ဌံ၊နတ္ထိ ဟုတံ၊နတ္ထိ သုကတဒုက္ကဋာနံ ကမ္မာနံ ဖလံ ဝိပါကော၊ နတ္ထိ အယံ လောကော၊နတ္ထိ ပရောလောကော၊နတ္ထိ မာတာ၊နတ္ထိ ပိတာ။(ပါ၊၅၁။ပါ-သျှ၊၂၀၅။)

**အနက်ပေး**

မဟာရာဇ-မင်းမြတ်၊ ဒိန္နံ-ပေးလှူအပ်ကြောင်းဖြစ်သော ဒါနစေတနာသည်၊ (ဝါ) ပေးလှူအပ်ကြောင်းဖြစ်သော ဒါနစေတနာ၏အကျိုးသည်၊ နတ္ထိ-မရှိ။ယိဋ္ဌံ-ယဇ်ကြီးပူဇော်အပ်ကြောင်းဖြစ်သော ဒါနစေတနာသည်၊ (ဝါ)-၏အကျိုးသည်၊ နတ္ထိ-မရှိ။ဟုတံ-ယဇ်ငယ်ပူဇော်အပ်ကြောင်းဖြစ်သော ဒါနစေတနာသည်၊ (ဝါ)-၏အကျိုးသည်၊ နတ္ထိ-မရှိ။သုကတ-ဒုက္ကဋာနံ- ကောင်းစွာပြုအပ်, မကောင်းသဖြင့် ပြုအပ်ကုန်သော၊ ကမ္မာနံ-ကုသိုလ်ကံ, အကုသိုလ်ကံတို့၏၊ ဖလံ-အာနိသံသ, နိဿန္ဒဟူသော အကျိုးဆက်သည်လည်းကောင်း၊ ဝိပါကော-သဒိသအကျိုးသည်လည်းကောင်း၊နတ္ထိ-မရှိ။ ပရလောကေ-တမလွန်လောက၌၊ ဌိတဿ-တည်သော၊သတ္တဿ-အား၊အယံလောကော-ဤပစ္စုပ္ပန်လောကသည်၊နတ္ထိ-မရှိ၊ ဣဓလောကေ-ဤပစ္စုပ္ပန်လောက၌၊ ဌိတဿ-တည်သော၊ သတ္တဿ-အား၊ပရောလော-ကော -တမလွန်လောကသည်၊ နတ္ထိ-မရှိ။ မာတာ-အမိသည်၊(ဝါ)အမိ၌ပြု ကျင့်အပ်သော ကောင်းမှု,မကောင်းမှု၏အကျိုးသည်၊နတ္ထိ-မရှိ။ပိတာ-အဘသည်၊(ဝါ) အဘ၌ပြုကျင့်အပ်သော ကောင်းမှု,မကောင်းမှု၏ အကျိုးသည်၊ နတ္ထိ-မရှိ။

= နတ္ထိ သတ္တာ ဩပပါတိကာ၊နတ္ထိ လောကေ သမဏဗြာဟ္မဏာ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ၊ ယေ ဣမဉ္စ လောကံ ပရဉ္စ လောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ။(ပါ၊၅၂။ပါ-သျှ၊၂၀၅။)

**အနက်ပေး**

ဩပပါတိကာ-ကပ်၍ဖြစ်တတ်ကြကုန်သော၊(ဝါ)ပဋိသန္ဓေနေတတ်ကြကုန်သော၊

http://www.dhammadownload.com



သတ္တာ–တို့သည်၊ နတ္ထိ–မရှိကုန်၊ ယေ သမဏဗြာဟ္မဏာ–အကြင်ရဟန်း,ပုဏ္ဏားတို့သည်၊ ဣမဉ္စလောကံ– ဤပစ္စုပ္ပန်လောကကိုလည်းကောင်း၊ ပရဉ္စလောကံ–တမလွန်လောကကို လည်းကောင်း၊ သယံ–ကိုယ်တိုင်၊ အဘိညာ–ထူးသောအရဟတ္တမဂ်ဉာဏ်ကြောင့်သိကြကုန်၍၊ (ဝါ) ထူးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့် သိကြကုန်၍၊ အဘိညာ–ထူးသော အရဟတ္တမဂ် ဉာဏ်ကြောင့်၊ (ဝါ)ထူးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊သစ္ဆိကတွာ–မျက်မှောက်ပြုကြကုန်၍၊ ပဝေဒေန္တိ–အပြားအားဖြင့်သိစေကြကုန်၏၊(ဝါ) ပြောဟောကြကုန်၏။သမ္မဂ္ဂတာ–ကောင်းစွာသွားတတ်ကြကုန်သော၊ (ဝါ) ကောင်းစွာသိတတ်ကြကုန်သော၊သမ္မာပဋိပန္နာ–မဘောက်မပြန် ဟုတ်မှန်စွာ ကျင့်တတ်ကြကုန်သော၊တေ သမဏဗြာဟ္မဏာ–တို့သည်၊လောကေ–၌၊ နတ္ထိ–မရှိကုန်။

= **စာတုမဟာဘူတိကော အယံ ပုရိသော၊ယဒါ ကာလံ ကရောတိ၊ပထဝီ ပထဝိကာယံ အနု– ပေတိ အနုပဂစ္ဆတိ၊အာပေါ အာပေါကာယံ အနုပေတိ အနုပဂစ္ဆတိ ။(ပါ၊၅၂။ပါ– သျှ၊၂၀၆။)**

<u>အနက်ပေး</u>

စာတုမဟာဘူတိကော–လေးပါးသောမဟာဘုတ်တို့၌ယှဉ်သော၊(ဝါ)လေးပါးသော မဟာဘုတ်တို့ကြောင့်ဖြစ်သော၊ အယံပုရိသော–သည်၊ ယဒါ–အကြင်အခါ၌၊ ကာလံ–အ ယုတ်ကို၊ (ဝါ) ဇီဝိတိန္ဒြေကို ပစ်ချခြင်းကို၊ (ဝါ)ဇီဝိတိန္ဒြေကိုပစ်ချရာအခါကို၊(ဝါ)သေခြင်း ကို၊ ကရောတိ–၏၊ တဒါ–သေရာ ထိုအခါ၌၊ ပထဝီ–အဇ္ဈတ္တိကပထဝီဓာတ်သည်၊ ပထဝိ– ကာယံ–ဗဟိဒ္ဓပထဝီဓာတ်အပေါင်းသို့၊ အနုပေတိ–အစဉ်လိုက်တတ်၏၊အနုပဂစ္ဆတိ–အစဉ် ကပ်တတ်၏၊ အာပေါ–အဇ္ဈတ္တိကအာပေါဓာတ်သည်၊ အာပေါကာယံ–ဗဟိဒ္ဓအာပေါဓာတ် အပေါင်းသို့၊ အနုပေတိ–၏၊ အနုပဂစ္ဆတိ–၏။

= **အာကာသံ ဣန္ဒြိယာနိ သင်္ကမန္တိ၊အာသန္ဒိပဉ္စမာ ပုရိသာ မတံ အာဒါယ ဂစ္ဆန္တိ၊ယာဝါဠာ– ဟနာ ပဒါနိ ပညာယန္တိ၊ကာပေါတကာနိ အဋ္ဌီနိ ဘဝန္တိ၊ဘဿန္တာ အာဟုတိယော ။(ပါ၊ ၅၂။ပါ–သျှ၊၂၀၆။ )**

http://www.dhammadownload.com



<u>အနက်ပေး</u>

ဣန္ဒြိယာနိ–ချောက်ပါးသော ဣန္ဒြေတို့သည်၊ အာကာသံ– ကောင်းကင်ဘုံကြီးသို့၊ သင်္ကမန္တိ– ပြောင်းရွှေ့ကြရကုန်၏၊ အာသန္ဒိပဉ္စမာ– ငါးခုတို့၏ ပြည့်ကြောင်းဖြစ်သော ညောင်စောင်းရှိကုန်သော၊ပုရိသာ–တို့သည်၊မတံ–သူသေကောင်ကို၊ (ဝါ)အလောင်းကောင်ကို၊ အာဒါယ–ယူကြကုန်၍၊ ယာဝါဠဟနာ–သုသာန်တိုင်အောင်၊ ဂစ္ဆန္တိ–ကုန်၏၊ ပဒါနိ–ဂုဏ်ကျေးရူးအစု,ကျေးရူးမဲ့အစုတို့သည်၊ (ဝါ) ကိုယ်တို့သည်၊ ပညာယန္တိ–ထင်ရှားကုန်၏၊ ကာပေါတကာနိ– ခိုတောင်နှင့်တူသော အဆင်းရှိကုန်သော၊ အဋ္ဌိနံ–အရိုးတို့သည်၊ဘဝန္တိ–ဖြစ်ကုန်၏၊အာဟုတိယော–ပူဇော်အပ်ကြောင်းဖြစ်သောစေတနာတို့သည်၊ ဘဿန္တာ–ပြာဟူသော အဆုံးရှိကုန်၏၊(ဝါ)ပြာသာလျှင် အဆုံးရှိကုန်၏။

**=ဒတ္တုပညတ္တံ ယဒိဒံ ဒါနံ ၊ တေသံ တုစ္ဆံ မုသာ ဝိလာပေါ၊ယေ ကေစိ အတ္ထိကဝါဒံ ဝဒန္တိ၊ဗာလေစ ပဏ္ဍိတေ စ ကာယဿ ဘေဒါ ဥစ္ဆိဇ္ဇန္တိ ဝိနဿန္တိ၊န ဟောန္တိ ပရံ မရဏာ။ (ပါ၊၅၂။ပါ–သျှ၊၂၀၆။ )**

<u>အနက်ပေး</u>

ယဒိဒံ ယံ ဣဒံ ဒါနံ–အကြင်ပေးလှူခြင်းသည်၊(ဝါ)အကြင်ပေးလှူကြောင်းဖြစ်သောဒါနစေတနာသည်၊အတ္ထိ–၏၊တံဒါနံ–ကို၊ ဒတ္တုပညတ္တံ–တွေဝေအဖျင်း လူမိုက်တသင်းတို့သည် အလျင်းမသိတတ် ပညတ်အပ်ပြီ၊ကေစိ–ကုန်သော၊ယေအာစရိယာ–တို့သည်၊အတ္ထိကဝါဒံ–အတ္ထိကဝါဒကို၊ (ဝါ) တမလွန်လောကရှိ၏ဟု ပြောဆိုကြောင်းဖြစ်သော အယူကို၊ဝဒန္တိ–ကုန်၏ ၊တေသံ အာစရိယာနံ–တို့၏၊ ဝစနံ–စကားသည်၊တုစ္ဆံ–အကျိုးမပြီး အချည်းနှီးသာတည်း၊မုသာ–ချွတ်ယွင်းဘောက်ပြန်မဟုတ်မမှန်ခဲ့၊ ဝိလာပေါ–ယောင်ယမ်း မြည်တမ်းခြင်းမျှသာတည်း၊ ဗာလေစ–မိုက်သောသတ္တဝါတို့သည်လည်းကောင်း၊ ပဏ္ဍိတေစ–ပညာရှိသောသတ္တဝါတို့သည်လည်းကောင်း၊ ကာယဿ–ဥပါဒိန္နကခန္ဓာကိုယ်၏၊ ဘေဒါ–ပျက်ရာဖြစ်သော၊ မရဏာ–သေရာအခါမှ၊ပရံ–နောက်ခဏ၌၊ဥစ္ဆိဇ္ဇန္တေ–ပြတ်ကြရလေကုန်၏၊ဝိနဿန္တိ–ပျက်စီးကြရလေကုန်တော့၏၊န ဟောန္တိ–ဖြစ်တော့သည်မဟုတ်ကုန်။

http://www.dhammadownload.com



## ♥ ပကုဓကစ္စာယနဝါဒ ကထာ ♥

၁၇၄။ သတ္တိမေ မဟာရာဇ ကာယာ အကဋာ အကဋဝိဓာ အနိမ္မိတာ အနိမ္မာတာ ဝဥ္ဈာ ကူဋဋ္ဌာ ဧသိကဋ္ဌာယိဋ္ဌိတာ၊ တေ န ဣဉ္ဇန္တိ၊ န ဝိပရိဏာမေန္တိ၊န အညမညံ ဗျာဗာဓေန္တိ၊နာလံ အညမညဿ သုခါယ ဝါ ဒုက္ခာယ ဝါ သုခဒုက္ခာယ ဝါ ။(ပါ၊၅၃။ ပါ-သျှ၊၂၀၈။)

<u>အနက်ပေး</u>

မဟာရာဇ-မင်းမြတ်၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဣမေ ကာယာ-ဤအပေါင်းတို့သည်၊(ဝါ)ဤအပေါင်းတို့ကို၊အကဋာ-မပြုအပ်နိုင်ကုန်သည်၊ အကဋဝိဓာ-ပြုအပ်ပြီးသော အစီအရင်မရှိကုန်သည်၊အနိမ္မိတာ-မဖန်ဆင်းအပ်နိုင်ကုန်သည်၊ အနိမ္မာတာ-မဖန်ဆင်းစေအပ်နိုင်ကုန်သည်၊ ဝဥ္ဈာ-မြုံကုန်သည်၊ (ဝါ) မြုံသောသတ္တဝါ, သစ်ပင်နှင့်တူကုန်သည်၊ ကူဋဋ္ဌာ- တောင်ထွတ်ကဲ့သို့ တည်ကုန်သည်၊ ဧသိကဋ္ဌာယိဋ္ဌိတာ- တံခါးတိုင်ကဲ့သို့ တည်ကုန်သည်၊ (ဝါ) တံခါးခုံတည်သကဲ့သို့ တည်ကုန်သည်၊ဟောန္တိ-ကုန်၏၊ တေ ကာယာ-ထိုအပေါင်းတို့သည်၊ န ဣဉ္ဇန္တိ-မတုန်လှုပ်ကုန်၊ န ဝိပရိဏာမေန္တိ-မဖောက်ပြန်ကုန်၊(ဝါ) ဖောက်ပြန်ခြင်းသို့မရောက်ကုန်၊အညမညံ-အချင်းချင်း၊ (ဝါ) တစ်ပါးသည် တစ်ပါးကို၊ န ဗျာဗာဓေန္တိ-မညှင်းဆဲ မနှိပ်စက်နိုင်ကုန်၊ အညမညဿ-အား၊ သုခါယဝါ- ချမ်းသာကိုပြုခြင်းငှါသော်လည်းကောင်း၊ဒုက္ခာယဝါ-ဆင်းရဲကိုပြုခြင်းငှါသော်လည်းကောင်း၊သုခဒုက္ခာယ ဝါ-ချမ်းသာ,ဆင်းရဲကိုပြုခြင်းငှါသော်လည်းကောင်း၊နာလံ-မစွမ်းနိုင်ကုန်။

## ♠ နိဂဏ္ဌနာဋပုတ္တဝါဒ ကထာ ♠

၁၇၇။ဣဓ မဟာရာဇ နိဂဏ္ဌော သဗ္ဗဝါရိဝါရိတော စ ဟောတိ၊ သဗ္ဗဝါရိယုတ္တော စ၊ သဗ္ဗဝါရိဓုတော စ၊ သဗ္ဗဝါရိဖုဋ္ဌော စ။ ဧဝံ ခေါ မဟာရာဇ နိဂဏ္ဌော စာတုယာမ-သံဝရသံဝုတော ဟောတိ။(ပါ၊၅၄။ပါ-သျှ၊၂၁၁။)

<u>အနက်ပေး</u>

http://www.dhammadownload.com



အနက်ပေး

မဟာရာဇ–မင်းမြတ်၊ ဣဓ ဣမသ္မိံ လောကေ–၌၊ နိဂဏ္ဌော–သည်၊ သဗ္ဗဝါရိဝါရိ–တောစ–တားမြစ်အပ်ပြီးသော အလုံးစုံသော ရေအေးရှိသည်လည်းကောင်း၊သဗ္ဗဝါရိယုတ္တောစ–အလုံးစုံသောမကောင်းမှုကိုတားမြစ်ခြင်းနှင့်ယှဉ်သည်လည်းကောင်း၊သဗ္ဗဝါရိဓုတောစ–အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ခါတွက်ဖျက်ဆီးအပ်ပြီးသော မကောင်းမှုရှိသည်လည်းကောင်း၊ သဗ္ဗဝါရိဖုဋ္ဌောစ–အလုံးစုံသော မကောင်းမှုကို တားမြစ်ခြင်းဖြင့် ပျံ့နှံ့စေသည်လည်းကောင်း၊ ဟောတိ–၏၊ မဟာရာဇ–မင်းမြတ်၊ ဧဝံ ခေါ–ဤသို့သာလျှင်၊ နိဂဏ္ဌော–သည်၊စာတုယာမသံဝရသံဝုတော–လေးပါးသော စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်သည်၊ဟောတိ–၏။

**= ယတော ခေါ မဟာရာဇ နိဂဏ္ဌော ဧဝံ စာတုယာမသံဝရသံဝုတော ဟောတိ။အယံ ဝုစ္စတိ မဟာရာဇ နိဂဏ္ဌော ဂတတ္တော စ ယတတ္တော စ ဌိတတ္တော စ။(ပါ၊၅၄။ပါ–သျှ၊၂၁၁။)**

အနက်ပေး

ယတော ယောနိဂဏ္ဌော–သည်၊ဧဝံ–သို့၊စာတုယာမသံဝရသံဝုတော–သည်၊ဟောတိ–၏၊ မဟာရာဇ–မြတ်၊ နာဋပုတ္တော–သော၊ အယံ နိဂဏ္ဌော–ကို၊ ဂတတ္တောစ–အပြီးအဆုံးအထွဋ်အထိပ်သို့ ရောက်ပြီးသော စိတ်ရှိ၏လည်းကောင်း၊ ယတတ္တောစ–ကောင်းစွာစောင့်ရှောက်အပ်ပြီးသောစိတ်ရှိ၏ဟူ၍လည်းကောင်း၊ဌိတတ္တောစ–ကောင်းစွာတည်ပြီးသောစိတ်ရှိ၏ဟူ၍လည်းကောင်း၊ ဝုစ္စတိ–၏။

♠ သဉ္စယဗေလဋ္ဌပုတ္တဝါဒ ကထာ ♠

**၁၈၁။ တဿ မယှံ ဘန္တေ ဧတဒဟောသိ“ အယဉ္စ ဣမေသံ သမဏဗြာဟ္မဏာနံ သဗ္ဗဗာလော သဗ္ဗမူဠှော၊ကထံ ဟိ နာမ သန္ဒိဋ္ဌိကံ သာမညဖလံ ပုဋ္ဌော သမာနော ဝိက္ခေပံ ဗျာကရိဿတိ”တိ ။(ပါ၊၅၅။ပါ–သျှ၊၂၁၅။)**

အနက်ပေး

ဘန္တေ–အရှင်ဘုရား၊တဿမယှံ–အား၊တော် ပရိဝိတက္ကနံ–သည်၊အဟောသိ–ပါပြီ၊

http://www.dhammadownload.com



(ကိံ အဟောသိ)၊ ဣမေသံ သမဏဗြာဟ္မဏာနံ–တို့တွင်၊ အယမ္ပိ သမ္ပိယော–သည်လည်း၊ သဗ္ဗဗာလော–အလုံးစုံသောရဟန်း,ပုဏ္ဏားတို့၌ မိုက်ခဲ့၏၊(ဝါ)အလုံးစုံသောရဟန်း,ပုဏ္ဏားတို့တွင် မိုက်ခဲ့၏၊သဗ္ဗမူဠ္ဟော–အလုံးစုံသောရဟန်း,ပုဏ္ဏားတို့၌ တွေဝေခဲ့၏၊ (ဝါ)အလုံးစုံသောရဟန်း,ပုဏ္ဏားတို့တွင်တွေဝေခဲ့၏။ကထံ ဟိ–အဘယ်အကြောင်းကြောင့်သာလျှင်၊ သန္ဒိဋ္ဌိကံ–သော၊ သာမညဖလံ–ကို၊ ပုဋ္ဌော–အပ်သည်၊သမာနော–သော်၊ဝိက္ခေပံ–ကို၊ဗျာကရိဿတိ နာမ–ဖြေဆိုရသတဲ့နည်း။(ဣတိ အဟောသိ)။

## ♣ ပဌမသန္ဒိဋ္ဌိကသာမညဖလကထာ ♣

**၁၈၃။သက္ကာ မဟာရာဇ ၊တေန ဟိ မဟာရာဇ တညေဝေတ္ထ ပဋိပုစ္ဆိဿာမိ၊ယထာ တေ ခမေယျ၊တထာ တံ ဗျာကရေယျာသိ။ (ပါ၊၅၆။ပါ–သျှ၊၂၁၆။)**

<u>**အနက်ပေး**</u>

မဟာရာဇ–မြတ်၊အဟံ–ငါဘုရားသည်၊တေနဟိ–တိုက်တွန်းတော်မူ၏။**(တစ်နည်း)** မဟာရာဇ–မြတ်၊ ဝေမေဝ–လျှင်၊သန္ဒိဋ္ဌိကံ–သော၊သာမညဖလံ–သည်၊(ဝါ)ကို၊ပညပေတုံ–ပညတ်ခြင်းငှါ၊ယဒိ သက္ကာ–အကယ်၍ စွမ်းနိုင်ခဲ့အံ့၊တေနဟိ–ထိုသို့စွမ်းနိုင်ခဲ့သည်ရှိသော် ။ **(တစ်နည်း)**မဟာရာဇ–မြတ်၊ယေန ကာရဏေန–ကြောင့်၊ဝေမေဝ–လျှင်၊သန္ဒိဋ္ဌိကံ–သော၊သာမညဖလံ–သည်၊ (ဝါ) ကို၊ ပညပေတုံ–ငှါ၊ သက္ကာ–တတ်ကောင်းခဲ့၏၊ (ဝါ)စွမ်းနိုင်ခဲ့၏၊ တေန ဟိ ကာရဏေန–ဤအတူ သန္ဒိဋ္ဌိကသာမညဖလကို ပညတ်ခြင်းငှါ စွမ်းနိုင်သည်၏ အဖြစ်ဟူသော ထိုအကြောင်းကြောင်သာလျှင်၊အဟံ–ငါဘုရားသည်၊ဧတ္ထ ဧတသ္မိံ ပဥှေ–ဤ ပြဿနာ၌၊ တညေဝ–သင့်ကိုသာလျှင်၊ ပဋိပုစ္ဆိဿာမိ–တဘန်မေးတော်မူဦးအံ့။ ယထာ–အကြင်သို့သောအခြင်းအရာအားဖြင့်၊ တေ–သင်သည်၊ မယာ–ငါဘုရားသည်၊ ပုစ္ဆိယမာနော–မေးတော်မူအပ်လတ္တံ့သော၊ အတ္ထော–အနက်ကို၊ ဗျာကာတုံ–ငှါ၊ခမေယျ–ကြိုက်နှစ်သက်ရာ၏၊တထာ–ထိုကြိုက်နှစ်သက်သောအခြင်းအရာအားဖြင့်၊တွံ–သည်၊တံ အတ္ထံ– ကို၊ ဗျာက–ရေယျာသိ–ဖြေဆိုလော့ ။

http://www.dhammadownload.com



**=တံ ကိံ မညသိ မဟာရာဇ။ဣဓ တေ အဿ ပုရိသော ဒါသော ကမ္မကာရော ပုဗ္ဗုဋ္ဌာယီ ပစ္ဆာနိပါတီ ကိံ ကာရပဋိဿာဝီ မနာပစာရီ ပိယဝါဒီ မုခုလ္လောကကော။(ပါ၊၅၆။ပါ-သျှ၊၂၁၇။)**

<u>အနက်ပေး</u>

မဟာရာဇ-မြတ်၊ မဟာ- ငါဘုရားသည်၊ ဝုစ္စမာန်- ဟောတော်မူအပ်လတ္တံ့သော၊ ယံ ဝစန်-အကြင်စကားသည်၊ အတ္ထိ-၏၊ တံဝစန်-ကို၊ တွံ-သည်၊ ကိံ မညသိ- အဘယ်သို့ အောက်မေ့ မှတ်ထင်ဘိသနည်း။ဣဓ ဣမသ္မိံ လောကေ-၌၊တေ-သင်၏၊ဒါသော-ကျွန်ဖြစ်သော၊ ကမ္မကာရော-အမှုကိုပြုလုပ်တတ်သော၊ ပုဗ္ဗုဋ္ဌာယီ-သခင်၏ ရှေးဦးစွာ နေရာမှထတတ်သော၊ (ဝါ) သခင်၏ရှေးဦးစွာ အိပ်ရာမှထခြင်း အလေ့ရှိသော၊ ပစ္ဆာနိပါတီ-သခင်၏ နောက်၌အိပ်တတ်သော၊(ဝါ)သခင်၏ နောက်၌အိပ်ခြင်းအလေ့ရှိသော၊ကိံ ကာရပဋိဿာဝီ -အကျွန်ုပ်သည် အဘယ်အမှုကိုပြုရပါအံ့နည်းဟု ဝန်ခံခြင်းအလေ့ရှိသော၊မနာပစာရီ-စိတ်ဖြင့် ရောက်အပ်သော အမှုကိုသာ ပြုကျင့်လေ့ရှိသော၊(ဝါ)စိတ်ကို ပွားစေတတ်သောအမှုကိုသာ ပြုကျင့်လေ့ရှိသော၊ပိယဝါဒီ-ချစ်အပ်သောစကားကိုသာပြောဆိုတတ်သော၊မုခုလ္လောကိကော-သခင့်မျက်နှာသာ,မသာကို မော့ကာ ကြည့်တတ်သော၊ ပုရိသော-သည်၊ အဿ- ရှိခဲ့လေရာ၏ ။

**=အပိ နု တွံ ဧဝံ ဝဒေယျာသိ "ဧတု မေ ဘော သော ပုရိသော၊ပုနဒေဝ ဟောတု ဒါသော ကမ္မကာရော ပုဗ္ဗုဋ္ဌာယီ ပစ္ဆာနိပါတီ ကိံ ကာရပဋိဿာဝီ မနာပစာရီ ပိယဝါဒီ မုခုလ္လောကကော "တိ။ (ပါ၊၅၇။ပါ-သျှ၊၂၁၉။)**

<u>အနက်ပေး</u>

ဧဝံ အာရောစေန္တေသု-ကုန်သည်ရှိသော်၊တွံ-သည်၊ဧဝံ-သို့၊ဝဒေယျာသိ အပိနု-ပြောဆိုရာအံ့လော၊(ကိံ ဝဒေယျာသိ)ဘော-အို အချင်းတို့၊သော ပုရိသော-သည်၊မေ-၏၊ သန္တိကံ-သို့၊ ဧတု-လာစေလော့၊ ပုနဒေဝ-တဖန်သာလျှင်၊ ကာမ္မကာရော-သော ။ပ။ ဒါသော -သည်၊ ဟောတု-ဖြစ်စေလော့၊(ဝါ)ဖြစ်ပစေ၊ ဣတိဧဝံ-သို့၊ ဝဒေယျာသိ အပိနု-လော၊(ဣတိ အဝေါစ) ။

http://www.dhammadownload.com



၁၈၄။အထခေါ နံ မယမေဝ အဘိဝါဒေယျာမပိ ပစ္စုဋ္ဌေယျာမပိ အာသနေနပိ နိမန္တေယျာမ အဘိနိမန္တေယျာမပိ နံ စီဝရပိဏ္ဍပါတသေနာသနဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရေဟိ ၊ ဓမ္မိကမ္ပိဿ ရက္ခာဝရဏဂုတ္တိံ သံဝိဒဟေယျာမာတိ ။(ပါ၊၅၇။ပါ-သျှ၊၂၂၀။)

အနက်ပေး

အထခေါ–အဟုတ်ကား၊နံ ပုရိသံ–ကို၊မယမေဝ–အကျွန်ုပ်တို့ကသာလျှင်၊အဘိဝါ–ဒေယျာမ အပိ–ရှိခိုးလည်း ရှိခိုးကုန်ရာပါ၏၊ ပစ္စုဋ္ဌေယျာမ အပိ–ရှေ့ရှုနေရာမှ ထလည်း ထကုန်ရာပါ၏၊ (ဝါ) ခရီးဦးကြိုဆိုလည်း ကြိုဆိုကုန်ရာပါ၏၊အာသနေန–နေရာဖြင့်၊ နိမန္တေ–ယျာမအပိ– ပင့်ဘိတ်လည်းပင့်ဘိတ်ကုန်ရာပါ၏၊နံပုရိသံ–ကို၊ စီဝရပိဏ္ဍပါတသေနာသန–ဂိလာနပ္ပစ္စယဘေသဇ္ဇပရိက္ခာရေဟိ– သင်္ကန်း,ဆွမ်း,ကျောင်းအိပ်ရာနေရာ,သူနာ၏ ရောဂါ၏ ဆန့်ကျင်ဘက်အားဖြင့်ဖြစ်သော အသက်၏အရံအတား အဆောက်အဦဖြစ်သော ဆေးတို့ဖြင့်၊အဘိနိမန္တေယျာမ အပိ– မင်ဘိတ်လည်း ပင့်ဘိတ်ကုန်ရာပါ၏၊အဿ ပုရိသဿ–အား၊ဓမ္မိကံ–တရားရှိသော၊(ဝါ)တရားနှင့်သင့်လျော်သော၊ ရက္ခာဝရဏဂုတ္တိံ–အနာဂတ်ဖြစ်သော အကျိုးမဲ့မှ စောင့်ရှောက်ကာကွယ်ခြင်းဟူသော လုံခြုံစေခြင်း,ပစ္စုပ္ပန်ဖြစ်သောအကျိုးမဲ့မှ ပိတ်ပင်တားမြစ်ခြင်းဟူသော လုံခြုံစေခြင်းကို၊ သံဝိဒဟေယျမ အပိ–စီရင်လည်း စီရင်ကုန်ရာပါ၏။ (ဣတိ အဝေါစ )။

## ♠ ဒုတိယဒါသပုရိသ ကသာ ♠

၁၈၆။ အပိနု တွံ ဧဝံ ဝဒေယျာသိ“ ဧတု မေ ဘော သော ပုရိသော၊ ပုနဒေဝ ဟောတု ကဿကော ဂဟပတိကော ကရကာရကော ရာသိဝဍ္ဎကော ”တိ။ (ပါ၊၅၈။ပါ–သျှ၊၂၂၅။)

**အနက်ပေး**

ဧဝံ အာရောစေန္တေသု–ကုန်သည်ရှိသော်၊တွံ–သည်၊ဧဝံ–သို့၊ဝဒေယျာသိ အပိနု–ပြောဆိုရာအံ့လော၊(ကိံ ဝဒေယျာသိ)၊ ဘော–တို့၊ သော ပုရိသော–သည်၊ မေ–၏၊သန္တိကံ–သို့၊ဧတု–လာစေသတည်း၊ပုနဒေဝ–တဖန်သာလျှင်၊ကဿကော–လယ်ကိုထွန်တတ်သည်၊ ဂဟပတိကော– တစ်အိမ်ရှင်သည်၊ (ဝါ) တစ်အိမ်ရှင်သာဖြစ်၍ သိမ်ငယ်သေးနုတ်သည်၊

http://www.dhammadownload.com



ကရကာရကော–အခွန်အတုတ်ကိုပြုတတ်သည်၊ ရာသိဝမုကော– စပါးအစု,ဥစ္စာအစုကိုပွား စေတတ်သည်၊ ဟောတု–တည်း၊ (ဝါ)စေ။ ဣတိဇဝံ–သို့၊ဝဒေယျာသိ အပိနု–လော။(ဣတိ အဝေါစ) ။

♥ ပဏီတတရသာမညဖလကထာ ♥

**၁၈၉။ သက္ကာ ပန ဘန္တေ အညမ္ပိ ဒိဋ္ဌေဝ ဓမ္မေ သန္ဒိဋ္ဌိကံ သာမညဖလံ ပညပေတုံ ဣမေဟိ သန္ဒိဋ္ဌိကေဟိ သာမညဖလေဟိ အဘိက္ကန္တတရဉ္စ ပဏီတတရဉ္စာတိ။ (ပါ၊၅၈။ပါ–သျှ၊ ၂၂၆။)**

**အနက်ပေး**

ဘန္တေ–ဘုရား၊ သန္ဒိဋ္ဌိကေဟိ–ကုန်သော၊ ဣမေဟိ သာမညဖလေဟိ– ဤရဟန်း၏ အဖြစ်တို့မှ၊(ဝါ)ဤရဟန်း၏အဖြစ်၏အကျိုးတို့ထက်၊အညံ–တစ်ပါးသော၊အဘိက္ကန္တတရဉ္စ –အထူးသဖြင့် အလွန်နှစ်သက်အပ်သည်လည်းဖြစ်သော၊ပဏီတတရဉ္စ–အထူးသဖြင့် မြတ် သည်လည်းဖြစ်သော၊ဒိဋ္ဌေဝဓမ္မေ–ဤသာလျှင်၊သန္ဒိဋ္ဌိကံ–သော၊သာမညဖလံပိ–သည်လည်း ၊(ဝါ)ကိုလည်း၊ပညပေတုံ–ငှါ၊သက္ကာပန–တတ်ကောင်းပါ၏လော။ (ဣတိ အဝေါစ) ။

**၁၉၀။ သော ဣမံ လောကံ သဒေဝကံ သမာရကံ သဗြဟ္မကံ သဿမဏဗြာဟ္မဏိံ ပဇံ သဒေဝမနုဿံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေတိ ။(ပါ၊၅၉။ပါ–သျှ၊၂၃၀။)**

**အနက်ပေး**

သော တထာဂတော–သည်၊ သဒေဝကံ– အောက်ကာမာဝစရနတ်ပြည်ငါးထပ်ရှိ နတ်အပေါင်းနှင့်တကွဖြစ်သော၊ သမာရကံ–မာရ်မင်း၏နေရာ ဝသဝတ္တီနတ်ပြည်ရှိ နတ်အ ပေါင်းနှင့်တကွဖြစ်သော၊ သဗြဟ္မကံ–နှစ်ဆယ်သောဗြဟ္မာအပေါင်းနှင့်တကွဖြစ်သော၊ ဣမံ လောကံ–ဤသြကာသလောကကိုလည်းကောင်း၊ သဿမဏဗြာဟ္မဏိံ – သာသနာတော်၏ ဆန့်ကျင်ဘက် ဖြစ်သောရဟန်း ပုဏ္ဏား,ငြိမ်းစေအပ်ပြီးသောမကောင်းမှုရှိသောရဟန်း,တား မြစ်ကန့်ကွက် အားထုတ်ချက်ဖြင့် ပယ်ဖျက်အပ်ပြီးသော မကောင်းမှုရှိသော ရဟန်းအပေါင်း နှင့်တကွဖြစ်သော၊သဒေဝမနုဿံ–သမ္မုတိနတ်တည်းဟူသောမင်း, ကြွင်းသောလူအပေါင်း

http://www.dhammadownload.com



နှင့် တကွဖြစ်သော၊ဣမံ ပဇံ– ဤသတ္တလောကကိုလည်းကောင်း၊ သယံ– ကိုယ်တော်တိုင်၊ အဘိညာ–ထူးသော အရဟတ္တမဂ်ဉာဏ်ကြောင့် သိတော်မူ၍၊ (ဝါ) ထူးသော ပစ္စဝေက္ခဏာ ဉာဏ်ဖြင့် သိတော်မူ၍၊ အဘိညာ– ထူးသော အရဟတ္တမဂ်ဉာဏ်ကြောင့် (ဝါ)ထူးသော ပစ္စဝေက္ခဏာဉာဏ်ဖြင့်၊ သစ္ဆိကတွာ–မျက်မှောက်ပြုတော်မူ၍၊ ပဝေဒေတိ–အပြားအားဖြင့် သိစေတော်မူ၏၊ (ဝါ)ဟောတော်မူ၏ ။

**= သော ဓမ္မံ ဒေသေတိ အာဒိကလျာဏံ မဇ္ဈေကလျာဏံ ပရိယောသာနကလျာဏံ သာတ္ထံ သဗျဉ္ဇနံ ကေဝလပရိပုဏ္ဏံ ပရိသုဒ္ဓံ ဗြဟ္မစရိယံ ပကာသေတိ။(ပါ၊၅၉။ပါ–သျှ၊၂၃၂။)**

**အနက်ပေး**

သော တထာဂတော–ထိုငါဘုရားသည်၊ အာဒိကလျာဏံ–အစ၌ကောင်းသော၊ (ဝါ) အစ၌အကောင်းရှိသော၊ မဇ္ဈေကလျာဏံ–အလယ်၌ကောင်းသော၊(ဝါ)အလယ်၌အကောင်း ရှိသော၊ ပရိယောသာနကလျာဏံ–အဆုံး၌ကောင်းသော၊ (ဝါ) အဆုံး၌အကောင်းရှိသော၊ သာတ္ထံ–အကျိုးအနက်နှင့်ပြည့်စုံသော၊ သဗျဉ္ဇနံ– သဒ္ဒါနှင့်ပြည့်စုံသော၊ ကေဝလပရိပုဏ္ဏံ– အလုံးစုံထက်ဝန်းကျင်မှ ပြည့်စုံသော၊ ပရိသုဒ္ဓံ–ထက်ဝန်းကျင်မှ စင်ကြယ်သော၊ ဓမ္မံ– ပရိယတ် တရားတော်ကို၊ဒေသေတိ–ဟောတော်မူ၏ ။

**= သမ္ဗာဓော ဃရာဝါသော ရဇောပထော၊အဗ္ဘောကာသော ပဗ္ဗဇ္ဇာ၊နယိဒံ သုကရံ အဂါရံ အဇ္ဈာဝသတာ ဧကန္တပရိပုဏ္ဏံ ဧကန္တပရိသုဒ္ဓံ သင်္ခလိခိတံ ဗြဟ္မစရိယံ စရိတုံ။ (ပါ၊၅၉။ ပါ–သျှ၊၂၃၄။ )**

**အနက်ပေး**

မဟာဃရေ–အတောင်ခြောက်ဆယ်, ယူဇနာတစ်ရာ အတိုင်းအရှည်ရှိသည်ဖြစ်၍ ကျယ်စွာသောအိမ်ကြီး၌၊ ဒွေ–နှစ်ယောက်ကုန်သော၊ ဇာယမ္ပတိကာ–မယားလင်တို့သည်၊ သစေပိဝသန္တိ–အကယ်၍ပင် နေကြစေကုန်ဦးတော့၊ တထာပိ–ထိုသို့ပင်နေကြပါကုန်သော် လည်း၊နေသံ ဇာယမ္ပတိကာနံ–တို့အား၊ သကိဉ္စနပလိဗောဓဋ္ဌေန– ဘိစီးနှိပ်စက် ကန့်ကွက် တားမြစ်တတ်သော အန္တရာယ်နှင့်တကွ ဖြစ်ခြင်းဟူသော အနက်သဘောသတ္တိကြောင့်၊ ဃရာဝါသော– အိမ်ဟူသော နေရာသည်၊ သမ္ဗာဓော– ကျဉ်းမြောင်းခဲ့၏၊ ရဇောပထော–

http://www.dhammadownload.com



ကိလေသာတည်းဟူသောမြူ၏ထရာအရပ်ပေတည်း၊ (ဝါ) ကိလေသာတည်းဟူသောမြူတို့၏ လာရာလမ်းခရီးပေတည်း၊ ပဗ္ဗဇိတော–ရဟန်းသည်၊ ပိဟိတဒွါရဝါတပါနေသု–ပိတ်အပ်ပြီးသော တံခါးမ, လေသောက်ပြတင်း, တံခါးရွက်ရှိကုန်သော၊ ပဋိစ္ဆန္နေသု–ဖုံးလွှမ်းအပ်ကုန်သော၊ ကူဋာဂါရရတနပါသာဒဒေဝဝိမာနာဒီသု– စုလစ်မွန်းချွန် အထွဋ်ရှိသော ကျောင်း, ရတနာပြာသာဒ်, ဗိမာန်အစရှိသည်တို့၌၊ သစေပိ ဝသတိ– အကယ်၍ပင် နေရစေဦးတော့၊ တထာပိ–သော်လည်း၊ အလဂ္ဂနဋ္ဌေန–မကပ်ငြိတတ်သည်၏အဖြစ်ဟူသော အနက်သဘောသတ္တိကြောင့်၊ ပဗ္ဗဇ္ဇာ–ရှင်ရဟန်းအဖြစ်သည်၊ အဗ္ဘောကာသော–အမိုးမဲ့မိုး လွင်တီးခေါင်နှင့်တူ၏၊ ကေဝလပရိပုဏ္ဏံ– စင်စစ်ထက်ဝန်းကျင်မှ ပြည့်စုံအောင်၊ ကေဝလပရိသုဒ္ဓံ–စင်စစ်ထက်ဝန်းကျင်မှ စင်ကြယ်အောင်၊ သင်္ခလိခိတံ–ပွတ်သစ်စ ခရုသင်းနှင့်တူအောင်၊ စရိတဗ္ဗံ–ကျင့်အပ်သော၊ ဣဒံ ဗြဟ္မစရိယံ–ဤမြတ်သော အကျင့်ဖြစ်၍ ဖြစ်သော ပဋိပတ္တိသာသနာတော်ကို၊ (ဝါ)သည်၊ အဂါရံ–အိမ်ကို၊ အဇ္ဈာဝသတာ–စိုးအုပ်သမှု ပိုင်းခြားပြု၍ နေသောပုဂ္ဂိုလ်သည်၊ ကေဝလပရိပုဏ္ဏံ–အောင်၊ ကေဝလပရိသုဒ္ဓံ–အောင်၊ သင်္ခလိခိတံ–အောင်၊ စရိတုံ–ကျင့်ခြင်းငှါ၊ န သုကရံ–မလွယ်ခဲ့ ။

= ကာယကမ္မဝစီကမ္မေန သမန္နာဂတော ကုသလေန၊ ပရိသုဒ္ဓါဇီဝေါ သီလသမ္ပန္နော၊ ဣန္ဒြိယေသု ဂုတ္တဒွါရော သတိသမ္ပဇညေန သမန္နာဂတော သန္တုဋ္ဌော ။(ပါ၊၅၉။ပါ–သျှ၊၂၃၆။ )

<u>အနက်ပေး</u>

ကုသလေန–ကုသိုလ်ဖြစ်သော၊(ဝါ)ဖြူစင်သော၊ကာယကမ္မဝစီကမ္မေန–ကာယကံဝစီကံနှင့်၊ သမန္နာဂတော–ကောင်းစွာ လျော်စွာယှဉ်သည်၊ (ဝါ) ပြည့်စုံသည်၊ ဟုတွာ–၍၊ ပရိသုဒ္ဓါဇီဝေါ–စင်ကြယ်သောအသက်မွေးခြင်းရှိသည်၊သီလသမ္ပန္နော–စူဠသီလ မဇ္ဈိမသီလ မဟာသီလနှင့်ပြည့်စုံသည်၊ ဣန္ဒြိယေသု–ခြောက်ပါးသောဣန္ဒြေတို့၌၊ဂုတ္တဒွါရော–လုံခြုံစေအပ်ပြီးသောဒွါရရှိသည်၊ဘောဇနေ–ဘောဇဉ်၌၊မတ္တညူ–အတိုင်းအရှည်ကိုသိလေ့ ရှိသည်၊ သတိသမ္ပဇညေန–သတိသမ္ပဇဉ်နှင့်၊(ဝါ) အောက်မေ့တတ်သောသတိ, ကောင်းစွာအပြား

http://www.dhammadownload.com



သိတတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော ဉာဏ်ပညာနှင့်၊ သမန္နာဂတော–သည်၊ သန္တုဋ္ဌော–တရားနှင့်အညီရောင့်ရဲသည်၊ (ဝါ) ထင်ရှားရှိသောပစ္စည်းဖြင့်ရောင့်ရဲသည်၊(ဝါ) ကိုယ်ပိုင်ပစ္စည်းဖြင့်ရောင့်ရဲသည်၊ဟောတိ–၏ ။

## ❦ ဣန္ဒြိယသံဝရကထာ ❦

၂၁၃။ သော ဣမိနာ အရိယေန ဣန္ဒြိယသံဝရေန သမန္နာဂတော အဇ္ဈတ္တံ အဗျာသေကသုခံ ပဋိသံဝေဒေတိ ။(ပါ၊၆၆။ပါ–သျှ၊၂၅၅။)

**အနက်ပေး**

သော ဘိက္ခု–သည်၊အရိယေန–သော၊ဣမိနာ ဣန္ဒြိယသံဝရေန–ဤဣန္ဒြိယသံဝရနှင့်၊(ဝါ)ဤဣန္ဒြေတို့ကို စောင့်ရှောက်ကြောင်းဖြစ်သော သီလနှင့်၊သမန္နာဂတော–သည်၊ ဟုတ္တာ–၍၊အဇ္ဈတ္တံ–သော၊အဗျာသေကသုခံ–ကိလေသာတို့သည် မသွန်းလောင်းအပ်သော အဓိစိတ္တသုခကို၊ပဋိသံဝေဒေတိ–ခံစားရ၏ ။

# ⮜ သတိသမ္ပဇညကထာ ⮞

၂၁၄။ ကထဉ္စ မဟာရာဇ ဘိက္ခု အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊အာလောကိတေ ဝိလောကိတေ သမ္ပဇာနကာရီ ဟောတိ ။(ပါ၊၆၇။ပါ–သျှ၊၂၅၅။)

**အနက်ပေး**

မဟာရာဇ–မြတ်၊ကထဉ္စ ဣမသ္မိံ သာသနေ– ဤငါဘုရားသာသနာတော်၌၊ဘိက္ခု–သည်၊အဘိက္ကန္တေ–ရှေ့သို့သွားခြင်း၌လည်းကောင်း၊ပဋိက္ကန္တေ–နောက်သို့ဆုတ်ခြင်း၌လည်းကောင်း၊ သမ္ပဇာနကာရီ–ကောင်းစွာ အပြားအားဖြင့် သိတတ်သော ဉာဏ်ပညာကို ပြုလေ့ရှိသည်၊ (ဝါ)ကောင်းစွာအပြားအားဖြင့်သိတတ်သောဉာဏ်ပညာဖြင့်ရှေ့သို့သွားခြင်း, နောက်သို့ ဆုတ်ခြင်းကိုပြုလေ့ရှိသည်၊ ဟောတိ–၏၊ အာလောကိတေ–ရှေ့ရှုကြည့်ခြင်း၌လည်းကောင်း၊ (ဝါ) တူယှူကြည့်ခြင်း၌လည်းကောင်း၊ဝိလောကိတေ–တစောင်းကြည့်ခြင်း၌လည်းကောင်း၊ အထူးထူးအပြားပြားသော ထောင့်အရပ်ကို ကြည့်ခြင်း၌လည်းကောင်း၊သမ္ပဇာနကာရီ–သည်၊(ဝါ)သည်၊ဟောတိ– ၏ ။

http://www.dhammadownload.com



**= သမိဒ္ဓိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ၊ သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ၊အသိတေ ပီတေ ခါယိတေ သာယိတေ သမ္ပဇာနကာရီ ဟောတိ၊ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ။(ပါ၊ဖ၇။ပါ-သျှ၊၂၅၅)၊**

<u>အနက်ပေး</u>

သမိဉ္ဇိတေ-အင်္ဂါကြီး, ငယ်ကိုကောင်းစွာကွေးခြင်း၌လည်းကောင်း၊ ပသာရိတေ-အင်္ဂါကြီး,ငယ်ကိုဆန့်တန်းခြင်း၌လည်းကောင်း၊ သမ္ပဇာနကာရီ-သည်၊(ဝါ)သည်၊ဟောတိ-၏၊သံဃာဋိပတ္တစီဝရဓာရဏေ-သင်္ကန်းကြီး, ကေသီ,သင်းပိုင်,သပိတ်တို့ကိုဝတ်ရုံသုံးစွဲခြင်းဟူသောဆောင်ခြင်း၌၊ သမ္ပဇာနကာရီ-သည်၊ (ဝါ) သည်၊ဟောတိ-၏၊အသိတေ-ဘောဇဉ်ကို စားခြင်း၌လည်းကောင်း၊ ပီတေ-သောက်ဘွယ်ကိုသောက်ခြင်း၌လည်းကောင်း၊ခါယိတေ - ခဲဘွယ်ကို ခဲခြင်း၌လည်းကောင်း၊ သာယိတေ-လျက်ဘွယ်ကို လျက်ခြင်း၌လည်းကောင်း၊ သမ္ပဇာနကာရီ-သည်၊(ဝါ)သည်၊ဟောတိ-၏၊ ဥစ္စာရပဿာဝကမ္မေ-ကျင်ကြီး,ကျင်ငယ်ကို စွန့်မှု၌၊သမ္ပဇာနကာရီ-သည်၊(ဝါ)သည်၊ဟောတိ-၏။

**= ဂတေ ဌိတေ နိသိန္နေ သုတ္တေ ဇာဂရိတေ ဘာသိတေ တုဏှီဘာဝေ သမ္ပဇာနကာရီ ဟောတိ။ (ပါ၊ဖ၇။ပါ-သျှ၊၂၅၆။ )**

<u>အနက်ပေး</u>

ဂတေ-သွားခြင်း၌လည်းကောင်း၊ ဌိတေ-ရပ်ခြင်း၌လည်းကောင်း၊နိသိန္နေ-ထိုင်ခြင်း၌လည်းကောင်း၊ သုတ္တေ- အိပ်ပျော်ခြင်း၌လည်းကောင်း၊ ဇာဂရိတေ- နိုးကြားသော အခါ၌လည်းကောင်း၊ ဘာသိတေ-စကားပြောခြင်း၌လည်းကောင်း၊ တုဏှီဘာဝေ- မပယ်မချေ ဆိတ်ဆိတ်နေသည်၏အဖြစ်၌လည်းကောင်း၊ သမ္ပဇာနကာရီ-သည်၊ ဟောတိ-၏။

## သန္တောသကထာ

**၂၁၅။ ဣဓ မဟာရာဇ ဘိက္ခု သန္တုဋ္ဌော ဟောတိ ကာယပရိဟာရိကေန စီဝရေန ကုစ္ဆိပရိဟာရိကေန ပိဏ္ဍပါတေန၊သော ယေန ယေနေဝ ပက္ကမတိ၊သမာဒါယေဝ ပက္ကမတိ။(ပါ၊ဖ၇။ပါ-သျှ၊၂၅၇။)**

<u>အနက်ပေး</u>

http://www.dhammadownload.com



မဟာရာဇ–မြတ်၊ဣဓ ဣမသ္မိံ သာသနေ–၌၊ဘိက္ခု–သည်၊ကာယပရိဟာရိကေန–ကိုယ်ကိုဆောင်တတ်သော၊(ဝါ)ကိုယ်ကိုဆောင်လောက်ရုံမျှ အတိုင်းအရှည်ရှိသော၊စီဝရေန–ဖြင့်လည်းကောင်း၊ ကုစ္ဆိပရိဟာရိကေန– ဝမ်းကိုဆောင်တတ်သော၊ (ဝါ) ဝမ်းကို ဆောင်လောက်ရုံမျှအတိုင်းအရှည်ရှိသော၊ပိဏ္ဍပါတေန–ဆွမ်းဖြင့်လည်းကောင်း၊သန္တုဋ္ဌော–တရားနှင့်အညီရောင့်ရဲသည်၊ ဟောတိ–၏၊ သော ဘိက္ခု–သည်၊ယေန ယေနေဝ ဒိသာဘာဂေန–အကြင်အကြင်အရပ်မျက်နှာ အဘို့ဖြင့်သာလျှင်၊ (ဝါ) အကြင်အကြင်အရပ်မျက်နှာအဘို့သို့သာလျှင်၊ပက္ကမတိ–ဖဲသွား၏၊တေန တေန ဒိသာဘာဂေန–ဖြင့်၊(ဝါ) သို့၊သမာဒါယေဝ–ရှစ်ပါးသော ပရိက္ခရာကို ကောင်းစွာ ယူ၍သာလျှင်၊ပက္ကမတိ–၏ ။

## ≺နီဝရဏပ္ပဟာနကထာ≻

**၂၁၇။ သော အဘိဇ္ဈံ လောကေ ပဟာယ ဝိဂတာဘိဇ္ဈေန စေတသာ ဝိဟရတိ၊အဘိဇ္ဈာယ စိတ္တံ ပရိသောဓေတိ။ဗျာပါဒပဒေါသံ ပဟာယ အဗျာပန္နစိတ္တော ဝိဟရတိ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ဗျာပါဒပဒေါသာ စိတ္တံ ပရိသောဓေတိ ။** (ပါ၊၆၈။ပါ–သျှ၊၂၅၉။)

<u>**အနက်ပေး**</u>

သော ဘိက္ခု–သည်၊ လောကေ–ဥပါဒါနက္ခန္ဓာဟုဆိုအပ်သောလောက၌၊ အဘိဇ္ဈံ–အဘိဇ္ဈာကို၊(ဝါ)တစ်ပါးသောသူတို့၏ ဥစ္စာကိုရှေ့ရှုတပ်တတ်သော လောဘဟုဆိုအပ်သော ကာမစ္ဆန္ဒနီဝရဏကို၊ ပဟာယ–ပယ်ပြီး၍၊ ဝိဂတာဘိဇ္ဈေန–ကင်းပြီးသော အဘိဇ္ဈာရှိသော၊ စေတသာ–စိတ်ဖြင့်၊ ဝိဟရတိ–၏။အဘိဇ္ဈာယ–မှ၊ စိတ္တံ–ကို၊ ပရိသောဓေတိ–သုတ်သင်၏၊ (ဝါ) ဖြူစင်စေ၏။ ဗျာပါဒပဒေါသံ–ဗျာပါဒပဒေါသကို၊ (ဝါ)စိတ်၏ဘောက်ပြန်ခြင်းသို့ ရောက်ကြောင်းဖြစ်၍ ပျက်စီးစေတတ်သော ဒေါသဟုဆိုအပ်သော ဗျာပါဒနီဝရဏကို၊ ပဟာယ–၍၊ အဗျာပန္နစိတ္တော– ဘောက်ပြန်ခြင်းသို့ ရောက်သောစိတ်မရှိသည်၊ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ–အလုံးစုံသောဝင်သက် ထွက်သက်ရှိသောသတ္တဝါ, ဖြစ်ပြီး ဖြစ်ဆဲဖြစ်သော သတ္တဝါတို့ကို အစီးအပွားဖြင့် အစဉ်သနားစောင့်ရှောက် ချီးမြှောက်ထောက်ပံ့လေ့ရှိသည်၊ဟုတ္ဝာ–၍၊ ဝိဟရတိ–နေ၏၊ ဗျာပါဒပဒေါသာ–မှ၊ စိတ္တံ–ကို၊ ပရိသောဓေတိ–၏။

http://www.dhammadownload.com



**= ထိနမိဒ္ဓံ ပဟာယ ဝိဂတထိနမိဒ္ဓေါ ဝိဟရတိ ၊အာလောကသညီ သတော သမ္ပဇာနော၊ ထိနမိဒ္ဓါ စိတ္တံ ပရိသောဓေတိ။(ပါ၊ဖ၈။ပါ–သျှ၊၂၅၉။ )**

**အနက်ပေး**

ထိနမိဒ္ဓံ–ကို၊(ဝါ)ကြိုးအားမထုတ် အောက်သို့မြုပ်လျက်ဆုတ်နစ်ပေါင်းစုမကောင်းမှုဖြင့် ထောင်းထုနှိပ်စက်တတ်သောထိန,သတ္တိချည်းနှီး ကျိုးမပြီးအောင်ဘိစီးနှိပ်စက်တတ်သော မိဒ္ဓကို၊ (ဝါ) စိတ်၏မခန့်ကြောင်းဖြစ်သောထိန, စေတသိက်တို့၏မခန့်ကြောင်းဖြစ်သော မိဒ္ဓဟု ဆိုအပ်သော နီဝရဏကို၊ ပဟာယ–၍၊ ဝိဂတထိနမိဒ္ဓေါ– ကင်းပြီးသော ထိန, မိဒ္ဓရှိ သည်၊ အာလောကသညီ– အရောင်အလင်းဟုအမှတ်ရှိသည်၊ သတော– အောက်မေ့တတ် သော သတိရှိသည်၊ သမ္ပဇာနော– ကောင်းစွာအပြားအားဖြင့် သိတတ်သော ဉာဏ်ပညာရှိ သည်၊ဟုတ္တာ–၍၊ဝိဟရတိ–၏၊ ထိနမိဒ္ဓါ–မှ၊စိတ္တံ–ကို၊ပရိသောဓေတိ–၏။

**= ဥဒ္ဓစ္စကုက္ကုစ္စံ ပဟာယ အနုဒ္ဓတော ဝိဟရတိ အဇ္ဈတ္တံ ဝူပသန္တစိတ္တော၊ ဥဒ္ဓစ္စကုက္ကုစ္စာ စိတ္တံ ပရိသောဓေတိ။ (ပါ၊ဖ၈။ပါ–သျှ၊၂၅၉။ )**

**အနက်ပေး**

ဥဒ္ဓစ္စကုက္ကုစ္စံ–ကို၊(ဝါ)ပျံ့လွင့်တတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်းဟုဆိုအပ်သောဥဒ္ဓစ္စ စက်ဆုပ်အပ်သော ပြုအပ်ပြီးသော ဒုစရိုက်, မပြုအပ်မိသော သုစရိုက်၏ အဖြစ်ဟု ဆို အပ်သောကုက္ကုစ္စဟုဆိုအပ်သော နီဝရဏကို၊ ပဟာယ–၍၊ အနုဒ္ဓတော–မပျံ့လွင့်သည်၊ အဇ္ဈတ္တံ–၌၊ ဝူပသန္တစိတ္တော – ငြိမ်းအေးပြီးသော စိတ်ရှိသည်၊ ဟုတ္တာ–၍၊ ဝိဟရတိ–၏၊ ဥဒ္ဓစ္စကုက္ကုစ္စာ –မှ၊ စိတ္တံ–ကို၊ပရိသောဓေတိ–၏ ။

**= ဝိစိကစ္ဆံ ပဟာယ တိဏ္ဏဝိစိကိစ္ဆော ဝိဟရတိ အကထံကထီ ကုသလေသု ဓမ္မေသု၊ ဝိစိကိစ္ဆာယ စိတ္တံ ပရိသောဓေတိ ။(ပါ၊ဖ၈။ပါ–သျှ၊၂၆၀ ။)**

**အနက်ပေး**

ဝိစိကစ္ဆံ–ကို၊ (ဝါ) ဆုံးဖြတ်တတ်သော ဉာဏ်မှကင်းသော ဝိစိကိစ္ဆာဟုဆိုအပ်သော နီဝရဏကို၊ (ဝါ) ကုစားတတ်သောဉာဏ်မှကင်းသောဝိစိကိစ္ဆာဟုဆိုအပ်သောနီဝရဏကို၊

http://www.dhammadownload.com



ပဟာယ–၍၊တိဏ္ဏဝိစိကိစ္ဆော– လွန်မြောက်အပ်ပြီးသော ဝိစိကစ္ဆာရှိသည်၊ ကုသလေသု– ကုသိုလ်ဖြစ်ကုန်သော၊(ဝါ)အပြစ်မရှိကုန်သော၊ဓမ္မေသု–တို့၌၊အကထံကထီ–အသို့နည်း, အသို့နည်းဟု တွေးတောယုံမှားခြင်းမှကင်းသည်၊ ဟုတ္တာ–၍၊ ဝိဟရတိ–၏၊ ဝိစိကစ္ဆာယ– မှ၊ စိတ္တံ–ကို၊ပရိသောဓေတိ–၏ ။

**၂၁၈။ အဟံ ခေါ ပုဗ္ဗေ က္လဏံ အာဒါယ ကမ္မန္တေ ပယောဇေသိံ ၊တဿ မေ တေ ကမ္မန္တာ သမိဇ္ဈိံသု၊ သောဟံ ယာနိစ ပေါရာဏာနိ က္လဏမူလာနိ၊ တာနိ စ ဗျန္တီ အကာသိံ ၊ သောတ္ထိ စ မေ ဥတ္တရိ အဝသိဋ္ဌံ ဒါရဘရဏာယ ။(ပါ၊ဖ၈။ပါ–သျှ၊၂ဖ၀။)**

<u>**အနက်ပေး**</u>

အဟံ–သည်၊ပုဗ္ဗေ–ရှေး၌၊(ဝါ)ရှေးက၊က္လဏံ–ကြွေးမြီကို၊အာဒါယ–၍၊ကမ္မန္တေ–တို့ကို၊ ပယောဇေမိ–ယှဉ်စေရ၏၊တဿမေ–ထိုငါ့အား၊(ဝါ) ၏၊တေကမ္မန္တာ–တို့သည်၊သမိဇ္ဈိံသု –ပြည့်စုံကုန်ပြီ၊ သောအဟံ–သည်၊ ပေါရာဏာနိ–ကုန်သော၊ ယာနိ စ က္လဏမူလာနိ–တို့ သည်လည်း၊သန္တိ– ကုန်၏၊ တာနိစက္လဏမူလာနိ–တို့ကိုလည်း၊ ဗျန္တီ –ကင်းသောအပိုင်း အခြားရှိသည်ကို၊(ဝါ)ကျေလည်အောင်ပေးဆပ်သည်ကို၊အကာသိံ –ပြုခဲ့ပေပြီ။မေ–အား၊ ဒါရဘရဏာယ–သားမယားကိုမွေးမြူခြင်းငှါ၊အဝသိဋ္ဌံ–ကြွင်းကျန်သော၊ဥတ္တရိ –ပေးဆပ် အပ်ပြီးသော ကြွေးမြီထက် အပိုအလွန်ဖြစ်သော ဥစ္စာသည်၊ အတ္ထိ စ–ရှိလည်းရှိခဲ့၏ ။

**၂၂၀။ အဟံ ခေါ ပုဗ္ဗေ ဗန္ဓနာဂါရေ ဗဒ္ဓေါ အဟောသိံ ၊သောမှိ တေရဟိ တမှာ ဗန္ဓနာဂါရာ မုတ္တော သောတ္ထိနာ အဗ္ဗယေန၊ နတ္ထိ စ မေ ကိဉ္စိ ဘောဂါနံ ဝယော။(ပါ၊ဖ၈။ပါ– သျှ၊၂ဖ၁။)**

<u>**အနက်ပေး**</u>

အဟံ–သည်၊ပုဗ္ဗေ–၌၊(ဝါ)က၊ဗန္ဓနာဂါရေ–နှောင်အိမ်၌၊ဗဒ္ဓေါ–နှောင်ဖွဲ့အပ်သည်၊ အဟောသိံ –ဖြစ်ဘူးပြီ၊သောအဟံ–သည်၊တေရဟိ–၌၊တမှာဗန္ဓနာဂါရာ–မှ၊သောတ္ထိနာ– ချမ်းသာသောအားဖြင့်၊ အဗ္ဗယေန– ဘေးမရှိသောအားဖြင့်၊ မုတ္တော–သည်၊ အမှိ–ခဲ့၏၊ မေ–အား၊(ဝါ)၊ ဘောဂါနံ–တို့၏၊ ကိဉ္စိ–စိုးစဉ်းအနည်းငယ်မျှလည်း၊ ဝယော–ပျက်စီးခြင်း သည်၊ နတ္ထိစ–ရှိလည်းမရှိခဲ့ ။

http://www.dhammadownload.com



**၂၂၁။ အဟံ ခေါ ပုဗ္ဗေ ဒါသော အဟောသိံ အနတ္တာဓီနော ပရာဓီနော န ယေန ကာမံ-ဂမော၊ သောမှိ ဧတရဟိ တမှာ ဒါသဗျာ မုတ္တော အတ္တာဓီနော အပရာဓီနော ဘုဇိဿော ယေန ကာမံဂမော ။(ပါ၊၆၉။ပါ-သျ၊၂၆၂။)**

**အနက်ပေး**

အဟံ-သည်၊ပုဗ္ဗေ-၌၊(ဝါ)က၊ဒါသော-ကျွန်သည်၊အနတ္တာဓီနော-မိမိ၌မစပ်သည်၊(ဝါ) မိမိနှင့်မစပ်သည်၊ ပရာဓီနော-တစ်ပါးသောသူတို့၌စပ်သည်၊ (ဝါ) တစ်ပါးသောသူတို့နှင့် စပ်သည်၊ ယေန ဒိသာဘာဂေန- အကြင်အရပ်မျက်နှာအဘို့ဖြင့်၊ ဂန္တုံ- သွားခြင်းငှါ၊ ကာမော-အလိုသည်၊ဟောတိ-ရှိ၏၊တေန ဒိသာဘာဂေန-ဖြင့်၊ကာမံ-အလိုအတိုင်း၊(ဝါ) အလိုရှိအပ်သောအရပ်သို့၊န ဂမော-မသွားနိုင်သည်၊ အဟောသိံ -ပြီ၊ သောအဟံ -သည်၊ ဧတရဟိ-၌၊ တမှာ ဒါသဗျာ- ထိုကျွန်အဖြစ်မှ၊ မုတ္တော-သည်၊ အတ္တာဓီနော- မိမိ၌သာ စပ်သည်၊ (ဝါ)မိမိနှင့်သာစပ်သည်၊ အပရာဓီနော-တစ်ပါးသောသူတို့၌ မစပ်သည်၊ (ဝါ) တစ်ပါးသောသူတို့နှင့် မစပ်သည်၊ ဘုဇိဿော- အများမဆိုင် မိမိကိုယ်တိုင်သာ စားပိုင်, စားနိုင်သည်၊(ဝါ) ကိုယ့်လက်အလား အများမဆိုင် မိမိကိုယ်တိုင်သာ စောင့်ပိုင်,စောင့်နိုင် သည်၊ယေန ဒိသာ-ဘာဂေန-ဖြင့်၊ ဂန္တုံ-ငှါ၊ ကာမော-သည်၊ ဟောတိ-၏၊တေန ဒိသာ-ဘာဂေန-ဖြင့်၊ ကာမံ- တိုင်း၊(ဝါ)သို့၊ဂမော-သည်၊အမှိ-၏ ။

**၂၂၂။ အဟံ ခေါ ပုဗ္ဗေ သဓနော သဘောဂေါ ကန္တာရဒ္ဓါနမဂ္ဂံ ပဋိပဇ္ဇိံ ဒုဗ္ဘိက္ခံ သပ္ပဋိဘယံ၊ သောမှိ ဧတရဟိ တံ ကန္တာရံ နိတ္ထိဏ္ဏော၊သောတ္ထိနာ ဝါ ဂါမန္တံ အနုပတ္တော ခေမံ အပ္ပဋိဘယံ။(ပါ၊၆၉။ပါ-သျ၊၂၆၃။)**

**အနက်ပေး**

ပုဗ္ဗေ-၌၊(ဝါ)က၊သဓနော-ဥစ္စာနှင့်တကွဖြစ်သော၊သဘောဂေါ-စည်းစိမ်နှင့်တကွဖြစ် သော၊အဟံ-သည်၊ ဒုဗ္ဘိက္ခံ-ရခဲသော ထမင်းရှိရာဖြစ်သော၊(ဝါ)ထမင်း၏ မပြည့်စုံရာ ဖြစ် သော၊သပ္ပဋိဘယံ- ဘေးဘျမ်းနှင့်တကွဖြစ်သော၊ ကန္တာရဒ္ဓါနမဂ္ဂံ- ရေကိုလွန်မြောက်စေ ရာဖြစ်သောအခွန့်ရှည်သောခရီးသို့၊ပဋိပဇ္ဇိံ -သွားခဲ့ပြီ၊ သော အဟံ-သည်၊ ဧတရဟိ-၌၊ တံကန္တာရံ-ကို၊သောတ္ထိနာ-ဖြင့်၊တိဏ္ဏော- လွန်မြောက်ပြီးသည်၊သောတ္ထိနာ-ဖြင့်၊ခေမံ-

http://www.dhammadownload.com



ဘေး၏ ကုန်ခန်းရာဖြစ်သော၊ အပ္ပဋိဘယံ–ဘေးဘျမ်း မရှိသော၊ ဂါမန္တံ– ရွာ၏ အနီးသို့၊ အနုပ္ပတ္တော–သည်၊အမှိ–၏။

**၂၂၅။ တဿိမေ ပဉ္စ နီဝရဏေ ပဟီနေ အတ္တနိ သမနုပဿတော ပါမောဇ္ဇံ ဇာယတိ၊ ပမုဒိတဿ ပီတိ ဇာယတိ၊ ပီတိမနဿ ကာယော ပဿမ္ဘတိ၊ ပဿဒ္ဓကာယော သုခံ ဝေဒေတိ၊သုခိနော စိတ္တံ သမာဓိယတိ။(ပါ၊၆၉။ပါ–၂၆၄။)**

**အနက်ပေး**

ပဉ္စ–ကုန်သော၊ပဟီနေ–ကုန်သော၊ဣမေနီဝရဏေ–ဤကာမစ္ဆန္ဒ,ဗျာပါဒ,ထိနမိဒ္ဓ,ဥဒ္ဓစ္စကုက္ကုစ္စ,ဝိစိကိစ္ဆာ ဟုဆိုအပ်သောနီဝရဏတို့ကို၊အတ္တနိ–၌၊ သမနုပဿတော–သော၊ တဿ ဘိက္ခုနော–အား၊ပါမောဇ္ဇံ–ဝမ်းမြောက်တတ်သောပုဂ္ဂိုလ်၏ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော ပီတိသည်၊ ဇာယတိ–၏၊ ပမုဒိတဿ–အပြားအားဖြင့် ဝမ်းမြောက်တတ်သော၊ တဿ ဘိက္ခုနော–အား၊ပီတိ–အားကြီးသော ပီတိသည်၊ ဇာယတိ–၏၊ ပီတိမနဿ–ပီတိနှင့်ယှဉ်သောစိတ်ရှိသော၊တဿဘိက္ခုနော–၏၊ကာယော–နာမကာယသည်၊ပဿမ္ဘတိ–ကိလေသာတည်းဟူသော အပူဘေးမှ ငြိမ်းအေး၏၊ ပဿဒ္ဓကာယော– ငြိမ်းအေးပြီးသော နာမကာယရှိသော၊ သော ဘိက္ခု–သည်၊သုခံ– ကာယိကသုခဝေဒနာ, စေတသိကသုခဝေဒနာကို၊ဝေဒေတိ–ခံစား၏၊ သုခိနော–သုခဝေဒနာရှိသော၊ တဿ ဘိက္ခုနော–၏၊ စိတ္တံ–ကို၊ သမာဓိယတိ–ဥပစာရသမာဓိအပ္ပနာသမာဓိတို့ဖြင့်ကောင်းစွာအာရုံ၌ထားအပ် ၏ ။

♠ ပဌမ ဈာနကထာ ♠

**၂၂၆။ သော ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ။ (ပါ၊၆၉။ပါ–သျ၊၂၆၃။)**

**အနက်ပေး**

သောဘိက္ခု–သည်၊ကာမေဟိ–ဝတ္ထုကာမ,ကိလေသကာမတို့မှ၊ဝိဝိစ္စေဝ–ကင်း၍ဆိတ်၍သာလျှင်၊အကုသလေဟိ–ကုန်သော၊ ဓမ္မေဟိ–တို့မှ၊ဝိဝိစ္စေဝသာလျှင်၊သဝိတက္ကံ–ဝိတက်နှင့်လည်း တကွဖြစ်သော၊ (ဝါ) ဝိတက်လည်းရှိသော၊ သဝိစာရံ – ဝိစာရနှင့်လည်း တကွ

http://www.dhammadownload.com



ဖြစ်သော၊(ဝါ)ဝိစာရလည်းရှိသော၊ ဝိဝေကဇံ– နီဝရဏတို့၏ကင်းခြင်း ဆိတ်ခြင်းကြောင့် ဖြစ်သော၊(ဝါ) နီဝရဏတို့သည် ကင်းဆိတ်စေအပ်သော သမ္ပယုတ်တရားအစု၌ဖြစ်သော၊ ပီတိသုခံ–ပီတိသုခရှိသော၊**(တစ်နည်း)** ဝိဝေကဇံပီတိသုခံ–နီဝရဏတို့၏ကင်းခြင်းဆိတ်ခြင်းကြောင့်ဖြစ်သောပီတိသုခရှိသော၊(ဝါ)နီဝရဏတို့သည်ကင်းဆိတ်စေအပ်သော သမ္ပယုတ်တရားအစု၌ဖြစ်သောပီတိသုခရှိသော၊ပဌမံ–ရှေးဦးစွာရအပ်သော၊(ဝါ)ရှေးဦးစွာဝင်စားအပ်သော၊ဈာနံ–ဈာန်သို့၊(ဝါ)ကို၊ဥပသမ္ပဇ္ဇ–ရောက်၍၊(ဝါ)ပြီးစေ၍၊ဝိဟရတိ– ၏။

**=သော ဣမမေဝ ကာယံ ဝိဝေကဇေန ပီတိသုခေန အဘိသန္ဒေတိ ပရိသန္ဒေတိ ပရိပူရေတိ ပရိပ္ဖရတိ၊နာဿ ကိဉ္စိ သဗ္ဗာဝတော ကာယဿ ဝိဝေကဇေန ပီတိသုခေန အပ္ဖုဋံ ဟောတိ ။ (ပါ၊၇၀။ပါ–သျှ၊၂၆၅။)**

<u>အနက်ပေး</u>

သောဘိက္ခု–သည်၊ဣမမေဝကာယံ–ဤကရဇကာယကိုသာလျှင်၊ဝိဝေကဇေန–သော၊ ပီတိသုခေန–ပီတိသုခဖြင့်၊ အဘိသန္ဒေတိ–စိုစွတ်စေ၏၊ ပရိသန္ဒေတိ–ထက်ဝန်းကျင်မှ စိုစွတ်စေ၏၊ပရိပူရေတိ–ထက်ဝန်းကျင်မှ ပြည့်စေ၏၊ ပရိပ္ဖရတိ–ထက်ဝန်းကျင်မှဖြစ်၏၊ (ဝါ)ထက်ဝန်းကျင်မှပျံ့နှံ့စေ၏၊အဿဘိက္ခုနော–၏၊သဗ္ဗာဝတော–အလုံးစုံသော အစိတ်ရှိသော၊ကာယဿ–ကရဇကာယ၏၊ကိဉ္စိ–တစ်စုံတစ်ခုသော၊ ဌာန်–အရပ်သည်၊ (ဝါ) ကို၊ ဝိဝေကဇေန–သော၊ပီတိသုခေန–သည်၊အဖုဋံ–မဖြန့်အပ်သည်၊(ဝါ) မပျံ့နှံ့စေအပ်သည်၊ န် ဟောတိ– မဖြစ် ။

## ဒုတိယဈာန် ကထာ

**၂၂၈။ပုန စ ပရံ မဟာရာဇ ဘိက္ခု ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ ။(ပါ၊၇၀။ပါ–သျှ၊၂၆၅။)**

<u>အနက်ပေး</u>

မဟာရာဇ–မြတ်၊ ပုန–တဘန်၊ပရံ–တစ်ပါးသော၊ သာမညဖလံစ–ကိုလည်း၊အဟံ–

http://www.dhammadownload.com



ငါဘုရားသည်၊ဘာသိဿာမိ–ပေအံ့၊ဘိက္ခု–သည်၊ ဝိတက္ကဝိစာရာနံ– ဝိတက်ဝိစာရတို့၏၊ ဝူပသမာ–ကြောင့်၊ အဇ္ဈတ္တံ–အဇ္ဈတ္တသန္တာန်၌ဖြစ်သော၊(ဝါ) မိမိကိုစွဲ၍ဖြစ်သော၊ သမ္ပ–သာဒနံ–ကြည်စေတတ်သောသဒ္ဓါရှိသော၊စေတသော–၏၊ဧကောဒိဘာဝံ–မြတ်သည်ဖြစ်၍ ဖြစ်သောသမာဓိကို ပွားစေတတ်သော၊(ဝါ) မြတ်သည်ဖြစ်၍ ဖြစ်သောစိတ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သောသမာဓိရှိသော၊ **(တစ်နည်း)** စေတသော–စိတ်ကို၊သမ္ပသာဒနံ–ကြည်စေတတ်သော၊ဧကောဒိဘာဝံ–သော၊အဝိတက္ကံ–ဝိတက်လည်းမရှိသော၊ အဝိစာရံ–ဝိစာရလည်း မရှိသော၊ သမာဓိဇံ–ပဌမဈာန်သမာဓိကြောင့် ဖြစ်သော၊ (ဝါ) သမ္ပယုတ်သမာဓိကြောင့်ဖြစ်သော၊ပီတိသုခံ–ရှိသော၊ ဒုတိယံ– နှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော၊ (ဝါ) နှစ်ကြိမ်မြောက် ဝင်စားအပ်သော၊ ဈာနံ–သို့၊ (ဝါ) ကို၊ဥပသမ္ပဇ္ဇ–၍၊ဝိဟရတိ–၏ ။

**၂၂၉။အထ ခေါ တမှာ၀ ဥဒကရဟဒါ သီတာ ဝါရိဓာရာ ဥဗ္ဘိဇ္ဇိတွာ တမေဝ ဥဒကရဟဒံ သီတေန ဝါရိနာ အဘိသန္ဒေယျ ပရိသန္ဒေယျ ပရိပူရေယျ ပရိပ္ဖရေယျ၊နာဿ ကိဉ္စိ သဗ္ဗာဝတောဥဒကရဟဒဿသီတေန ဝါရိနာ အပ္ဖုဋံ အဿ။(ပါ၊၇၀။ပါ–သျှ၊၂၆၆)**

<u>**အနက်ပေး**</u>

အထခေါ–စင်စစ်သော်ကား၊တမှာစဥဒကရဟဒါ–ထိုရေအိုင်မှသာလျှင်၊သီတာ–အေးသော၊ ဝါရိဓာရာ–ရေအယဉ်သည်၊ ဥဗ္ဘိဇ္ဇိတွာ–ထိုထိုရေကြောတို့မှပေါက်ထွက်၍၊ တမေဝ ဥဒကရဟဒံ–ထိုရေအိုင်ကိုသာလျှင်၊သီတေန–အေးသော၊ဝါရိနာ– ရေအယဉ်ဖြင့်၊အဘိ–သန္ဒေယျ– စိုစွတ်စေရာ၏၊ပရိသန္ဒေယျ– ရာ၏၊ပရိပူရေယျ– ရာ၏၊ပရိပ္ဖရေယျ– ရာ၏ ၊ သဗ္ဗာဝတော–အလုံးစုံသောအစိတ်ရှိသော၊အဿဥဒကရဟဒဿ–၏၊ကိဉ္စိ–သော၊ဌာန်–သည်၊ (ဝါ)ကို၊ သီတေန–သော၊ဝါရိနာ–သည်၊အဖုဋံ–သည်၊န အဿ–ရာ ။

## ♠တတိယဈာနကထာ♠

**၂၃၀။ပုန စပရံ မဟာရာဇ ဘိက္ခု ပီတိယာ စ ဝိရာဂါ ဥပေက္ခကော စ ဝိဟရတိ သတော သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယံ တံ အရိယာ အာစိက္ခန္တိ "ဥပေက္ခကော သတိမာ သုခဝိဟာရီ"တိ ။(ပါ၊၇၁။ပါ–သျှ၊၂၆၇။)**

http://www.dhammadownload.com



**အနက်ပေး**

မဟာရာဇ–မြတ်၊ပုနစပရံ–နောက်တစ်မျိုးသော်ကား၊ဘိက္ခု–သည်၊ပီတိယာ–သည်၊(ဝါ) ၏၊ ဝိရာဂါစ– စက်ဆုပ်ခြင်းကြောင့်လည်းကောင်း၊ ဥပသမာစ– ငြိမ်းခြင်းကြောင့်လည်း ကောင်း၊ **(တစ်နည်း)** ပီတိယာ–ကို၊ ဝိရာဂါစ–လွန်မြောက်ခြင်းကြောင့်လည်းကောင်း၊ ဝိတက္ကဝိစာရာနံ– ဝိတက်ဝိစာရတို့၏၊ ဥပသမာစ–ငြိမ်းအေးခြင်းကြောင့် လည်းကောင်း၊ ဥပေက္ခကော–လျစ်လျူရှုတတ်သောတတြမဇ္ဈတ္တုပေက္ခာရှိသည်၊ဟုတ္វာစ–လည်း၊ဝိဟရ– တိ–၏၊သတော–အောက်မေ့တတ်သောသတိရှိသည်၊သမ္ပဇာနော–ကောင်းစွာအပြားအား ဖြင့် သိတတ်သောဉာဏ်ပညာရှိသည်၊ ဟုတ္វာ–၍၊သုခဉ္စ–သုခဝေဒနာကိုလည်း၊ကာယေန –နာမကာယဖြင့်၊ပဋိသံဝေဒေတိ–ခံစားရ၏၊ ယံ တတိယဈာနံ–အကြင်တတိယဈာန် ဟူ သောအကြောင်းကြောင့်၊တံ တတိယဈာနသမင်္ဂီပုဂ္ဂလံ– ထိုတတိယဈာန်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို၊ အရိယာ–အရိယာပုဂ္ဂိုလ်တို့သည်၊(ဝါ)ကိလေသာမြူမှေး ညစ်အကြေးမှ ကင်း ဝေး စင်ကြယ်ကြကုန်သောဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့သည်၊အာစိက္ခန္တိ–ပြောဆို ကြ ကုန်၏၊(ဝါ)ချီးမွမ်းတော်မူကြကုန်၏၊(ကိံ)၊“အယံ ပုဂ္ဂလော–သည်၊ဥပေက္ခကော–သည်၊ သတိမာ–သတိရှိသည်၊ဟုတ္វာ–၍၊သုခဝိဟာရီ–ချမ်းသာစွာ နေလေ့ရှိ၏၊”(က္ကတိ)။

**၂၃၁။ တာနိ ယာဝ စဂ္ဂါ ယာဝ စ မူလာ သီတေန ဝါရိနာ အဘိသန္နာနိ ပရိသန္နာနိ ပရိပူရာနိ ပရိပ္ဖုဋ္ဌာနိ။(ပါ၊၇၁။ပါ–သျ၊၂၆၈။)**

**အနက်ပေး**

တာနိဥပ္ပလာနိဝါ–ထိုကြာညိုတို့သည်သော်လည်းကောင်း၊(ဝါ)တို့ကိုသော်လည်းကောင်း၊ တာနိပဒုမာနိဝါ–ထိုကြာပဒုမာတို့သည်သော်လည်းကောင်း၊(ဝါ)တို့ကိုသော်လည်ကောင်း၊ တာနိပုဏ္ဍရိကာနိဝါ–ထိုကြာပုဏ္ဍရိတ်တို့သည်သော်လည်းကောင်း၊(ဝါ)တို့ကို သော်လည်း ကောင်း၊ယာဝစအဂ္ဂါ–အဖျားတိုင်အောင်လည်းကောင်း၊ယာဝစမူလာ–အရင်း တိုင်အောင် လည်းကောင်း၊ သီတေန–အေးသော၊ ဝါရိနာ–ရေသည်၊ အဘိသန္နာနိ–စိုစွတ်စေအပ်ကုန် သည်၊ ပရိသန္နာနိ–ထက်ဝန်းကျင်မှ စိုစွတ်စေအပ်ကုန်သည်၊ပရိပူရာနိ– ထက်ဝန်းကျင်မှ ပြည့်စေအပ်ကုန်သည်၊ ပရိပ္ဖုဋ္ဌာနိ–ထက်ဝန်းကျင်မှဖြန့်အပ်ကုန်သည်၊အဿု–ကုန်၏။

http://www.dhammadownload.com



## ♠ စတုတ္ထဈာန် ဂါထာ ♠

၂၃၂။ပုနစပရံ မဟာရာဇ ဘိက္ခု သုခဿ စ ပဟာနာ ဒုက္ခဿ စ ပဟာနာ ပုဗ္ဗေဝ သောမနဿဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာသတိပါရိသုဒ္ဓိံ စတုတ္ထံ ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ။(ပါ၊၇၁။ပါ–သျှ၊၂၆၈။)

**အနက်ပေး**

မဟာရာဇ–မြတ်၊ ပုန စ ပရံ–နောက်တစ်မျိုးသော်ကား၊ ဘိက္ခု–သည်၊ ပုဗ္ဗေဝ–စတုတ္ထဈာန်ကို မရမီရှေ့အဘို့၌ဖြစ်သော လေးပါးသောဈာန်တို့၏ ဥပစာရက္ခဏ၌ သာလျှင်၊သုခဿ–ကာယိကသုခဝေဒနာကို၊ပဟာနာစ–ပယ်ခြင်းကြောင့် လည်းကောင်း၊ ဒုက္ခဿ–ကာယိကဒုက္ခဝေဒနာကို၊ပဟာနာစ–လည်းကောင်း၊သောမနဿဒေါမနဿာနံ –စေတသိကသုခဝေဒနာ စေတသိကဒုက္ခဝေဒနာတို့၏၊ အတ္ထင်္ဂမာစ–ချုပ်ခြင်းကြောင့် လည်းကောင်း၊ အဒုက္ခမသုခံ–ဒုက္ခလည်းမရှိ,သုခလည်းမရှိသော၊ဥပေက္ခာသတိပါရိသုဒ္ဓိံ –ဥပေက္ခာသည်ဖြစ်စေအပ်သောသတိ၏စင်ကြယ်သည်၏အဖြစ်ရှိသော၊ စတုတ္ထံ–သော၊ ဈာနံ–သို့၊(ဝါ)ကို၊ဥပ–သမ္ပဇ္ဇ–၍၊ဝိဟရတိ–၏ ။

## ♠ ဝိပဿနာဉာဏ ဂါထာ ♠

၂၃၄။ သော ဧဝံ သမာဟိတေ စိတ္တေ ပရိသုဒ္ဓေ ပရိယောဒါတေ အနင်္ဂဏေ ဝိဂတူပက္ကိလေသေ မုဒုဘူတေ ကမ္မနိယေ ဌိတေ အာနေဉ္ဇပ္ပတ္တေ ဉာဏဒဿနာယ စိတ္တံ အဘိ–နီဟရတိ အဘိနိန္နာမေတိ ။(ပါ၊၇၂။ပါ–သျှ၊၂၆၉။)

**အနက်ပေး**

သော ဘိက္ခု–သည်၊ဧဝံ–ဤသို့အောက်ဈာန်သုံးပါးအစဉ်အားဖြင့်အစဉ်သင့်ရအပ်ပြီးသောစတုတ္ထဈာန်သမာဓိဖြင့်၊သမာဟိတေ–ဘေးရန်ကင်းကွာမြဲခိုင်မာအောင် ကောင်းစွာ အာရုံ၌ ထားအပ်ပြီးသော၊စိတ္တေ–စတုတ္ထဈာန်စိတ်သည်၊ ပရိသုဒ္ဓေ– ထက်ဝန်းကျင်မှ စင်ကြယ်ပြီးသည်ရှိသော်၊ပရိယောဒါတေ–ထက်ဝန်းကျင်မှဖြူစင်သန့်ရှင်းခဲ့သည်ရှိသော်၊ အနင်္ဂဏေ–ရာဂဒေါသနှစ်ဝညစ်ကြေးအပြစ်ဘေးမရှိခဲ့သော်၊ဝိဂတူပက္ကိလေသေ–ကပ်၍

http://www.dhammadownload.com



နိုပ်စက် အပူတက်သည့် နှစ်ချက်ညစ်ကြေး အပြစ်ဘေးမှ ကင်းဝေး စင်ကြယ်ပြီးသည်ရှိသော်၊မုဒုဘူတေ–ဘာဝနာဖြင့် ဝသီပြန်၍ နူးညံ့သည်ဖြစ်၍ ဖြစ်သည်ရှိသော်၊ကမ္မနိယေ–တန်ခိုးအစု ဘန်ဆင်းမှု၌ အပြုလွယ်အောင် ခံ့သည်ရှိသော်၊ ဌိတေ –မိမိလိုရပ် ဂုဏ်သကတ်၌ တည်လတ်သည်ရှိသော်၊ အာနေဥ္စပ္ပတ္တေ– သမ္ပယုတ်ဟုန် ကျေးဇူးဂုဏ်ကြောင့် မတုန်မလှုပ်သည်၏အဖြစ်သို့ ရောက်သည်ရှိသော်၊ ဉာဏဒဿနာယ– တေဘူမကသင်္ခါရတို့ကို အနိစ္စ,ဒုက္ခ,အနတ္တဟူ၍ သိမြင်တတ်သော ဝိပဿနာဉာဏ်အကျိုးငှါ၊ စိတ္တံ–ပရိကံစိတ်ကို၊ အဘိနီဟရတိ–ဝိပဿနာဉာဏ်သို့ ရှေ့ရှုဆောင်၏၊ အဘိနိန္နာမေတိ–ဝိပဿနာဉာဏ်သို့ ရှေ့ရှုညွတ်စေ၏။

**=အယံ ခေါ မေ ကာယော ရူပီ စာတုမဟာဘူတိကော မာတာပေတ္တိကသမ္ဘဝေါ ဩဒန–ကုမ္မာသူပစယော အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော၊ ဣဒဉ္စ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓံ ။(ပါ၊၇၂။ပါ–သျှ၊၂၇၀။)**

<u>**အနက်ပေး**</u>

မေ–၏၊ရူပီ–ရုပ်ရှိသော၊စာတုမဟာဘူတိကော–လေးပါးသောမဟာဘုတ်ကိုမှီ၍ဖြစ်သော၊ မာတာပေတ္တိကသမ္ဘဝေါ–အမိ,အဘတို့၏သုတ်သွေးကြောင့်ဖြစ်သော၊(ဝါ)အမိ၏သွေး,အဘ၏သုတ်ကြောင့်ဖြစ်သော၊ဩဒနကုမ္မာသူပစယော– ထမင်း,မုံ့လုံးတို့သည် ကြီးပွားစေအပ်သော၊(ဝါ)ထမင်း,မုံ့လုံးတို့ကြောင့်ကြီးပွားသော၊အယံကာယော–ဤရူပကာယခန္ဓာကိုယ်သည်၊အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မော–မမြဲခြင်းသဘော, ပွတ်တိုက်ခြင်းသဘော, ဆုပ်နယ်ရခြင်းသဘော, ပျက်စီးခြင်းသဘော, ပရမ်းပတာပျက်စီးရခြင်းသဘောရှိခဲ့၏၊မေ–၏၊ဣဒဉ္စပနဝိညာဏံ–ဤဝိညာဏ်သည်လည်း၊ဧတ္ထ ဧတသ္မိံ ကာယေ–ဤရူပကာယခန္ဓာကိုယ်၌၊သိတံ–မှီခဲ့၏၊ဧတ္ထ ဧတသ္မိံ ကာယေ–၌၊ပဋိဗဒ္ဓံ–စပ်ခဲ့၏။

**၂၃၅။ တတြိဒံ သုတ္တံ အာဝုတံ နီလံ ဝါ ပီတံ ဝါ လောဟိတံ ဝါ ဩဒါတံ ဝါ ပဏ္ဍုသုတ္တံ ဝါ။ (ပါ၊၇၂။ပါ–သျှ၊၂၇၀။)**

<u>**အနက်ပေး**</u>

တတြ တသ္မိံ မဏိဝေဠုရိယေ–ထိုပတ္တမြားကြောင်မျက်ရွဲ၌၊ နီလံ–ညိုသော၊ သုတ္တံဝါ–

http://www.dhammadownload.com



ချည်ကြိုးသည်သော်လည်းကောင်း၊ (ဝါ) ကိုသော်လည်းကောင်း၊ ပီတကံ–ရွှေသော၊ သုတ္တံ ဝါ–သည်သော်လည်းကောင်း၊ (ဝါ) ကိုသော်လည်းကောင်း၊ လောဟိတံ–နီသော၊ သုတ္တံဝါ– သည်သော်လည်းကောင်း၊ (ဝါ) ကိုသော်လည်းကောင်း၊ ဩဒါတံ–ဖြူသော၊သုတ္တံဝါ–သည် သော်လည်းကောင်း၊(ဝါ)ကိုသော်လည်းကောင်း၊ ပဏ္ဍုသုတ္တံဝါ– ဖြော့တော့သောအဆင်းရှိ သောချည်ကြိုးသည်သော်လည်းကောင်း၊(ဝါ) ကိုသော်လည်းကောင်း၊အာဝုတံ–သီကုံးအပ် သည်၊အသ–ဖြစ်ရာ၏ ။

## ♠ မနောမယိဒ္ဓိဉာဏကထာ ♠

**၂၃၆။ သော ဣမမှာ ကာယာ အညံ ကာယံ အဘိနိမ္မိနာတိ ရူပိံ မနောမယံ သဗ္ဗင်္ဂပစ္စင်္ဂိံ အဟီနိန္ဒြိယံ ။(ပါ၊၇၃။ပါ–သျှ၊၂၇၁။ )**

<u>**အနက်ပေး**</u>

သော ဘိက္ခု–သည်၊ဣမမှာ ကာယာ–ဤရူပကာယခန္ဓာကိုယ်မှ၊အညံ–တစ်ပါးသော၊ ရူပိံ –ကသိုဏ်းရုပ်ရှိသော၊ မနောမယံ–သော၊ သဗ္ဗင်္ဂပစ္စင်္ဂိံ–အလုံးစုံသောကိုယ်အင်္ဂါအစိတ် ရှိသော၊ အဟီနိန္ဒြိယံ–မယုတ်လျော့သော ဣန္ဒြေရှိသော၊ ကာယံ–ကို၊ အဘိနိမ္မိနာတိ– အသစ်ဘန်ဆင်း၏ ။

**၂၃၇။ အယံ မုဉ္ဇော၊ အယံ ဤသိကာ၊ အညော မုဉ္ဇော၊ အညာ ဤသိကာ၊ မုဉ္ဇမှာ တွေဝ ဤသိကာ ပဝါဠှာ။ (ပါ၊၇၃။ပါ–သျှ၊၂၇၂။ )**

<u>**အနက်ပေး**</u>

အယံ–ဤသည်ကား၊မုဉ္ဇော–ဖြူဆံမြက်တည်း၊အယံ–ကား၊ဤသိကာ–အညောက် တည်း၊မုဉ္ဇော–ဖြူဆံမြက်သည်၊အညော–အညောက်မှ တစ်မျိုးတစ်ခြား တစ်ပါးတည်း၊ ဤသိကာ–အညောက်သည်၊ အညာ–ဖြူဆံမြက်မှ တစ်မျိုး တစ်ခြား တစ်ပါးတည်း၊မုဉ္ဇမှာ တွေဝ–ဖြူဆံမြက်မှသာလျှင်၊ဤသိကာ–အညောက်ကို၊ပဝါဠှာ–နုတ်အပ်ပြီ ။

**=အယံ အဟိ၊အယံ ကရဏ္ဍော၊အညော အဟိ၊အညော ကရဏ္ဍော၊ကရဏ္ဍာတွေဝ အဟိ ဥဗ္ဗတော။(ပါ၊၇၃။ပါ–သျှ၊၂၇၂။)**

<u>**အနက်ပေး**</u>

http://www.dhammadownload.com



**အနက်ပေး**

အယံ–ကား၊အဟိ–မြွေတည်း၊အယံ–ကား၊ကရဏ္ဍော–ကြွံတည်း၊(ဝါ)မြွေရေလဲတည်း၊ အဟိ–သည်၊ အညော–မြွေရေလဲမှ တစ်မျိုး တစ်ခြား တစ်ပါးတည်း၊ ကရဏ္ဍော–သည်၊ အညော–မြွေမှ တစ်မျိုး တစ်ခြား တစ်ပါးတည်း၊ ကရဏ္ဍာတွေဝ–မှသာလျှင်၊ အဟိ–ကို၊ ဥဗ္ဗတော–ဆွဲနုတ်အပ်ပြီ ။

## ဣဒ္ဓိဝိဓဉာဏ ကထာ

၂၃၈။ဣဒ္ဓိဝိဓာယ– ဣဒ္ဓိဝိဓအဘိညာဏ်အကျိုးငှါ၊(ဝါ)သတ္တဝါတို့၏ ကြီးပွားကြောင်း ဖြစ်သော ဆန္ဒ,စိတ္တ,ဝီရိယ,ဝီမံသအစုအကျိုးငှါ။

=စိတ္တံ စတုတ္ထစျာန်စိတ်ကို ။

=အဘိနီဟရတိ– ဣဒ္ဓိဝိဓအဘိညာဏ်သို့ ရှေ့ရှုဆောင်၏ ။

=အဘိနိန္နာမေတိ– ဣဒ္ဓိဝိဓအဘိညာဏ်သို့ ရှေ့ရှုညွတ်စေ၏ ။

= **အာဝိဘာဝံ တိရောဘာဝံ တိရောကုဋ္ဋံ တိရောပါကာရံ တိရောပဗ္ဗတံ အသဇ္ဇမာနော ဂစ္ဆတိ သေယျထာပိ အာကာသေ ။(ပါ၊၇၄။ပါ–သျှ၊၂၇၃။)**

**အနက်ပေး**

အာကာသေ–ကောင်းကင်၌၊အသဇ္ဇမာနော–မငြိမကပ်ဘဲ၊ ဂစ္ဆတိသေယျထာပိ–သွားလာသကဲ့သို့၊ တထာ– တူ၊ အာဝိဘာဝံ– မျက်မှောက်၏ အဖြစ်၌လည်းကောင်း၊ တိရောဘာဝံ–မျက်ကွယ်၏အဖြစ်၌လည်းကောင်း၊ တိရောကုဋ္ဋံ– နံရံ၏တစ်ဘက်၌လည်း ကောင်း၊တိရောပါကာရံ–တံတိုင်း၏ တစ်ဘက်၌လည်းကောင်း၊ တိရောပဗ္ဗတံ– တောင်၏ တစ်ဘက်၌လည်း ကောင်း၊အသဇ္ဇမာနော–ဘဲ၊ဂစ္ဆတိ–သွားလာနိုင်၏ ။

= **ဣမေပိ စန္ဒိမသူရိယေ ဧဝံမဟိဒ္ဓိကေ ဧဝံမဟာနုဘာဝေ ပါဏိနာ ပရာမသတိ ပရိမဇ္ဇတိ။ ယာဝ ဗြဟ္မလောကာပိ ကာယေန ဝသံ ဝတ္တေတိ ။(ပါ၊၇၄။ပါ–သျှ၊၂၇၃။)**

**အနက်ပေး**

ဧဝံမဟိဒ္ဓိကာ–ဤသို့ယူဇနာလေးသောင်းနှစ်ထောင်၏ အထက်၌သွားလာနိုင်ခြင်း

http://www.dhammadownload.com



ဟူသော ကြီးသောတန်ခိုးရှိကုန်သော၊ ဧဝံမဟာနုဘာဝေ– ဤသို့သုံးကျွန်းလုံးကို တစ်ပြိုင်နက်ထွန်းလင်းတောက်ပစေနိုင်ခြင်းဟူသောကြီးသော အာနုဘော်ရှိသော၊ ဣမေပိ စန္ဒိမသူရိယေ– ဤလ, နေတို့ကိုလည်း၊ ပါဏိနာ– လက်ဖြင့်၊ ပရာမသတိ– သုံးသပ်နိုင်၏၊ ပရိမဇ္ဇတိ– ဆုပ်နယ်နိုင်၏။ ယာဝ ဗြဟ္မလောကာပိ– ဗြဟ္မာ့ပြည်တိုင်အောင်လည်း၊ ကာယေန –ဖြင့်၊ ဝသံ– အလိုသို့၊ ဝတ္တေတိ–လိုက်စေနိုင်၏ ။

## ♠ဒိဗ္ဗသောတဉာဏ ဂါထာ♠

၂၄၀။**ဒိဗ္ဗာယ=** နတ်၌ဖြစ်သောပသာဒသောတနှင့်တူသော၊ (ဝါ) ဒိဗ္ဗဝိဟာရ၏ အစွမ်းဖြင့်ရအပ်သော၊(ဝါ)ဒိဗ္ဗဝိဟာရ၌မှီသော။

**=သောတဓာတုယာ**–သောတဓာတ်အကျိုးငှါ၊(ဝါ)သောတပသာဒနှင့်တူသောအဘိညာဏ်အကျိုးငှါ။ **စိတ္တံ**–စတုတ္ထစျာန်စိတ်ကို ။

**=သော ဒိဗ္ဗာယ သောတဓာတုယာ ဝိသုဒ္ဓါယ အတိက္ကန္တမာနုသိကာယ ဥဘော သဒ္ဒေ သုဏာတိ ဒိဗ္ဗေ စ မာနုသေ စ ယေ ဒူရေ သန္တိကေ ။**(ပါ၊၇၄။ပါ–သျှ၊၂၇၅။)

<u>**အနက်ပေး**</u>

သောဘိက္ခု–သည်၊ဒိဗ္ဗာယ–သော၊ ဝိသုဒ္ဓါယ– သန့်ရှင်းစင်ကြယ်သော၊ (ဝါ)တစ်ဆယ့်တစ်ဘေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော၊ အတိက္ကန္တမာနုသိကာယ– လူတို့၏ ဥစ္စာဖြစ်သော သဝနူပစာကိုလွန်သော၊ (ဝါ) လူတို့၏ ဥစ္စာဖြစ်သော သဒ္ဒါရုံကိုလွန်သော၊ (ဝါ)လူတို့၏ဥစ္စာဖြစ်သော မံသသောတကိုလွန်သော၊ သောတဓာတုယာ– သောတဓာတ်ဖြင့်၊(ဝါ) သောတပသာဒနှင့်တူသော အဘိညာဏ်ဖြင့်၊ ဒိဗ္ဗာ– နတ်၌ဖြစ်ကုန်သော၊ ယေ ဒူရေစ– အကြင်ဝေးသော အသံတို့သည်လည်းကောင်း၊ ဒိဗ္ဗာ– နတ်၌ဖြစ်ကုန်သော၊ ယေ သန္တိကေစ–အကြင်နီးသော အသံတို့သည်လည်းကောင်း၊ သန္တိ–ကုန်၏၊ ဒိဗ္ဗေ–နတ်၌ ကုန်သော၊တေဒူရေစ–ထိုဝေးသောအသံတို့ကိုလည်းကောင်း၊ဒိဗ္ဗေ–နတ်၌ ဖြစ်ကုန်သော၊ တေ သန္တိကေ စ– ထိုနီးသော အသံတို့ကိုလည်းကောင်း၊ မာနုသာ– လူ၌ဖြစ်ကုန်သော၊ ယေ ဒူရေ စ–အကြင်ဝေးသောအသံတို့သည်လည်းကောင်း၊ မာနုသာ–လူ၌ဖြစ်ကုန်သော၊

http://www.dhammadownload.com



ယေ သန္တိကေစ–တို့သည်လည်းကောင်း၊သန္တိ–ကုန်၏၊မာနုသေ–ကုန်သော၊တေ ဒူရေစ–ထိုဝေးသောအသံတို့ကိုလည်းကောင်း၊မာနုသေ–ကုန်သော၊တေ သန္တိကေစ–တို့ကိုလည်းကောင်း၊ဥဘော–နှစ်ပါးကုန်သော၊သဒ္ဒေ–အသံတို့ကို၊သုဏာတိ–ကြားရ၏ ။

## ❦ စေတောပရိယဉာဏကထာ ❧

၂၄၂။ **စေတောပရိယဉာဏာယ**–စေတောပရိယဉာဏ်အကျိုးငှါ၊ (ဝါ)တစ်ပါးသောပုဂ္ဂိုလ်၏ စိတ်ကို ပိုင်းခြား၍ သိတတ်သော ဉာဏ်အကျိုးငှါ။

**=အဘိနီဟရတိ–** စေတောပရိယဉာဏ်သို့ ရှေ့ရှုဆောင်၏ ။

**=အဘိနိန္နာမေတ–** စေတောပရိယဉာဏ်သို့ရှေ့ရှုညွှတ်စေ၏။

**=သရာဂံ –** ရာဂနှင့် တကွဖြစ်သော၊ (ဝါ) ရာဂရှိသော၊ **စိတ္တံဝါ**– ရှစ်ပါးသော လောဘမူစိတ်ကိုသော်လည်း ။

**=ဝီတရာဂံ –** ကင်းပြီးသောရာဂရှိသော၊ **စိတ္တံဝါ**– ကုသိုလ်, အဗျာကတစိတ်ကို သော်လည်း။

**=သံခိတ္တံ–** ထိန,မိဒ္ဓသည် လွန်စွာပစ်လွှင့်အပ်သော၊ (ဝါ) ထိန,မိဒ္ဓ၏အစွမ်းအားဖြင့်တွန့်တိုသော၊**စိတ္တံဝါ**– ငါးပါးသော သသင်္ခါရိကအကုသိုလ်စိတ်ကို သော်လည်း ။

**=ဝိက္ခိတ္တံ –** ဥဒ္ဓစ္စသည် အထူးထူး အပြားပြားပစ်လွှင့်အပ်သော ၊(ဝါ) ဥဒ္ဓစ္စ၏ အစွမ်းအားဖြင့် ပျံ့လွင့်သော ၊ **စိတ္တံဝါ**– ဥဒ္ဓစ္စသဟဂုတ်စိတ်ကို––

**=သမာဟိတ–** ဥပစာရသမာဓိ,အပ္ပနာသမာဓိတို့ဖြင့်ကောင်းစွာအာရုံ၌ထားအပ်ပြီးသော၊**စိတ္တံဝါ**–ကုသိုလ်,အဗျာကတစိတ်ကိုသော်လည်း။

**=အသမာဟိတံ–** ဥပစာရသမာဓိ, အပ္ပနာသမာဓိတို့ဖြင့် ကောင်းစွာ အာရုံ၌မထားအပ် သော၊**စိတ္တံဝါ**–အကုသိုလ်စိတ်ကိုသော်လည်း။

**=ဝိမုတ္တံ–** ငါးပါးသော ဝိမုတ္တိတို့ဖြင့် ကိလေသာတို့မှလွတ်ပြီးသော၊**စိတ္တံဝါ**–ကုသိုလ်,အဗျာကတစိတ်ကိုသော်လည်း ။

http://www.dhammadownload.com



## ♠ပုဗ္ဗေနိဝါသာနုဿတိဉာဏကထာ♠

၂၄၄=ပုဗ္ဗေနိဝါသာနုဿတိဉာဏကထာ–ပုဗ္ဗေနိဝါသာနုဿတိဉာဏ်အကျိုး၄ါ၊(ဝါ) ရှေးဘဝ ၌နေအပ်ဘူးသောခန္ဓာအစဉ်ကိုအစဉ်လျောက်၍ အောက်မေ့နိုင်သော သတိနှင့် ယှဉ်သော ဉာဏ် အကျိုး၄ါ ။

=သော တတော စုတော အမုတြ ဥဒပါဒိံ၊ တတြာပါသိံ ဧဝံနာမော ဧဝံဂေါတ္တော ဧဝံဝဏ္ဏော ဧဝမာဟာရော ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ ဧဝမာယုပရိယန္တော၊ သော တတော စုတော ဣဓူပပန္နော။(ပါ၊၇၇။ပါ–သျှ၊၂၇၉။)

<u>အနက်ပေး</u>

သောအဟံ–ထိုငါသည်၊တတော–ထိုဘဝ,ယောနိ,ဂတိ,ဌိတိ,သတ္တာဝါသ,သတ္တနိကာယ တို့မှ၊စုတော–စုတေသည်၊သမာနော–သော်၊အမုတြ–ထိုအမည်ရှိသောဘဝ,ယောနိ,ဂတိ, ဌိတိ,သတ္တာဝါသ,သတ္တနိကာယတို့၌၊ ဥဒပါဒိံ –ထင်ရှားဖြစ်ပြီ။တတြာပိ–ထိုဘဝ,ယောနိ, ဂတိ, ဌိတိ, သတ္တာဝါသ,သတ္တနိကာယတို့၌လည်း၊ အဟံ–သည်၊ ဧဝံနာမော–သည် ။ပ။ ဧဝံသုခဒုက္ခပ္ပဋိသံဝေဒီ– ဤသို့သော သုခဝေဒနာ, ဒုက္ခဝေဒနာကို ခံစားလေ့ရှိသည်၊ ဧဝမာယုပရိယန္တော–ဤသို့သောအသက်အပိုင်းအခြားရှိသည်၊အာသိံ –ပြီ။ သော အဟံ– သည်၊ တတော–မှ၊စုတော–သည်၊သမာနော–သော်၊ဣဓ–ဤလူ့ပြည်၌၊ဥပပန္နော–ပြီ ။

## ♠ဒိဗ္ဗစက္ခုဉာဏကထာ♠

၂၄၆။စုတူပပါတဉာဏကထာ–စုတူပပါတဉာဏ်အကျိုး၄ါ၊(ဝါ)စုတိ,ပဋိသန္ဓေကို သိကြောင်း ဖြစ်သော ဒိဗ္ဗစက္ခုဉာဏ်အကျိုး၄ါ။

= သော ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန အတိက္ကန္တမာနုသကေန သတ္တေ ပဿတိ စဝမာနေ ဥပပဇ္ဇမာနေ ။(ပါ၊၇၈။ပါ–သျှ၊၂၈၁ ။)

<u>အနက်ပေး</u>

သော ဘိက္ခု–သည်၊ဒိဗ္ဗေန–နတ်၌ဖြစ်သော ပသာဒစက္ခုနှင့်တူသော၊(ဝါ)ဒိဗ္ဗဝိဟာရ၏

http://www.dhammadownload.com



အစွမ်းဖြင့်ရအပ်သော၊ (ဝါ) ဒိဗ္ဗဝိဟာရဈာန်မှီသော၊ ဝိသုဒ္ဓေန–ဆယ်ဆယ့်တစ်ဘေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ်ကြောင်းဖြစ်သော၊ အတိက္ကန္တမာနုသကေန– လူတို့၏ ဥစ္စာဖြစ်သောဒဿနရူပစာကိုလွန်သော၊(ဝါ)လူတို့၏ဥစ္စာဖြစ်သောရူပါရုံကိုလွန်သော၊(ဝါ)လူတို့၏ဥစ္စာဖြစ်သောမံသစက္ခုကိုလွန်သော၊ စက္ခုနာ– ပသာဒစက္ခုနှင့်တူသော အဘိညာဏ်ဖြင့်၊ (ဝါ)ရူပါရုံကိုထင်စွာပြတတ်သော အဘိညာဏ်ဖြင့်၊ စဝမာနေ– စုတေခါနီး ဖြစ်ကုန်သော၊ သတ္တေ–တို့ကိုလည်းကောင်း၊ ဥပပဇ္ဇမာနေ–ပဋိသန္ဓေနေပြီးခါစ ဖြစ်ကုန်သော၊သတ္တေ–တို့ကိုလည်းကောင်း၊ (ပဿတိ– မြင်နိုင်၏) ။

## ♠အာသဝက္ခယဉာဏကထာ♠

၂၄၈။**အာသဝါနံ**–တို့၏၊(ဝါ)တို့ကို၊ **ခယဉာဏာယ**–ကုန်ရာဖြစ်သော နိဗ္ဗာန်ကိုသိတတ်သောအရဟတ္တမဂ်ဉာဏ်အကျိုးငှါ၊(ဝါ)ကုန်ကြောင်းဖြစ်သော အရဟတ္တမဂ်ဉာဏ်အကျိုးငှါ။

**= သော ဣဒံ ဒုက္ခန္တိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခသမုဒယောတိ ယထာဘူတံ ပဇာနာတိ၊အယံ ဒုက္ခနိရောဓောတိ ယထာဘူတံ ပဇာနာတိ၊ အယံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါတိ ယထာဘူတံ ပဇာနာတိ။ (ပါ၊၇၉။ပါ–သျှ၊၂၈၅။)**

<u>**အနက်ပေး**</u>

သော ဘိက္ခု–သည်၊ဣဒံ–ဤလောကီစိတ်ကောသိတိ,လောဘကြဉ်သော စေတသိက်ဧကပညာသ,ရုပ်အဋ္ဌဝီသသည်၊ဒုက္ခံ–ဒုက္ခသစ္စာမည်၏၊**(တစ်နည်း)**ဒုက္ခံ–သည်၊ဣဒံ–ဤလောကီစိတ်ကောသိတိလောဘကြဉ်သောစေတသိက်ဧကပညာသ,ရုပ်အဋ္ဌဝီသဟူသောဤမျှလောက်သော အတိုင်းအရှည်ရှိသည်သာ၊ ဣတော–ဤလောကီစိတ် ။ပ။ ဟူသောဒုက္ခသစ္စာထက်၊ဘိယျော–လွန်သောဒုက္ခသစ္စာသည်၊နတ္ထိ–မရှိတော့ပြီ၊ဣတိ–သို့၊သဗ္ဗမ္ပိ–အလုံးစုံလည်းဖြစ်သော၊ ဒုက္ခံ–ဒုက္ခသစ္စာကို၊ သရသလက္ခဏပဋိဝေဓေန– မိမိ၏သဘောလက္ခဏာကိုထိုးထွင်း၍သိခြင်းဖြင့်၊ယထာဘူတံ–အကြွင်းအကြွင်းမဖောက်မပြန်ဟုတ်မှန်သည့်အတိုင်း၊(ဝါ)မဖောက်မပြန်ဟုတ်မှန်သည့်အားလျော်စွာ၊ (ဝါ) ထင်ရှားရှိသော ဒုက္ခသစ္စာ၏လက္ခဏာ,ရသပစ္စုပဋ္ဌာန်ပဒဋ္ဌာန်အားလျော်စွာ၊ပဇာနာတိ–အပြားအားဖြင့်သိ၏။

http://www.dhammadownload.com



အယံ–ဤလောဘသည်၊ ဒုက္ခသမုဒယော– ဒုက္ခ၏ ကြွင်းသောအကြောင်းနှင့် ပေါင်းဆုံမိသည်ရှိသော် ဖြစ်ကြောင်းဖြစ်ရာဖြစ်သော သမုဒယသစ္စာမည်၏။ ဣတိ–သို့၊ ဒုက္ခနိဗ္ဗတ္တကံ–ဒုက္ခကို ဖြစ်စေတတ်သော၊ တဏှံ–ကို၊ သရသလက္ခဏပဋိဝေဓေန–ဖြင့်၊ ယထာဘူတံ–တိုင်း၊ပဇာနာတိ–၏ ။

အယံ–ဤနိဗ္ဗာန်သည်သာ၊ဒုက္ခနိရောဓော–ဒုက္ခ၏ကွယ်ပျောက်ချုပ်ငြိမ်းလက်စ သိမ်းရာဖြစ်သော နိရောဓသစ္စာမည်၏။ ဣတိ–သို့၊ တံအပ္ပဝတ္တိ – ထိုဒုက္ခ, သမုဒယတို့၏ ဖြစ်ရာ မဟုတ်သော၊ နိဗ္ဗာန်–ကို၊ သရသလက္ခဏပဋိဝေဓေန–ဖြင့်၊ ယထာဘူတံ–တိုင်း၊ (ဝါ) စွာ၊ပဇာနာတိ–၏ ။

အယံ–ဤမဂ္ဂင်ရှစ်ပါးသည်သာ၊ ဒုက္ခနိရောဓဂါမိနီပဋိပဒါ– ဒုက္ခ၏ကွယ်ပျောက် ချုပ်ငြိမ်းလက်စသိမ်းရာဖြစ်သောမဂ္ဂသစ္စာမည်၏။ ဣတိ–သို့၊ တံသမ္ပာပကံ–ထိုနိဗ္ဗာန်သို့ ရောက်စေတတ်သော၊ အရိယမဂ္ဂံ–ကို၊ သရသလက္ခဏပဋိဝေဓေန–ဖြင့်၊ ယထာဘူတံ–တိုင်း၊ ပဇာနာတိ–၏ ။

**“ ခီဏာ ဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာ”တိ ပဇာ– နာတိ။ (ပါ၊၇၉။ပါ –သျှ၊၂၈၈။)**

<u>**အနက်ပေး**</u>

မေ–၏၊ ဇာတိ–သည်၊ (ဝါ) ပဋိသန္ဓေနေခြင်းသည်၊ ခီဏာ– ကုန်ပြီ၊မေ–သည်၊ ဗြဟ္မ– စရိယံ–မဂ္ဂဗြဟ္မစရိယကို၊ဝုသိတံ–ကျင့်သုံးအပ်ပြီ၊မေ–သည်၊ ကရဏီယံ–ပြုအပ်,ပြုသင့်, ပြုထိုက်သော တစ်ဆယ့်ခြောက်ပါးသော မဂ်ကိစ္စကို၊ ကတံ–ပြီ၊ မေ–အား၊ ဣတ္ထတ္တာယ– ဤတစ်ဆယ့်ခြောက်ပါးသောမဂ်ကိစ္စအပြားတို့၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော မဂ်အကျိုး ငှါ၊အပရံ–တစ်ပါးသောမဂ်ကိုပွားစေဘွယ်ကိစ္စသည်၊နအတ္ထိ–မရှိတော့ပြီ။ဣတိပဇာနာတိ

**၂၄၉။ သေယျထာပိ မဟာရာဇ ပဗ္ဗတသင်္ခေပေ ဥဒကရဟဒေါ အစ္ဆော ဝိပ္ပသန္နော အနာဝိလော၊ တတ္ထ စက္ခုမာ ပုရိသော တီရေ ဌိတော ပဿေယျ သိပ္ပိကသမ္ဗုကမ္ပိ သက္ခရကထလမ္ပိ မစ္ဆဂုမ္ဗမ္ပိ စရန္တမ္ပိ တိဋ္ဌန္တမ္ပိ။(ပါ၊၇၉။ပါ–သျှ၊၂၈၉။)**

<u>**အနက်ပေး**</u>

http://www.dhammadownload.com



**အနက်ပေး**

မဟာရာဇ–မြတ်၊သေယျထာပိ–မည်သည်၊ပဗ္ဗတသင်္ခေပေ–တွန့်တိုဆုတ်နစ်သော တောင်ထိပ်၌၊(ဝါ)တောင်ဟူ၍ရေတွက်အပ်သော တောင်တစ်စိတ်အရပ်၌၊အစ္ဆော–ကြည်လင်သော၊ ဝိပ္ပသန္နော–အထူးသဖြင့် ကြည်လင်သော၊ အနာဝိလော–မနောက်ကျုသော၊ ဥဒကရဟဒေါ–ရေအိုင်သည်၊အဿ–ရှိရာ၏၊တ တ္ထတသ္မိံ ဥဒကရဟဒေ–၌၊တီရေ–ကမ်း၌၊ဌိတော–တည်သော၊စက္ခုမာ–ပသာဒစက္ခုရှိသော၊ပုရိသော–သည်၊စရန္တမ္ပိ– သွားသည်လည်းဖြစ်သော၊တိဋ္ဌန္တမ္ပိ–ရပ်တည်သည်လည်းဖြစ်သော၊သိပ္ပိကသမ္ဗုကမ္ပိ–ယောက်သွား, ခရုကိုလည်းကောင်း၊သက္ခရကထလမ္ပိ–ကျောက်စရစ်,အိုးခြမ်း ကိုလည်းကောင်း၊ မစ္ဆဂုမ္ဗမ္ပိ –ငါးအပေါင်းကိုလည်းကောင်း၊ပဿေယျ–မြင်ရရာ၏။ **(တစ်နည်း)** စရန္တမ္ပိ–သည်လည်း ဖြစ်သော၊တိဋ္ဌန္တမ္ပိ–သည်လည်းဖြစ်သော၊ သိပ္ပိကသမ္ဗုကမ္ပိ– ကိုလည်းကောင်း၊ တိဋ္ဌန္တမ္ပိ– သည်လည်းဖြစ်သော၊သက္ခရကထလမ္ပိ–ကိုလည်းကောင်း၊စရန္တမ္ပိ–သည်လည်းဖြစ်သော ၊ တိဋ္ဌန္တမ္ပိ–သည်လည်းဖြစ်သော၊မစ္ဆဂုမ္ဗမ္ပိ–ကိုလည်းကောင်း ၊ ပဿေယျ–ရာ၏။

## ♠အဇာတသတ္တုဥပါသကတ္တပဋိဝေဒနာပါဌ♠

**၂၅၀။ အစ္စယော မံ ဘန္တေ အစ္စဂမာ ယထာဗာလံ ယထာမူဠှံ ယထာအကုသလံ၊ယောဟံ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဣဿရိယဿကာရဏာ ဇီဝိတာ ဝေါရောပေသိံ ၊တဿ မေ ဘန္တေ ဘဂဝါ အစ္စယံ အစ္စယတော ပဋိဂ္ဂဏှာတု အာယတိံ သံဝရာယ ။ (ပါ၊၈၀။ပါ–သျှ၊၂၉၆။ )**

**အနက်ပေး**

ဘန္တေ–အရှင်ဘုရား၊ယော အဟံ–အကြင်အကျွန်ုပ်သည်၊ ဓမ္မိကံ–တရားရှိသော၊(ဝါ) တရားကိုစောင့်တတ်သော၊ (ဝါ) တရားကိုကျင့်တတ်သော၊ ဓမ္မရာဇာနံ– တရားသဖြင့်မင်းဖြစ်သော၊ပိတရံ–ခမည်းတော်ကို၊ဣဿရိယဿကာရဏာ–အစိုးရလိုသည်၏အဖြစ်ဟူသော အကြောင်းကြောင့်၊ဇီဝိတာ–ရုပ်,နာမ်နှစ်ထွေ ဇီဝိတိန္ဒြေမှ၊ဝေါရောပေသိံ – ကျစေမိပါပြီ ၊ (ဝါ)ချမိပါပြီ၊ ယထာဗာလံ– အကြင်အကြင်မိုက်သော၊ယထာမူဠှံ–အကြင်အကြင်တွေဝေသော၊ယထာအကုသလံ–အကြင်အကြင်မလိမ္မာသော၊တံမံ–ထိုအကျွန်ုပ်ကို၊အစ္စယော–

http://www.dhammadownload.com



အပြစ်သည်၊အစ္စဂမာ–လွှမ်းမိုး၍ရောက်ပါပြီ၊(ဝါ)လွှမ်းမိုး၍ဖြစ်ပါပြီ၊ဘန္တေ–အရှင်ဘုရား၊ ဘဂဝါ–သည်၊တဿမေ–၏၊အစ္စယံ–အပြစ်ကို၊အစ္စယတော–အပြစ်အားဖြင့်၊အာယတိံ– နောင်အခါ၌၊ သံဝရာယ–စောင့်ရှောက်ခြင်းငှါ၊ပဋိဂ္ဂဏှာတု–သည်းခံတော်မူပါလော့။

**၂၅၁။ ဝုဒ္ဓိဟေသာ မဟာရာဇ အရိယဿ ဝိနယေ၊ယော အစ္စယံ အစ္စယတော ဒိသွာ ယထာဓမ္မံ ပဋိကရောတိ၊အာယတိံ သံဝရံ အာပဇ္ဇတိ ။ (ပါ၊၈၀။ပါ–သျ၊၂၉၇။)**

**အနက်ပေး**

မဟာရာဇ–မြတ်၊အရိယဿ–ကိလေသာမြူမှေး ညစ်အကြေးမှ ကင်းဝေးစင်ကြယ် တော်မူသော ငါဘုရား၏၊ ဝိနယေ–ဆုံးမရာဖြစ်သော သာသနာတော်၌၊ ယောပုဂ္ဂလော– သည်၊ အစ္စယံ–ကို၊အစ္စယတော–အားဖြင့်၊ ဒိသွာ–၍၊ ယထာဓမ္မံ–သဘောအားလျော်စွာ၊ ပဋိကရောတိ–ကုစား၏၊အာယတိံ–၌၊သံဝရံ–စောင့်ရှောက်ခြင်းသို့၊အာပဇ္ဇတိ–၏၊တဿ ပုဂ္ဂလဿ–၏၊သော–ဤသို့အပြစ်ကို အပြစ်အားဖြင့် မြင်၍ သဘောအားလျော်စွာကုစား ခြင်း,အာယတိံ သံဝရသို့ရောက်ခြင်းသည်၊ ဝုဒ္ဓိဟိ–ကြီးပွားခြင်း၏အကြောင်းသာတည်း။

**= ခတာယံ ဘိက္ခဝေ ရာဇာ၊ဥပဟတာယံ ဘိက္ခဝေ ရာဇာ၊သစာယံ ဘိက္ခဝေ ရာဇာ ပိတရံ ဓမ္မိကံ ဓမ္မရာဇာနံ ဇီဝိတာ န ဝေါရောပေဿထ၊ ဣမသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥပ္ပဇ္ဇိဿထ။(ပါ၊၈၁။ပါ–သျ၊၂၉၈။)**

**အနက်ပေး**

ဘိက္ခဝေ–တို့၊အယံရာဇာ–သည်၊ခတော–မိမိကုသိုလ်များကိုမိမိတူးဖြိုခဲ့ပြီ၊ဘိက္ခဝေ–တို့ ၊အယံရာဇာ–သည်၊ ဥပဟတော–မိမိကုသိုလ်များကို မိမိဖျက်ဆီးခဲ့ပြီ၊ ဘိက္ခဝေ–တို့၊ အယံ ရာဇာ–သည်၊ဓမ္မိကံ–သော၊ ဓမ္မရာဇာနံ–သော၊ ပိတရံ–ကို၊ဇီဝိတာ–မှ၊သစေ နဝေါရောပေဿထ–အကယ်၍မကျစေခဲ့အံ့၊ (ဝါ) အကယ်၍မချခဲ့အံ့၊ ဧဝံ ဝေါရောပေန္တော–သော်၊ ဣမသ္မိံ ယေဝအာသနေ–၌သာလျှင်၊ ဝိရဇံ–ရာဂ,ဒေါသ,မောဟတည်းဟူသောမြူမှကင်း သော၊ဝီတမလံ–ရာဂ,ဒေါသ,မောဟတည်းဟူသောအညစ်အကြေးမှကင်းသော၊ ဓမ္မစက္ခုံ –လေးပါးသော သစ္စာတရားတို့၌ ဖြစ်သော သောတာပတ္တိမဂ်ဉာဏ်သည်၊ဥပ္ပဇ္ဇိဿထ– ဖြစ်ရာလေပြီ။

http://www.dhammadownload.com



## အမ္ဗဋ္ဌသုတ်

## ပေါက္ခရသာတိဝတ္ထု

၂၅၅။တေန ခေါ ပန သမယေန ဗြာဟ္မဏော ပေါက္ခရသာတိ ဥက္ကဋ္ဌံ အဇ္ဈာဝသတိ သတ္တုဿဒံ သတိဏကဋ္ဌောဒကံ သဓညံ ရာဇဘောဂ္ဂံ ရညာ ပသေနဒိနာ ကောသလေန ဒိန္နံ ရာဇဒါယံ ဗြဟ္မဒေယျံ။(ပါ၊၈၂။ပါ-သျ၊၃၀၁။)

**အနက်ပေး**

တေနခေါပနသမယေန-ဣစ္ဆာနင်္ဂလအမည်ရှိသောပုဏ္ဏားရွာ,ဣစ္ဆာနင်္ဂလအမည်ရှိသော တောအုပ်ဝယ် နေတော်မူရာ ထိုအခါ၌၊ပေါက္ခရသာတိ-အမည်ရှိသော၊ (ဝါ)ဖြူသောပဒုမာ ကြာပန်းနှင့်တူသော ကိုယ်ရှိသည်၏အဖြစ်ကြောင့် ပေါက္ခရသာတိအမည်ရှိသော၊ ဗြာဟ္မ-ဏော-သည်၊ သတ္တုဿဒံ-သတ္တဝါတို့ဖြင့် များသော၊ (ဝါ)များသော သတ္တဝါရှိရာဖြစ်သော၊ သတိဏကဋ္ဌောဒကံ-မြက်, ထင်း, ရေနှင့်တကွဖြစ်သော၊ သဓညံ-စပါးနှင့်တကွဖြစ်သော၊ ရာဇဘောဂ္ဂံ-မင်းမှရအပ်သောစည်းစိမ်ဖြစ်သော၊ (ဝါ) မင်းဖြစ်၍ ခံစားအပ်သော၊ (ဝါ)မင်းကဲ့သို့ ခံစားအပ်သော၊ ပသေနဒိနာ-အမည်ရှိသော၊ ကောသလေန-ကောသလတိုင်းကို အစိုးရသော၊ရညာ-သည်၊ဒိန္နံ-ပေးအပ်သော၊ ရာဇဒါယံ-မင်း၏အမွေအနှစ်ဖြစ်သော၊(ဝါ) မင်းသည်ပေးအပ်သော၊ဗြဟ္မဒေယျံ-မြတ်သော ပေးခြင်းဖြင့်ပေးအပ်သော၊ (ဝါ)မြတ်သည် ကိုပြု၍ ပေးအပ်သော၊ဥက္ကဋ္ဌံ-အမည်ရှိသော မြို့ကို၊အဇ္ဈာဝသတိ-ပိုင်းခြားပြု၍နေ၏ ။

## ❀အမ္ဗဋ္ဌမာဏဝက ကထာ❀

၂၅၇။ယဒိဝါ တံ ဘဝန္တံ ဂေါတမံ တထာသန္တံယေဝ သဒ္ဒေါ အဗ္ဘုဂ္ဂတော၊ယဒိဝါ နော တထာ။ ယဒိ ဝါ သော ဘဝံ ဂေါတမော တာဒိသော၊ယဒိ ဝါ န တာဒိသော၊တထာ မယံ တံ ဘဝန္တံ ဂေါတမံ ဝေဒိဿာမ ။ (ပါ၊၈၃။ပါ-သျ၊၃၀၇။ )

**အနက်ပေး**

တထာ-ထိုသို့သောအခြင်းအရာအားဖြင့်၊သန္တံယေဝ-ထင်ရှားရှိသည်သာလျှင်ဖြစ်သော၊ (ဝါ)ဟုတ်မှန်သည်သာလျှင်ဖြစ်သော၊ ဂေါတမံ-သော၊ တံ ဘဝန္တံ အဘိ-၏၊ သဒ္ဒေါ-သည်၊ ဥဂ္ဂတော-တက်ပြီ၊ ဣတိ ယဒိဝါ-ဤသို့သော်လည်းကောင်း၊ တထာ-အားဖြင့်၊ နောအသန္တံ

http://www.dhammadownload.com



ယေဝ–ထင်ရှားမရှိသည်သာလျှင်ဖြစ်သော၊(ဝါ)မဟုတ်မမှန်သည်သာလျှင်ဖြစ်သော၊ ဂေါ–တမံ–သော၊တံ ဘဝန္တံ အဘိ–၏၊ သဒ္ဒေါ–သည်၊ ဥဂ္ဂတော–ပြီ။ ကွတိ ယဒိဝါ–သော်လည်းကောင်း၊ ဂေါတမော– သော၊ သောဘဝံ– ထိုအရှင်သည်၊ တာဒိသော– ထိုကဲ့သို့ရှုအပ်သော သဘောရှိသည်၊ ဟောတိ–၏၊ ကွတိယဒိ ဝါ–သော်လည်းကောင်း၊ ဂေါတမော–သော၊သော ဘဝံ–သည်၊ တာဒိသော–သော၊ န ဟောတိ–မဖြစ်၊ ကွတိ ယဒိဝါ– သော်လည်းကောင်း၊ ဇာနာဟိ–သိလော့၊ တထာ–ထိုသင်သိခဲ့တိုင်းသော အခြင်းအရာအားဖြင့်၊ မယံ–တို့သည်၊ ဂေါတမံ–သော၊တံ ဘဝန္တံ–ကို၊ဝေဒိဿာမ–သိကြရကုန်လိမ့်အံ့ ။

**၂၅၈။ အာဂတာနိ ခေါ တာတ အမှာကံ မန္တေသု ဒွတ္တိံသ မဟာပုရိသလက္ခဏာနိ၊ ယေဟိ သမန္နာဂတော မဟာပုရိသဿ ဒွေယေဝ ဂတိယော ဘဝန္တိ အနညာ။ (ပါ၊၈၃။ပါ–သျ၊၃၀၈ ။ )**

<u>**အနက်ပေး**</u>

တာတ အမ္မဋ္ဌ–အမောင် အမ္မဋ္ဌ၊အမှာကံ–တို့၏၊မန္တေသု–ဗေဒင်သုံးပုံတို့၌၊ ဒွတ္တိံ သာယ–သုံးဆယ့်နှစ်ပါးသော၊ယေဟိ မဟာပုရိသလက္ခဏေဟိ–အကြင်ယောကျ်ားမြတ်၏လက္ခဏာတို့နှင့်၊သမန္နာဂတဿ–သော၊မဟာပုရိသဿ–၏၊**ဒွေယေဝ**–နှစ်ပါးသာလျှင်ဖြစ်ကုန်သော ၊ဂတိယော–ပြီးခြင်းတို့သည်၊ (ဝါ) **စကြာဝတေးမင်းအဖြစ်, ဘုရားအဖြစ်**ဟုဆိုအပ်သောပြီးခြင်းတို့သည်၊ဘဝန္တိ–ဖြစ်ကုန်၏၊အညာ–နှစ်ပါးသောပြီးခြင်းမှတစ်ပါးကုန်သော၊ဂတိယော –တို့သည်၊ န ဘဝန္တိ–မဖြစ်ကုန်၊ ဒွတ္တိံ သ–သုံးဆယ့်နှစ်ပါးသော၊ တာနိ မဟာပုရိသလက္ခ–ဏာနိ–တို့သည်၊ အာဂတာနိခေါ–လာကုန်သည်သာ။

**= သစေ အဂါရံ အဇ္ဈာဝသတိ၊ရာဇာ ဟောတိ စက္ကဝတ္တီ ဓမ္မိကော ဓမ္မရာဇာ စာတုရန္တော ဝိဇိတာဝီ ဇနပဒတ္ထာဝရိယပ္ပတ္တော သတ္တရတနသမန္နာဂတော ။(ပါ၊၈၃။ပါ–သျ၊၃၀၈။)**

<u>**အနက်ပေး**</u>

ဒွတ္တိံ သာယ–သော၊မဟာပုရိသလက္ခဏေဟိ–တို့နှင့်၊သမန္နာဂတော–သော၊မဟာပု–ရိသော–သည်၊အဂါရံ–ကို၊သစေအဇ္ဈာဝသတိ–အကယ်၍စိုးအုပ်သမူ ပိုင်းခြားပြု၍နေခဲ့အံ့၊ ဧဝံသတိ–သော်၊ စက္ကဝတ္တီ– စကြာရတနာကို လည်စေတတ်သော၊ ဓမ္မိကော–တရားသဖြင့်

http://www.dhammadownload.com



ကျင့်တတ်သော၊(ဝါ)တစ်ပါးသောပုဂ္ဂိုလ်တို့၏အကျိုးစီးပွားကို ဆောင်တတ်သော တရားကို ပြုကျင့်တတ်သော၊ ဓမ္မရာဇာ–တရားသဖြင့်မင်းဖြစ်သော၊ (ဝါ) မိမိအကျိုးကိုဆောင်တတ်သော တရားကိုပြုကျင့်တတ်သော၊ စာတုရန္တော–သမုဒ္ဒရာလေးစင်းဟူသောအပိုင်းအခြားရှိသောမြေကိုအစိုးရသော၊ ဝိဇိတာဝီ–အဇ္ဈတ္တဘေးရန်,ဗဟိဒ္ဓဘေးရန်ကိုအောင်မြင်ပြီးသော၊ ဇနပဒတ္ထာဝရိယပ္ပတ္တော–ဇနပုဒ်၌ မြဲမြံတည်တံ့ အရှည်ခံ့သည်၏အဖြစ်သို့ ရောက်သော၊ သတ္တရတနသမန္နာဂတော–ခုနစ်ပါးသော ရတနာတို့နှင့် ကောင်းစွာလျော်စွာယှဉ်သော၊(ဝါ) –တို့နှင့်ပြည့်စုံသော၊ရာဇာ–သည်၊ဟောတိ–၏။

**= ပရောသဟဿံ ခေါ ပနဿ ပုတ္တာ ဘဝန္တိ သူရာ ဝီရင်္ဂရူပါ ပရသေနပ္ပမဒ္ဒနာ။သော ဣမံ ပထဝိံ သာဂရပရိယန္တံ အဒဏ္ဍေန အသတ္ထေန ဓမ္မေန အဘိဝိဇိယ အဇ္ဈာဝသတိ။ (ပါ၊၈၄။ပါ–သျှ၊၃၀၉။ )**

__အနက်ပေး__

ခေါပန–သည်သာမကသေး၊အဿရညော–အား၊ပရောသဟဿံ–တစ်ထောင်အလွန်ရှိသော၊သူရာ–ရဲရင့်ကုန်သော၊ဝီရင်္ဂရူပါ–ရဲရင့်သော သိကြားမင်း၏ စစ်အင်္ဂါဖြစ်သော နတ်သား၏ ကိုယ်နှင့်တူသော ကိုယ်ရှိကုန်သော၊ပရသေနပ္ပမဒ္ဒနာ–တစ်ပါးသော စစ်သည်တို့ကို နှိမ်နင်းနိုင်ကုန်သော၊ ပုတ္တာ–သားတော်တို့သည်၊ ဘဝန္တိ–ဖြစ်ကုန်၏၊ သော ရာဇာ–သည်၊ သာဂရပရိယန္တံ– သမုဒ္ဒရာလေးစင်းဟူသော အပိုင်းအခြားရှိသော၊ ဣမံ ပထဝိံ –ဤမြေကို၊ အဒဏ္ဍေန– တုတ်လှံတံ မပါဘဲ၊ အသတ္ထေန–ဓားလက်နက် မပါဘဲ၊ ဓမ္မေန– တရားသဖြင့်၊ အဘိဝိဇိယ–အောင်ပြီး၍၊အဇ္ဈာဝသတိ–၏ ။

**= သစေ ခေါ ပန အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ၊အရဟံ ဟောတိ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဝိဝဋ္ဋစ္ဆဒေါ။(ပါ၊၈၄။ပါ–သျှ၊၃၀၉။)**

__အနက်ပေး__

အဂါရသ္မာ–မှ၊နိက္ခမ္မ–၍၊အနဂါရိယံ–သို့၊ သစေ ပဗ္ဗဇတိ–ခဲ့အံ့၊ ဧဝံ သတိ–သော်၊ လောကေ–၌၊ သမ္မာသမ္ဗုဒ္ဓေါ–မဘောက်မပြန် ကိုယ်တော်တိုင်သာ ဥေယျာငါးတန်တရားမှန်ကို ဧကန်ထိုးထွင်း၍ သိတော်မူပြီးသည်၊ ဟုတ္វာ–၍၊ အရဟံ–ပူဇော်အထူးကို ခံတော်မူထိုက်

http://www.dhammadownload.com



သော၊ဝိဝဋ္ဋစ္ဆဒေါ–ရာဂ,ဒေါသ,မောဟ,မာန,ဒိဋ္ဌိ,အဝိဇ္ဇာ,ဒုစရိုက်ဟူသော ခုနစ်ပါးသော အမိုးကို ဖောက်ဖျက်တော်မူပြီးသော၊ဗုဒ္ဓေါ–သည်၊ဟောတိ–၏ ။

၂၆၀။ ဧသော အမ္ဗဋ္ဌ ဝိဟာရော သံဝုတဒွါရော၊တေန အပ္ပသဒ္ဒေါ ဥပသင်္ကမိတွာ အတရမာနော အာဠိန္ဒံ ပဝိသိတွာ ဥက္ကာသိတွာ အဂ္ဂဠံ အာကောဋေဟိ၊ ဝိဝရိဿတိ တေ ဘဂဝါ ဒွါရံ ။(ပါ၊၈၄။ပါ–သျှ၊၃၁၁။)

**အနက်ပေး**

အမ္ဗဋ္ဌ–ဋ္ဌ၊ဧသော ဝိဟာရော–ထိုကျောင်းသည်၊သံဝုတဒွါရော–ပိတ်ဆို့အပ်ပြီးသော တံခါးရှိ၏၊တေနဌာနေန–ထိုပိတ်ဆို့အပ်ပြီးသော တံခါးရှိသောကျောင်းရှိရာအရပ်သို့၊အပ္ပသဒ္ဒေါ–နည်းသော အသံရှိသည်၊ ဟုတွာ–၍၊ ဥပသင်္ကမိတွာ–၍၊ အတရမာနော– မဆော မလျင်၊အာဠိန္ဒံ–တံခါးရွက်ကို၊အာကောဋေဟိ–ခေါက်လေလော့၊တေ–အား၊ဒွါရံ–ကို၊ ဝိဝရိဿတိ–ဘွင့်ပေးတော်မူလိမ့်လတ္တံ့ ။

= ဇဝံ နု တေ အမ္ဗဋ္ဌ ဗြာဟ္မဏောဟိ ဝုဒ္ဓေဟိ မဟလ္လကေဟိ အာစရိယပါစရိယေဟိ သဒ္ဓိံ ကထာသလ္လာပေါ ဟောတိ၊ယထယိဒံ စရံ တိဋ္ဌံ နိသိန္နေန မယာ ကိဉ္စိ ကိဉ္စိ ကထံ သာရဏီယံ ဝီတိသာရေတွာ ။(ပါ၊၈၅။ပါ–သျှ၊၃၁၂။)

**အနက်ပေး**

အမ္ဗဋ္ဌ–ဋ္ဌ၊တွံ–သည်၊စရံ–သွားလျက်လည်းကောင်း၊တိဋ္ဌံ–ရပ်တည်လျက်လည်းကောင်း၊ နိသိန္နေန–ထိုင်နေတော်မူသော၊ မယာ–နှင့်၊ သဒ္ဓိံ –တကွ၊ ကိဉ္စိကိဉ္စိ–စိုးစဉ်းအနည်းငယ်,စိုးစဉ်းအနည်းငယ်သော၊သာရဏီယံ–သော၊ ကထံ–ကို၊ဝီတိသာရေတိယထာ–ပြီးဆုံးစေသကဲ့သို့၊ဇဝံ–တူ၊ ဝုဒ္ဓေဟိ–အင်္ဂါအပြား ပိုင်းအခြားဖြင့် ကြီးပွားကုန်သော၊ မဟလ္လကေဟိ–ဇာတိမဟတ် အဖြစ်ဇာတ်ဖြင့် ကြီးမြတ်သည်၏အဖြစ်ကို ယူတတ်ကုန်သော၊ အာစရိယပါစရိယေဟိ–သင့်ဆရာ, သင့်ဆရာ၏မြတ်သော ဆရာဖြစ်ကုန်သော၊ ဗြာဟ္မဏောဟိ–တို့နှင့်၊ သဒ္ဓိံ –တကွ၊ကထာသလ္လာပေါ–သည်၊ဟောတိနနု–ဖြစ်လေသလော။

http://www.dhammadownload.com



## ၆။ မဟာလိ သုတ္တ ဝဏ္ဏနာ

၂၆၃။ ယေ စ ခေါ တေ ဘော ဂေါတမ မုဏ္ဍကာ သမဏကာ ဣဗ္ဘာ ကဏှာ ဗန္ဓုပါဒါပစ္စာ၊ တေဟိပိ မေ သဒ္ဓိံ ဇဝံ ကထာသလ္လာပေါ ဟောတိ၊ယထရိဝ ဘောတာ ဂေါတမေန။ (ပါ၊၈၅။ပါ-သျှ၊၃၁၃။)

**အနက်ပေး**

ဘော ဂေါတမ-ရှင်ဂေါတမ၊မုဏ္ဍကာ-ကျမ်းဂန်တရား လမ်းမှန်များကို ကြိုးအား မထုတ် ဦးပြီးယုတ်ဦးပြီးစုတ်ဖြစ်ကုန်သော၊ဣဗ္ဘာ-ဆင်၏ပယောဂနှင့်တူသောပယောဂကို ရခြင်းငှါ ထိုက်ကုန်သော၊ (ဝါ)အိမ်ရှင်သူကြွယ်မျှသာဖြစ်ကုန်သော၊ ကဏှာ-မည်းနက်ကုန် သော၊ဗန္ဓုပါဒါပစ္စာ-ဗြဟ္မာမင်း၏ ခြေဘမိုး၏ သားဖြစ်ကုန်သော၊(ဝါ)ဗြဟ္မာမင်း၏ ခြေဘ မိုးမှ ဘွားကုန်သော၊ယေ စ ခေါ တေ သမဏကာ-အကြင်ရဟန်းတု, ရဟန်းယောင်, ရဟန်း ကြောင်, ရဟန်းယုတ်, ရဟန်းစုတ်, ရဟန်းပြတ်တို့သည်လည်း၊ သန္တိ-ကုန်၏၊ ဘောတာ ဂေါတမေန-နှင့်၊သဒ္ဓိံ-တကွ၊ကလာသလ္လာပေါ-သည်၊ဟောတိယထာဧဝ-ဖြစ်သကဲ့သို့သော လျှင်၊ဇဝံ-တူ၊မေ-အား၊တေဟိပိ သမဏကေဟိ-တို့နှင့်လည်း၊သဒ္ဓိံ-တကွ၊ကထာသလ္လာ- ပေါ-သည်၊ဟောတိ-၏ ။

= အတ္ထိကဝတော ခေါ ပန တေ အမ္ဗဋ္ဌ ဣဓာဂမနံ အဟောသိ၊ ယာယေဝ ခေါ ပနတ္ထာယ အာဂစ္ဆေယျာထ၊တမေဝ အတ္ထံ သာဓုကံ မနသိ ကရေယျာထ။(ပါ၊၈၅။ပါ-သျှ၊၃၁၃။)

**အနက်ပေး**

အမ္ဗဋ္ဌ-ဋ္ဌ၊အတ္ထိကဝတော-လာ၍ပြုအပ်သောကိစ္စဟုဆိုအပ်သောအကျိုးစီးပွားရှိသော စိတ်ရှိသော၊(ဝါ)လာ၍ပြုအပ်သောလက္ခဏာကိုစုံစမ်းခြင်းကိစ္စရှိသောစိတ်ရှိသော၊တေ-၏ ၊ဣဓ ဣမသ္မိံ ဌာနေ-ဤအရပ်သို့၊ လာဂမနံ-လာခြင်းသည်၊ အဟောသိ-ဖြစ်ပြီ၊တုမှေ-တို့ သည်၊ယာယေဝ အတ္ထာယ-အကြင်လာ၍ပြုအပ်သော အလိုရှိအပ်သော ဝတ္ထုဖြင့်သာလျှင်၊ (ဝါ)အကြင်လာ၍ပြုအပ်သော လက္ခဏာကို စုံစမ်းခြင်းကိစ္စဖြင့်သာလျှင်၊ အာဂစ္ဆေယျာထ- လာကြကုန်ရာ၏၊ တမေဝ အတ္ထံ- ထိုလာ၍ပြုအပ်သော ကိစ္စဟုဆိုအပ်သော အကျိုးကို သာလျှင်၊သာဓုကံ-ကောင်းစွာ၊မနသိကရောထ-နှလုံးသွင်းကြကုန်လော့ ။

http://www.dhammadownload.com



**=အဝုသိတဝါယေဝ ခေါ ပန ဘော အယံ အမ္ဗဋ္ဌော မာဏဝေါ ဝုသိတမာနီ ကိမညတြ အဝုသိတတ္တာ။ (ပါ၊၈၅။ပါ–သျှ၊၃၁၃။)**

**<u>အနက်ပေး</u>**

ဘော–အို ,အချင်းတို့၊တုမှေ–တို့သည်၊ ပဿထ–ရှုစမ်းကြကုန်လော့၊(ဝါ)ချင့်စမ်းကြကုန်လော့၊အမ္ဗဋ္ဌော–သော၊ အယံ မာဏဝေါ–သည်၊အဝုသိတဝါယေဝ–အကျင့်ကို ကျင့်သုံးပြီး မဟုတ်သည်သာလျှင်၊(ဝါ)အတတ်ပညာကိုကျင့်သုံးအပ်ပြီးမဟုတ်သည်သာလျှင်၊သမာနော–ဖြစ်လျှက်၊ ဝုသိတမာနီ–အကျင့်ကို ကျင့်သုံးအပ်ပြီးဟု မှတ်ထင်လေ့ရှိ၏၊(ဝါ)အတတ်ပညာကိုကျင့်သုံးအပ်ပြီးဟုမှတ်ထင်လေ့ရှိ၏၊ကိမညတြ အဝုသိတတ္တာတိဣဒံ ကာရဏံ–ဟူသောဤအကြောင်းသည်၊ တေဿ အမ္ဗဋ္ဌဿ–၏၊ ဝေ– ဤသို့ ဖရုသဝစနသမုဒါစာရေ– ကြမ်းကြုတ်သော စကားကိုဆိုခြင်း၌၊ ကာရဏံ–အကြောင်းပေတည်း၊ **(တစ်နည်း)** တေဿ အမ္ဗဋ္ဌဿ–၏၊ အဝုသိတတ္တာ–အကျင့်ကို ကျင့်သုံးအပ်ပြီး မဟုတ်သည်၏အဖြစ်ကို၊(ဝါ)အတတ်ပညာကိုကျင့်သုံးအပ်ပြီးမဟုတ်သည်၏အဖြစ်ကို၊အညတြ–ထား၍၊ ဝေ–ဤသို့၊ဖရုသ–ဝစနသမုဒါစာရေ–၌၊ကိံ ကာရဏံ– သည်၊ အတ္ထိ–ရှိပါတော့အံ့နည်း၊အဝုသိတတ္တံယေဝ–အကျင့်ကို ကျင့်သုံးအပ်ပြီး မဟုတ်သည်၏အဖြစ်သည်သာလျှင်၊ကာရဏံ– ပေတည်း။

**=ဣဗ္ဘာ သန္တာ ဣဗ္ဘာ သမာနာ န ဗြာဟ္မဏေ သက္ကရောန္တိ၊န ဗြာဟ္မဏေ ဂရုံ ကရောန္တိ၊ န ဗြာဟ္မဏေ မာနေန္တိ၊ န ဗြာဟ္မဏေ ပူဇေန္တိ၊ န ဗြာဟ္မဏေ အပစာယန္တိ ။ တယိဒံ ဘော ဂေါတမ နစ္ဆန္နံ၊ တယိဒံ နပ္ပတိရူပံ ။ (ပါ၊၈၅။ပါ–သျှ၊ ၃၁၄။)**

**<u>အနက်ပေး</u>**

ဘောဂေါတမ–မ၊ ဣမေ သကျာ–တို့သည်၊ ဣဗ္ဘာ–ဆင်၏ပယောဂနှင့် တူသောပယောဂကို ရခြင်းငှါ ထိုက်ကုန်သည် ၊(ဝါ)အိမ့်ရှင်သူကြွယ်မျှသာ ဖြစ်ကုန်သည်၊ သန္တာ–ကုန်လျက်၊ ဣဗ္ဘာ–ကုန်သည်၊ သမာနာ–ကုန်လျက်၊ဗြာဟ္မဏေ–တို့ကို၊ယံ န သက္ကရောန္တိ–အကြင်ကောင်းစွာမပြုကြကုန်၊ ဗြာဟ္မဏေ–တို့ကို၊ယံ နဂရုံကရောန္တိ–အကြင်အလေးမပြုကြကုန်၊ဗြာဟ္မဏေ–တို့ကို၊ယံ န မာနေန္တိ–အကြင်စိတ်ဖြင့် မမြတ်နိုးကြကုန်၊ ဗြာဟ္မဏေ တို့ကို၊ယံ န ပူဇေန္တိ–အကြင်မပူဇော်ကြကုန်၊ ဗြာဟ္မဏေ–တို့ကို၊ယံ န အပစာယန္တိ–အကြင်

http://www.dhammadownload.com



အရှိအသေမပြုကြကုန်၊တယိဒံ တံ ဣဒံ သမ္ဗ–ထိုအလုံးစုံသော ပုဏ္ဏားတို့ကိုကောင်းစွာမပြု ခြင်း, အလေးမပြုခြင်း, စိတ်ဖြင့်မမြတ်နိုးခြင်း, မပူဇော်ခြင်း, အရှိအသေမပြုခြင်းသည်၊ နစ္ဆန္န–မလျောက်ပတ်ပါ၊တယိဒံ တံ ဣဒံ သမ္ဗ–သည်၊ နပ္ပတိရူပံ–မသင့်လျော်ပါ။

## ဒုတိယကုက္ကုဋ္ဍါဒ ဂါထာ

၂၆၅။ ယေန သကျာနံ သန္ထာဂါရံ တေနုပသင်္ကမိံ ၊တေန ခေါ ပန သမယေန သမ္ဗဟုလာ သကျာစေဝ သကျကုမာရာ စ သန္ထာဂါရေ ဥစ္စေသု အာသနေသု နိသိန္နာ ဟောန္တိ အညမညံ အင်္ဂုလိပတောဒကေဟိ သဉ္ဇဂ္ဃန္တာ သံကီဠန္တာ၊အညဒတ္ထု မမညေဝ မညေ အနုဇဂ္ဃန္တာ၊န မံ ကောစိ အာသနေနပိ နိမန္တေသိ။(ပါ၊၈၆။ပါ–သျ၊၃၁၅။)

**အနက်ပေး**

ယေန သမယေန–၌၊အဟံ–သည်၊သကျာနံ–တို့၏၊သန္ထာဂါရံ–သို့၊ဥပသင်္ကမိံ –ပြီ၊ တေနခေါပနသမယေန–၌၊ သမ္ဗဟုလာ–ကုန်သော၊ သကျာစေဝ– ထိပ်ထက်၌အဘိသိက် သွန်းလောင်းအပ်ပြီးသောသာကီဝင်မင်းတို့သည်လည်းကောင်း၊သကျကုမာရာစ–ထိပ်ထက် ၌အဘိသိက်မသွန်းလောင်းအပ်သေးသောသာကီဝင်မင်းသားတို့သည်လည်းကောင်း၊အည– မညံ–အချင်းချင်း၊အင်္ဂုလိပတောဒကေဟိ–လက်ချောင်းတို့ဖြင့်ထိုးဆွခြင်းတို့ဖြင့်၊(ဝါ)ကျိုင်း ထိုးခြင်းတို့ဖြင့်၊ (ဝါ) ကလိထိုးခြင်းတို့ဖြင့်၊ သဉ္ဇဂ္ဃန္တာ–ပြောင်လှောင်ပျက်ချော် သရော်သ သော ပြင်းစွာရယ်မောကြကုန်လျက်၊သံကီဠန္တာ–အထူးထူးအပြားပြား ကစားကြကုန်လျက်၊ သန္ထာဂါရေ–၌၊ ဥစ္စေသု–မြင့်မြတ်ကုန်သော၊အာသနေသု–တို့၌၊ နိသိန္နာ–ကုန်သည်၊ဟောန္တိ – ကုန်၏။အညဒတ္ထု–စင်စစ်ကေန် အမှန်အားဖြင့်၊မမညေဝ–သာလျှင်၊အနု–ရည်ရွယ်ကြ ကုန်လျက်၊ (ဝါ) ရိပ်ကြ, စောင်းကြကုန်လျက်၊ ဇဂ္ဃန္တာ– ပြောင်လှောင်ပျက်ချော် သရော် သသော ပြင်းစွာရယ်မောကြကုန်၏၊ဣတိ–သို့၊မညေ–အောက်မေ့ မှတ်ထင်ပါ၏၊ကောစိ– သော၊ ပုဂ္ဂလော– ပုဂ္ဂိုလ်သည်၊မံ– ကို၊အာသနေနပိ–နေရာဖြင့်သော်လည်း၊ န နိမန္တေတိ– မပင့်ဘိတ်ပါ ။

http://www.dhammadownload.com



## ♠တတိယ ပုဏ္ဏပါဒ ကထာ♠

၂၆၆။ လဉ္ဇကိကာပိ ခေါ အမ္ဗဋ္ဌ သကုဏိကာ သကေ ကုလာဝကေ ကာမလာပိနီ ဟောတိ။ သကံ ခေါ ပနေတံ အမ္ဗဋ္ဌ သကျာနံ ယဒိဒံ ကပိလဝတ္ထုံ၊နာရဟတာယသ္မာ အမ္ဗဋ္ဌော ဣမာယ အပ္ပမတ္တာယ အဘိသဇ္ဇိတုံ။(ပါ၊၈၆။ပါ-သျ၊၃၁၆။)

<u>အနက်ပေး</u>

အမ္ဗဋ္ဌ-ဠ၊လဉ္ဇကိကာ-ထွန်သွားကြီးခဲ မြေအကြား၌နေလေ့ရှိသော၊သကုဏိကာပိ-ဘီလုံးငှက်ငယ်မသည်သော်လည်း၊ သကေ-မိမိဥစ္စာဖြစ်သော၊ ကုလာဝကေ-အသိုက်၌၊ ကာမလာပိနီ-အလိုအတိုင်းမြည်တွန်လေ့ရှိသည်၊ဟောတိ-ဖြစ်သေး၏၊အမ္ဗဋ္ဌ-ဠ၊ယဒိဒံ ယံ ဣဒံ ကပိလဝတ္ထု-အကြင်ကပိလဝတ္ထုမြို့တော်သည်၊ အတ္ထိ-၏၊ ဧတံကပိလဝတ္ထု-သည်၊ သကျာနံ-တို့၏၊ သကံ- မိမိဥစ္စာပေတည်း၊ အာယသ္မာအမ္ဗဋ္ဌော- အရှင်အမ္ဗဋ္ဌသည်၊ အပ္ပ-မတ္တာယ- နည်းသော အတိုင်းအရှည်ရှိသော၊ (ဝါ) အနည်းငယ်မျှသာ ဖြစ်သော၊ ဣမာယ သဥ္ဇဂ္ဃိကာယ-ဤပြောင်လှောင်ပျက်ချော် သရော်သဘောပြင်းစွာရယ်မောခြင်းခြင့်၊အဘိ-သဇ္ဇိတုံ-ဒေါသထန်ဘိ မခံချိ၍ ကပ်ငြိခြင်းငှါ၊န အရဟတိ-မထိုက်ခဲ့၊(ဝါ)မထိုက်ပလေ။

= ဣမေသံ ဟိ ဘော ဂေါတမ ဝဏ္ဏာ ခတ္တိယာ စ ဗြာဟ္မဏာ စ ဝေဿာ စ သုဒ္ဒါစ၊အညဒတ္ထု ဗြာဟ္မဏဿေဝ ပရိစာရကာ သမ္ပဇ္ဇန္တိ ။ (ပါ၊၈၆။ပါ-သျ၊၃၁၆။)

<u>အနက်ပေး</u>

ဘောဂေါတမ-မ၊ဟိ-ထင်စွာပြပါအံ့၊စတုန္နံ-လေးပါးကုန်သော၊ဣမေသံဝဏ္ဏာနံ-တို့တွင်၊ ခတ္တိယာစ-တို့လည်းကောင်း၊ဝေဿာစ-တို့လည်းကောင်း၊သုဒ္ဒါစ-တို့လည်းကောင်း၊ဣတိ-သို့၊တယော-ကုန်သော၊ဝဏ္ဏာ-တို့သည်၊ အညဒတ္ထု-အားဖြင့်၊ ဗြာဟ္မဏဿေဝ-ပုဏ္ဏားမျိုး၏ သာလျှင်၊ပရိစာရကာ-အခြေမသန် အနေမဟန်သည့် အစေခံအလုပ်အကျွေးတို့သည်၊ သမ္ပဇ္ဇန္တိ-ဖြစ်ကြရပါကုန်၏ ။

## ♠ဒုတိယ ပုဏ္ဏပါဒ ကထာ♠

၂၆၇။အထ ခေါ ဘဂဝတော ဧတဒဟောသိ“ အတိဗာဠှံ ခေါ အယံ အမ္ဗဋ္ဌော မာဏဝေါ သကျေသု ဏ္ဏဝါဒေန နိမ္မာဒေတိ၊ယံနူနာဟံ ဂေါတ္တံ ပုစ္ဆေယျ”န္တိ။(ပါ၊၈၇။ပါ-သျ၊၃၁၇။)

http://www.dhammadownload.com



<u>**အနက်ပေး**</u>

အထ တသ္မိံ ကာလေ–သုံးကြိမ်တိုင်တိုင် အမ္ဗဋ္ဌ ,က သာကီဝင်မင်းတို့၌ ဣဗ္ဘဝါဒကို ကျစေပြီးရာ ထိုအခါ၌၊ဘဂဝတော–အား၊တော် ပရိဝိတက္ကနံ–သည်၊အဟောသိ– ပြီ၊(ကိံ)၊ "အမ္ဗဋ္ဌော–သော၊အယံ မာဏဝေါ–သည်၊အတိဗာဠ္ဟံ–အလွန်သည်းထန်ပြင်းပြစွာသာလျှင်၊ သကျေ–တို့ကို၊ ဣဗ္ဘဝါဒေန–ဖြင့်၊ နိမ္မာဒေတိ–မာန်ကင်းအောင်ပြုခဲ့၏၊ (ဝါ)နှိက်နင်းဘိ၏၊ အဟံ–ငါဘုရားသည်၊ ဂေါတ္တံ–အနွယ်ကို၊ ပုစ္ဆေယျံ–မေးရပါမူကား၊ ယံ နူန– ကောင်းလေစွ၊ (ဝါ)ကောင်းလေရာ၏၊"(ဣတိ အဟောသိ) ။

**= တေ ရဋ္ဌသ္မာ ပဗ္ဗာဇိတာ ဟိမဝန္တပဿေ ပေါက္ခရဏိယာ တီရေ မဟာသာကသဏ္ဍော၊ တတ္ထ ဝါသံ ကပ္ပေသုံ၊တေ ဇာတိသမ္ဘေဒဘယာ သကာဟိ ဘဂိနီဟိ သဒ္ဓိံ သံဝါသံ ကပ္ပေသုံ။ (ပါ၊၈၇။ပါ–သျှ၊၃၁၈။)**

<u>**အနက်ပေး**</u>

တေ ဇေဋ္ဌကုမာရာ–တို့သည်၊ ရဋ္ဌသ္မာ–တိုင်းပြည်မှ၊ ပဗ္ဗာဇိတာ–နှင်ထုတ်အပ်ကုန်သည်၊ သမာနာ–သော်၊ ဟိမဝန္တပဿေ–ဟိမဝန္တာတောင်နံဘေး၌၊ ပေါက္ခရဏိယာ–လေးထောင့်ကန်၏၊တီရေ–ကမ်းနား၌၊မဟာသာကသဏ္ဍော–ကြီးစွာသောကျွန်းတောသည်၊အတ္ထိ–၏၊ တတ္ထ တသ္မိံ မဟာသာကသဏ္ဍေ–၌၊ ဝါသံ– နေခြင်းကို၊ ကပ္ပေသုံ– ပြုကြကုန်ပြီ၊ တေ ဇေဋ္ဌကုမာရာ– တို့သည်၊ ဇာတိသမ္ဘေဒဘယာ– ဇာတ်၏ပျက်ခြင်းမှ ကြောက်ခြင်းကြောင့်၊ (ဝါ) ဇာတ်၏ ရောနှောခြင်းမှ ကြောက်ခြင်းကြောင့်၊ သကေဟိ– မိမိဥစ္စာဖြစ်ကုန်သော၊ ဘဂိနီ–နှမတို့နှင့်၊သဒ္ဓိံ –တကွ၊သံဝါသံ–ပေါင်းဘော်ခြင်းကို၊ကပ္ပေသုံ–ပြုကြကုန်ပြီ ။

**= ဇာတော ကဏှော ပဗျာဟာသိ"ဓောဝထ မံ အမ္မ၊နဟာပေထ မံ အမ္မ၊ဣမသ္မာ မံ အသုစိမှာ ပရိမောစေထ၊အတ္ထာယ ဝေါ ဘဝိဿာမီ"တိ။(ပါ၊၈၇။ပါ–သျှ၊၃၁၉။)**

<u>**အနက်ပေး**</u>

ကဏှော–သည်၊ ဇာတော–ဘွားပြီးသည်၊ (ဝါ) ဘွားခါစသည်၊ သမာနော–လျက်၊ ပဗျာဟာသိ–စကားပြောဆိုပြီ၊ (ကိံ )၊"အမ္မ–အို, မိခင်၊တုမှေ–သင်တို့သည်၊မံ–ကို၊ဓောဝထ – ဆေးကြောကြပါကုန်လော့၊ အမ္မ–အို,မိခင်၊ တုမှေ–တို့သည်၊ မံ–ကို၊ နဟာပေထ–ရေချိုးစေကြပါကုန်လော့၊ တုမှေ– တို့သည်၊ မံ– ကို၊ ဣမသ္မာ အသုစိသ္မာ– ဤမစင်ကြယ်သော

http://www.dhammadownload.com



အညစ်အကြေးမှ၊ပရိမောစေထ–လွတ်စေကြပါကုန်လော့၊အဟံ–သည်၊ဝေါ–တို့၏၊အတ္ထာ–ယ–အကျိုးကိုပြုခြင်းငှါ၊ဘဝိဿာမိ–ဖြစ်ပါလိမ့်အံ့”။(ဣတိ ပဗျာဟာသိ) ။

**= ယထာ ခေါ ပန အမ္ဗဋ္ဌ တေရဟိ မနုဿာ ပိသာစေ ဒိသွာ ပိသာစာတိ သဉ္ဇာနန္တိ၊ ဧဝမေဝ ခေါ အမ္ဗဋ္ဌ တေန ခေါ ပန သမယေန မနုဿာ ပိသာစေ ကဏှာတိ သဉ္ဇာနန္တိ။ (ပါ၊၈၇။ပါ– သျှ၊၃၁၉။)**

**အနက်ပေး**

အမ္ဗဋ္ဌ–ဋ္ဌ၊တေရဟိ–ဤအခါ၌၊မနုဿာ–တို့သည်၊ ပိသာစေ–မြေဘုတ်ဘီလူးတို့ကို၊ ဒိသွာ–မြင်ကြကုန်၍၊ပိသာစာတိ–ပိသာစတို့ဟူ၍၊ သဉ္ဇာနန္တိယထာ–ကောင်းစွာသိကြကုန်သကဲ့သို့၊ အမ္ဗဋ္ဌ–ဋ္ဌ၊ ဧဝမေဝခေါ–သာလျှင်၊ တေနခေါပန်သမယေန–ဒိသာအမည်ရှိသောကျွန်မ၏ ကဏှကိုဘွားမြင်ရာ ထိုအခါ၌၊ မနုဿာ–တို့သည်၊ ပိသာစေ–တို့ကို၊ ကဏှာတိ–ဟူ၍၊ သဉ္ဇာနန္တိ –ကောင်းစွာသိကြကုန်၏။

**=တေ ဧဝမာဟံသု “အယံ ဇာတော ပဗျာဟာသိ၊ကဏှော ဇာတော ပိသာစော ဇာတော”တိ၊ တဒဂ္ဂေ ခေါ ပန အမ္ဗဋ္ဌ ကဏှာယနာ ပညာယန္တိ၊သော စ ကဏှာယနာနံ ပုဗ္ဗပုရိသော။ (ပါ၊၈၇ ။ပါ–သျှ၊၃၁၉။)**

**အနက်ပေး**

တေမနုဿာ–တို့သည်၊ဧဝံ–သို့၊အာဟံသု–ကုန်ပြီ၊(ကိံ )၊“အယံဒါရကော–ဤသူငယ်သည်၊ ဇာတော–ဘွားပြီးသည်၊ (ဝါ)ဘွားခါစသည်၊ သမာနော–ဖြစ်လျက်၊ ပဗျာဟာသိ–ပြီ၊ ကဏှော–သည်၊ဇာတော–ဖြစ်ပြီ၊ပိသာစော–သည်၊ဇာတော–ပြီ”၊ဣတိ ဧဝံ–သို့၊အာဟံသု–ကုန်ပြီ၊အမ္ဗဋ္ဌ–ဋ္ဌ၊ တံဒိဝသံ–ထိုကဏှ၏ဘွားရာနေ့ကို၊အဂ္ဂေ–ကို၊ကတွာ–၍၊ကဏှာယနာ–ကဏှအနွယ်ရှိသောပုဂ္ဂိုလ်တို့သည်၊ ပညာယန္တိ–ထင်ရှားကုန်၏၊ သောစ ကဏှော– သည်လည်း၊ကဏှာယနာနံ–ကဏှအနွယ်ရှိကုန်သော၊ပုဂ္ဂလာနံ–တို့၏၊ပုဗ္ဗပုရိသော–တည်း။

**၂၇၀။ အယံ ခေါပန တေ အမ္ဗဋ္ဌ သဟဓမ္မိကော ပဉ္ဟော အာဂစ္ဆတိ၊အကာမာ ဗျာကာတဗ္ဗော သစေ တွံ န ဗျာကရိဿသိ၊အညေန ဝါ အညံ ပဋိစရိဿသိ၊တုဏှီ ဝါ ဘဝိဿသိ၊ ပက္ကမိဿသိ ဝါ၊ဧတ္ထေဝ တေ သတ္တဓာ မုဒ္ဓါ ဖလိဿတိ။(ပါ၊၈၉။ပါ–သျှ၊၃၂၁။)**

http://www.dhammadownload.com



အနက်ပေး

အမ္ဗဋ္ဌ–ဋ္ဌ၊တေ–အား၊သဟဓမ္မိကော–အကြောင်းနှင့်တကွဖြစ်သော၊အယံပဥှော–ဤပြဿနာသည်၊ အာဂစ္ဆတိ–ဆိုက်ရောက်လာခဲ့၏၊ တေ–သည်၊တံ ပဥှံ–ကို၊ ဗျာကာတုံ–ဖြေဆိုခြင်းငှါ၊အကာမာပိ–အလိုမရှိဘဲလျက်လည်း၊သောပဥှော–ကို၊ဗျာကာတဗ္ဗော–ဖြေဆိုအပ်၏၊ (ဝါ) ဖြေဆိုရလိမ့်မည်၊ တွံ–သည်၊ တံ ပဥှံ–ကို၊ သစေ နဗျာကရိဿတိ–အကယ်၍မဖြေဆိုလတ္တံ့အံ့၊ အညေ–တစ်ပါးသော၊ ဝစနေန–နောက်စကားဖြင့်၊ အညံ–တစ်ပါးသော၊ ဝစနံ–ရှေ့စကားကို၊ သစေ ပဋိစရိဿသိဝါ–အကယ်၍ဖုံးလွှမ်းသော်လည်း ဖုံးလွှမ်းလတ္တံ့အံ့၊ တဏှီ–ပြဿနာမဖြေ ဆိတ်ဆိတ်နေသည်၊ သစေဘဝိဿသိဝါ–အကယ်၍ဖြစ်သော်လည်း ဖြစ်လတ္တံ့အံ့၊ သစေပက္ကမိဿသိဝါ–အကယ်၍ဖဲသွားသော်လည်းဖဲသွားလတ္တံ့အံ့၊ ဧဝံသတိ–သော်၊ တေ– ၏၊ မုဒ္ဓါ– ဦးခေါင်းသည်၊ ဧတ္ထေဝ တေသ္မိံ ဝေဠာနေ– ဤထိုင်နေရာအရပ်၌ သာလျှင်၊သတ္တဓာ–ခုနစ်စိပ် ခုနစ်မွှာ၊ဖလိဿတိ–ကွဲလိမ့်လတ္တံ့ ။

## ♠အမ္ဗဋ္ဌဝံသကထာ♠

၂၇၄။အထခေါ ဘဂဝတော ဧတဒဝေါသိ“အတိဗာဠ္ဟံ ခေါ က္လမေ မာဏဝကာ အမ္ဗဋ္ဌံ မာဏဝံ ဒါသိပုတ္တဝါဒေန နိမ္မာဒေန္တိ၊ယံနူနာဟံ ပရိမောစေယျ”န္တိ။(ပါ၊၉၀။ပါ–သျ၊၃၂၅။)

အနက်ပေး

အထတသ္မိံ ကာလေ–လုလင်ငယ်တို့က အမ္ဗဋ္ဌကိုနှိုက်နင်းကြရာထိုအခါ၌၊ဘဂဝတော–အား၊ဧတံ ပရိဝိတက္ကနံ–သည်၊အဟောသိ–ပြီ၊ (ကိံ)၊ “က္လမေ မာဏဝကာ–တို့သည်၊အတိဗာဠ္ဟံ ခေါ–အလွန်ပြင်းထန်စွာသာလျှင်၊ အမ္ဗဋ္ဌံ–သော၊ မာဏဝံ–ကို၊ ဒါသိပုတ္တဝါဒေန–အိမ်ပေါက်ကျွန်မ၏သားဟူ၍ပြောဆိုကြောင်းဖြစ်သောစကားဖြင့်၊နိမ္မာဒေန္တိ–မာန်ကင်းအောင်ပြုကြကုန်၏၊ (ဝါ) နှိုက်နင်းကြကုန်၏၊ အဟံ–ငါဘုရားသည်၊ အမ္ဗဋ္ဌံ–သော၊ မာဏဝံ–ကို၊ ဒါသိပုတ္တဝါဒါ– အိမ်ပေါက်ကျွန်မ၏ သားဟူ၍ပြောဆိုကြောင်းဖြစ်သောစကားမှ၊ ပရိမောစေယျံ–လွတ်စေရပါမူကား၊ ယံနူန–ကောင်းလေစွ။ (က္လတိ အဟောသိ) ။

=တသ ရာဇာ ဩက္ကာကော “ကော ဒနဝံ ရေ အယံ မယှံ ဒါသိပုတ္တော သမာနော မဒ္ဒရူပီ

http://www.dhammadownload.com



**ဓိတရံ ယာစိ”တိ ကုပိတော အနတ္တာမနော ခုရပ္ပံ သန္နယှိ၊သော တံ ခုရပ္ပံ နေဝ အသက္ခိ မုဉ္စိတုံ၊နော ပဋိသံဟရိတုံ ။ (ပါ၊၉၀။ပါ–သျှ၊၃၂၅။)**

<u>**အနက်ပေး**</u>

တဿ ဣသိနော–ထိုကဏှရသေ့အား၊ဩက္ကာကော–သော၊ရာဇာ–သည်၊“ အရေ–အို,အချင်းတို့၊ ကော– အဘယ်အကြောင်းကြောင့်၊ အယံ ကဏှော– ဤကဏှသည်၊(ဝါ)ဤသဘက်သမုတ် အရှက်ယုတ်သည့် ငနက်ကြုတ်သည်၊ မယှံ–ငါ၏၊ ဓေံ–သို့၊ဒါသုပုတ္တော–သည်၊သမာနော–ဖြစ်လျက်၊မဒ္ဒရူပိ –အမည်ရှိသော၊ဓိတရံ–ကို၊ယာစတိန–တောင်းရသတဲ့နည်း:”၊ဣတိ–သို့၊ဝတွာ–၍၊ကုပိတော–အမျက်ထွက်သည်၊အနတ္တမနော–မိမိစိတ်မရှိသည်၊(ဝါ)ပီတိသောမနဿတို့သည်ယူအပ်သောစိတ်မရှိသည်၊ဟုတွာ–၍၊ခုရပ္ပံ–မြားကို၊(ဝါ)ဖြတ်တတ်သောမြားကို၊ ခုရပ္ပံ–ကို၊မုဉ္စိတုံ–လွှတ်ခြင်းငှါ၊နော အသက္ခိ–မစွမ်းနိုင်၊ ပဋိသံဟရိတုံ–တဘန်ရုပ်သိမ်းခြင်း ငှါ၊နော အသက္ခိ–မစွမ်းနိုင် ။

**= သောတ္ထိ ဘဝိဿတိ ရညော၊အပိစ ရာဇာ ယဒိ အဓော ခုရပ္ပံ မုဉ္စိဿတိ၊ ယာဝတာ ရညော ဝိဇိတံ၊ဧတ္တာဝတာ ပထဝီ ဥန္ဒြိယိဿတီတိ။(ပါ၊၉၀။ပါ–သျှ၊၃၂၆။)**

<u>**အနက်ပေး**</u>

ရညော–မင်းအား၊သောတ္ထိ–ချမ်းသာခြင်းသည်၊ဘဝိဿတိ–ဖြစ်လိမ့်လတ္တံ့၊အပိစ–ထိုသို့ပင်ဩက္ကာကမင်းအား ချမ်းသာပါသော်လည်း၊ရာဇာ–ဩက္ကာကမင်းသည်၊အဓော–သို့၊ ခုရပ္ပံ–ကို၊ယဒိ မုဉ္စိဿတိ–အကယ်၍လွှတ်လတ္တံ့အံ့၊ဓေံ မုဥ္စန္တေ–သော်၊ ရညော–၏၊ဝိဇိတံ–နိုင်ငံသည်၊ ယာဝတာ–အကြင်မျှလောက် အတိုင်းအရှည်ရှိ၏၊ ဧတ္တာဝတာ–ဤမျှလောက် အတိုင်းအရှည်ရှိသော အရပ်ဖြင့်၊ ပထဝီ– သည်၊ ဥန္ဒြိယိဿတိ– ကိုယ့်ဟာကိုဖြိုဖျက်လိမ့်လတ္တံ့အံ့ ။ (ဣတိ အဝေါစ) ။

**= အထခေါ မာဏဝကာ အမစ္စာ ဩက္ကာကဿ အာရောစေသုံ“ဩက္ကာကော ဓေဋ္ဌကုမာရေ ခုရပ္ပံ ပတိဋ္ဌာပေတု၊သောတ္ထိ ကုမာရော ပလ္လောမော ဘဝိဿတီ”တိ။(ပါ၊၉၀။ပါ–သျှ၊ ၃၂၇။)**

**အနက်ပေး**

http://www.dhammadownload.com



အနက်ပေး

မာဏဝကာ–လုလင်ငယ်တို့၊အထ တသ္မိံ ကာလေ– ကဏှရသေ့က ပြောဆိုရာ ထိုအခါ၌၊အမစ္စာ–ရဲဘော်အမတ်ကြီးတို့သည်၊ဩက္ကာကဿ–အား၊အာရောစေသုံ–သံတော်ဦးတင်ကြကုန်ပြီ၊(ကိံ)၊"ဩက္ကာကော–ဩက္ကာကအရှင်မင်းမြတ်သည်၊ဇေဋ္ဌကုမာရေ–အကြီးဖြစ်သောသတို့သား၌၊ (ဝါ) အကြီးဖြစ်သောမင်းသား၌၊ ခုရပ္ပံ–မြားကို၊ ပတိဋ္ဌာပေတု–တည်စေပါလော့၊ကုမာရော–သည်၊သောတ္ထိ–အကျိုးနှင့်တကွဖြစ်သည်၊(ဝါ)ချမ်းသာခြင်းရှိသည်၊(ဝါ)ပလ္လောမော–ကျသော အမွေးတို့၏ ရှင်ခြင်းရှိသည်၊(ဝါ)ကင်းသော ကြက်သီးမွေးညင်းထခြင်းရှိသည်၊ဘဝိဿတိ–လတ္တံ့။(ဣတိ အာရောစေသုံ)။

**=အထ ခေါ တဿ ရာဇာ ဩက္ကာကော ဘီတော သံဝိဂ္ဂေါ လောမဟဋ္ဌဇာတော ဗြဟ္မဒဏ္ဍေန တဇ္ဇိတော မဒ္ဒရူပိံ ဓီတရံ အဒါသိ ။(ပါ၊ဇ၁။ပါ–သျှ၊၃၂၇။ )**

အနက်ပေး

အထ တသ္မိံ ကာလေ– ဩက္ကာကမင်းမြားချရာ ထိုအခါ၌၊ တဿ ကဏှဿ–ထိုကဏှရသေ့အား၊ ဩက္ကာကော–သော၊ ရာဇာ–သည်၊ ဘီတော–ကြောက်သည်၊ သံဝိဂ္ဂေါ–ထိတ်လန့်သည်၊ လောမဟဋ္ဌဇာတော–ဖြစ်သော အမွေးတို့၏ရှင်ခြင်းရှိသည်၊ ဟုတွာ–၍၊ ဗြဟ္မဒဏ္ဍေန–မြတ်သောဒဏ်ဖြင့်၊(ဝါ) မြတ်သောမန္တာန်ဟူသောဒဏ်ဖြင့်၊တဇ္ဇိတော–ခြိမ်းခြောက်အပ်သည်၊ ဟုတွာ–၍၊ မဒ္ဒရူပိံ –သော၊ ဓီတရံ–ကို၊ဘုဇိဿံ–အများမဆိုင် မိမိကိုယ်တိုင်သာ စောင့်ပိုင်စောင့်နိုင်သည်ကို၊(ဝါ)တော်လှန်သည်ကို၊ကတွာ–၍၊အဒါသိ–ပေးလိုက်ရဘူးပြီ။

## ♠ခတ္တိယသေဋ္ဌဘာဝကထာ♠

**၂၇၅။ အပိနု နံ ဗြာဟ္မဏာ ဘောဇေယျုံ သဒ္ဓေ ဝါ ထာလိပါကေ ဝါ ယညေ ဝါ ပါဟုနေဝါတိ။ (ပါ၊ဇ၁။ပါ–သျှ၊၃၂၈။)**

အနက်ပေး

နံ ပုတ္တံ–ထိုဗဒ္ဓသားကို၊ဗြာဟ္မဏာ–တို့သည်၊သဒ္ဓေဝါ–သေသောသူကိုယုံကြည်၍ပြုအပ်သော ကုတ်ဟီးထမင်း၌သော်လည်းကောင်း၊ ထာလိပါကေဝါ– ထမင်းအိုး၌ချက်အပ်သော

http://www.dhammadownload.com



မင်္ဂလာထမင်း၌သော်လည်းကောင်း၊ ယဉေဝါ- ယဇ်အကျိုးငှါ ပြုအပ်သောထမင်း၌သော်လည်းကောင်း၊ ပါဟုနေဝါ-ဧည့်သည်တို့အကျိုးငှါ ပြုအပ်သောထမင်း၌သော်လည်းကောင်း၊ (ဝါ)လက်ဆောင်အကျိုးငှါ ပြုအပ်သော ထမင်း၌သော်လည်းကောင်း၊ ဘောဇေယျံ အပိနု- စားစေကုန်ရာအံ့လော၊(ဝါ)ကျွေးမွေးကုန်ရာအံ့လော။(ဣတိ အဝေါစ) ။

၂၇၆။တံ ကိံ မညသိ အမ္ဗဋ္ဌ၊ ဣဓ ဗြာဟ္မဏာ ဗြာဟ္မဏံ ကိဿ္မိဉ္စိဒေဝ ပကရဏေ ခုရမုဏ္ဍံ ကရိတွာ ဘဿပုဋေန ဝဓိတွာ ရဋ္ဌာ ဝါ နဂရာ ဝါ ပဗ္ဗာဇေယျုံ၊အပိနု သော လဘေထ ဗြာဟ္မဏေသု အာသနံ ဝါ ဥဒကံ ဝါတိ။(ပါ၊၉၁။ပါ-သျှ၊၃၃၂။)

**အနက်ပေး**

အမ္ဗဋ္ဌ-ဋ္ဌ၊မယာ-သည်၊ဝုစ္စမာနံ-သော၊ယံ ဝစနံ-သည်၊အတ္ထိ-၏၊တံဝစနံ-ကို၊တွံ-သည်၊ ကိံ မညသိ-နည်း၊ ဣဓ ဣမသ္မိံ လောကေ-၌၊ ဗြာဟ္မဏာ-တို့သည်၊ဗြာဟ္မဏံ-ကို၊ ကိဿ္မိဉ္စိဒေဝ-တစ်စုံတစ်ခုသောလျှင်ဖြစ်သော၊ပကရဏေ-တိုင်းပြည်မှနှင်ထုတ်ခြင်းဟူသော မိမိအကျိုးကို ပြုစီရင်ခြင်းငှါ အားထုတ်တတ်သော အပြစ်ဟူသော အကြောင်းကြောင့်၊ခုရ-မုဏ္ဍံ-သင်ခုန်းဖြင့်ဦးပြည်းသည်ကို၊ (ဝါ) သင်ခုန်းမြင့် ခေါင်းတုံးရိတ်သည်ကို၊ ကရိတွာ-ပြု ကြကုန်၍၊ ဘဿပုဋေန-ပြာထုပ်ဖြင့်၊ ဝဓိတွာ-နှိပ်စက်ညှင်းဆဲကြကုန်ပြီး၍၊ (ဝါ) ဖြူးကြ ကုန်ပြီး၍၊ ရဋ္ဌာဝါ - တိုင်းပြည်မှသော်လည်းကောင်း၊ နဂရဝါ- သော်လည်းကောင်း၊ ပဗ္ဗာ- ဇေယျုံ- နှင်ထုတ်ကြကုန်ရာ၏၊ သော ဗြာဟ္မဏော- ထိုတိုင်းပြည်မှ နှင်ထုတ်အပ်သော ပုဏ္ဏားဇာတ်ရှိသော ပုဂ္ဂိုလ်သည်၊ ဗြာဟ္မဏေသု- တို့၌၊ အာသနံ- ကိုသော်လည်းကောင်း၊ ဥဒကံဝါ-ကိုသော်လည်းကောင်း၊လဘေထအပိနု-လော။(ဣတိ အဝေါစ) ။

၂၇၇။ ခတ္တိယော သေဋ္ဌော ဇနေတသ္မိံ၊
ယေ ဂေါတ္တပဋိသာရိနော ။
ဝိဇ္ဇာစရဏသမ္ပန္နော ၊
သော သေဋ္ဌော ဒေဝမာနုသေ တိ။ (ပါ၊၉၂။ပါ-သျှ၊၃၃၅။)

**အနက်ပေး**

ဇနေတသ္မိံ -ကံ,ကိလေသာတို့သည် ဖြစ်စေအပ်သော သတ္တဝါအပေါင်း၌၊(ဝါ)တွင်၊

http://www.dhammadownload.com



ယေ ပုဂ္ဂလာ–တို့သည်၊ဂေါတ္တပဋိသာရိနော–အနွယ်ကို အောက်မေ့တတ်ကြကုန်၏၊ဂေါတ္တ–ပဋိသာရိနော–ကုန်သော၊ တေသု ပုဂ္ဂလေသု–တို့တွင်၊ ခတ္တိယော–သည်၊ သေဋ္ဌော–အမြတ်ဆုံးဖြစ်ပေ၏၊ ဒေဝမနုဿေ–နတ်လူအပေါင်း၌၊(ဝါ)တွင်၊ယော ပုဂ္ဂလော–သည်၊ ဝိဇ္ဇာစရဏသမ္ပန္နော–သုံးပါးသော ဝိဇ္ဇာ,ရှစ်ပါးသော ဝိဇ္ဇာ, တစ်ဆယ့်ငါးပါးသော စရဏတို့နှင့်ပြည့်စုံ၏၊ဝိဇ္ဇာစရဏသမ္ပန္နော–သော၊သော ပုဂ္ဂလော–သည်၊သေဋ္ဌော–၏။(ဣတိ ဘာသိတာ)။

## ❀ ဝိဇ္ဇာစရဏ ကထာ ❀

၂၇၈။ န ခေါ အမ္ဗဋ္ဌ အနုတ္တရာယ ဝိဇ္ဇာစရဏသမ္ပဒါယ ဇာတိဝါဒေါ ဝါ ဝုစ္စတိ၊ဂေါတ္တဝါဒေါ ဝါ ဝုစ္စတိ၊ မာနဝါဒေါ ဝါ ဝုစ္စတိ " အရဟသိ ဝါ မံ တွံ၊န ဝါ မံ တွံ အရဟသိ "တိ။ (ပါ၊ ၉၃။ပါ–သျှ၊၃၃၆။)

**အနက်ပေး**

အမ္ဗဋ္ဌ–ဌ၊အနုတ္တရာယ–မိမိကိုလွန်သောဝိဇ္ဇာစရဏမရှိသော၊(ဝါ)အတုမရှိ မြတ်သော၊ ဝိဇ္ဇာစရဏသမ္ပဒါ–ဝိဇ္ဇာစရဏတို့နှင့်ပြည့်စုံခြင်းဖြင့်၊ တွံ–သည်၊ မံ–ကို၊ ပရိဂ္ဂဟေတုံ–သိမ်းဆည်းခြင်းငှါ၊ အရဟသိ–ထိုက်၏၊ ဣတိဝါ–ဤသို့သော်လည်းကောင်း၊ တွံ–သည်၊ မံ–ကို၊ ပရိဂ္ဂဟေတုံ–ငှါ၊န အရဟသိ–မထိုက်ခဲ့၊ဣတိဝါ–ဤသို့သော်လည်းကောင်း၊ဇာတိဝါဒေါဝါ–ဇာတ်ကို အကြောင်းပြု၍ဖြစ်သော ဝါဒကိုသော်လည်း၊န ခေါ ဝုစ္စတိ–ဆိုအပ်သည် မဟုတ်၊ ဂေါတ္တဝါဒေါဝါ–အနွယ်ကို အကြောင်းပြု၍ ဖြစ်သောဝါဒကိုသော်လည်း၊ န ဝုစ္စတိ–ဆိုအပ်သည်မဟုတ်၊ မာနဝါဒေါဝါ– မာနကို အကြောင်းပြု၍ ဖြစ်သော ဝါဒကိုသော်လည်း၊န ဝုစ္စတိ–ဆိုအပ်သည်မဟုတ်။

= ဣမာယ စ အမ္ဗဋ္ဌ ဝိဇ္ဇာသမ္ပဒါယ စရဏသမ္ပဒါယ စ အညာဝိဇ္ဇာသမ္ပဒါ စ စရဏသမ္ပဒါ စ ဥတ္တရိတရာ ဝါ ပဏီတတရာ ဝါ နတ္ထိ ။(ပါ၊၉၄။ပါ–သျှ၊၃၄၆။)

**အနက်ပေး**

အမ္ဗဋ္ဌ–ဌ၊ ဣမာယ ဝိဇ္ဇသမ္ပဒါယ စ– ဤသုံးပါးသောဝိဇ္ဇာ, ရှစ်ပါးသောဝိဇ္ဇာတို့နှင့် ပြည့်စုံခြင်းမှလည်းကောင်း၊ (ဝါ) ထက်လည်းကောင်း၊ ဣမာယ စရဏသမ္ပဒါယ စ–ဤ တစ်ဆယ့်ငါးပါးသော စရဏတို့နှင့် ပြည့်စုံခြင်းမှလည်းကောင်း၊ (ဝါ) ထက်လည်းကောင်း ၊

http://www.dhammadownload.com



ဥတ္တရိတရာဝါ–အထူးသဖြင့်အလွန်မြတ်သည်သော်လည်းဖြစ်သော၊ပဏီတတရာဝါ–အထူးသဖြင့် မြတ်သည်သော်လည်းဖြစ်သော၊အညာ–တစ်ပါးသော၊ဝိဇ္ဇာသမ္ပဒါစ–နှင့်ပြည့်စုံခြင်းသည်လည်းကောင်း၊စရဏသမ္ပဒါစ–နှင့်ပြည့်စုံခြင်းသည်လည်းကောင်း၊နတ္ထိ–မရှိ ။

## ♠ စတုအပါယမုခ ဂါထာ ♠

**၂၈၀။ ဣဓ အမ္ဗဋ္ဌ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ ဣမညေဝ အနုတ္တရံ ဝိဇ္ဇာ–စရဏသမ္ပဒံ အနဘိသမ္ဘုဏမာနော ခါရိဝိဓမာဒါယ အရညာယတနံ အဇ္ဈောဂါဟတိ "ပဝတ္တဖလဘောဇနော ဘဝိဿာမီ"တိ။ (ပါ၊၈၅။ပါ–သျှ၊၃၄၆။ )**

**<u>အနက်ပေး</u>**

အမ္ဗဋ္ဌ–ဌ၊ဣဓ ဣမသ္မိံ လောကေ–၌၊ သမဏောဝါ–သော်လည်းကောင်း၊ ဗြာဟ္မဏောဝါ–သော်လည်းကောင်း၊ အနုတ္တရံ–သော၊ ဣမညေဝ ဝိဇ္ဇာစရဏသမ္ပဒံ–ကိုသာလျှင်၊ အနဘိသမ္ဘုဏမာနော–မမှီနိုင်သည်၏အဖြစ်ကြောင့်၊(ဝါ)အားထုတ်ခြင်းငှါမစွမ်းနိုင်သည်၏အဖြစ်ကြောင့်၊ ခါရိဝိဓံ– ပွတ်ခုံ, ပွတ်ကျည်, ကရား,ယဇ်မွေ့ယောင်းမ,စာမရီသားမြီးယပ်အစရှိသော ရသေ့တို့၏ ပရိက္ခရာဖြင့်ပြည့်သော ထမ်းပိုးကောက်ကို၊အာဒါယ–၍၊အရညာ–ယတနံ–သူတောင်ကောင်းတို့၏ တည်ရာဖြစ်သောတောကို၊ အဇ္ဈောဂါဟတိ– သက်ဝင်၏၊ (ကိံ မနသိကတွာအဇ္ဈောဂါဟတိ)၊ "ပဝတ္တဖလဘောဇနော– အလိုလိုဖြစ်သော သစ်သီးဟူသော ဘောဇဉ်ရှိသည်၊ (ဝါ) အလိုလိုဖြစ်သောသစ်သီးကိုသာ စားလေ့ရှိသည်၊ ဘဝိဿာမိ–ဖြစ်ရတော့အံ့"၊(ဣတိ မနသိကတွာ အဇ္ဈောဂါဟတိ)။

**= ဘာသိတာ ခေါ ပန တေ သော အမ္ဗဋ္ဌ အာစရိယေန ဗြာဟ္မဏေန ပေါက္ခရသာတိနာ ဝါစာ "ကေ စ မုဏ္ဍကာ သမဏကာ ဣဗ္ဘာ ကဏှာ ဗန္ဓုပါဒါပစ္စာ၊ကာ စ တေဝိဇ္ဇာနံ ဗြာဟ္မဏာနံ သာကစ္ဆာ"တိ အတ္တနာ အာပါယိကောပိ အပရိပူရမာနော။(ပါ၊၉၆။ပါ–သျှ၊၃၅၁။)**

**<u>အနက်ပေး</u>**

အမ္ဗဋ္ဌ–ဌ၊တေ–၏၊အာစရိယေန–ဆရာဖြစ်သော၊ပေါက္ခရသာတိနာ–သော၊ဗြာဟ္မဏေန–သည်၊အတ္တနာ–ကိုယ်တိုင်၊အာပါယိကော–ဝိဇ္ဇာ,စရဏ၏ပျက်စီးခြင်း၌ယှဉ်လျက်၊အပါယမုခံ–ကို၊ အပရိပူရမာနောပိ– မပြည့်ကျင့်နိုင်ဘဲလျက်လည်း၊ မုဏ္ဍကာ–ကုန်သော၊

http://www.dhammadownload.com



ဣဗ္ဘာ–ကုန်သော၊ကဏှာ–ကုန်သော၊ ဗန္ဓုပါဒါပစ္စာ–ကုန်သော၊သမဏကာ–တို့သည်၊ကေစ –အဘယ်သည်တို့နည်း၊ တေဝိဇ္ဇာနံ–သုံးပါးသော ဝိဇ္ဇာရှိကုန်သော၊ ဗြာဟ္မဏာနံ–တို့၏၊ သာကစ္ဆာ–တကွတိုင်ပင်နှီးနှောပြောဆိုခြင်းသည်၊ကာစ–အဘယ်နည်း၊ဣတိ သောဝါစာ–ကို၊ဘာသတိ–ပြောဆိုအပ်ပြီ ။

## ♠ ပုဗ္ဗကတ္တုသီဘာဝါနုစယောဂ ဂါထာ ♠

= အပိနု သော ရာဇဘဏိတံ ဝါ ဘဏတိ ရာဇမန္တနံ ဝါ မန္တေတိ၊တွောဝတာ သော အသဃ ရာဇာဝါ ရာဇမတ္တာ ဝါတိ ။ (ပါ၊၉၇။ပါ–သျ၊၃၅၃။)

**အနက်ပေး**

သောသုဒ္ဒေါဝါ–ထိုသူဆင်းရဲသည်သော်လည်းကောင်း၊သောသုဒ္ဒဒါသောဝါ–ထိုသူဆင်းရဲ၏ ကျွန်သည်သော်လည်းကောင်း၊ ရာဇဘဏိတံ–မင်းသည်ပြောဆိုအပ်သောစကားကို၊ ယံ ဘဏတိဝါ–အကြင်ပြောဆိုသော်လည်းပြောဆို၏၊ ရာဇမန္တံ– မင်း၏အတိုင်ပင်ကို၊ယံ မ–န္တေတိဝါ–အကြင်တိုင်ပင်နှီးနှောပြောဆိုသော်လည်းတိုင်ပင်နှီးနှောပြောဆို၏၊တွောဝတာ–ဤမျှလောက်အတိုင်းအရှည်ရှိသော မင်းသည်ပြောဆိုအပ်သောစကားကို ပြောဆိုခြင်း,တိုင်ပင် နှီးနှောပြောဆိုအပ်သော စကားကို တိုင်ပင်နှီးနှောပြောဆိုကာမျှဖြင့်၊ သုဒ္ဒေါဝါ–သည် သော်လည်းကောင်း၊ သုဒ္ဒဒါသောဝါ– သည်သော်လည်းကောင်း၊ ရာဇာဝါ– မင်းသည်သော် လည်းကောင်း၊ရာဇမတ္တောဝါ–မင်း၏အမတ်သည်သော်လည်းကောင်း၊အသဃအပိနု–ဖြစ်ရာ အံ့လော။ (ဣတိ အဝေါစ ) ။

၂၈၅။ယေသမိဒံ တေရဟိ ဗြာဟ္မဏာ ပေါရာဏံ မန္တပဒံ ဂီတံ ပဝုတ္တံ သမိဟိတံ၊တဒနုဂါ–ယန္တိ တဒနုဘာသန္တိ ဘာသိတမနုဘာသန္တိ ဝါစိတမနုဝါစေန္တိ။(ပါ၊၉၇။ပါ–သျ၊၃၅၃)

**အနက်ပေး**

တေရဟိ–၌၊ဗြာဟ္မဏာ–တို့သည်၊ယေသံ ဣသီနံ–အကြင်ရသေ့တို့၏၊သန္တကံ–ဥစ္စာဖြစ်သော၊ ပေါရာဏံ–ရှေး၌ဖြစ်သော၊ ဂီတံ–သီဆိုအပ်သော၊ ပဝုတ္တံ–ပို့ချအပ်သော၊သမိဟိတံ–ပေါင်းစုအပ်သော၊ ဣဒံ မန္တပဒံ–ဤဗေဒင်ပုဒ်သည်၊(ဝါ)ဤလျှို့ဝှက်အပ်သောတိုင်ပင်ခြင်း၏အကြောင်းဖြစ်သောဗေဒင်သည်၊အတ္ထိ–ရှိ၏၊တံမန္တပဒံ –ထိုဗေဒင်ပုဒ်ကို၊ အနုဂါယန္တိ–

http://www.dhammadownload.com



အတုလိုက်၍ သိဆိုကြကုန်၏၊တံ မန္တပဒံ–ကို၊အနုဘာသန္တိ–အတုလိုက်၍ ရွတ်ဆိုကြကုန်၏၊ဘာသိတံ–ရသေ့တို့သည်ရွတ်ဆိုအပ်သော၊တံ မန္တပဒံ–ကို၊အနုဘာသန္တိ–အတုလိုက်၍ ပြောဟောကြရကုန်၏၊ ဝါစိတံ–ရသေ့တို့သည်ရွတ်ဆိုစေအပ်သော၊ (ဝါ)ရသေ့တို့သည်ပို့ချအပ်သော၊ တံ မန္တပဒံ– ကို၊ အနုဝါစေန္တိ– အတုလိုက်၍ ရွတ်ဆိုစေကြရကုန်၏၊(ဝါ)အတုလိုက်၍ပို့ချကြရကုန်၏။

**၂၈၆။ယဿ ခေါ ပန အမ္ဗဋ္ဌ မယိ ကင်္ခါ ဝါ ဝိမတိ ဝါ သော မံ ပဥှေန၊အဟံ ဝေယျာကရဏေန သောမိဿာမိ ။(ပါ၊၉၈။ပါ–သျှ၊၃၅၇။)**

**<u>အနက်ပေး</u>**

အမ္ဗဋ္ဌ–ဌ၊ ယဿ ဇနဿ–အား၊မယိ–ငါဘုရား၌၊ကင်္ခါဝါ–သဗ္ဗညုဟုတ်လေသလော, သဗ္ဗညုမဟုတ်လေသလောဟူသော ယုံမှားခြင်းသည်သော်လည်းကောင်း၊ဝိမတိဝါ–သဗ္ဗညုမဟုတ်ဟု ဘောက်ပြန်သောအလိုသည်သော်လည်းကောင်း၊(ဝါ)တွေးတောခြင်းသည်သော်လည်းကောင်း၊ အဿ–ဖြစ်ရာ၏၊ သော ဇနော–သည်၊ မံ–ငါဘုရားကို၊ ပဥှေန–ဖြင့်၊ သောဓေယျ–သုတ်သင်ရာ၏၊ အဟံ– ငါဘုရားသည်၊ ဝေယျာကရဏေန– ဖြေဆိုခြင်းဖြင့်၊ သောမိဿာမိ–သုတ်သင်တော်မူပေအံ့ ။

## * ဒွေလက္ခဏာဒဿနကထာ *

**၂၈၇။ ဒိသွ မဟာပုရိသလက္ခဏေသု  ကင်္ခတိ  ဝိစိကစ္ဆတိ  နာဓိမုစ္စတိ  န  သမ္ပသီဒတိ၊ ကောသောဟိတေ စ ဝတ္ထဂုယှေ ပဟူတဇိဝှတာယ စ ။(ပါ၊၉၉။ပါ–သျှ၊၃၅၈။)**

**<u>အနက်ပေး</u>**

ကောသောဟိတေ–သိုအိမ်သည်ဖုံးလွှမ်းအပ်သော၊ (ဝါ)လိင်အိမ်သည်ဖုံးလွှမ်းအပ်သော၊ဝတ္ထဂုယှေ စ–အဝတ်ဖြင့်ဖုံးလွှမ်းအပ်သောအင်္ဂါဇာတ်တော်၌လည်းကောင်း၊ပဟူတဇိဝှတာယစ–ပြေပြောင်းနူးညံ့ ကျယ်ပြန့်ရှည်လျား ပါးသောအားဖြင့် များပြားသောဂုဏ်ရှိသည်ဖြစ်၍ဖြစ်သောလျှာတော်ရှိသည်၏အဖြစ်၌လည်းကောင်း၊ဣတိ–သို့၊ဒွိသု–ကုန်သော၊ မဟာပုရိသလက္ခဏေသု–တို့၌၊ ကင်္ခတိ– သိခြင်းငှါအလိုရှိ၏၊ ဝိစိကိစ္ဆတိ– စုံစမ်းဆင်ခြင်သည်ရှိသော် ပင်ပန်း၏၊ နာဓိမုစ္စတိ– မသက်ဝင် မဆုံးဖြတ်နိုင်၊ န သမ္ပသီဒတိ– ကောင်းစွာ

http://www.dhammadownload.com



အပြားအားဖြင့်မကြည်လင်နိုင်၊ (**တစ်နည်း**) ကခ်တိ–အနည်းငယ်ယုံမှား၏၊ဝိစိကစ္ဆတိ–အလတ်အားဖြင့်ယုံမှား၏၊နာဓိမုစ္စတိ–အလွန်အကြူး အထူးအားဖြင့်မသက်ဝင်မဆုံးဖြတ်နိုင်၊ နသမ္ပသီဒတိ–စိတ်၏ချောက်ချားသောအားဖြင့်ကောင်းစွာအပြားအားဖြင့်မကြည်လင်နိုင်။

**၂၉၁။ယဒေဝ ခေါ တွံ့ အမ္ဗဋ္ဌ တံ ဘဝန္တံ ဂေါတမံ ဧဝံ အာသဇ္ဇ အာသဇ္ဇ အဝစာသိ၊အထ ခေါ သောဘဝံဂေါတမောအမှေပိ ဧဝံ ဥပနေယျ ဥပနေယျ အဝစ။(ပါ၊၁၀၀၊ပါ–သျ၊၃၆၃)**

**အနက်ပေး**

အမဋ္ဌ–ဋ္ဌ၊တွံ–သည်၊တံ ဘဝန္တံ ဂေါတမံ–ကို၊ဧဝံ–သို့၊အာသဇ္ဇ အာသဇ္ဇ–ထိပါး၍ ထိပါး၍၊ယဒေဝ ယံဧဝ အဝစာသိ–အကြင်ပြောဆိုခဲ့ပြီ၊တေနေဝ ဝစနေန–ထိုထိပါး၍ ထိပါး၍ ပြောဆိုအပ်သော စကားကြောင့်သာလျှင်၊ဘဝံ ဂေါတမော–သည်၊အမှေပိ–တို့ကိုလည်း၊ဧဝံ–သို့၊ဥပနေယျ ဥပနေယျ–ဆောင်၍ ဆောင်၍၊အဝစ–ပြောဆိုခဲ့ပြီ။

## *ပေါက္ခရသာတိမှဒ္ဓူပသက်မနကထာ*

**၂၉၈။ သေယျထာပိနာမသုဒ္ဓံ ဝတ္ထံ အပဂတကာဠကံ သမ္မဒေဝ ရဇနံ ပဋိဂ္ဂဏှေယျ၊ဧဝမေဝ ဗြာဟ္မဏဿ ပေါက္ခရသာတိဿ တသ္မိံ ယေဝ အာသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ "ယံ ကိဉ္စိ သမုဒယဓမ္မံ၊သဗ္ဗံ တံ နိရောဓဓမ္မံ ။(ပါ၊၁၀၂။ပါ–သျ၊၃၇၀။)**

**အနက်ပေး**

သေယျထာပိနာမ–မည်သည်၊အပဂတကာဠကံ–ကင်းပြီးသော မည်းနက်သောအညစ်အကြေးရှိသော၊ (ဝါ) မည်းနက်သော အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော၊ အပဂတ–ကာဠကံ–အဖြစ်ကြောင့်၊ သုဒ္ဓံ–စင်ကြယ်သော၊ ဝတ္ထံ–အဝတ်သည်၊ သမ္မဒေဝ–ကောင်းစွာသာလျှင်၊ရဇနံ–ဆိုးရည်ကို၊ပဋိဂ္ဂဏှေယျသေယျထာပိ–ခံယူရာသကဲ့သို့၊ဧဝမေဝ–သာလျှင်၊ ပေါက္ခရသာတိဿ–သော၊ ဗြာဟ္မဏဿ–အား၊ တသ္မိံ ယေဝ အာသနေ– သာလျှင်၊ ဝိရဇံ–သော။ပ။ဥဒပါဒိ–ပြီ ။

**(အမ္ဗဋ္ဌသုတ်ပါဠိတော်ပို့ချချက် ပြီး)**

***********************************

http://www.dhammadownload.com



# သောဏဒဏ္ဍသုတ်ပါဠိတော်
# ပိုချချက်

****************************

၃၀၂။ တေန ခေါ ပန သမယေန သောဏဒဏ္ဍော ဗြာဟ္မဏော ဥပရိပါသာဒေ ဒိဝါသေယျံ ဥပဂတော ဟောတိ ။ (ပါ၊၁၀၄။ပါ-သျ၊၃၇၄။)

**အနက်ပေး**

ယေန သမယေန-၌၊စမ္ပေယျကာ-ကုန်သော၊ဗြာဟ္မဏဂဟပတိကာ-တို့သည်၊ စမ္ပါယ-မှ၊နိက္ခမိတွာ-ကုန်၍၊ဂဂ္ဂရာ-သော၊ပေါက္ခရဏီ -သို့၊ဥပသင်္ကမန္တိ-ကုန်၏၊(အနိယမထည့်)၊ တေန ခေါ ပန သမယေန-စမ္ပါပြည်၌ဖြစ်ကုန်သော ပုဏ္ဏား,အိမ်ရှင်သူကြွယ်တို့၏ စမ္ပါပြည်မှ ထွက်ကုန်၍ ဂဂ္ဂရအမည်ရှိသော လေးထောင့်ကန်သို့ ချဉ်းကပ်ကြရာ ထိုအခါ၌၊သောဏ-ဒဏ္ဍော-သော၊ဗြာဟ္မဏော-သည်၊ ဥပရိပါသာဒေ-ပြာသာဒ်ထက်၌၊ဒိဝါသေယျံ-နေ့၌နေခြင်းသို့၊ဥပဂတော-ကပ်ရောက်သည်၊ဟောတိ-၏ ။

*** သောဏဒဏ္ဍဂုဏကထာ ***

၃၀၃။ တေန ခေါ ပန သမယေန နာနာဝေရဇ္ဇကာနံ ဗြာဟ္မဏာနံ ပဉ္စမတ္တာနိ ဗြာဟ္မဏ-သတာနိစမ္ပါယံ ပဋိဝသန္တိ ကေနစိဒေဝ ကရဏီယေန။(ပါ၊၁၀၄။ပါ-သျ၊၃၇၇။)

**အနက်ပေး**

ယေနသမယေန-အကြင်အခါ၌၊သောဏဒဏ္ဍော-သော၊ဗြာဟ္မဏောပိ-သည်လည်း၊ ဘဂဝန္တံ-ကို၊ ဒဿနာယ-ငှါ၊ဥပသင်္ကမိဿတိ-လတ္တံ့၊ တေန ခေါ ပန သမယေန-သောဏဒဏ္ဍပုဏ္ဏား၏ ဘုရားဖူးသွားလိုရာ ထိုအခါ၌၊နာနာဝေရဇ္ဇကာနံ-အထူးထူးသော တိုင်းပြည်တို့၌ဖြစ်ကြကုန်သော၊(ဝါ)အထူးထူးသော တိုင်းပြည်တို့မှ လာကြကုန်သော၊ဗြာဟ္မဏာနံ-တို့၏၊ပဉ္စမတ္တာနိ-ငါးပါးအတိုင်းအရှည်ရှိကုန်သော၊ဗြာဟ္မဏသတာနိ-ပုဏ္ဏားတို့၏အရာတို့သည်၊ စမ္ပါယံ- ၌၊ ကေနစိဒေဝ- တစ်စုံတစ်ခုသာလျှင်ဖြစ်သော၊ ကရဏီယေန- ဗေဒင်ကိုသင်လိုသည်၏ အဖြစ်ဟူသော အကြောင်းကြောင့်၊ ပဋိဝသန္တိ-နေကြကုန်၏ ။

http://www.dhammadownload.com



= ဘဝံ ဟိ သောဏဒဏ္ဍော ဥဘတော သုဇာတော မာတိတော စ ပိတိတော စ သံသုဒ္ဓဂဟဏိကော ယာဝ သတ္တမာ ပိတာမဟယုဂါ အက္ခိတ္တော အနုပက္ကုဋ္ဌော ဇာတိဝါဒေန။ (ပါ၊၁၀၆။ပါ–သျှ၊၃၇၈။)

**အနက်ပေး**

ဟိ–မသွားသင့်ပုံအကြောင်းစုံကိုအကုန်အစင်ထင်စွာပြပါအံ့၊ဘဝံသောဏဒဏ္ဍော–သည်၊မာတိတောစ–အမိမှလည်းကောင်း၊(ဝါ)အမိဘက်မှလည်းကောင်း၊ပိတိတောစ–အဘမှလည်းကောင်း၊ (ဝါ) အဘဘက်မှလည်းကောင်း၊ ဣတိ–သို့၊ဥဘတော–နှစ်ပါးစုံသောအမိ, အဘတို့မှ၊ သုဇာတော–ကောင်းစွာဖြစ်ခဲ့ပါ၏၊ (ဝါ) ကောင်းသောဇာတ်ရှိခဲ့ပါ၏၊ သတ္တမာ–ခုနစ်ဆက်တို့၏ ပြည့်ကြောင်းဖြစ်သော၊ယာဝ ပိတာမဟယုဂါ–အဘိုး၏ အသက်အပိုင်း အခြားတိုင်အောင်၊ (ဝါ) အဘိုး,အဘွားတို့၏ အသက်အပိုင်းအခြားတိုင်အောင်၊ သံသုဒ္ဓဂဟဏိကော–စင်ကြယ်သောကိုယ်ဝန်ကိုယူတတ် ဆောင်တတ်သောဝမ်းတိုက်ရှိခဲ့ပါ၏၊သတ္တမာ–သော၊ယာဝပိတာမဟယုဂါ–တိုင်အောင်၊ဇာတိဝါဒေန–ဇာတ်ကိုပြောဆိုကြောင်းဖြစ်သော စကားကြောင့်၊အက္ခိတ္တော–မပစ်ပယ်အပ်ပါ၊အနုပက္ကုဋ္ဌော–မဆဲရေးအပ်ပါ။

## * မုဒ္ဒဂုဏ ကထာ *

၃၀၄။ တေန ဟိ ဘော မမပိ သုဏာထ၊ယထာ မယမေဝ အရဟာမ တံ ဘဝန္တံ ဂေါတမံ ဒဿနာယ ဥပသင်္ကမိတုံ၊နတွေဝ အရဟတိ သော ဘဝံ ဂေါတမော အမှာကံ ဒဿနာယ ဥပသင်္ကမိတုံ။(ပါ၊၁၀၇။ပါ–သျှ၊၃၈၃။)

**အနက်ပေး**

ဘော–အချင်းတို့၊ယေန ကာရဏေန–အကြင်အကြောင်းကြောင့်၊တုမှေ–တို့သည်၊ သမဏဿ ဂေါတမဿ–၏၊သန္တိကေ–၌၊မမ–၏၊အနုပသင်္ကမနကာရဏံ–မချဉ်းကပ်ခြင်း၏ အကြောင်းကို၊ဝဒေထ–ပြောဆိုကြကုန်ဘိ၏၊တေနဟိကာရဏေန–သင်တို့၏အကျွန်ုပ်၏ ရဟန်းဂေါတမ၏အထံသို့ မချဉ်းကပ်ခြင်း၏ အကြောင်းကို ပြောဆိုကြကုန်သည်၏ အဖြစ်ဟူသော ထိုအကြောင်းကြောင့်၊ယထာ–အကြင်သို့သော အခြင်းအရာအားဖြင့်၊မယမေဝ–အကျွန်ုပ်တို့သည်သာလျှင်၊တံ ဘဝန္တံ ဂေါတမံ–ကို၊ဒဿနာယ–ငှါ၊ဥပသင်္ကမိတုံ–ငှါ၊

http://www.dhammadownload.com



နတွေ၀ အရဟာသိ–မထိုက်ပါသည်သာ၊တံ အာကာရံ–ထိုအခြင်းအရာကို၊(ဝါ)ထိုအကြောင်းကို၊မမပိ–အကျွန်ုပ်၏လည်း၊သန္တိကာ–အထံမှ၊သုဏာထ–နာကြကုန်ဦးလော့။

= သမဏော ခလု ဘော ဂေါတမော ဧဟိသွာဂတဝါဒီ သခိလော သမ္မောဒကော အဗ္ဘာကုဋိကော ဥတ္တာနမုခေါ ပုဗ္ဗဘာသီ ။(ပါ၊၁၂၅။ပါ–သျှ၊၃၈၆။)

အနက်ပေး

ဘော–အချင်းတို့၊ခလု–အားဖြင့်၊ဂေါတမော–သော၊သမဏော–သည်၊ဧဟိသွာဂတဝါဒီ–သင်သည်လာခဲ့လော့, သင်၏လာခြင်းသည်ကောင်းသောလာခြင်းပေတည်းဟု ပြောဆိုခြင်းအလေ့ရှိ၏၊ သခိလော–ပြေပြစ်ချောမော နူးညံ့သောစကားရှိခဲ့ပါ၏၊ သမ္မောဒကော–အညီအမျှ ဝမ်းမြောက်ဝမ်းသာ ပြောဆိုတတ်ပါ၏၊အဗ္ဘာကုဋိကော–မကြုတ်သော မျက်မှောင်ရှိခဲ့ပါ၏၊(ဝါ)မျက်မှောင်မကြုတ်ပါ၊ဥတ္တာနမုခေါ–ပေါ်လွင်ထင်ရှားသောမျက်နှာရှိခဲ့ပါ၏၊ပုဗ္ဗဘာသီ–အထူးသဖြင့် ရှေ့ဦးစွာ ပြောဆိုခြင်းအလေ့ရှိပါ၏ ။

= သမဏော ခလု ဘော ဂေါတမော သင်္ဃီ ဂဏီ ဂဏာစရိယော ပုထုတိတ္ထကရာနံ အဂ္ဂမက္ခာယတိ။ (ပါ၊၁၂၅။ပါ–သျှ၊၃၈၇။)

အနက်ပေး

ဘော–အချင်းတို့၊ခလု–အားဖြင့်၊ဂေါတမော–သော၊သမဏော–သည်၊သင်္ဃီ–ဆုံးမအပ်,ဆုံးမသင့်,ဆုံးမထိုက်သောဂိုဏ်းရှိခဲ့ပါ၏၊ဂဏာစရိယော–ဂိုဏ်းဆရာဖြစ်ခဲ့ပါ၏၊ပုထုတိတ္ထကရာနံ–များစွာသော အယူကို ပြုတတ်ကုန်သော ရဟန်း,ပုဏ္ဏားတို့တွင်၊အဂ္ဂေါ–မြတ်၏ ဟူ၍၊အက္ခာယတိ–ဆိုအပ်ပါ၏ ။

= ယထာ ခေါ ပန ဘော ဧတေသံ သမဏဗြာဟ္မဏာနံ ယထာ ဝါ တထာ ဝါ ယသော သမုဒါဂစ္ဆတိ၊န ဟေဝံ သမဏဿ ဂေါတမဿ ယသော သမုဒါဂတော၊အထ ခေါ အနုတ္တရာယ ဝိဇ္ဇာစရဏသမ္ပဒါယ သမဏဿ ဂေါတမဿ ယသော သမုဒါဂတော။ (ပါ ၊၁၂၆။ပါ–သျှ၊၃၈၇။)

အနက်ပေး

ဘော–အချင်းတို့၊ဧတေသံ သမဏဗြာဟ္မဏာနံ–တို့၏၊ယသော–အကျော်အစောသည်၊

http://www.dhammadownload.com



ယထာ ဝါ တထာ ဝါ–ဟုတ်ဟုတ်ညားညား မှတ်မထားသည့် တစ်ပါးပါးသော အခြင်းအရာအားဖြင့်သော်လည်း၊သမုဒါဂစ္ဆတိယထာ–ထက်ဝန်းကျင်မှ ကပ်၍တက်သွား တိုးပွားသကဲ့သို့၊ဝေ–ဤအတူ၊သမဏဿ ဂေါတမဿ–၏၊ယသော–သည်၊န သမုဒါဂတော–ထက်ဝန်းကျင်မှ ကပ်၍တက်သွာ မတိုးပွားခဲ့ပါ၊(ဝါ)တိုးပွားခဲ့သည်မဟုတ်ပါ၊အထခေါ–အဟုတ်အမှန်ကား၊အနုတ္တရာယ–မိမိကိုလွန်သော ဝိဇ္ဇာ,စရဏမရှိသော၊(ဝါ)အတုမရှိ မြတ်သော၊ဝိဇ္ဇာ–စရဏသမ္ပဒါယ–ဝိဇ္ဇာ,စရဏတို့နှင့်ပြည့်စုံခြင်းဖြင့်၊သမဏဿ ဂေါတမဿ–၏၊ယသော–သည်၊သမုဒါဂတော–ထက်ဝန်းကျင်မှ ကပ်၍တက်သွား တိုးပွားခဲ့ပါ၏ ။

**= ယေ ခေါ ပန ဘော ကေစိ သမဏာဝါ ဗြာဟ္မဏာဝါ အမှာကံ ဂါမခေတ္တံ အာဂစ္ဆန္တိ၊အတိထိ နော တေ ဟောန္တိ၊အတိထိ ခေါ ပနမှေဟိ သက္ကာတဗ္ဗာ ဂရုကာတဗ္ဗာ မာနေတဗ္ဗာ ပူဇေတဗ္ဗာ အပစေတဗ္ဗာ။(ပါ၊၁၁၀။ပါ–သျှ၊၃၈၈။)**

<u>**အနက်ပေး**</u>

ဘော–တို့၊ယေ ကေစိ–အလုံးစုံကုန်သော၊သမဏာ ဝါ–သော်လည်းကောင်း၊ဗြာဟ္မဏာဝါ–သော်လည်းကောင်း၊ အမှာကံ–တို့၏၊ ဂါမခေတ္တံ–ဂါမခေတ်သို့၊အာဂစ္ဆန္တိ–လာကြပါကုန်၏၊တေသမဏာဝါ–သော်လည်းကောင်း၊ တေဗြာဟ္မဏာဝါ–သော်လည်းကောင်း၊နော–ငါတို့၏၊အတိထိ–ဧည့်သည်တို့သည်၊ ဟောန္တိ–ဖြစ်ပါကုန်၏၊ ခေါပန–စင်စစ်ဧကန် အမှန်အားဖြင့်၊အမှေဟိ– ငါတို့သည်၊ အတိထိ– ဧည့်သည်တို့ကို၊ သက္ကာတဗ္ဗာ– ကောင်းစွာပြုအပ်ကုန်၏၊ဂရုကာတဗ္ဗာ–အလေးပြုအပ်ကုန်၏၊ မာနေတဗ္ဗာ–မြတ်နိုးအပ်ကုန်၏၊ ပူဇေတဗ္ဗာ–ပူဇော်အပ်ကုန်၏၊အပစေတဗ္ဗာ–အရိုအသေပြုအပ်ကုန်၏ ။

**= တွေကေ ခေါ အဟံ ဘော တဿ ဘောတော ဂေါတမဿ ဝဏ္ဏေ ပရိယာပုဏာမိ၊နော စ ခေါ သော ဘဝံ ဂေါတမော တွေကဝဏ္ဏော၊အပရိမာဏဝဏ္ဏော ဟိ သော ဘဝံ ဂေါတမော။ (ပါ၊၁၁၀။ပါ–သျှ၊၃၈၈။)**

<u>**အနက်ပေး**</u>

ဘော–တို့၊အဟံ–သည်၊တွေကေ–ဤမျှလောက်သုံးဆယ် အတိုင်းအရှည်ရှိ ကုန်သော၊တဿ ဘောတော ဂေါတမဿ–၏၊ ဝဏ္ဏေ–ဂုဏ်ကျေးဇူးတို့ကို၊ ပရိယာပုဏာမိ–ပိုင်းခြား၍

http://www.dhammadownload.com



သိနိုင်ပါ၏၊သော ဘဝံ ဂေါတမော–သည်၊ ဝဏ္ဏေကဝဏ္ဏော–ဤအကျွန်ုပ်သိအပ်တိုင်းသော သုံးဆယ်အတိုင်းအရှည်ရှိသော ဂုဏ်ကျေးဇူးရှိသည်သာလျှင်၊နောစခေါ ဟောတိ–ဖြစ်သည် လည်းမဟုတ်ပါ၊ ဟိ–အဟုတ်အမှန်ကား၊သောဘဝံဂေါတမော–သည်၊အပရိမာဏဝဏ္ဏော– သဗ္ဗညုမြတ်စွာဘုရားသော်မှလည်း မနှိုင်းယှဉ်အပ်နိုင်သော ဂုဏ်ကျေးဇူးရှိသည်သာ၊ ဟောတိ –ဖြစ်ပါ၏ ။

**၃၀၅။ ယထာ ခေါ ဘဝံ သောဏဒဏ္ဍော သမဏဿ ဂေါတမဿ ဝဏ္ဏေ ဘာသတိ၊ဣတော စေပိ သော ဘဝံ ဂေါတမော ယောဇနသတေ ဝိဟရတိ၊အလမေဝ သဒ္ဓေန ကုလပုတ္တေန ဒဿနာယ ဥပသင်္ကမိတုံ အပိ ပုဋောသေန။(ပါ၊၁၁၀။ပါ–သျှ၊၃၈၉။)**

<u>အနက်ပေး</u>

ယထာ–အကြင်သို့သော အခြင်းအရာအားဖြင့်၊ဘဝံ သောဏဒဏ္ဍော–သည်၊သမဏဿ ဂေါတမဿ– ၏၊ ဝဏ္ဏေ–ကို၊ ဘာသတိ– ၏၊ ဘော– တို့၊ တထာ– ထိုသို့သော အခြင်းအရာ အား ဖြင့်၊ဘဝံ ဂေါတမော–သည်၊ဣတော ဌာနတော–ဤအရပ်မှ၊ယောဇနသတေ–ယူဇနာ တစ်ရာဝေးသောအရပ်၌၊စေပိ ဝိဟရတိ–အကယ်၍မူလည်းနေခဲ့အံ့၊ဝေ ဝိဟရန္တေပိ–ဤ သို့ပင်နေတော်မူပါသော်လည်း၊ သဒ္ဓေန– သဒ္ဓါရှိသော၊ ကုလပုတ္တေန– သည်၊အပိ ပုဋော– သေနာပိ–အထုပ်ဖြင့်ဆောင်၍ စားအပ်သော လမ်းစရိက္ခာဖြင့်လည်း၊(**တစ်နည်း**) ပုဋံ– သေနာပိ–ပခုံး၌လွယ်အပ်သောလမ်းစရိက္ခာထုပ်ရှိသည်ဖြစ်၍လည်း၊ဒဿနာယ–ငှါ၊ဥပ– သင်္ကမိတုံ–ငှါ၊အလမေဝ–သင့်ပါသည်သာ ။

## * သောဏဒဏ္ဍပရိဝိတက္ကကထာ *

**၃၀၆။ ယံ ခေါ ပနာယံ ပရိသာ ပရိဘဝေယျ၊ယသောပိ တဿ ဟာယေထ၊ယဿ ခေါ ပန ယသော ဟာယေထ၊ဘောဂါပိ တဿ ဟာယေယျုံ၊ယသောလဒ္ဓါ ခေါ ပန အမှာကံ ဘောဂါ။ (ပါ၊၁၁၁။ပါ–သျှ၊၃၉၀။)**

<u>အနက်ပေး</u>

ခေါ ပန–စင်စင်ကေန် အမှန်အားဖြင့်၊ယံ ပုဂ္ဂလံ–ကို၊အယံ ပရိသာ–ဤပရိသတ်သည်၊ ပရိဘဝေယျ–လွှမ်းမိုး နှိပ်စက်ရာ၏၊ တဿ ပုဂ္ဂလဿ– အား၊ (ဝါ) ၏၊ ယသောပိ–အရှိန်

http://www.dhammadownload.com



အစော် အကျော်အစော အခြံအရံသည်လည်း၊ဟာယေထ–ဆုတ်ယုတ်ခဲ့လေရာ၏၊ယဿ ပုဂ္ဂလဿ–အား၊(ဝါ)၏၊ ယသောပိ–သည်လည်း၊ ဟာယေထ–ရာ၏၊ တဿ ပုဂ္ဂလဿ–ထို ဆုတ်ယုတ်သော အရှိန်အစော် အကျော်အစော ရှိသောပုဂ္ဂိုလ်အား၊ (ဝါ) ၏၊ ဘောဂါပိ–တို့သည်လည်း၊ ဟာယေယျုံ–ကုန်ရာ၏၊ ခေါ ပန–စင်စစ်ကေန် အမှန်အားဖြင့်၊ အမှာက်–ငါတို့၏၊ (ဝါ) တို့သည်၊ဘောဂါ–စည်းစိမ်တို့ကို၊ယသောလဒ္ဓါ–အရှိန်အစော်အကျော်အစော အခြံအရံ ဖြင့် ရအပ်ပေပြီ ။

## * ဗြာဟ္မဏပညတ္တိကထာ *

**၃၁၁။သီလဝါ ဟောတိ· ဝုဒ္ဓသီလီ ဝုဒ္ဓသီလေန သမန္နာဂတော၊ပဏ္ဍိတော စ ဟောတိ မေဓာဝီ ပဌမော ဝါ ဒုတိယော ဝါ သုဇံ ပဂ္ဂဏှန္တာနံ။(ပါ၊၁၁၃။ပါ–သျှ၊၃၉၅။)**

**အနက်ပေး**

သီလဝါ–ငါးပါးသီလရှိသည်၊ဝုဒ္ဓသီလီ–ကြီးပွားပြီးသော ငါးပါးသီလရှိသည်၊ဝုဒ္ဓသီလေန–ကြီးပွားပြီးသော ငါးပါးသီလနှင့်၊ သမန္နာဂတော– သည်၊ ဟောတိ– ၏၊ ပဏ္ဍိတော– သည်၊ မေဓာဝီ–သည်၊ ဟုတ္တာစ–၍လည်း၊ သုဇံ–ယဇ်မွှေယောက်မကို၊ ပဂ္ဂဏှန္တာနံ–ကိုင်တတ်ကြကုန်သော၊ ဗြာဟ္မဏာနံ– တို့တွင်၊ **(တစ်နည်း)** သုဇံ– ယဇ်မွှေယောက်မဖြင့်၊ ဒိယျမာနံ–ပေးလှူအပ်သော၊ မဟာယာဂံ–ယဇ်ကြီးကို၊ ပဂ္ဂဏှန္တာနံ–ခံယူတတ်ကြကုန်သော၊ ဗြာဟ္မဏာနံ–တို့တွင်၊ ပဌမောဝါ– ရှေးဦးစွာသော ပုဏ္ဏားသည်သော်လည်းကောင်း၊ ဒုတိယောဝါ–နှစ်ယောက်တို့၏ ပြည့်ကြောင်းဖြစ်သော ပုဏ္ဏားသည်သော်လည်းကောင်း၊ဟောတိ–၏ ။

## * သီလပညာကထာ *

**၃၁၈။တွောကပရမာ၀ မယံ ဘော ဂေါတမ တေသ္မိံ အတ္ထေ၊သာဓု ဝတ ဘ၀န္တံယေ၀ ဂေါတမံ ပဋိဘာတု တေဿ ဘာသိတဿ အတ္ထောတိ။(ပါ၊၁၁၇။ပါ–သျှ၊၄၀၄။)**

**အနက်ပေး**

ဘော ဂေါတမ–မ၊မယံ–တို့သည်၊တေသ္မိံ အတ္ထေ–ဤမေးအပ်သောအနက်၌၊တွောက–ပရမာ၀– ဤမျှလောက် အတိုင်းအရှည်ရှိသော သီလပညာဏ်ဟူသော စကားသည်သာ

http://www.dhammadownload.com



အတိုင်းအရှည်ရှိပါကုန်၏၊ မယံ– တို့သည်၊ သာဓု– တောင်းပန်ပါကုန်၏၊ ဝဏ– ကရုဏာနှိုးဆော် အကျိုးပေါ်အောင် ဟောတော်မူပါလော့၊ ဘဝန္တံယေဝ ဂေါတမံ– အရှင်ဂေါတမ၏ သာလျှင်၊ပဋိ–အဘို့ဖြစ်၍၊ ဘာသိတဿ–ပြောဆိုအပ်သော၊ဧတဿပဥ္ဇဿ–၏၊အတ္ထော–အနက်သည်၊ဘာတု–ထင်ပါစေလော့၊(ဝါ)တောက်ပပါစေလော့။

**သောဏဒဏ္ဍသုတ်ပါဠိတော်ပို့ချချက် ပြီး**

**************

## ကူဋဒန္တသုတ်ပါဠိတော် ပို့ချချက်

=============================

### * မဟာဝိဇိတရာဇဉာဏဝတ္ထု *

**၃၃၆။ အဓိဂတာ ခေါ မေ ဝိပုလာ မာနုသကာ ဘောဂါ၊မဟန္တံ ပထဝိမဏ္ဍလံ အဘိဝိဇိယ အဇ္ဈာဝသာမိ၊ယံနူနာဟံ မဟာယညံ ယဇေယျံ ယံ မမ အဿ ဒီဃရတ္တံ ဟိတာယ သုခါယ။ (ပါ၊၁၂၈။ပါ–သျှ၊၄၂၃။)**

**အနက်ပေး**

မေ–သည်၊ဝိပုလာ–ပြန့်ပြောကုန်သော၊ မာနုသိကာ–လူ၌ဖြစ်ကုန်သော၊ဘောဂါ–တို့ကို၊အဓိဂတာ–ရအပ်ကုန်ပြီ၊အဟံ–သည်၊ မဟန္တံ–ကြီးကျယ်သော၊ပထဝိမဏ္ဍလံ–မြေအပြင်ကို၊ အဘိဝိဇိယ– အောင်မြင်၍၊ အဇ္ဈာဝသာမိ–၏၊ ယံ မဟာယညံ–အကြင်ကြီးကျယ်သောယဇ်သည်၊(ဝါ) ယဇ်ကြီးသည်၊ဒီဃရတ္တံ–ရှည်မြင့်စွာသောနေ့ညဉ့်ပတ်လုံး၊ဟိတာယ–အစီးအပွားကိုပြုခြင်းငှါလည်းကောင်း၊သုခါယ–ချမ်းသာကိုပြုခြင်းငှါလည်းကောင်း၊အဿ–ဖြစ်ရာ၏၊ တံ မဟာယညံ –ကို၊ အဟံ–သည်၊ ယဇေယျံ– ပူဇော်ရပါမူကား၊ ယံ နူန–ကောင်းလေစွ၊(ဝါ)ကောင်းလေရာ၏ ။

**၃၃၈။ ဘောတော ခေါ ရညော ဇနပဒေါ သကဏ္ဋကော သဥပ္ပီဠော၊ဂါမဃာတာပိ ဒိဿန္တိ၊ ။ပ။ပန္ထဒုဟနာပိ ဒိဿန္တိ ။ (ပါ၊၁၂၈။ပါ–သျှ၊၄၂၄။)**

**အနက်ပေး**

ဘောတော ရညော–အရှင်မင်းမြတ်၏၊ ဇနပဒေါ– ဇနပုဒ်တို့သည်၊ သကဏ္ဋကာ–

http://www.dhammadownload.com



ခိုးသူတည်းဟူသော ဆူးငြောင့်နှင့်တကွ ဖြစ်ပါကုန်၏၊(ဝါ) ခိုးသူတည်းဟူသောဆူးငြောင့် ရှိပါကုန်၏၊သဥပ္ပီဠာ–ညှဉ်းဆဲနှိပ်စက်တတ်သော ခိုးသူနှင့်တကွဖြစ်ပါကုန်၏၊ဂါမဃာတာပိ–ရွာကိုလုယက် ဖျက်ဆီးခြင်းတို့သည်လည်း၊ (ဝါ) တို့ကိုလည်း၊ ဒိဿန္တိ–ထင်ပါကုန်၏၊ (ဝါ) မြင်အပ်ပါကုန်၏ ။ပ။ ပန္ထဒူသနာပိ– ခရီးသွားတို့ကို လုယက်ဖျက်ဆီးခြင်းတို့သည်လည်း၊ (ဝါ)တို့ကို လည်း၊ဒိဿန္တိ–ထင်ပါကုန်၏၊(ဝါ)မြင်အပ်ပါကုန်၏။

**= ဘဝံ ခေါ ပန ရာဇာ ဧဝံ သကဏ္ဍကေ ဇနပဒေ သဥပ္ပီဠေ ဗလိမုဒ္ဓရေယျ၊အကိစ္စကာရီ အဿ တေန ဘဝံ ရာဇာ။ (ပါ၊၁၂၈။ပါ–သျှ၊၄၂၄။)**

<u>**အနက်ပေး**</u>

ဘဝံ ရာဇာ–သည်၊ဧဝံ–သို့၊သကဏ္ဍကေ–သော၊သဥပ္ပီဠေ–သော၊ဇနပဒေ–၌၊ဗလိံ–အခွန်အတုတ်ကို၊ဉဒ္ဓရေယျ–ထုတ်ဆောင်ခဲ့အံ့၊တေန–ထိုသို့ထုတ်ဆောင်ခြင်းကြောင့်၊ဘဝံ ရာဇာ–သည်၊အကိစ္စကာရီ–မပြုအပ်သောအမှုကိုပြုလေ့ရှိသည်၊(ဝါ)ပြုအပ်သောအမှုကိုပြုလေ့မရှိသည်၊အဿ–ဖြစ်ရာပါ၏ ။

**= သိယာ ခေါ ပန ဘောတော ရညော ဧဝမဿ“အဟမေတံ ဒဿုခီလံ ဝဓေန ဝါ ဗန္ဓေန ဝါ ဇာနိယာဝါ ဂရဟာယဝါ ပဗ္ဗာဇနာယ ဝါ သမူဟနိဿာမိ ။(ပါ၊၁၂၈။ပါ–သျှ၊၄၂၅။)**

<u>**အနက်ပေး**</u>

သိယာခေါပန–စင်စစ်ဧကန်အမှန်အားဖြင့်၊ဘောတောရညော–အား၊ဧဝံ–အကြံသည်၊အဿ–ရာပါ၏၊(ကိံ)၊ “အဟံ–သည်၊ဧတံ ဒဿုခိလံ–ဤစည်းစိမ်ကို ဖျက်ဆီးတတ်သော ခိုးသူတည်းဟူသောငြောင့်ခလုတ်ကို၊ ဝဓေနဝါ– ရိုက်နှက်ပုတ်ခတ်သတ်ဖြတ်ခြင်းဖြင့်သော်လည်းကောင်း၊ ဗန္ဓေနဝါ–နှောင်ဖွဲ့ခြင်းဖြင့်သော်လည်းကောင်း၊ ဇာနိယာဝါ–ဥစ္စာကို စွန့်စေခြင်းဖြင့်သော်လည်းကောင်း၊ ဂရဟာယဝါ–ကဲ့ရဲ့ခြင်းဖြင့်သော်လည်းကောင်း၊ပဗ္ဗာဇနာယဝါ – တိုင်းပြည်မှနှင်ထုတ်ခြင်းဖြင့်သော်လည်းကောင်း၊သမူဟနိဿာမိ–ပယ်နုတ်ရတော့အံ့။

**=န ခေါ ပနေတဿ ဒဿုခီလဿ ဧဝံ သမ္မာ သမုဂ္ဃါတော ဟောတိ၊ယေ တေ ဟတာဝ သေသကာ ဘဝိဿန္တိ၊တေပစ္ဆာ ရညော ဇနပဒံဝိဟေဌေဿန္တိ။(ပါ၊၁၂၈။ပါ–သျှ၊၄၂၅)**

<u>**အနက်ပေး**</u>

http://www.dhammadownload.com



**အနက်ပေး**

ခေါပန–ထိုသို့ပင်ဖြစ်ပါသော်လည်း၊တေသ ဒသုခိလသ–ကို၊ဇေ–ဤသို့ ရိုက်နှက်ပုတ်ခတ် သတ်ဖြတ်ခြင်း, နှောင်ဖွဲ့ခြင်း, ဥစ္စာကိုစွန့်စေခြင်း, ကဲ့ရဲ့ကခြင်း, တိုင်းပြည်မှနှင်ထုတ်ခြင်းဖြင့်၊သမ္မာ–ကောင်းစွာ၊သမုဂ္ဃာတော–ပယ်နုတ်ခြင်းသည်၊နဟောတိ–မဖြစ်ပါ၊ယေတေ မနုဿာ–အကြွင်းလူတို့သည်၊ဟတာဝသေသကာ–သတ်အပ်သော ခိုးသူတို့မှကြွင်း ကျန်ကုန်သည်၊ ဘဝိဿန္တိ–ဖြစ်ပါကုန်လိမ့်လတ္တံ့၊ တေမနုဿာ–တို့သည်၊ ပစ္ဆာ–နောက်၌၊ ရညော–၏၊ဇနပဒံ–ကို၊ဝိဟေဌေဿန္တိ–ညှင်းဆဲနှိပ်စက် ဖျက်ဆီးကြကုန်လိမ့်လတ္တံ့ ။

**=တေန ဟိ ဘဝံ ရာဇာ ယေ ဘောတော ရညော ဇနပဒေ ဥဿဟန္တိ ကသိဂေါရက္ခေ၊ တေသံ ဘဝံ ရာဇာ ဗီဇဘတ္တံ အနုပ္ပဒေတု။(ပါ၊၁၂၈။ပါ–သျှ၊၄၂၅။)**

**အနက်ပေး**

အဟံ–သည်၊တေန ဟိ–ပါ၏၊**(တစ်နည်း)**ဘဝံ ရာဇာ–သည်၊မဟာယညံ–ကို၊ယဇိတုံ–ငှါ၊ယဒိက္ကစ္ဆသိ–အံ့၊ တေနဟိ–ထိုသို့အလိုရှိခဲ့သော်၊**(တစ်နည်း)**ယေနကာရဏေန–ကြောင့်၊ ဘဝံရာဇာ–သည်၊ မဟာယညံ– ကို၊ ယဇိတုံ– ငှါ၊ ဣစ္ဆတိ– ၏၊ တေနဟိကာရဏေန–ယဇ်ပူဇော်ခြင်းငှါ အလိုရှိသည်၏အဖြစ်ဟူသော ထိုအကြောင်းကြောင့်သာလျှင်၊ ဘဝံ ရာဇာ – သည်၊ ဇေ–သို့၊ သံဝိဓဟေတု–စီရင်တော်မူပါလော့၊**(ပါဌသေသထည့်)**။ ယေ မနုဿာ–တို့သည်၊ ဘောတော ရညော–၏၊ ဇနပဒေ–၌၊ ကသိဂေါရက္ခေ– လယ်ထွန်မှု,နွားကျောင်းမှု၌၊ ဥဿဟန္တိ– စွမ်းနိုင်ကုန်၏၊ တေသံ မနုဿာနံ– တို့အား၊ ဘဝံ ရာဇာ– သည်၊ ဗီဇဘတ္တံ–မျိုးစေ့ထမင်းကို၊အနုပ္ပဒေတု–အဘန်ဘန်ပေးသနားတော်မူပါလော့ ။

**=ခေမဋ္ဌိတာ ဇနပဒါ အကဏ္ဍကာ အနုပ္ပီဠာ မနုဿာ မုဒါ မောဒမာနာ ဥရေ ပုတ္တေ နစ္စေန္တာ အပါရုတဃရာ မညေ ဝိဟရိဿန္တိ ။(ပါ၊၁၂၈။ပါ–သျှ၊၄၂၆။)**

**အနက်ပေး**

ဇနပဒါ–တို့သည်၊ခေမဋ္ဌိတာ–ဘေးတို့၏ ကုန်သောအားဖြင့် တည်ကုန်သည်၊(ဝါ) ဘေးမရှိကုန်သည်၊အကဏ္ဍကာ–ခိုးသူတည်းဟူသော ဆူးငြောင့်မရှိကုန်သည်၊အနုပ္ပီဠာ–ခိုးသူတို့၏ နှိပ်စက်ခြင်းမရှိကုန်သည်၊ဘဝိဿန္တိ–လတ္တံ့၊ မနုဿာ–တို့သည်၊ မုဒါ–ဝမ်းမြောက်

http://www.dhammadownload.com



ခြင်းဖြင့်၊မောဒမာနာ–ဝမ်းမြောက်ကြကုန်လျက်၊(တစ်နည်း) မုဒါ မောဒမာနာ–အချင်းချင်း ဝမ်းမြောက်ကြကုန်လျက်၊ ဥရေ–ရင်၌၊ ပုတ္တေ– သားငယ်, သမီးငယ်တို့ကို၊ နစ္စေန္တာ–ကစေ ကြကုန်လျက်၊အပါရုတဃရာ–မပိတ်အပ်သော အိမ်ပေါက်တံခါးရှိကုန်သည်၊ ဟုတ္ဝာမညေ– ဖြစ်ကုန်သကဲ့သို့၊ဝိဟရိဿန္တိ–နေကြကုန်လိမ့်လတ္တံ့ ။

## *စတုပရိက္ခာရ ကထာ*

၃၃၀။ တေ ရာဇာ မဟာဝိဇိတော အာမန္တေသိ "ဣစ္ဆာမဟံ ဘော မဟာယညံ ယဇိတုံ၊ အနုဇာနန္တု မေ ဘဝန္တော ယံ မမ အဿ ဒီဃရတ္တံ ဟိတာယ သုခါယာ " တိ။ (ပါ၊၁၂၉။ပါ–သျှ၊၄၂၈။)

**အနက်ပေး**

တေ ခတ္တိယေ–တို့ကို၊ မဟာဝိဇိတော–သော၊ ရာဇာ–သည်၊အာမန္တေသိ–သိစေပြီ၊ (ဝါ)ခေါ်၍တိုင်ပင်ပြီ၊(ကိံ)၊" ဘော–တို့၊အဟံ–သည်၊မဟာယညံ–ကို၊ယဇိတုံ–ငှါ၊ဣစ္ဆာမိ– ၏၊ဘဝန္တော–တို့သည်၊ မေ–အား၊ ဒီဃရတ္တံ–ပတ်လုံး၊ဟိတာယ–ငှါလည်းကောင်း၊သုခါယ– ငှါလည်းကောင်း၊အဿ–ပါ၏ "၊(ဣတိ အာမန္တေသိ)။

## * အဋ္ဌပရိက္ခာရ ကထာ *

၃၄၀။သဒ္ဓေါ ဒါယကော ဒါနပတိ အနာဝဋဒွါရော သမဏ ဗြာဟ္မဏ ကပဏဒ္ဓိက ဝဏိဗ္ဗက– ယာစကာနံ ဩပါနဘူတော ပုညာနိ ကရောတိ၊ဗဟုဿုတော တဿ တဿ သုတ– ဇာတဿ။ (ပါ၊၁၃၀။ပါ–သျှ၊၄၃၀။)

**အနက်ပေး**

သဒ္ဓေါ–ယုံကြည်တတ်သောသဒ္ဓါရှိခဲ့၏၊ဒါယကော–ရဲရဲတင်းတင်း ပေးလှူတတ်၏၊ (ဝါ)အလှူရဲ၏၊ဒါနပတိ–ဒါန၏အရှင်တည်း၊အနာဝဋဒွါရော–မပိတ်အပ်သောတံခါးပေါက် ရှိခဲ့၏၊သမဏ ဗြာဟ္မဏ ကပဏဒ္ဓိက ဝဏိဗ္ဗက ယာစကာနံ–ရဟန်း,ပုဏ္ဏား,အထီးကျန်ဘြား သနားထိုက်သောပုဂ္ဂိုလ်, ခရီးသွားသောပုဂ္ဂိုလ်, ဒါနကိုချီးမွမ်း၍ တောင်းတတ်သောပုဂ္ဂိုလ်, အနည်းငယ် တောင်းတတ်သောပုဂ္ဂိုလ်တို့၏၊ ဩပါနဘူတော–သက်ဆင်း၍သောက်ရာ ရေ ဆိပ်ကဲ့သို့ဖြစ်သည်၊ဟုတွာ–၍၊ပုညာနိ–ကောင်းမှုတို့ကို၊ကရောတိ–ပြု၏ ။

http://www.dhammadownload.com



## * ဒသ အာကာရကထာ *

၃၄၃။ ယေ တတ္ထ ပါဏာတိပါတာ ပဋိဝိရတာ၊ တေ အာရဗ္ဘ ယဇတံ ဘဝံ၊သဇ္ဇတံ ဘဝံ၊ မောဒတံ ဘဝံ၊စိတ္တမေဝ ဘဝံ အန္တရံ ပသာဒေတု။(ပါ၊၁၃၁။ပါ-သျှ၊၄၃၂။)

<u>အနက်ပေး</u>

တတ္ထ တေသု ပုဂ္ဂလေသု- ထိုနှစ်ယောက်ကုန်သောပါဏာတိပါတီပုဂ္ဂိုလ်,ပါဏာတိ-ပါတ ပဋိဝိရတ ပုဂ္ဂိုလ်တို့တွင်၊ ယေပုဂ္ဂလာ- တို့သည်၊ ပါဏာတိပါတာ-မှ၊ ပဋိဝိရတာ-ကုန်၏၊ တေ ပုဂ္ဂလာ-ထိုပါဏာတိပါတပဋိဝိရတပုဂ္ဂိုလ်တို့ကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ဘဝံ-အရှင်မင်းမြတ်သည်၊ ယဇတံ-ပူဇော်တော်မူပါလော့၊ ဘဝံ-သည်၊သဇ္ဇတံ-စွန့်တော်မူပါလော့၊ ဘဝံ-သည်၊ မောဒတံ-ဝမ်းမြောက်တော်မူပါလော့၊ ဘဝံ-သည်၊ အန္တရံ-အတွင်းသန္တာန်၌၊စိတ္တမေဝ-စိတ်ကိုသာလျှင်၊ပသာဒေတု-ကြည်လင်စေတော်မူပါလော့။

## * သောတာပတ္တိဖလသစ္ဆိကိရိယ ကထာ *

၃၅၅။ ယဒါ ဘဂဝါ အညာသိ ကူဋဒန္တံ ဗြာဟ္မဏံ ကလ္လစိတ္တံ မုဒုစိတ္တံ ဝိနီဝရဏစိတ္တံ ဥဒဂ္ဂစိတ္တံ ပသန္နစိတ္တံ ။(ပါ၊၁၄၁။ပါ-သျှ၊၄၅၃။)

<u>အနက်ပေး</u>

ယဒါ-၌၊ဘဂဝါ-သည်၊ကူဋဒန္တံ-သော၊ဗြာဟ္မဏံ-ကို၊ကလ္လစိတ္တံ-ခန့်ညားသောစိတ်ရှိသည်ကိုလည်းကောင်း၊မုဒုစိတ္တံ-နူးညံ့သောစိတ်ရှိသည်ကိုလည်းကောင်း၊ဝိနီဝရဏစိတ္တံ- ခြောက်ပါးသောနီဝရဏမှကင်းသော စိတ်ရှိသည်ကိုလည်းကောင်း၊ ဥဒဂ္ဂစိတ္တံ-တက်ကြွသောစိတ်ရှိသည်ကိုလည်းကောင်း၊ ပသန္နစိတ္တံ-ကြည်လင်သော စိတ်ရှိသည်ကိုလည်းကောင်း၊အညာသိ-သိတော်မူပြီ ။

**ကူဋဒန္တသုတ်ပါဠိတော်ပို့ချချက်ပြီး**

==========================

http://www.dhammadownload.com



## ♠ မဟာလိသုတ်ပါဠိတော်ပို့ချချက် ♠

**********

## * စတုအရိယဖလကထာ *

